ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ ကြွေးကြော်သံ

အတွဲ(၃) အမှတ်(၅) ဒီဇင်ဘာ ၂၀၂၁



# စာတည်းအဖွဲ့အမှာ
# ၂၀၂၁ ဗမာပြည်ရဲ့ ရှုခင်း

ဒီနှစ်ထဲမှာ ကျွန်တော်တို့တတွေဟာ သူမတူတဲ့ စွန့်လွှတ်အနစ်နာခံမှုတွေကို မျက်ဝါးထင်ထင် တွေ့မြင်နေရတဲ့ ခေတ်ကြီးထဲ ရောက်နေတာကို သတိထားမိလာကြတယ်။

- ကိုဗစ်လည်းမမှု ခေါင်းကိုတည့်တည့် အပစ်ခံရမှာလည်း မကြောက်၊ စားစရာမရှိမှာလည်း မပူ၊ စစ်အုပ်စု ဆက်အာဏာယူထားမှာကိုပဲ ပူနေတဲ့ မျိုးဆက်တခုကို ရထားတယ်။

- ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှာ မင်းအောင်လှိုင်စစ်တပ်က အာဏာသိမ်းပိုက်လိုက်ပြီ ဆိုတာနဲ့ ပထမပိုင်းမှာ လမ်းပေါ် စထွက်လာကြတာက(သမိုင်းအစဉ်အလာအတိုင်း)အလုပ်သမား၊ ကျောင်းသား၊ တိုင်းရင်းသားလူငယ်တွေနဲ့ အဖိနှိပ်ခံပြည်သူတွေပါ။ ကျောင်းသားလူငယ်တွေဟာ ဗိုလ်နေဝင်း စိန်ခေါ်ခဲ့တဲ့ "ဓားကို ဓားချင်း လှံကိုလှံချင်း"ဆိုတာကို တုံ့ပြန်ဖို့ သမိုင်းကြွေးကို ဆပ်ဖို့ ထွက်လာတာ ဖြစ်တယ်။ ဒီကနေ အဖိနှိပ်ခံပြည်သူတွေကလည်း စစ်အာဏာရှင် မင်းအောင်လှိုင်ကို ရာဇပလ္လင်ပေါ်က ဆွဲချဖို့ နာမည်အမျိုးမျိုး ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ တိုက်ပွဲဆင်လာကြပါတော့တယ်။

- ကြည့်လိုက်ရင် .......

စစ်အာဏာရှင်စနစ်ကို ပြတ်ပြတ်သားသားတိုက်ပွဲဝင်ရေးဆိုတဲ့ လမ်းကြောင်းအတိုင်း လိုက်ပါနေတဲ့ အလုပ်သမား လယ်သမား မြို့နေဆင်းရဲသားနဲ့ တိုင်းရင်းသား ပြည်သူတွေကို နေရာအနှံ့ ဖွေးဖွေးလှုပ်တွေ့နေရတယ်။ သူတို့ရဲ့ ကြွေးကြော်သံတွေ ညံမစဲ ဖြစ်နေတယ်။

- ပြည်သူထဲက မွေးဖွားလာတဲ့ ဖိနှိပ်မှုတိုင်းကို ခေါင်းငုံ့မခံ တုံ့ပြန်အပြုတ်နှံမယ့် ပြည်သူ့လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေ အသီးသီး ရှိလာခဲ့ပြီ။ သူတချက် ကိုယ်တချက်၊ သူတတောင့် ကိုယ်တတောင့် ပစ်ရင်းက အင်အားတွေ ကြီးထွားလာနေပြီ။

- ပြည်သူထဲက ပြည်သူတွေ ဖြစ်တဲ့ လက်နက်ကိုင်တိုင်းရင်းသား EAO တွေကလည်း မှေးထားတဲ့ NCA ကို ချိုးဖောက်ထွက်နေကြပြီ။ သေနတ်သံတွေ ဖြိုင်ဖြိုင် မြည်နေကြပြီ။

- တောင်ပေါ်ဒေသတွေသာမက မြေပြန့်တွေမှာလည်း သေနတ်သံ မြည်ဟိန်းလာနေပြီ။ ဧရာဝတီ ချင်းတွင်းမြစ်ဝှမ်းမှာလည်း သေနတ်သံတွေ ညံလာပြီ။ ၁၉၄၈ ခုနှစ်တုန်းက ပြည်သူ့ဒီမိုကရေစီရေးအတွက် လက်နက်ကိုင်တော်လှန်ခဲ့တဲ့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လည်း အသစ်တဖန်ပြန်လည်မွေးဖွားလာခဲ့ပြီ။

- စည်းလုံးညီညွတ်တဲ့ ပြည်သူလူထုကြီးရဲ့ ကိုယ့်အားကိုယ်ကိုး ခုခံတော်လှန်စွမ်းအားပေါ် အခြေခံပြီ ဥပဒေကြောင်းအရ စကားပြောနိုင်နေတဲ့ NUG, CRPH ကလည်း နိုင်ငံတကာ ဆက်ဆံရေးမျက်နှာစာမှာ နေရာရလာပြီ ဖြစ်တယ်။ EAO တွေနဲ့ လက်တွဲလာနိုင်နေတယ်။

- ထားရာနေ စေရာသွားဘဝမှာ မနေနိုင်တော့တဲ့ ဝန်ထမ်းတွေရဲ့ CDM လှုပ်ရှားမှုကလည်း အားကောင်းနေဆဲ ဖြစ်တယ်။

- NLD ဗဟိုထဲမှာလည်း ကြွေတဲ့သူ ကြွေပေမယ့် ဝေတဲ့သူတွေက ဝေနေဆဲ ဖြစ်တယ်။

- ခုတော့ မင်းအောင်လှိုင် စစ်အုပ်စုဟာ ခြေလွတ်လက်လွတ် ဖြစ်လာနေပါပြီ၊ ဒီအချိန်မှာ မိမိတို့အနေနဲ့ ခိုင်မြဲအောင် လက်တွဲထားကြဖို့ လိုတယ်။ မတူတာတွေ ခဏဆိုင်းထားပြီး တူတာတွေ ပေါက်မြောက်အောင် လုပ်ကြဖို့ အရေးကြီးတယ်။ ဒီတနှစ် ရည်မှန်းချက် မအောင်မြင်ရင် နောက်နှစ်တွေမှာ အောင်မြင်ရမယ်ဆိုတဲ့ ရေရှည်အမြင် စိုက်ထူထားရမယ်။

- ဒီလိုသာ လုပ်ထားနိုင်ရင် စစ်အာဏာရှင် အရိပ်မဲကြီး ကွယ်ပျောက်သွားတဲ့အခါ ဆိုင်းထားတဲ့ ပြဿနာတွေကို နားလည်မှုရှိစွာ၊ အပေးအယူရှိစွာနဲ့ ဖြစ်သင့်ဖြစ်ထိုက်သလို ဖြေရှင်းသွားနိုင်မယ်လို့ ယုံကြည်ကြောင်းပါ။

စာတည်းအဖွဲ့

၃၀-၁၂- ၂၀၂၁

-

## လတ်တလောအခြေအနေနဲ့ပတ်သက်လို့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သဘောထား ထုတ်ပြန်ချက်-၁/၂၀၂၁ ရက်စွဲ။ ။ ၃၁- ၁- ၂၀၂၁

တပ်မတော်အနေနဲ့အာဏာမသိမ်းဘူးလို့ မှတ်ယူလို့မရကြောင်း သတင်းစာရှင်းလင်းပွဲမှာ တပ်ဘက်က ပြောကြားလိုက်တာနဲ့တဆက်တည်းဆိုသလို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံး၏ Mother law ဖြစ်ပြီး မလေးစား မလိုက်နာဘူးဆိုရင် ဒီဥပဒေကို ဖျက်ပစ်ရမှာဖြစ်ကြောင်း ကာချုပ်ဗိုလ်မင်းအောင်လှိုင်က ပြောင်ပြောလာပြန်ပါတယ်။ အဲဒီနောက်၊ လုံခြုံရေးတင်းကျပ်ထားတဲ့နေပြည်တော်မှာ စစ်တပ် ကိုယ်စားလှယ်များနဲ့ ဒီချုပ်ကိုယ်စားလှယ်များ တွေ့ဆုံတဲ့သတင်းတွေ ထွက်ပေါ်လာခဲ့ပါတယ်။ တပ်ဘက်ကရွေးကောက်ပွဲရလဒ်ကို လက်မခံလိုတဲ့ သဘောထားဖော်ပြမှုနဲ့အတူ လွှတ်တော်ရွှေ့ဆိုင်းဖို့ ကာလုံခေါ်ပေးဖို့ တင်းတင်းမာမာ တောင်းဆိုထားတယ်လို့ သိရပါတယ်။

ဒီလုပ်ရပ်တွေဟာ ၁၉၅၈ ပထမအကြိမ် စစ်တပ်က တရားဝင်အာဏာသိမ်းလို့ရအောင် တာတေစနေသား ဦးနုကို အကျပ်ကိုင် လက်မှတ်ထိုးခိုင်းသလို ဒီချုပ်ကို အကျပ်ကိုင်တဲ့သဘောပါပဲ။ ဒါဟာ သမိုင်းတပတ် လည်လာပြန်တာလား။ ၂၀၀၈ အောက်မှာ ဝင်မိသမျှ အစိုးရတွေဟာ ဒီလို စစ်အာဏာ ခြိမ်းခြောက်မှု၊ ၂၀၀၈ ခြေဥကိုကိုင်ပြီး အနိုင်ကျင့် ဗိုလ်ကျမှု၊အကျပ်ကိုင်မှုတွေ၊ စစ်ကိုယ်စားလှယ် တမတ်သားနဲ့ ထိန်းချုပ်မှုတွေ တောက်လျှောက် ရင်ဆိုင်နေရဦးမှာပါ။ ရင်ကြားစေ့ပေါ်လစီ မအောင်မြင်ကြောင်း ရှင်းရှင်းလင်းလင်း မြင်တွေ့နေရပါပြီ။ ဒီအပေါ် ဘယ်လိုရပ်တည်တုံ့ပြန်မလဲဆိုတာ အရေးကြီးတဲ့ပြဿနာပါ။

ဒါလောက်အရေးကြီးတဲ့ အာဏာပြဿနာကို လူထုကြီးကို ချမပြဘဲ ဒီချုပ်တာဝန်ရှိသူတွေ ကိုယ်တိုင်က မမေးနဲ့ မမေးနဲ့လုပ်ပြီး ကြိတ်ဖြေရှင်းနေလို့ကတော့ ရေရှည်တောင့်ခံနိုင်ဖို့ လွယ်မှာ မဟုတ်ပါဘူး။ ပြည်သူကို အားကိုးရုံသာမက ပြည်သူနဲ့ လက်တွဲ ရဲရဲတိုက်ပွဲဝင်ဖို့ လိုပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ ဒီချုပ်ပါတီဟာ ဂန္ဒီခန်းမအစည်းအဝေးမှာ လွှတ်တော်မခေါ်ရဲ အာဏာမယူရဲတော့ နဝတစစ်အစိုးရက ရွေးကောက်ပွဲရလဒ်ကို ကျိုက်ကျဆံ - ညောင်နှစ်ပင် ညီလာခံအဖြစ် ပြောင်းပစ်တာခံလိုက်ရတယ်ဆိုတဲ့ အချက်ကို ထောက်ပြလိုပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ အနေနဲ့ ၂၀၀၈ ခြေဥကို လက်မခံသော်လည်း လူထုကြီးက ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရတရပ်ဖြစ်တဲ့ ဒီချုပ်အစိုးရရဲ့ တရားဝင်မှုကို ရွေးကောက်ခံမဟုတ်တဲ့ အစိတ်သားစစ်တပ်က အာဏာသိမ်းဖို့ခြိမ်းခြောက်ခြင်းနဲ့ ဗိုလ်ကျအနိုင်ကျင့်မှုတွေကိုတော့ ပြတ်ပြတ်သားသား

ဆန့်ကျင်ပါတယ်။ တဆက်တည်းမှာပဲ ၂၀၀၈ ခြေဥ ပေးထားချက်အောက်မှာ ဘယ်အရပ်သား အစိုးရ ဖြစ်ဖြစ် နယ်ရုပ်ဖြစ်နေမှာဖြစ်ကြောင်း သတိပေးလိုပါတယ်။

ခုဖြစ်နေပုံက အစပိုင်းမှာ ၂၀၀၈ ခြေဥကို တပ်မတော်က ကာကွယ်မယ်ပြောထားတယ်။ နောက် ဖျက်သိမ်းပစ်မယ် ဖြစ်လာတော့ ဒီချုပ်က ကာကွယ်သူ ဖြစ်လာတယ်။ ခုတခါ တပ်မတော်က ကာကွယ်သူ့ နေရာ ပြန်ယူလာပြန်တယ်။ ဒါက ဘာကို ဖော်ပြသလဲ။ ဉက္ကဋ္ဌသခင်ဗသိန်းတင်က ခြေဥဆိုတာ မိုးပေါ်က ကျလာတာ မဟုတ်ဘူး။ လူလုပ်တာပဲလို့ ဗိုလ်နေဝင်းကို ပြောခဲ့ဖူးပါတယ်။ ခြေဥဆိုတာ ပြဋ္ဌာန်းတော့လည်း လူတန်းစားအကျိုးစီးပွား ပါသလို၊ ဖျက်သိမ်းတော့လည်း လူတန်းစားအကျိုးစီးပွား ပါတာကို သတိထား သင့်ပါတယ်။

ဗိုလ်မင်းအောင်လှိုင်တို့လုပ်ပေါက်က ဟောက်စားမြှောက်စား ခြောက်စား လုပ်နေတာပဲ။ စစ်အုပ်စု ဆောင်ပုဒ်"နိုင်ငံတော်ရဲ့အမျိုးသားနိုင်ငံရေးကို တပ်မတော်က ဦးဆောင်သည်"ဆိုတာ ဒါကို ပြောနေတာ လား- မေးခွန်းထုတ်ရတော့မယ်။ ဒီလို ပြောင်းလဲလာရတာကလည်း ကုလသမဂ္ဂမှအစ နိုင်ငံတကာ လူ ရှိသေရှင်ရှိသေ အဖွဲ့အစည်းကြီးတွေ နိုင်ငံတွေနဲ့ ပြည်တွင်းက နိုင်ငံတော် သံဃာ့နာယက အဖွဲ့ကြီး က အစ လေးစားလောက်တဲ့အဖွဲ့အစည်း လူပုဂ္ဂိုလ်တွေအဆုံး အားလုံးက ဒီလုပ်ရပ်ကို လက်မခံ၊ ဝိုင်းဝန်းဆန့် ကျင်ကြလို့ ဖြစ်တယ်။

ပြည်သူလူထုကြီးတရပ်လုံးရဲ့ ထောက်ခံအားပေးမှု ခုခံကာကွယ်ပေးမှုကို ရယူနိုင်မှသာ နယ်ချဲ့ရန် ဖက်ဆစ်ရန်နဲ့ ဖောက်ပြန်တဲ့အစိုးရတွေရဲ့ ရန်ပြုမှု ဖိနှိပ်မှုတွေကို ခုခံတွန်းလှန်နိုင်ခဲ့တာဖြစ်ကြောင်း လွတ် လပ်ရေးတိုက်ပွဲ အတွေ့အကြုံများနဲ့ ၈လေးလုံး ပြည်သူ့အရေးတော်ပုံ အတွေ့အကြုံများရဲ့ သင်ခန်းစာ လည်း ရှိခဲ့ပါတယ်။

ဗိုလ်မင်းအောင်လှိုင် ကိုယ်စားပြု စစ်အုပ်စုရဲ့ အာဏာသိမ်းရေးခြိမ်းခြောက်မှု၊ စစ်အင်အားနဲ့ အနိုင် ကျင့်ဗိုလ်ကျလိုမှု၊ ရွေးကောက်ပွဲရလဒ် ပယ်ဖျက်လိုမှု အကြံယုတ်တွေကိုလည်း နိုင်ငံရေးအရ နိုးကြား တက်ကြွပြီး တိုက်ပွဲဝင်ဖို့အသင့်ဖြစ်နေတဲ့ အဖိနှိပ်ခံ လူမျိုးပေါင်းစုံပြည်သူလူထုကြီးနဲ့အတူ ရပ်တည် ဆန့် ကျင်သွားခြင်းဖြင့်သာ ခုခံတွန်းလှန်နိုင်မှာ ဖြစ်ပါတယ်။ ယေဘုယျအားဖြင့် စစ်အုပ်စုမျိုးဆက်များရဲ့ အာ ဏာသိမ်းမှုအန္တရာယ် အမြဲရှိနေတဲ့ မျက်မှောက်ဗမာပြည်မှာ ဒီတရားကို စွဲစွဲမြဲမြဲ ကိုင်စွဲထားဖို့ လိုပါတယ်။

ပြည်သူလူထုကြီးကတော့ ၂၀၀၈ ခြေဥကို လူထုကိုယ်တိုင်ဖျက်သိမ်းရေးမှတဆင့် အသွင်သဏ္ဌာန် အမျိုးမျိုးသော တိုက်ပွဲများ ဆက်တိုက်ဆင်နွှဲကာ စစ်အာဏာရှင်စနစ်ပျက်သုဉ်းရေး နိုင်ငံရေးဒီရေမြင့် လမ်းကြောင်းပေါ် တက်လှမ်းလာကြမှာ မုချပါ။

တရားရှိရင် ကူသူများပါတယ်။ လူထုသာ သမိုင်းဖန်တီးသူပါ။

နိုးနိုးကြားကြား ရှိကြလော့။

၃၁၊ ဇန်နဝါရီ ၂၀၂၁ ခုနှစ်။
(၁၃၈၂ ခု၊ ပြာသိုလဆုတ် ၄ ရက်)

# ယနေ့ဖြစ်ပေါ်နေသည့် လူထုအုံကြွမှုကြီးနှင့်ပတ်သက်သော
# ဗမာပြည်ကွန်မြူနစ်ပါတီ
# ဗဟိုစည်းရုံးရေးကော်မတီ၏ထုတ်ပြန်ကြေညာချက်
# ၂/၂၀၂၁
# ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်
# ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်။

ဗမာပြည်တွင် ဖြစ်ပေါ်လျက်ရှိသော ပြည်သူ့အုံကြွမှုကြီးမှာ အချိန်အားဖြင့် လဝက်ပင် ကျော်သွားလေပြီ။ ဤမျှရှည်ကြာစွာ တိုက်ပွဲဝင်နေကြသော ဗမာပြည် ပြည်သူလူထုကြီးကို အလေးအနက် ဦးကျူးဂုဏ်ပြု အားပေးထောက်ခံသွားရမည် ဖြစ်ပေသည်။ ဤတိုက်ပွဲကြီးတွင် ပါဝင်နေသူများအနက် မနည်းလှသောရာခိုင်နှုန်းမှာ တနေ့လုပ်မှ တနေ့စားရသူများဖြစ်ပြီး သူတို့သည် အလုပ်ပျက်ခံ၊ အအိပ်ပျက်အစားပျက်ခံပြီး တိုက်ပွဲဝင်နေကြဆဲလည်း ဖြစ်သည်။ သူတို့ မဲထည့်ရွေးချယ်ပေးလိုက်သော ရွေးကောက်ပွဲရလဒ်ကို ချေဖျက်ဖို့ ကြိုးစားရာက အာဏာသိမ်းမှုပြုလိုက်သော စစ်အုပ်စုကို ပြည်သူလူထုကြီးက လွန်စွာရွံရှာမုန်းတီးပြီး ပြတ်ပြတ်သားသား ဆန့်ကျင်လာကြသည်။ ဤသည်ကိုလည်း အသိအမှတ်ပြုရပေမည်။

တိုက်ပွဲ မည်သို့အဆုံးသတ်မည်ကို အသေအချာမပြောနိုင်သေးသော်လည်း တိုက်ပွဲ မည်သို့ စတင်ခဲ့သည်ကိုတော့ တကမ္ဘာလုံးက မှန်ကန်တိကျစွာသိနေကြသည်။ ဗမာပြည် သမိုင်းမှာ ပေါ်ပေါက်ခဲ့သော ယခင့်ယခင်က လူထုတိုက်ပွဲကြီးများနည်းတူ၊ အုပ်စိုး သူများ/ စစ်အာဏာရှင်များဘက်က စတင်ဖန်တီးခဲ့ခြင်းကြောင့် လူထုများ လမ်းပေါ်သို့ ရောက်ရှိ လာကြခြင်းဖြစ်သည်ဆိုသော အချက်ကို မည်သူမျှ မငြင်းကွယ်နိုင်ပေ။

စစ်အာဏာရှင်များသည် အာဏာကို လုယူရရှိထားသူများ ဖြစ်သည့်အလျောက် သူတို့၏ အခွင့်အာဏာကို အသုံးပြုကာ သတင်းစာရှင်းလင်းပွဲများဖြင့် မုသားသတင်းများ လှည့်ထုတ်နေသည်။ တကယ့်အဖြစ်မှန်များကို ဖုံးကွယ်ခြင်း၊ လိမ်ညာခြင်းများဖြင့် အစား ထိုးနေသည်။ တပါတည်းတွင် သူတို့ဘက်က အဖြေပေးရမည့်အချက်များကို အချိန်ဆွဲနိုင်သ လောက်ဆွဲ၊ လှီးလွှဲပြီး တဖက်သားအား အပြစ်ပုံချနိုင်မည့် အချက်အလက်များကို ဖန်တီးရှာဖွေနေကြသည်။ ဗိုလ်မင်းအောင်လှိုင်၏ မိန့်ခွန်းနှစ်ခုဆိုလျှင် ဗမာပြည်တွင် လူထုတွေလမ်းပေါ်တက် ဆန္ဒပြခြင်း လုံးဝမရှိ လေသယောင် နည်းနည်းမျှပင်မည္ဘန်း၊ မပြော ဘဲနေခဲ့သည်။ နောက်ဆုံး စစ်တပ်ပြော ရေးဆိုခွင့်ရှိသူဆိုသူကပြောတော့မှ သူတို့အချိန်ဆွဲ ရှာဖွေစုဆောင်းထားသည့် အချက်များနှင့် ပြည်သူလူထုအပေါ် အပြစ်တွေပုံချကာ လူထု တိုက်ပွဲကြီးကို အိုးမည်းသုတ်တော့သည်။ တပါတည်းတွင် အကြမ်းဖက်နှိမ်နင်းခြင်းများ တဆထက်တဆတိုး လုပ်ကိုင်လာနေသည်။ ဖေဖော်ဝါရီ ၂၀ ရက် မန္တလေးလူသတ်ပွဲကြီးက သူတို့တတွေ ထွက်ပေါက်ပိတ်နေခြင်းကို ပြသည်။ စစ်အုပ်စုလုပ်နေကျအတိုင်း လိမ်မရ၊ ညာမရတော့သည့်အခါ အကျပ်ကိုင် ခြောက်လှန့်ပြီး သတ်ပြလိုက်ခြင်း ဖြစ်သည်။

သို့သော် ပြည်သူလူထုကြီးတရပ်လုံးသည် ဒီအရေးတော်ပုံက နောက်ဆုတ်သွားကြမည် မဟုတ်။

စစ်အာဏာရှင်များ၏အပေါ်လွှင်ဆုံးအားနည်းချက်တခုမှာ ဗမာပြည်ပြည်သူများ၏ နိုင်ငံရေးအတွေ့အကြုံနှင့် နိုင်ငံရေးအသိတို့ကိုလျှော့တွက်ခြင်းပင်ဖြစ်လေသည်။ နိုင်ငံရေးအသိဆိုရာတွင် စစ်အာဏာရှင်များ၏ လိမ်ညာချက်များအပေါ် နားမယောင်ခြင်းနှင့် မိမိတို့ ကိုယ်သာ မိမိတို့ယုံကြည်ရမည်၊ ဖွဲ့ရှိမှ အောင်နိုင် မည်ဟူသောအသိများရှိခြင်းလည်း ပါဝင်သည်။

ဤအုံကြွမှုကြီးအတွက် ယခုအချိန်တွင်လိုအပ်နေသည်မှာ တနိုင်ငံလုံးတွင် ပြန့်ကျဲနေသောတိုက်ပွဲများ ကိုစုစည်းပြီး ဟန်ချက်ညီစွာရေရှည်တိုက်ကြနိုင်ရေးပင်ဖြစ်သည်။ ဆိုလိုသည်မှာ ဒေသအလိုက်၊ သို့မဟုတ် လုပ်ငန်းအလိုက်၊ ခေါင်းဆောင်မှုအဖွဲ့အစည်း(အမှုဆောင်အဖွဲ့)များထူထောင်ပြီး အထက်ဆုံး အဆင့်တွင် စုစည်းချုပ်ကိုင်မှုများဖော်ထုတ်ရန် လိုအပ်နေသည်။ တောင်းဆိုချက်၊ ကြွေးကြော်သံများမှာလည်း တသား တည်းဖြစ်ရန်လိုနေသည်။ တပိုလ်ကျတပိုလ်တက်ဆင်နွှဲနိုင်ရန်ပြင်ဆင်ထားကြရမည်။ မတူညီသော နိုင်ငံရေးလမ်းစဉ် အခြေခံရှိသည့် အဖွဲ့အစည်းများပင်လျှင် ဘုံရန်သူဆန့်ကျင်ရေးအတွက် ထိန်းညှိ လုပ်ဆောင်နိုင်ဖို့၊ စစ်အုပ်စု၏ အကြမ်းဖက် ဖြိုခွဲခံရပြီး လက်ဦးမှုမမဲ့ဖို့ သတိထားရပါမည်။ သေနင်္ဂဗျူဟာအရ ကိုယ့်မူကိုယ် ဆုပ်ကိုင်ထားရမည်ဖြစ်သော်လည်း နည်းပရိယာယ်အရ ပျော့ပျောင်းမှု ရှိဖို့လည်း လိုပါသည်။ တောင်းဆိုချက်များတွင် အများလက်ခံသဘောတူသည်များ-ဥပမာ စစ်အာဏာရှင်စနစ်ကို အပြီးတိုင် တိုက်ဖျက်သွားရေး၊ စစ်မှန်သော၊ ပြည်သူလူထုအားအကျိုးပြုသည့် (စစ်အာဏာရှင်များကို အကျိုးမပြုသည့်) ဒီမိုကရေစီရရှိရေး၊ ယခင်ကဖမ်းဆီးထားသူများနှင့် အာဏာသိမ်းကာလအတွင်း ဖမ်းဆီးထားသူများအပါ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ ပြည်သူလူထု၏စီးပွားရေး တိုးတက် ကောင်းမွန်ရေး၊ စစ်အာဏာရှင်များက ရေးဆွဲအတည်ပြုထားသော ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ် ချုပ်ပုံ အခြေခံဥပဒေဖျက်သိမ်းရေး- စသည်တို့ကို ဗဟိုပြုအဓိကထား သင့်သည်။

တိုက်ပွဲသင်္ကေတမှာ အားလုံးအတွက်တမျိုးတည်းဖြစ်နိုင်ကောင်းမှ ဖြစ်နိုင်မည်မှန်သော်လည်း တိုက်ပွဲအားလုံး၏ ဦးတည်ချက်မှာ တခုတည်းသာဖြစ်ရပေမည်။ ယင်းမှာ လက်ရှိ လူထုတိုက်ပွဲကြီး အောင်ပွဲခံနိုင်ရေးပင်ဖြစ်သည်။ မိမိတို့အနေနှင့် ဒီအရေးတော်ပုံကြီးမှာ ပွဲဖျက်သူ မဖြစ်စေရ၊ ပွဲဖြစ်အောင် လျှော့တန်တာလျှော့ပြီး ပါဝင်နေကြခြင်း ဖြစ်သည်။ စစ်အုပ်စုဘက်က ဖိနှိပ်မှုပုံသင်္ကေတပြောင်းတိုင်း မိမိတို့ဘက်ကလည်း တိုက်ပွဲပုံသင်္ကေတ ပြောင်းလဲဆင်နွှဲဖို့ ဝန်လေးမည် မဟုတ်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ဤသို့သော လူထုတိုက်ပွဲပေါင်းစုံကို တလျှောက်လုံး ထောက်ခံပူးပေါင်းပါဝင်ခဲ့သလို ယခုတိုက်ပွဲကြီးတွင်လည်း မိမိတို့တတ်နိုင်သည့်အခန်းမှ တတ်နိုင်သည့်နည်းနာဖြင့် ပါဝင်ဆဲ၊ ပါဝင်နေမည်သာဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ



## အာဏာသိမ်းရင် လူမိုက်လမ်းဆုံးဖြစ်လိမ့်မယ်။

**၂၅-၁-၂၀၂၁**

**ညီစိန်ဝင်း**

စစ်တပ်က အာဏာသိမ်းလိမ့်မယ်ဆိုတဲ့ သတင်းက ရွေးကောက်ပွဲအကြိုကာလကတည်းက ထွက်နေတဲ့ သတင်းပါ။ အခု ရွေးကောက်ပွဲပြီးသွားလို့ အနိုင်ရပါတီက အစိုးရဖွဲ့ဖို့ ပြင်နေတဲ့ကာလအထိ ဒီလေသံ ဒီ သတင်း ထွက်နေတုန်းပါပဲ။ ဒီတခါ ထူးခြားတာကတော့ ဒီချုပ်ပါတီဘက်ကပါ အာဏာသိမ်းချင်သူတွေ အ နေနဲ့ ဖြစ်လာမယ့်ရလဒ် အကျိုးဆက်ကို ထည့်စဉ်းစားပါလို့ တုံ့ပြန်တဲ့အထိ ဖြစ်လာရတာပါပဲ။ ဒီချုပ် အ နေနဲ့က ဒီလောက်တုံ့ပြန်ဖို့ကိုတောင် အတော်အားယူကြိုးပမ်းရပုံပါ။

ရွေးကောက်ပွဲအကြိုကာလ အာဏာသိမ်းမယ်ဆိုတဲ့သတင်းထွက်လာကတည်းက ကြိုတင်တွက်ဆ ရခဲ့တာတွေ ရှိပါတယ်။ စစ်အုပ်စုနဲ့ ကြံ့ဖွံ့ပါတီတို့ဘက်က ရွေးကောက်ပွဲကိုတော့ ဖျက်မှာမဟုတ်ဘူး။ ရွေး ကောက်ပွဲရလဒ်က သူတို့မျှော်မှန်းသလို ဖြစ်မလာရင်တော့ ရွေးကောက်ပွဲကို မသမာဘူးဆိုပြီး သူတို့ ကိုယ်တိုင်က မသမာတဲ့အကြံအစည်နဲ့ ရွေးကောက်ပွဲရလဒ်ကို တိုက်ခိုက်တာတွေ လုပ်လာလိမ့်မယ်ဆိုပြီး တွက်ဆလို့ ရခဲ့ပါတယ်။ တွက်ဆရုံမက ပြောလည်း ပြောခဲ့ပါတယ်။ အခု အဲဒီအတိုင်း ဖြစ်လာတာပါပဲ။

တလျှောက်လုံး စစ်အုပ်စုက အပေါ်စီးကနေ ၂၀၀၈ ခြေဥကို ကိုင်ပြီး အာဏာချုပ်ထိန်းထားတာပဲ။ အာဏာသိမ်းစရာမှ မလိုတာဆိုပြီး အာဏာသိမ်းမယ်ဆိုတဲ့ သတင်းကို လက်မခံသူတွေလည်း ရှိပါတယ်။ နောက်ပြီး အရပ်သားအစိုးရ မျက်နှာဖုံးတပ်ထားတဲ့အတွက် သူတို့စစ်အာဏာ ဆက်လက်ထိန်းသိမ်းထား ရမှာ ပိုပြီး ရုပ်ပြကောင်းတယ်၊ ပိုပြီး လိမ်ညာဟန်ဆောင်လို့ ကောင်းတယ်ဆိုတဲ့အချက်ရှိနေတယ် ဆိုတာ လည်း အမှန်ပါပဲ။ ဒါပေမဲ့ တဖက်က ကြည့်ပြန်ရင်လည်း စစ်အုပ်စုအင်အားမှာ သူတို့ကိုယ်တိုင် ထူ ထောင်ပြီး မြေတောင်မြှောက်ပေးထားတဲ့ စစ်တပ်ပါတီနဲ့ တကွ တခြား စစ်တပ်နောက်လိုက်ပါတီတွေလည်း ရှိနေတယ်ဆိုတဲ့အချက်လည်း မေ့ထားလို့ မရပါဘူး။ ကြံ့ဖွံ့ပါတီဟာ စစ်အုပ်စုနဲ့ စစ်အရာရှိလူဟောင်းတွေ ထည့်သွင်းပေးထားပြီး စစ်တပ်အရာရှိဟောင်းတွေ ဦးစီးနေတဲ့ စစ်တပ်ပါတီပါ။ စစ်အုပ်စုက ၂၀၀၈ ခြေဥနဲ့ တက်လာသမျှ အစိုးရတွေအပေါ် စစ်အာဏာနဲ့ ချုပ်ကိုင်ထားတာ လုပ်လို့ရပေမယ့် တခြား စစ်တပ်နဲ့ ပု လင်းတူဘူးဆို့မဟုတ်တဲ့ ပါတီတွေ အစိုးရဖြစ်လာရင် သူတို့ရဲ့ စစ်အာဏာကို တစိတ်တပိုင်းတော့ ခွဲဝေ ပေးရပါသေးတယ်။ စစ်တပ်ပါတီ ကြံ့ဖွံ့က အစိုးရဖြစ်လာမှ စစ်အာဏာရာနှုန်းပြည့်လို့ ဆိုလောက်တဲ့ အ နေအထားကို ရမှာပါ။ စစ်တပ်ပါတီ ကြံ့ဖွံ့ကလည်း အာဏာ ငါးနှစ်လောက် ဆုံးရှုံးတာကို အောင့်အည်း မြို သိပ်နေခဲ့ရပေမယ့် ဆယ်နှစ် အာဏာကင်းဝေးသွားရမှာကတော့ သူတို့အတွက် ကြီးမားတဲ့ ဆုံးရှုံးမှု ဖြစ်ပါ တယ်။ ဒါ့အပြင် ရွေးကောက်ပွဲမှာ တော်ရုံတန်ရုံမဟုတ်ဘဲ မရှုမလှ ခွက်ခွက်လန်ရှုံးနိမ့်မှုဖြစ်လာတော့ စစ် တပ်ပါတီဟာ ပြာထွက်သွားပါတယ်။ တစည်းပါတီလို တိမ်ကောပျောက်ကွယ်သွားမယ့် အန္တရာယ်၊ စုံးစုံးမြုပ် သွားမယ့်အန္တရယ်ကို ရင်ဆိုင်ရတော့မှာ ဖြစ်လာပါတယ်။ ဒါ့အတွက် ရှေးဦးစွာ ရွေးကောက်ပွဲရလဒ်ကို ကန့် ကွက်တဲ့အလုပ်ကို လုပ်ပါတယ်။ ကြံ့ဖွံ့ပါတီသာမက ကာချုပ်ဗိုလ်မင်းအောင်လှိုင်နဲ့ စစ်ဗိုလ်ချုပ်တွေကိုယ် တိုင် ဦးစီးလုပ်ပါတယ်။ ဒါသာမက ဦးဝီရသူတို့၊ ဘူးလက်လှဆွေတို့နဲ့ မဘသအင်အားတွေ ထုတ်သုံးဖို့ ပြင်တာ လုပ်လာပါတယ်။ ရွေးကောက်ပွဲရလဒ်ဆန့်ကျင်တဲ့ ဆန္ဒပြပွဲတွေကို လူငှားတွေနဲ့ လုပ်လာပါတယ်။ ရွေးကောက်ပွဲရလဒ် ကန့်ကွက်ဆန္ဒပြတာသာမက တပ်မတော်ထောက်ခံပွဲတွေကိုပါ လူငှားတွေနဲ့ ဇွတ် လုပ်လာပြန်တော့ ရွေးကောက်ပွဲရလဒ် ဖျက်ရုံသာမဟုတ်၊ စစ်တပ်အာဏာသိမ်းဖို့အတွက် ကြိုတင်ပြင် ဆင်နေတာလားလို့လည်း စဉ်းစားသူက စဉ်းစားလာကြပါတယ်။

ရွေးကောက်ပွဲမတိုင်မီကတည်းက ကြံ့ဖွံ့ပါတီနဲ့ စစ်တပ်နောက်မြီးဆွဲပါတီတွေက ကာလုံခေါ်ဖို့ အာဏာသိမ်းဖို့ ကာချုပ်ဗိုလ်မင်းအောင်လှိုင်ကို အခါတော်ပေးလုပ်ပြီး တိုက်တွန်းလာခဲ့တာပါ။ ဗိုလ်မင်းအောင်လှိုင်ကလည်း ကာချုပ်နေရာစွန့်ရရင် သမ္မတနေရာကနေ မင်းသားကြီးလုပ်ဖို့ စိတ်ကူးခဲ့ပုံပါပဲ။ မင်းသားကြီး မလုပ်ရရင် ပတ်မကြီး ထိုးဖောက်ပစ်မယ်ဆိုတဲ့ စိတ်ကူးလည်း သူ့ခေါင်းထဲ ရောက်ခဲ့ဟန် တူပါတယ်။ ဒါကြောင့် "ဘာမဆို လုပ်ရဲတယ်"ဆိုတဲ့ စကား ပြောထွက်လာတာပါ။ အိုင်စီဂျေမှာ စစ်ရာဇဝတ်ကောင်အဖြစ် စွဲချက်အတင်ခံထားရတဲ့ဗိုလ်မင်းအောင်လှိုင်ကလည်း အရေးပါတဲ့ ရာထူးတနေရာရာ ရှိနေမှ သူ့အတွက် တစုံတရာ လုံခြုံမယ်လို့ အထင်ရောက်တာလည်း ရှိနေပါလိမ့်မယ်။ သူကလည်း ကာချုပ်နေရာစွန့်ရရင် သမ္မတနေရာ ယူထားချင်တာ၊ ကြံ့ဖွံ့ပါတီကလည်း အစိုးရအာဏာ ရယူချင်တာတွေကြောင့် ရွေးကောက်ပွဲမှာ အနည်းဆုံး ညွန့်ပေါင်းအစိုးရ ဖွဲ့နိုင်လောက်ရဲ့လို့ သူတို့မျှော်မှန်းခဲ့တာပါ။ သူတို့ရဲ့ မှန်းချက်နဲ့ နမ်းထွက် မကိုက်တော့တဲ့အခါ သူတို့တတွေ အရူးချီးပန်း ခြေလှမ်းတွေ လှမ်းလာကြတာပဲ။

ရွေးကောက်ပွဲရလဒ်ကို အခြားအင်အားကြီးနိုင်ငံတွေက တစုံတရာ အသိအမှတ်ပြုထားတာလည်း ရှိနေ၊ ပြည်တွင်း ပြည်သူလူထုကလည်း သူတို့ကိုယ်တိုင်မဲပေးရွေးချယ်ထားတာဆိုတော့ ရွေးကောက်ပွဲရလဒ်ကို လွယ်လွယ်နဲ့ ဖျက်လို့ မရနိုင်ဘူးဆိုတာ သူတို့သိနေပါတယ်။ ဒါကြောင့် သူတို့လုပ်နိုင်တာ လမ်း ၂ သွယ်ရှိနေပါတယ်။ လမ်းတလမ်းက စစ်တပ်ပါတီ ခွက်ခွက်လန်အောင် ရှုံးခဲ့တာအတွက် ရွေးကောက်ပွဲရလဒ်ကို အရှက်ပြေသဘောနဲ့ ၊ နောက်ပြီး စစ်တပ်ပါတီ ကြံ့ဖွံ့ကို နှစ်သိမ့်စေတဲ့သဘောနဲ့ ရွေးကောက်ပွဲကော်မရှင်နဲ့ ရွေးကောက်ပွဲရလဒ်ကို အစွမ်းကုန်တိုက်ခိုက်တာ လုပ်ပြပြီး မရတဲ့အဆုံး အနိုင်ရပါတီ အစိုးရဖွဲ့တာကို မကြည်မသာနဲ့ လိုက်လျောပေးလိုက်ရတဲ့လမ်း ဖြစ်ပါတယ်။ နောက်တလမ်းကတော့ စစ်တပ်အာဏာသိမ်းပြီး ရွေးကောက်ပွဲကို စစ်တပ်က ဦးစီးကျင်းပကာ သူတို့လိုချင်တဲ့ ပီအာ(PR) စနစ်နဲ့ ကိုယ်စားလှယ်တွေ ရွေးချယ်ပေးဖို့ပါပဲ။ ဒီလို လေသံတွေ ထွက်နေတာလည်း သတိပြုမိကြလိမ့်မယ်ထင်ပါတယ်။

ရွေးကောက်ပွဲရလဒ် ဆန့်ကျင်ကန့်ကွက်ဆန္ဒပြတာသာမက လူငှားတွေနဲ့စစ်တပ်ထောက်ခံပွဲတွေ လုပ်လာတာ၊ ဗိုလ်မင်းအောင်လှိုင်က အိမ်နီးချင်းနိုင်ငံက နိုင်ငံခြားရေးဝန်ကြီးကို ရွေးကောက်ပွဲမှာ မတရားမှုတွေ ဖြစ်ခဲ့တဲ့အကြောင်း တိုင်ကြားတာ၊ ကြံ့ဖွံ့ပါတီမှ ဦးသန်းဌေးက သူ့ရဲ့အင်တာဗျူးမှာ"နိုင်ငံရေးမှာ ဘာမဆို ဖြစ်လာနိုင်တာပဲ"လို့ပြောခဲ့တာ။ စတဲ့အချက်တွေကလည်း စစ်အာဏာသိမ်းဖို့အတွက်မျက်စပစ်ထားတဲ့အချက်တွေလားလို့စဉ်းစားကြတာတွေလည်းရှိနေပါတယ်။ စစ်အာဏာသိမ်းတယ်ဆိုတာ စစ်တပ်အားကိုးနဲ့ ပြည်တွင်းက ပြည်သူလူထုအပေါ် နိုင်ငံရေးအင်အားစုတွေအပေါ် အနိုင်ကျင့်ပြီး လက်နက် ကိုင်ဖိနှိပ်မှု လုပ်တာပဲ။ဒီမိုကရေစီအခွင့် အရေးအပေါ် အပြင်းထန်ဆုံး တိုက်ခိုက်တာပဲ။ ဒါကို ပြောင်ကျတဲ့ စစ်အာဏာရှင် ကာလအတွင်း မြေသိမ်းယာသိမ်း အခွင့်အရေး အားလုံးနီးပါး အသိမ်းခံခဲ့ရပြီး၊ စည်းကမ်းရှိသော ဒီမိုကရေစီ ကာလအတွင်းမှာလည်း အတုအယောင် မျှော်လင့်ချက်များရဲ့ ခါးသီးမှုကို ကြုံကြရပြန်ကာ၊ ကိုဗစ်ကာလအတွင်း ထွက်ပေါက်မဲ့ အခြေအနေကြား ဒေါသထွက်နေတဲ့ ဗမာပြည် ပြည်သူလူထုတရပ်လုံးနဲ့ ရက်ဒီကယ် နိုင်ငံရေးအင်အားစုတွေက ခေါင်းငုံ့ခံနေကြမှာ မဟုတ်ပါဘူး။ သဏ္ဍာန်မျိုးစုံနဲ့ တွန်းလှန် ခုခံမှုတွေ ပေါ်ပေါက်လာမှာ မုချပါပဲ။ ၂၀၀၈ အောက်မှာသာ ဒီချုပ်-ကြံ့ဖွံ့ နှစ်ကောင်တည်းလို ဖြစ်နေတာပါ။ ၂၀၀၈ ဖျက်ရေးအတွက် ဆိုရင် လူထုတိုက်ပွဲမီးတောက်မီးလျှံတွေ တားမရဆီးမရ ပေါ်လာပါလိမ့်မယ်။ ဒ့ါအပြင် လက်နက်ကိုင်ပဋိပက္ခတွေလည်း ပိုမို ပြင်းထန်လာနိုင်ပါတယ်။ ဗိုလ်မင်းအောင်လှိုင်လို အိုင်စီဂျေမှာ စစ်ရာဇဝတ်ကောင်အဖြစ် စွဲချက်အတင်ခံထားရတဲ့သူက ဦးစီးပြီး အာဏာသိမ်းမယ်ဆိုရင် နိုင်ငံတကာက ပြစ်တင်ရှုတ်ချမှုတွေသာမက အရေးယူမှုတွေ ပြစ်ဒဏ်ခတ်မှုတွေ ဖြစ်လာမှာလည်း သေချာပါတယ်။

ဒီလမ်းကို လျှောက်မယ်ဆိုရင် လူမိုက်လမ်းဆုံး ဇာတ်သိမ်းမလှ ဖြစ်မယ်ဆိုတာလည်း မြေကြီးလက်ခတ်မလွဲပါ။



## စစ်တပ်က အာဏာသိမ်းမတဲ့လား

**၂၅-၁-၂၀၂၁**

**ညီဌေးကျော်**

၂၀၀၈ ခြေဥ ပေးထားချက်အောက်က ကျင်းပတဲ့ (၂၀၁၅ ၊ ၂၀၂၀) ရွေးကောက်ပွဲ ၂ကြိမ်စလုံး ခွက်ခွက်လန် ရှုံးနိမ့်သွားတဲ့ စစ်အုပ်စုကိုယ်စားပြု ကြံ့ဖွံ့ပါတီဟာ သူ့ရှေ့က ဗိုလ်နေဝင်းဆိုရှယ်လစ်ပါတီ (မဆလ) လိုပဲ နိုင်ငံရေးအမှိုက်ပုံးထဲ ရောက်သွားတော့မယ့်အခြေအနေပါ။ စစ်တပ်ကိုယ်စားလှယ်၂၅%နဲ့ ကြံ့ဖွံ့နှင့် အပေါင်းပါများမဲ၂၆% ပေါင်းပြီး အစိုးရတရပ်ဖွဲ့ကာ သမ္မတလုပ်ဖို့ဆိုတဲ့ စိတ်ကူးအိမ်မက်ဟာလည်း ပူဖောင်းပေါက်သလို ပေါက်ကွဲလွင့်ပြယ်သွားတဲ့နောက်၊ ဗိုလ်မင်းအောင်လှိုင်တယောက် တနေ့တမျိုး ဇာတ်ထုပ်တွေခင်းလာပါတယ်။

၂၀၂၀ ရွေးကောက်ပွဲဟာ လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့လို၊ မဲမသမာမှုတွေ တွေ့ရှိထား၊ ရခိုင်မှာ ရွေးကောက်ပွဲထပ်လုပ်ဖို့လို၊ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးခေါ်ဖို့လို၊ သမ္မတနဲ့ ရွေးကော်ကို အရေးယူဖို့ တရားလွှတ်တော်ချုပ်မှာ စာချွန်လွှာတင်၊ (ရွေးကောက်ပွဲ အငြင်းပွားမှု) လက်ရှိ နိုင်ငံရေးအကျပ်အတည်းကို လွှတ်တော်၊ အစိုးရ၊ ရွေးကော်တို့မှ နည်းနာရှာ ဖြေရှင်းပေးဖို့- တပ်မတော်မှ သဘောထားကြေညာချက် ထုတ်လာတယ်။

ကြံ့ဖွံ့ကလည်း တပ်မတော်ထောက်ခံပွဲ ရွေးကောက်ပွဲကန့်ကွက်ပွဲများ လုပ်နေဆဲပဲ။ လာမယ့် ဖေဖော်ဝါရီ လွှတ်တော်သစ်မှာ တက်ဖို့ မသေချာကြောင်းလည်း လေသံလွှင့်နေတယ်။

ဒါတွေဟာ ၂၀၀၈ ခြေဥအောက်မှာ ဖြစ်နေတာတွေပါ။ ဒီချုပ်ပြောခွင့်ရ ဒေါက်တာ မျိုးညွန့်ကလည်း ၂၀၀၈ ခြေဥကိုင်ပြီး တုံ့ပြန်တာပါပဲ။ သမ္မတကို ဘယ်တရားရုံးကမှ ဆင့်ခေါ်စစ်မေးခွင့်မရှိ။ ရွေး

ကောက်ပွဲကော်မရှင်(ရွေးကော်)ရဲ့ အဆုံးအဖြတ်ဟာ (တခြား တရားရုံးသုံးခုဖြစ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ဖွဲ့စည်းပုံခုံရုံး၊ စစ်ဘက်ဆိုင်ရာခုံရုံးနည်းတူ) အပြီးအပြတ်ဖြစ်တယ် စောဒကတက်ခွင့်မရှိကြောင်း တုံ့ပြန်ပါတယ်။

စစ်တပ်က အာဏာသိမ်းနိုင်ခြေနဲ့ပတ်သက်လို့ - ကာလုံထောက်ခံမှုနဲ့ သမ္မတသဘောတူညီမှုသာ အရေးပေါ်အခြေအနေကြေညာ စစ်အုပ်ချုပ်ရေးကို အာဏာလွှဲအပ်နိုင်တာဖြစ်တယ်။ ၂၀၀၈ ကိုကျော်ပြီး အာဏာသိမ်းရင် ၂၀၀၈ ပျက်ပြယ်သွားမှာဖြစ်တဲ့ သဘောလည်း ပြောသွားပါတယ်။

ဒီချုပ်ပြောခွင့်ရ နောက်တဦးဖြစ်တဲ့ မုံရွာအောင်ရှင်ကလည်း- အာဏာသိမ်းတာ အဖြေလား။ နိုင်ငံရေးမှာ အဖြေရရုံနဲ့မပြီးဘူး။ ရလဒ်ကိုပါ ထည့်တွက်ကြရကြောင်း ပြောပါတယ်။ အဲဒီ အားပြိုင်မှုတွေတွေရဲ့ နောက်ခံ ကို ကြည့်ဖို့လိုပါတယ်။

ဝါရင့်သတင်းစာဆရာမကြီး လူထုဒေါ်အမာက အာဏာရှင်ဆိုတာ အရှင်မထွက်ဘူးလို့ နိဂုံးချုပ်ပေးခဲ့တယ်။ ခြေဥဆိုတာ သူတို့လိုရင်လိုသလို ဖျက်တာ အသစ်ရေးတာ လုပ်ခဲ့တာပါပဲ။ ၄၇ခြေဥ၊ ၇၄ခြေဥတို့ဆိုတာ လွယ်လွယ်ပျက်သွားခဲ့တာပဲ။ မပျက်တာက ကြေးစားတပ်ပါ။ ကြေးစားတပ်လို့ပြောတော့ တချို့စစ်ပါး မဝသေးသူတွေက မကြိုက်ကြဘူး။ ပြန်စဉ်းစားကြည့်ပါလေ။ ခိုးဆိုးလုယက် ဗိုလ်ကျသတ်ဖြတ်ခွင့် မရရင် ဘယ်စစ်သားမှ ရှေ့တန်းမသွားချင်ကြတော့ဘူး။ မင်းအောင်လှိုင်ဗိုလ်လုပ်နေတဲ့ တပ်မတော်ဆိုတာ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့တဲ့ BIA, BDA, BPF တပ်တွေ မဟုတ်တော့ပါဘူး။ ပြည်သူဆန့်ကျင်ရေး ကြေးစားတပ်ဖြစ်နေပါပြီ။

ကြေးစားတပ်မရှိရင် စစ်အုပ်စုမင်းဆက်လည်း မရှိနိုင်တော့ဘူး။ ကြေးစားတပ်မရှိရင် ပြည်တွင်းစစ်လည်း မရှိနိုင်တော့ဘူး။

ဗိုလ်မင်းအောင်လှိုင်နဲ့ ကြံ့ဖွံ့ဟာ နိုင်ငံရေးအရေခွံ ကွာကျနေပါပြီ။ ပြုဆင်းမသွားအောင် ကြေးစားတပ်နဲ့ ကျားကန်နေရတာပါ။ ဗိုလ်ကျော်ဇော နိဂုံးချုပ်ပေးခဲ့သလို ဒီမိုကရေစီ အလင်းရောင်အောက်မှာ ပြည်တွင်းဖြစ် ဖက်ဆစ်ကြေးစားတပ် ဗိုလ်ချုပ်တွေ မရပ်တည်နိုင်ပါဘူး။

စစ်အုပ်စုဟာ နောက်ဆုံးထွက်သက်အထိ ကြေးစားတပ်အားကိုးနဲ့ အာဏာကို ဖက်တွယ်ထားမှာပါ။ အာဏာသိမ်းတာကိုလည်း လူထုကကြောက်နေမှာ မဟုတ်ဘူး။ စစ်အုပ်စုက လက်နက်နဲ့ဗိုလ်ကျ အနိုင်ကျင့်နေသမျှ လက်နက်ကိုင်တော်လှန်ရေးက ခေတ်မီနေဦးမှာဖြစ်ပါတယ်။ လက်ဦးမှုမဲ့နေမှာက ကြေးစားတပ်နဲ့ ရင်ကြားစေ့ချင်နေပြီး (အမျိုးသားညီညွတ်ရေး)လို့ဆိုတဲ့ အလံဖြူလွှင့်ထားတဲ့ လစ်ဘရယ်အစိုးရပဲဖြစ်ပါတယ်။

ညီဌေးကျော်(၂၄ ဇန္နဝါရီ ၂၀၂၁)



# တပ်တည်ဆောက်ရေးမှာ စည်းကမ်းရဲ့ အရေးကြီးမှု ”
## ငြိမ်းမောင်ဦး

လက်ရှိကာလမှာ ဗမာပြည်သူလူထုတရပ်လုံးရဲ့နိုင်ငံရေးလှုပ်ရှားမှုဟာ ဒီရေမြင့်ကာလကိုရောက်ရှိနေပါပြီ။ အဖိနိုပ်ခံပြည်သူလူထုဟာ မိမိတို့ရဲ့လက်တွေ့ဘဝအရ စစ်အာဏာရှင်စနစ်ရဲ့ကမ်းကုန်အောင် ရက်စက်တဲ့ ဖိနှိပ်သတ်ဖြတ်မှုကို ရရာလက်နက်စွဲကိုင်ပြီး တော်လှန်တဲ့လမ်းကြောင်းကို မလွဲသာမရှောင်သာ ရွေးခဲ့ကြရတယ်။ တပြည်လုံးအနှံ့အပြား ကျေးလက်ဒေသရော၊မြို့ပြတွေမှာပါ လက်နက်ကိုင်တပ်ဖွဲ့တွေ တည်ထောင်ဖွဲ့စည်းပြီးပြန်လှန်ခုခံကြတဲ့ ပြည်သူတွေရဲ့တိုက်ပွဲဟာ အနှစ်သာရအားဖြင့် တော်လှန်တဲ့ပြည်သူ့ စစ်ပွဲပဲ ဖြစ်ပါတယ်။ ဒါဟာ…ဗမာပြည်တော်လှန်ရေးရဲ့ကြီးမြတ်တဲ့ အလှည့်အပြောင်းလည်းဖြစ်ပါတယ် ။

ဖိနှိပ်မှုမှန်သမျှဒဏ် စုပြုံမခံတော့တဲ့ အောက်ခြေလူထုက အစချီကာ တပ်ဖွဲ့များကို စုဖွဲ့လှုပ်ရှားကြခြင်းဆိုတဲ့ အားသာချက်ရှိတာနဲ့ တချိန်တည်းမှာ ရန်/ငါ အင်အားအချိုးအစားကွာဟမှုကတော့ ကြီးပါတယ်။ ဒီလိုအင်အားကြီးမားတဲ့ရန်သူကို အနိုင်တိုက်ဖို့အတွက် တော်လှန်ရေး တပ်ဖွဲ့တွေဟာ ကြံ့ခိုင်မှန်ကန်တဲ့နိုင်ငံရေးအတွေးအခေါ်ကို မြဲမြဲကိုင်စွဲပြီး အမိန့်စည်းကမ်းတွေလိုက်နာမှုကောင်းတဲ့ တပ်ဖြစ်အောင် လေ့ကျင့်တည်ဆောက်ရပါလိမ့်မယ်။ ချုပ်ပြောရရင် တပ်ကိုတော်လှန်ရေးတပ်ဖွဲ့ပီသအောင်တည်ဆောက်ရမယ်…။ တကယ်တော့ တပ်ရဲ့အမိန့်စည်းကမ်းတွေဆိုတာဟာ တော်လှန်ရေးရဲ့နိုင်ငံရေးရည်မှန်းချက်နဲ့ အတွေးအခေါ်ကိုအခြေခံပြီး ချမှတ်ထားတာဖြစ်လို့…အမိန့်စည်းကမ်းလိုက်နာမှုဟာ တော်လှန်ရေးအောင်ပွဲ အတွက် အာမခံချက်တချက်ပဲဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီက ဖွဲ့စည်းခဲ့တဲ့ ပြည်သူ့တပ်မတော်မှာချမှတ်ကျင့်သုံးခဲ့တဲ့ (စည်းကမ်းကြီး သုံးရပ်နဲ့ သတိပြုရန်ရှစ်ချက်)ကို လေးလေးနက်နက် လေ့လာဝေဖန် သုံးသပ်ကြည့်ရင် လက်ရှိတော်လှန်ရေးတပ်ဖွဲ့တည်ဆောက်ရေးပြဿနာအတွက် လမ်းညွှန်တချို့ ရနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

“ စည်းကမ်းကြီး(၃)ရပ် …သတိပြုရန်(၈)ချက်”

စည်းကမ်းကြီး(၃)ရပ်

၁။ ဘာပဲလုပ်လုပ်အမိန့်နာခံရမည်။

၂။ ပြည်သူ့ပစ္စည်းမှန်သမျှ အပ်တချောင်းချည်တမျှင်မှ မယူရ။

၃။ စစ်မြေပြင်မှ သိမ်းပိုက်ရရှိသောပစ္စည်းမှန်သမျှ အများပိုင်အဖြစ်အပ်နှံရမည်။

သတိပြုရန်(၈)ချက်

၁။ စကားပြောဆိုရာမှာ ချိုချိုသာသာပြောကြရမည်။

၂။ ပြည်သူ့ပစ္စည်းများကိုတန်ရာတန်ဖိုးပေးဝယ်ရမည်။

၃။ ပြည်သူ့ပစ္စည်းငှားစွာကိုငှါးပြီးပြန်အပ်ရမည်။ ပစ္စည်းပျက်လျှင်တန်ရာတန်ကြေးပေးလျော်ရမည်။

၄။ မူးယစ်သောက်စားခြင်း မပြုလုပ်ရ။

၅။ပြည်သူများ၏ စပါးသီးနှံများကိုမဖျက်ဆီးရ။

၆။အမျိုးသမီးများအပေါ် သဘောထားမှန်ကန်ရမည်။

၇။ ပြည်သူများ၏ ဓလေ့ထုံးတမ်းများကိုလေးစားရမည်။

၈။ စစ်သုံ့ပန်းများကို မညှဥ်းဆဲရ။

ရေးထားတာတွေကတော့ အတော်ရိုးရှင်းပါတယ်။ ဖတ်မိသူတိုင်း အလွယ်တကူ နားလည်နိုင်ပါတယ်။ ဒါပေမဲ့ ဒီစည်းကမ်း ချက်တွေဟာ ပြည်သူနဲ့တော်လှန်ရေးရဲ့ အကျိုးစီးပွားဘက်က ရပ်တည်ပြီး ချမှတ်ထားတာဖြစ်လို့ မြင့်မားတဲ့ နိုင်ငံရေးရည်မှန်းချက်နဲ့ အတွေးအခေါ်အခြေခံ တွေရှိနေတယ်ဆိုတာ နားလည်သဘောပေါက်ထားသင့်ပါတယ်။ ပြည်သူလူထုရဲ့ အသိရှိရှိထောက်ခံမှုနဲ့ ပါဝင်ဆင်နွှဲမှုဟာ ဒီစည်းကမ်းချက်များ တကယ် ရေရှည်အနှံ့အပြား အသက်ဝင်မှုအတွက် အဓိကကျတဲ့ လူမှုအခြေခံအချက် ဖြစ်တယ် ဆိုတာကိုလည်း မျက်ခြည်မပြတ်သင့်ပါ။

ဥပမာ "ဘာပဲလုပ်လုပ်အမိန့်နာခံရမယ်" ဆိုတဲ့အချက် .....

အမိန့်နာခံမှုဆိုတာ ပြည်သူကိုဖိနှိပ်တဲ့ ဖေါက်ပြန်တဲ့တပ်တွေ ဖက်ဆစ်တပ်တွေမှာလည်း ရှိတာပဲ.. သူတို့တပ်တွေမှာအမိန့်အာဏာတွေ ပိုပြီးပြင်းထန်တာတွေ့ရတယ်။ ဒါပေမဲ့ ရပ်တည်မှုအရ အနှစ်သာရအရ ပြောရင်သူတို့နာခံတယ်ဆိုတာ ပြည်သူကိုဆန့်ကျင်တဲ့ ဖိနှိပ်တဲ့လူတန်း စားရဲ့အမိန့်ကိုနာခံတာပဲ။ ကြေးစားစိတ်ဓာတ်နဲ့နာခံတာပဲ..။

မိမိတို့တော်လှန်ရေးတပ်ဖွဲ့တွင်းမှာတော့ အမိန့်နာခံတယ်ဆိုတာ အနှစ်သာရအားဖြင့်ပြောရင် ပြည်သူ့တော်လှန်ရေးတပ်ဦးရဲ့အမိန့်. တနည်းအားဖြင် မှန်ကန်တဲ့နိုင်ငံရေးဦးဆောင်မှုကို ကိုယ်ပိုင်အသိနိုးကြားမှုနဲ့ နာခံတာဖြစ်တယ်။ ဒါကြောင့် တပ်ထဲမှာ အမိန့်မနာခံတဲ့ လုပ်ရပ်ဟာ အတွေးအခေါ်အရဆန်းစစ်ရင် မင်းမဲ့အတွေးအခေါ်ဖြစ်တယ်။ စည်းရုံးမှုမဲ့တဲ့လုပ်ဟန်ဖြစ်တယ်။ တပ်မှူးတပ်သားစည်းလုံးညီညွတ်မှုကိုပျက်ပြားစေပြီး တိုက်ပွဲတွင်းမှာဆိုရင် ကြီးမားတဲ့ဆုံးရှုံးမှုတွေကြုံရနိုင်တယ်။

ချုပ်ရင်....တော်လှန်ရေးတပ်ဖွဲ့အတွင်းမှာ

အမိန့်နာခံမှုရှိမှသာ. .အင်အားကြီးမားတဲ့ရန်သူ့တပ်ကိုအနိုင်တိုက်နိုင်မှာဖြစ်တယ်။

နံပါတ်(၂)အချက်ဖြစ်တဲ့ " ပြည်သူ့ပစ္စည်းမှန်သမျှ အပ်တချောင်းချည်တမျှင်မှ မယူရ။ " စည်းကမ်းကတော့ မိမိတို့တပ်ဖွဲ့ရဲ့ ပြည်သူနဲ့ပတ်သက်တဲ့ရပ်တည်ချက်၊ ပြည်သူအပေါ်ထားရှိတဲ့ မွန်မြတ်တဲ့ သဘောထားကိုမှတ်ကျောက်တင်ထားတာပဲ ဖြစ်တယ်။ လက်ရှိဆင်နွှဲနေတဲ့တော်လှန်စစ်ဟာ အနှစ်သာရအရပြောရင်ပြည်သူ့စစ်ပွဲပဲဖြစ်တယ်။ ဒါကြောင့်.. လူထုလမ်းစဉ် ကျင့်သုံးရမယ်။ (လူထုဟာ သမိုင်းဖန်တီးသူ....လူထုသာသူရဲကောင်း..လူထုကိုအလုပ်အကျွေးပြုကြ).စတဲ့လူထုအမြင်တွေကို ခိုင်ခိုင်မာမာ စိုက်ထူကြရမယ်။ လူထုနဲ့ပါတ်သက်တဲ့စည်းကမ်းတွေကို တင်းတင်းကျပ်ကျပ်လိုက်နာရမယ်။ သတိပြုရန်အချက်တွေထဲက အများစုဟာ လူထုနဲ့ပတ်သက်ပြီး ချမှတ်ထားတဲ့စည်းကမ်းတွေပါပဲ။ သတိပြုရန်ဆိုပေမယ့် စည်းကမ်းလိုသဘောထားပြီး လိုက်နာရမှာဖြစ်တယ်။ "တော်လှန်တဲ့စစ်ပွဲဟာ လူထုစစ်ပွဲဖြစ်တယ်၊ လူထုကို လှုံ့ဆော်စည်းရုံးမှ၊ လူထုကိုအားကိုးမှ တော်လှန်စစ်ပွဲဆင်နွှဲနိုင်မယ်။" "မော်" ရဲ့ဒီအဆို အမိန့်ဟာ ဗမာပြည်ရဲ့ လက်ရှိတော်လှန်ရေးလက်တွေ့ မှာ မှန်ကန်တဲ့လမ်းညွှန်ဖြစ်နေဆဲပဲဖြစ်တယ်။

နံပါတ်(၃) အချက်ဖြစ်တဲ့ " စစ်မြေပြင်မှ သိမ်းပိုက်ရရှိသောပစ္စည်းမှန်သမျှ အများပိုင်အဖြစ် အပ်နှံရမည်။" ဆိုတဲ့စည်းကမ်းကတော့ မိမိတို့တော်လှန်ရေးရဲ့ရည်ရွယ်ချက်အပေါ်မှာ ထားရှိတဲ့ သဘောထားနဲ့ ဆိုင်ပါတယ်။ တော်လှန်ရေးလုပ်နေတာဟာ တဦးချင်းအကျိုးစီးပွား အတွက်မဟုတ်ဘူး...တဦးချင်းထွက်ပေါက်အတွက်မဟုတ်ဘူး....ပြည်သူ့ဒီမိုကရေစီအစိုးရတရပ်ထူထောင်ဖို့...ဖိနှိပ်သွေးစုပ်မှုကင်းတဲ့ စံနစ်သစ်တခုတည်ဆောက်ဖို့ဆိုတဲ့ ဘုံရည်မှန်းချက်အတွက်ပဲဖြစ်တယ်။ တော်လှန်ရေးသမားတယောက်အနေနဲ့ မိမိကိုယ်ကို ပြုစုပျိုးထောင်တဲ့ဖြစ်စဉ်မှာ အရာရာကိုစွန့်လွှတ်တဲ့ အတွေးအခေါ်ကို စိုက်ထူသွားရမှာဖြစ်ပါတယ်။

"မူးယစ်သောက်စားခြင်း မပြုလုပ်ရ။" ဆိုတဲ့သတိပြုရန်အချက်ကတော့ လက်တွေ့လူထုစည်းရုံးရေး တာဝန်နဲ့ စစ်ရေးတာဝန်တွေ ထမ်းဆောင်ရာမှာ တော်လှန်ရေးတပ်ဖွဲ့တွေအနေနဲ့ မလိုလားအပ်တဲ့ အ

မှားမျိုးတွေ မပေါ်ပေါက်စေဖို့ရည်ရွယ်ချက်နဲ့ ချမှတ်ထားတာဖြစ်ပါတယ်။ အထူးသဖြင့် ဗမာပြည်လူ့အဖွဲ့အစည်းရဲ့ ဓလေ့ထုံးတမ်းတွေကို ထောက်ထားပြီး လူထုစည်းရုံးရေးမှာ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ဖြစ်ပါတယ်။

"အမျိုးသမီးများအပေါ် သဘောထားမှန်ကန်ရမည်။" ဆိုတဲ့သတိပြုရန်အချက်ရဲ့ အတွင်းသဘောကတော့" အမျိုးသမီးတွေဟာ စနစ်ဆိုးရဲ့ဖိနှိပ်မှုကိုသာမက ယောကျ်ားများရဲ့ မဟာဖိုဝါဒနဲ့ အထင်အမြင်သေးမှု အနိုင်ကျင့်မှုကိုခံရတဲ့ အဖိနှိပ်ခံလူတန်းစားပဲဖြစ်ပြီး တော်လှန်ရေးရဲ့အင်အားစုဖြစ်တယ်ဆိုတာမြင်ဖို့ကိုဆိုလိုတာပါ။ လူဦးရေထက်ဝက်ကျော်ရှိတဲ့ အမျိုးသမီးတွေအပေါ် သဘောထားမမှန်တာဟာ ပြည်သူအပေါ် သဘောထားမမှန်တာနဲ့အတူတူပါပဲ။ ဒါကြောင့် အမျိုးသမီးတွေကို တန်းတူရည်တူသဘောထားနဲ့ လူတန်းစားညီအစ်ကိုမောင်နမစိတ်ဓါတ်နဲ့ တော်လှန်ရေးမှာပါဝင်နိုင်အောင် စည်းရုံးသွားဖို့လိုပါတယ်။ ဗမာပြည်မှာရော နိုင်ငံတကာမှာပါ..တော်လှန်တဲ့ သူရဲကောင်းဝါဒကိုင်စွဲပြီး စွန့်လွှတ်သွားခဲ့ကြတဲ့ အမျိုးသမီး သူရဲကောင်းတွေရှိခဲ့တယ်ဆိုတာ မမေ့သင့်ပါ။ အမျိုးသမီးတွေအပေါ် သဘောထားမှန်ကန်မှုအောက်မှာ အမျိုးသမီးများအပေါ် အသရေပျက်စီးစေမှုလုပ်ရပ်တွေအားလုံး၊ ဂုဏ်သိက္ခာထိခိုက်စေမှုအားလုံး ရှောင်ရှားသွားရေး အချက်တွေ ပါဝင်သွားပါတယ်။

"ပြည်သူများ၏ ဓလေ့ထုံးတမ်းများကို လေးစားရမည်။" ဒီသတိပြုရန်အချက်ကတော့ ဗမာပြည်တော်လှန်ရေးရဲ့ ထူးခြားချက်လည်းဖြစ် အလေးအနက်ထားရမယ့်အချက်လည်း ဖြစ်ပါတယ်။ အဖိနှိပ်ခံလူမျိုးပေါင်းစုံပါဝင်တဲ့ တော်လှန်တဲ့ပြည်သူ့စစ်ပွဲဆင်နွှဲရာမှာ လူမျိုးစုံသွေး စည်းချစ်ရေးဝါဒ ကိုင်စွဲကြရမှာဖြစ်ပါတယ်။ အမျိုးသားတွေအချင်းချင်းအကြား ဆက်ဆံရေးမှာ တန်းတူရည်တူစိတ်ဓါတ်နဲ့ အပြန်အလှန်လေးလေးစားစား ရှိဖို့ အထူးသတိထားကြရမှာဖြစ်ပါတယ်။

"စစ်သုံ့ပန်းများကို မညှဉ်းဆဲရ။" ဒီအချက်ကတော့ သုံ့ပန်းပေါ်လစီထဲမှာ ချမှတ်ထားပြီး ဖြစ်ပါတယ်။ ရန်သူ့သုံ့ပန်းတွေကို ရိုက်နှက်ညှဉ်းပန်းတာ မလုပ်ရ၊ အခြေအနေခွင့်ပြုသလောက် အချိန်ယူပြီး ပညာပေးတာလုပ်ပြီးရင် လမ်းစရိတ်ပေးပြီး ပြန်လွှတ်ပေးရမှာ ဖြစ်တယ်။ ဒါဟာရန်သူ့ တပ်ဖြိုခွဲရေးအတွက်နိုင်ငံရေးလုပ်ငန်းလည်းဖြစ်ပါတယ်။

စည်းကမ်းကြီး(၃)ရပ်ဟာ တိတိကျကျလိုက်နာရမယ့် စည်းကမ်းများဖြစ်သလို ဒီစည်းကမ်းကြီးတွေက ဖြာထွက်လာတဲ့ သတိပြုရန်အချက်တွေဟာလည်း စည်းကမ်းအဖြစ်လိုက်နာရမယ့် အချက်တွေပါပဲ။ ချုပ်ရင်…တပ်တည်ဆောက်ရေးမှာ စည်းကမ်းကြီး(၃)ရပ်နဲ့သတိပြုရန်(၈)ချက်ရဲ့ အရေးကြီးမှုကို လေးလေးနက်နက်သဘောပေါက်ပြီး လက်တွေ့လိုက်နာကျင့်သုံးကြရမယ်။ အားနည်းချက်တွေရှိလာရင် ဝေဖန်ရေး-မိမိကိုယ်ကိုဝေဖန်ရေးနည်းနဲ့ ဆေးကြောပြစ်ကြရမယ်.။ မိမိတပ်ဖွဲ့တွင်း အတွေးအခေါ်လှုပ်ရှားမှုတွေလုပ်ရင်း စည်းကမ်းလိုက်နာမှုရေချိန်ကို မြှင့်တင်သွားကြရမယ်။

ဒီစည်းကမ်းတွေဟာ လေးနက်တည်ကြည်တဲ့နိုင်ငံရေးအတွေးအခေါ်နဲ့ တည်ဆောက်ထားတဲ့…..မွန်မြတ်တဲ့ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်ထားတဲ့တော်လှန်ရေးတပ်ဖွဲ့တစ်ခုရဲ့ ဂုဏ်နဲ့ဒြပ်ကို မှတ်ကျောက်တင်ပေးပါလိမ့်မယ်။

ငြိမ်းမောင်ဦး
( ၂၈-၆-၂၀၂၁)

## အာဏာသိမ်းမှုနဲ့ ပတ်သက်လို့ ဗမာ့ကွန်မြူနစ်များရဲ့ ထုတ်ဖော်ပြောကြားချက်
## ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အင်တာဗျူးပြောကြားချက်(ပထမပိုင်း)
## (ဗြိတိန်နိုင်ငံမှာ ထုတ်ဝေတဲ့ Morning Star နေ့စဉ်သတင်းစာရဲ့ ဧပြီလ ၂၆ ရက်နေ့စွဲနဲ့ ဖော်ပြထားတဲ့ ဆောင်းပါးကို ဘာသာပြန်ဆိုတင်ပြပါတယ်။)



အပိုင်းနှစ်ပိုင်း ပါဝင်တဲ့ အင်တာဗျူးရဲ့ပထမပိုင်းမှာ စစ်အစိုးရရဲ့ လူမှုရေး၊ စီးပွားရေးဆိုင်ရာ တလွဲတချော် စီမံခန့်ခွဲမှုတွေနဲ့ ပတ်သက်လို့ Kenny Coyle က ဗမာပြည်ကွန်မြူနစ်ပါတီကို မေးမြန်း ထားပါတယ်။

ဗမာပြည်က ယခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းမှုဟာ တိုင်းပြည်မှာ ကာလကြာရှည်တည်ရှိခဲ့တဲ့ လူမှုရေး၊ စီးပွားရေး ပဋိပက္ခတွေရဲ့ အကျိုးဆက်ပဲ ဖြစ်တယ်လို့ သူတို့ ဗမာပြည် ကွန်မြူနစ်ပါတီက ဆိုပါတယ်။ (စစ်တပ်က ရွေးချယ်ထားတဲ့ Myanmar ဆိုတဲ့နာမည်အစား Burma ကိုသုံးဖို့ ပါတီက ပိုလိုလားပါတယ်။ တခြား အတိုက်အခံ အင်အားစုတချို့လည်း ထို့အတူပါပဲ)။

ဗြိတိသျှအုပ်စိုးခံ ကိုလိုနီဘဝမှာ ဗမာပြည်ကွန်မြူနစ်ပါတီကို တော်လှန်ရေးသမား အစုတစုက ၁၉၃၉ ခုနှစ် ဩဂုတ်လမှာ ဖွဲ့စည်းတည်ထောင်ပါတယ်။ ပါတီ စတင်တည်ထောင်သူတွေထဲမှာ အမျိုးသားသူရဲကောင်းဖြစ်တဲ့ (ဗိုလ်ချုပ်)အောင်ဆန်းလည်း အပါအဝင် ဖြစ်တယ်။

ပါတီဟာ ပြည်ပက ကျူးကျော်အုပ်စိုးသူတွေနဲ့ ပြည်တွင်းက ဖိနှိပ်အုပ်စိုးသူ စစ်အစိုးရအဆက်ဆက်ကို လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲခဲ့တဲ့ ရှည်ကြာလှတဲ့ နှစ်ကာလများအပါ ဆယ်စုနှစ်များစွာ မတရားသင်းအဖြစ် ကြံ့ကြံ့ခံ ရပ်တည်နိုင်ခဲ့ပါတယ်။

၁၉၈၀ ခုနှစ်များ နှောင်းပိုင်းမှာ ဗမာပြည်ရဲ့ နယ်စပ်ဒေသတွေမှာ ကျန်နေသေးတဲ့ အခြေခံဒေသတွေကို လက်လွှတ်ဆုံးရှုံးရမှုနဲ့အတူ ကြီးမားတဲ့ပဋိပက္ခကို ပါတီက ကြုံတွေ့ဖြတ်သန်းရပါတယ်။ အဲဒီနောက်မှာ တကွဲတပြားစီ ဖြစ်ကြရပြီး သူတို့ရဲ့မြေအောက် စုဖွဲ့မှုတွေကို ပြည်တွင်းမှာရော ပြည်ပက အဝေးရောက် အသိုက်အမြုံတွေထဲမှာပါ ပြန်တည်ဆောက်ခဲ့ရပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပြောရေးဆိုခွင့်ရှိသူက မျက်မှောက်ပဋိပက္ခကို မီးမောင်းထိုးပြပြီး "လက်နက်မဲ့ပြည်သူတွေအပေါ် ရက်ရက်စက်စက် စစ်ခင်းတိုက်ခိုက်နေတဲ့ သူရဲဘောကြောင်တဲ့ ဖိနှိပ်သူစစ်တပ်ကို လူထုလူတန်းစား အလွှာစုံက ပြည်သူတွေဟာ စံတင်လောက်တဲ့သတ္တိနဲ့ တိုက်ပွဲဝင်နေကြပါတယ်" လို့ ပြောပါတယ်။

"သတ္တိပြောင်တဲ့ ကျွန်တော်တို့ ပြည်သူတွေကို ကျွန်တော်တို့ပါတီက တတ်နိုင်သမျှ နည်းလမ်းပေါင်းစုံသုံးပြီး အားပေးထောက်ခံနေပါတယ်"

ယနေ့မြင်တွေ့နေရတဲ့ စစ်အစိုးရဟာ ၁၉၆၂ ခုနှစ်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) အာဏာရလာတာမှာ မြစ်ဖျားခံပါတယ်။ မဆလကို မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်ပါတီလို့လည်း သိကြပါတယ်။

မဆလပါတီဟာ ဆိုရှယ်လစ်လမ်းကို လျှောက်ဖို့မပြောနဲ့ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှု လုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းရေးနဲ့ လူထုဘဝ သာယာဝပြောရေးတို့ကို မြှင့်တင်နိုင်တဲ့ အလားအလာတွေကို အလဟဿဖြစ်စေခဲ့တယ်၊ ခရိုနီအရင်းရှင်စနစ်နဲ့ တိုင်းပြည်ကို အောက်ကျနောက်ကျ ဖြစ်စေခဲ့တယ်လို့ ဗကပက မြင်ပါတယ်။

"၁၉၆၂ ခုနှစ်မှာ ဗိုလ်နေဝင်းနဲ့ မဆလ အာဏာသိမ်းကတည်းက ဗမာပြည်ဟာ လူ့အဖွဲ့အစည်းအနေနဲ့ရော စီးပွားရေးမှာပါ မတိုးတက်သလောက်ပဲ။ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေးနဲ့ တခြားနယ်ပယ်များစွာ အပါအဝင် နယ်ပယ်တိုင်းမှာ အရည်အသွေးရော အရည်အချင်းပါ ကျဆင်းလာတာကို အလွယ်တကူ တွေ့နိုင်ပါတယ်"

"အရင်ကနဲ့စာရင် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ၊ ကုမ္ပဏီတွေ ပိုများလာတယ်လို့ တယောက်ယောက်က ပြောလာရင် အဲဒါတွေကနေ ဘယ်သူတွေ အကျိုးအမြတ်တွေ ရနေသလဲဆိုတာ ကြည့်လိုက်ပါလို့ပဲ ကျွန်တော်တို့ ထောက်ပြပါ့မယ်"

"သူတို့အုပ်စိုးစဉ်မှာ သာမန်ပြည်သူတွေအတွက် အလုပ်အကိုင်တွေ ဖန်တီးပေးခဲ့တယ်လို့ ဗိုလ်ချုပ်ကြီးများအပါ အုပ်စိုးသူလူတန်းစားက ပြောပါတယ်။ အတိအကျ ပြောရရင် လူဦးရေ သန်း ၅၀ လောက်ရှိတဲ့နိုင်ငံမှာ အလုပ်သမားက ၅၀၀၀၀၀ ရှိပါတယ်"

"သာမန်ပြည်သူတွေ အလုပ်အကိုင်တွေရကြတာ မှန်ပါတယ်။ ဒါပေမဲ့ အမြတ်အစွန်းတွေက ဗိုလ်ချုပ်ကြီးတွေရဲ့ မိသားစုတွေနဲ့ သူတို့ခရိုနီတွေမျိုးစုံရဲ့ အိတ်ကပ်တွေထဲပဲ ရောက်တာပါ"

"စစ်ဗိုလ်ချုပ်တွေ ဗမာပြည်မှာ မိတ်ဆက်ပေးခဲ့တဲ့ စက်မှုလုပ်ငန်းဆိုတာတွေမှာ အများစုက ခေတ်မီနည်းပညာတွေ၊ အကြီးစား ရင်းနှီးမြှုပ်နှံမှုတွေ မပါဝင်တဲ့ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းလေးတွေပါ"

ဗမာပြည်ဟာ သွေးစုပ်အမြတ်ထုတ်တဲ့ ခရိုနီအရင်းရှင်စနစ်ရဲ့ စံနမူနာတခု ဖြစ်ပါတယ်။ ဒီစနစ်မှာ စစ်တပ်က နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေတယ်။ ပြည်သူလူထု အများတကာ့ အများစုကြီးကို ဆင်းရဲတွင်းနက်စေပြီး လက်တဆုပ်စာကိုသာ ကြီးပွားချမ်းသာစေပါတယ်။

"မိုးမျှော်အဆောက်အဦး အသစ်ကြီးတွေ၊ ခေတ်ပေါ်ကားတွေ မြင်ရတွေ့ရတဲ့အခါ ဒါတွေကို ဘယ်သူပိုင်သလဲလို့ မမေးဘဲ မနေနိုင်ပါဘူး။ ဒါဟာ ဝင်ငွေအမြင့်ဆုံးနဲ့ အနိမ့်ဆုံးလူတွေကြားက ဝင်ငွေ ကွာဟမှုကို ညွှန်ပြနေတာသာ ဖြစ်ပါတယ်"

တခြားအရှေ့တောင်အာရှ နိုင်ငံတချို့နည်းတူ ဗမာပြည်ကလည်း သူ့လူဦးရေရဲ့ အတော်ကြီးမားတဲ့ အစိတ်အပိုင်းကို ရွှေ့ပြောင်းလုပ်သားတွေအဖြစ် ပြည်ပကို တင်ပို့ပါတယ်။ အတော်များများက တရားမဝင် လုပ်ကိုင်နေကြရသလို အလွန်အမင်း သွေးစုပ်ခံရပေမယ့် သူတို့က တိုင်းပြည်အတွက် သိသာကြီးမားတဲ့ ငွေလွှဲပို့မှုကနေရတဲ့ ဝင်ငွေရင်းမြစ်တခု ဖြစ်လာပါတယ်။

"တနေ့ကပဲ ဗမာပြည်က လက်ရှိအစိုးရရဲ့ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနက ထုတ်ပြန်တဲ့ ကိန်းဂဏန်းတချို့ကို ကျွန်တော် သတိထားလိုက်မိပါတယ်။ အဲဒီမှာ 'ယခုနှစ် ဖွန်လတိုင် မြန်မာ ရွှေ့ပြောင်း လုပ်သားများ၏ စုစုပေါင်း ငွေလွှဲပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် ရှိသည်' လို့ ဆိုပါတယ်။ ဒါ့အပြင် 'တရားဝင် ငွေလွှဲပို့မှုသည် ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်တွင် ဂျီဒီပီ၏ ၀.၈၁ ရာနှုန်းရှိပြီး ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်တွင် ၁.၀၆ ရာနှုန်း ရှိသည်' လို့ ဆိုပါတယ်။

ကမ္ဘာ့ဘဏ်ရဲ့ ၂၀၁၉ ခုနှစ်အတွက် ဖော်ပြချက်က ၃.၂ ရာနှုန်း ဖြစ်ပါတယ်။

"ကိုဗစ် ၁၉ ကပ်ရောဂါ ဖြစ်ပြီးနောက်မှာနဲ့ လတ်တလော ပဋိပက္ခပေါ်လာပြီးနောက်မှာ ရွှေ့ပြောင်း လုပ်သားတွေက ပြည်တွင်းမှာကျန်ခဲ့တဲ့ သူတို့ရဲ့ဆင်းရဲနွမ်းပါးတဲ့ မိသားစုဝင်တွေဆီကို ငွေပြန်မပို့နိုင်တော့ ပါဘူး။ မိသားစုဝင်တွေဟာ ကျော်လွှားဖို့ခက်တဲ့ ဒုက္ခတွေ ကြုံနေကြရတာပါ။ ပြည်ပရွှေ့ပြောင်း အလုပ် သမားအများစုက ပြည်ပကို တရားမဝင် ထွက်ခွာသွားသူတွေ ဖြစ်ပါတယ်။

ဗမာပြည်က ရွှေ့ပြောင်းအလုပ်သမားတွေက များသောအားဖြင့် ထိုင်း၊ တရုတ်၊ မလေးရှား စတဲ့ အိမ်နီးခြင်းနိုင်ငံတွေမှာ အလုပ်လုပ်ကြတယ်။ စုစုပေါင်း ငါးသန်းလောက် ရှိပါလိမ့်မယ်။ ဗမာအလုပ်သမား တွေကို အလုမ်းဝေးတဲ့ နိုင်ငံတွေဖြစ်တဲ့ ကာတာ၊ တောင်ကိုရီးယားနဲ့ ဂျော်ဒန်တို့လို နိုင်ငံတွေမှာတောင် တွေ့နိုင်ပါတယ်။

အလုပ်သမားဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန်ဖြစ်တဲ့ ဦးမျိုးအောင်ကတော့ ထိုင်းနိုင်ငံ တနိုင်ငံ တည်းမှာကို သုံးသန်းလောက်ရှိတယ်၊ အများစုက လုပ်ခလစာ နည်းနည်းပဲရတဲ့ အလုပ်ကြမ်း လုပ်ရသူတွေ ဖြစ်တယ်လို့ ပြောပါတယ်"

မြန်မာနိုင်ငံမှာရှိတဲ့ အလုပ်လုပ်နိုင်သူဦးရေရဲ့ ၁၀ ရာနှုန်းလောက်က ပြည်ပရွှေ့ပြောင်း အလုပ် သမားတွေ ဖြစ်တယ်လို့ တချို့ခန့်မှန်းချက်တွေက ဆိုပါတယ်။

အဲဒီလို အလုပ်လုပ်နေသူတွေအပြင် ထိခိုက်အနာတရ ဖြစ်နိုင်တဲ့ မြန်မာပြည်သူအများစုဟာလည်း တိုင်းပြည်နယ်နိမိတ်အပြင်က ဒုက္ခသည်စခန်းတွေကို တဖွဲဖွဲရောက်နေတာပါ။ ပြည်ပမှာ တခါထပ်ပြီးတော့ ဘေးအန္တရာယ် အသွယ်သွယ်ကို မကြာခဏ ကြုံကြရပါသေးတယ်။

"ဗမာပြည်ရဲ့ အိမ်နီးချင်းနိုင်ငံတွေဆီတင်ပို့တဲ့ တခြားပို့ကုန်တခုကတော့ စစ်ကြောင့်ပဲဖြစ်ဖြစ်၊ လူမျိုးရေး ဖိနှိပ်မှုကြောင့်ပဲဖြစ်ဖြစ် ကိုယ့်ရပ်ကိုယ့်ရွာကိုစွန့်ခွာကြရတဲ့ ဒုက္ခသည်တွေပဲ ဖြစ်ပါတယ်။ စခန်း တခုတခုမှာ အနည်းဆုံး ၁၀၀၀၀၀ လောက်ရှိတဲ့ ရွှေ့ပြောင်းအခြေချသူတွေရဲ့ စခန်းတွေက နယ်စပ်တွေ တလျှောက်မှာ အနှံ့အပြားရှိနေတာပါ။ အိမ်ရှင်နိုင်ငံတွေရဲ့ အထင်သေး အမြင်သေးခံပြီး နေနေရတာပါ"

တိုင်းပြည်က သဘာဝသယံဇာတတွေ ပေါကြွယ်ဝပေမယ့် အုပ်စိုးသူ ထိပ်သီးတွေက အမှီအခိုကင်းတဲ့ စီးပွားရေးမဟာဗျူဟာတရပ်ကို အကောင်အထည် မဖော်နိုင်ခဲ့ဘူးလို့ ဗကပက နားလည်ထားတယ်။

"ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေက ဗမာပြည်က သဘာဝ သယံဇာတတွေကို အမြတ်ထုတ်ဖို့ အဓိက ဦးတည်တာပါ။ ရေနံနဲ့ကျောက်မျက်ရတနာတွေက အဓိကပဲ။ စိုက်ခင်းတွေနဲ့ သတ္တုတွင်းတွေလို အလုပ်သမား

အမြောက်အများသုံးရတဲ့ စီမံကိန်းတွေ တပုံကြီးဟာလည်း တနိုင်ငံလုံးမှာ နေရာအနှံ့ ရှိနေတာပါ။ ကမ္ဘာပေါ်က စျေးအပေါဆုံး အလုပ်သမားရင်းမြစ်တခုဖြစ်တဲ့ ဗမာပြည်က တောသူတောင်သားတွေကို သွေးစုပ်နေတာ ဖြစ်ပါတယ်"

"တကယ်တော့ စိုက်ခင်းတွေမှာ အလုပ်လုပ်ကြတဲ့ အလုပ်ကြမ်းသမားတွေနဲ့ ဒေသခံပြည်သူတွေက ငှက်ပျော၊ ရာဘာ၊ ပြောင်း၊ ဆေးဖက်ဝင်အပင် စတာတွေကို စိုက်ပျိုးတဲ့ စိုက်ခင်းတွေမျိုးစုံကနေ မဖြစ်စလောက် အကျိုးအမြတ်ကလေးပဲ ရတာပါ။ ထွက်ကုန်ရဲ့ ၉၀ ရာနှုန်းကျော်ကို သက်ဆိုင်ရာ တင်ပို့ရမယ့်ဒေသတွေဆီ ယူသွားတဲ့ ရင်းနှီးမြှုပ်နှံသူတွေကတော့ ရာသီတိုင်း အထွက်နှုန်းကောင်းတဲ့ သီးနှံတွေကို ရိတ်သိမ်းကြပါတယ်။

တချိန်က ကမ္ဘာပေါ်မှာ ဆန်စပါး အများဆုံးတင်ပို့နိုင်တဲ့ ဗမာပြည်က အခုတော့ ကမ္ဘာပေါ်မှာ အလုပ်သမား အများဆုံးတင်ပို့တဲ့နိုင်ငံ ဖြစ်လာပါတယ်။ ပြည်တွင်း စက်မှုလုပ်ငန်းရဲ့ဖွံ့ဖြိုးမှုက မလုံလောက်ဘူး။ ဒါကြောင့် နိုင်ငံပေါင်းစုံကနေ စက်မှုလုပ်ငန်းသုံး ပစ္စည်းတွေကို တင်သွင်းဖို့ လိုလာတယ်"

ဒီပဋိပက္ခဟာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးမှုနောက်ကျတာ တခုတည်းကြောင့်မဟုတ်ဘဲ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှာ ကုန်ထုတ်လုပ်ရေးကို သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေတဲ့ ရေရှည်တည်တံ့မယ့်နည်းနဲ့ ခေတ်မီအောင် မလုပ်နိုင်တာကြောင့်လည်း ဖြစ်တယ်လို့ ပါတီက ထောက်ပြပါတယ်။

"သယံဇာတတွေကို အမြတ်ထုတ်တာက သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးရုံသာမက ကမ္ဘာမြေရဲ့ပြန်အစားထိုးလို့မရတဲ့ သဘာဝသယံဇာတတွေနဲ့ မြေဆီဩဇာ ကောင်းမွန်တာတွေကို ပျက်စီးပြုန်းတီးစေပါတယ်။ ဓာတ်မြေဩဇာတွေနဲ့ ပိုးသတ်ဆေးတွေ သုံးခဲ့ကြလို့ စိုက်ခင်းမြေတွေကို ဒေသခံတွေဆီ ပြန်လွှဲပြောင်းပေးတဲ့အခါ မြေဆီလွှာတွေ ခန်းခြောက်ပြီး သီးနှံမဖြစ်ထွန်းနိုင်တော့ဘူး။

ပြည်ပက ရင်းနှီးမြှုပ်နှံသူတွေနဲ့ ဒေသခံ ရေပေါ်ဆီ လူချမ်းသာတွေရဲ့ အဆင်ခြင်မဲ့ သစ်ခုတ်တာ၊ သတ္တုတူးဖော်တာနဲ့ စိုက်ခင်းတွေ လုပ်ငန်းကြီးတွေ လုပ်ကိုင်တာတို့ကြောင့် ဖြစ်လာသမျှရဲ့ဒဏ်တွေကို ဗမာပြည်သူတွေ ခါးစည်းခံနေရတာပါ။

ကမ်းပါးပြိုတာ၊ မြေဆီလွှာ ပြုန်းတီးတာ၊ မြစ်တွေချောင်းတွေ ကောကုန်တာ၊ တောရိုင်းတိရစ္ဆာန်တွေ မျိုးတုံး ကုန်တာနဲ့ ရာသီဥတု ဖောက်ပြန်တာတွေကို တတိုင်းပြည်လုံးမှာ မြင်တွေ့နိုင်ပါတယ်။"

အာဏာသိမ်းမှုကို ဆန့်ကျင်တဲ့ ထိရောက်တဲ့ နိုင်ငံတကာ သွေးစည်းချစ်ကြည်မှုကို စည်းရုံးလှုံ့ဆော်ကြဖို့ ဗြိတိသျှ အလုပ်သမား အရေးတော်ပုံအတွင်းက မိတ်ဆွေများကို ဗမာပြည်ကွန်မြူနစ်ပါတီက တိုက်တွန်းလိုက်ပါတယ်။

## ဗမာပြည် စစ်အာဏာသိမ်းမှုနဲ့ (ဒေါ်)အောင်ဆန်းစုကြည်

ဗမာပြည်ကွန်မြူနစ်ပါတီမှ ပြောရေးဆိုခွင့်ရှိသူနဲ့ Morning Star သတင်းစာရဲ့သီးသန့်အင်တာဗျူး ဒုတိယ ပိုင်းမှာ စစ်တပ်ထိပ်သီးတွေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြားက ပဋိပက္ခရဲ့ဇာစ်မြစ်တွေအပေါ် သူတို့ရဲ့ ခွဲခြမ်းစိတ်ဖြာပုံကို KENNY COYLE က မေးမြန်းထားပါတယ်။

စစ်ခေါင်းဆောင်တွေက ၁၉၆၂ ခုနှစ်ကတည်းက ဗမာပြည်ရဲ့ နိုင်ငံရေးစင်မြင့်ကို တိုက်ရိုက်တမျိုး၊ သွယ်ဝိုက်တဖုံ လွှမ်းမိုးချုပ်ကိုင်ထားတာပါ။ အာဏာရှင်စနစ်ကို ပြောင်ကျင့်သုံးပြီးဖြစ်စေ၊ အဓိက အရပ်သားပါတီဖြစ်တဲ့ (ဒေါ်)အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနဲ့ မရေရာမခိုင်မာတဲ့ ညွန့်ပေါင်းဖွဲ့ပြီးဖြစ်စေ ချုပ်ကိုင်ခဲ့ပါတယ်။

သို့ပေမဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အဆိုအရ စစ်အုပ်စု ထိပ်သီးတွေနဲ့ ပတ်သက်လို့ စစ်တပ်ကို နိုင်ငံရေးအင်အားစုတရပ်အဖြစ်သာ ရိုးရိုးလေး ရှုမြင်လို့မရပါဘူး၊ စီးပွားရေးအင်အားစုတရပ် အဖြစ်ပါ ရှုမြင်ရပါလိမ့်မယ်။

"စစ်တပ်နဲ့ ဒီချုပ်ကြားက ပဋိပက္ခတွေက ကြာတော့ကြာပါပြီ။ အဓိကအကြောင်းကတော့ တိုင်းပြည်ရဲ့ အာဏာရအုပ်စိုးသူတွေကြားမှာ စစ်တပ်က သူ့ဘာသာသူကို အုပ်စုတစု ဖြစ်လာပါတယ်။ ဘယ်အရပ်သား အစိုးရနဲ့မှ အဆင်ပြေအောင် ဆက်ဆံဖို့ စိတ်ကူးမရှိဘူး၊ လက်အောက်ခံအနေနဲ့ နေဖို့ဆိုတာတော့ ဝေးပါတယ်။ ဒါက ခေတ်သစ်ဗမာပြည်သမိုင်းမှာ ပထမဆုံး စစ်အာဏာရှင်ဖြစ်တဲ့ နေဝင်းဆီကနေ အမွေဆက်ခံထားတဲ့ အတွေးအခေါ် ဖြစ်ပါတယ်" လို့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပြောရေးဆိုခွင့်ရှိသူက ဆိုပါတယ်။

ဗကပရဲ့အမြင်အရ ပွတ်တိုက်မှုဖြစ်ရတဲ့ အကြောင်းအချက်တခုက နှစ်အုပ်စုလုံး "ဗမာပြည်ရဲ့ အချမ်းသာဆုံးအလွှာဖြစ်တဲ့ ဖျူရီကရက်အရင်းရှင်တွေကို ကိုယ်စားပြုပါတယ်။ ဒါပေမဲ့ သူတို့က အုပ်စု တအုပ်စုစီနဲ့ ပတ်သက်တယ်။ ဘယ်အုပ်စုကမှ သာမန်ပြည်သူတွေ ချမ်းသာလာအောင်လုပ်ဖို့၊ ဆင်းရဲချမ်းသာ ကွာဟနေတာကို ကျဉ်းသွားအောင်လုပ်ဖို့ စိတ်မဝင်စားကြပါဘူး"

"အုပ်စုနှစ်စုကြားက ပဋိပက္ခက ဟိုအကျိုးစီးပွား သည်အကျိုးစီးပွားနဲ့ ပတ်သက်လို့၊ ဟိုလုပ်ငန်း သည်လုပ်ငန်းနဲ့ ပတ်သက်လို့ဆိုပြီး တိတိကျကျ ရှိနေတာမဟုတ်ပေမယ့် စီးပွားရေးအရလည်း အုပ်စုနှစ်စုကြားမှာ ပဋိပက္ခရှိနေတာကို ဘယ်သူမှ မငြင်းနိုင်ပါဘူး"

စစ်တပ်ရဲ့အကျိုးအမြတ်အထွက်ဆုံး ချမ်းသာအောင်လုပ်တဲ့ပုံစံက သတ္တုတူးဖော်ရေးကနေ စိုက်ပျိုးမွေးမြူရေးအထိ၊ ဘဏ်လုပ်ငန်းကနေ ဆက်သွယ်ရေးလုပ်ငန်းတွေအထိ ဗမာပြည်ရဲ့ စီးပွားရေးကဏ္ဍတိုင်းလိုလိုမှာ ပါဝင်ပတ်သက်နေတဲ့ ရောမလက်ဝါးကြီးအုပ် ကုမ္ပဏီကြီးနှစ်ခုကို ဖန်တီးထားတာပဲ ဖြစ်ပါတယ်။

"စစ်ဗိုလ်ချုပ်တွေရဲ့ ကုမ္ပဏီအုပ်စုကြီးနှစ်ခုဖြစ်တဲ့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နဲ့ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ဗမာပြည်ရဲ့စီးပွားရေးကို စိုးမိုးချုပ်ကိုင်ထားပြီးတော့ ဗိုလ်ချုပ်တွေက အဲဒီအုပ်စုနှစ်စုရဲ့ ဖြစ်ထွန်းတိုးတက်မှုနဲ့ ပတ်သက်လို့ အတော့်ကို ဆတ်ဆတ်ထိ မခံပါဘူး"

"နောက်ဆုံးလုပ်တဲ့ ရွေးကောက်ပွဲပြီးတော့ ဗိုလ်ချုပ်တွေက သူတို့ အရိပ်တကြည့်ကြည့် လုပ်နေတဲ့ ကုမ္ပဏီအုပ်စုကြီးတွေကို ထိခိုက်လာနိုင်တဲ့အရိပ်အယောင်တွေ တွေ့လာရလို့ ဆိုင်းမဆင့်ဗုံမဆင့် လုပ်လိုက်တာ ဖြစ်တယ်လို့ ပြောတာတွေလည်း ရှိပါတယ်"

ဒါပေမဲ့ ပါတီကိုကိုယ်စားပြုသူက အခုလို မှတ်ချက်ပြုပါတယ် "ကျွန်တော်တို့ တိုင်းပြည်မှာ နောက်ဆုံး ပေါ်ထွက်လာတဲ့ပဋိပက္ခဟာဖြင့် ဘယ်ပြဿနာကြောင့် ဖြစ်တာပါဆိုပြီး တိတိကျကျ ထောက်ပြဖို့ ခက်ပါတယ်။ ပြည်သူတွေက ဘယ်လောက်ပဲဆန္ဒရှိသည်ဖြစ်စေ နှစ်ဖက် အလျှော့မပေးကြဘဲ စစ်တပ်နဲ့ အရပ်သားအစိုးရကြားမှာ သံသယတွေ၊ အမြင်စောင်းတာတွေက ရှိနေတာ ကြာပါပြီ"

"၁၉၆၂ ခုနှစ်မှာ အာဏာသိမ်းကတည်းက ဒီတိုင်းပြည်မှာ ဘယ်အရပ်သားအစိုးရမှ ဆယ်နှစ်ထက် ပိုမခံပါဘူး။ သူတို့အားလုံး သေနတ်သမားတွေ ရှေ့မှောက်မှာ ဒူးထောက်ရတာချည်းပါ။ ၁၉၈၈ ခုနှစ် အုံကြွမှုတွေဖြစ်ပြီး နောက်ပိုင်းမှာကတည်းက ဒီချုပ်ကို အဲဒီလို ဒူးထောက်စေချင်လို့ စစ်တပ်က ဖိအားပေးလာတာ ဖြစ်ပါတယ်။ တချိန်တည်းမှာ လိုအပ်ရင် အာဏာသိမ်းမှုတွေလုပ်ဖို့လည်း သူတို့က ပြင်ဆင်ထားတာပါ"

"ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံမှာ 'အာဏာသိမ်း' စကားက စစ်တပ်အတွက် အရပ်သား နိုင်ငံရေးသမားတွေကို ခြိမ်းခြောက်ဖို့ အသုံးတည့်တဲ့စကား ဖြစ်လာပါတယ်။ ဒီတခါ သူတို့က ပြောရင်ပြောသလိုလုပ်တယ်လို့ သက်သေပြလိုက်တာပေါ့။ ရှေ့က သူတို့ရဲ့အစဉ်အဆက် ခေါင်းဆောင်တွေရဲ့ ဆန္ဒတွေကို ဖြည့်ဆည်းလိုက်တာလို့ သူတို့ပြောမယ်ဆို ပြောနိုင်ပါတယ်" လို့ ဗကပကို ကိုယ်စားပြုသူက ဆိုပါတယ်။

ဒီချုပ်နဲ့ဆိုင်တဲ့ ကွန်မြူနစ်အမြင်က ပိုပြီးတော့ အနုစိတ်ပါတယ်။ အဖွဲ့ချုပ်မှာ သမိုင်းဝင် နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင် (ဗိုလ်ချုပ်)အောင်ဆန်းဆီကနေ သူ့သမီးဖြစ်သူ (ဒေါ်အောင်ဆန်း)စုကြည်ထံ လွှဲပြောင်းရောက်လာတဲ့ ကြည်ညိုလေးစားမှုအပေါ် တည်ဆောက်ထားတဲ့ အစစ်အမှန် ပါတီဝင်ထု ရှိပါတယ်။ ဒါပေမဲ့ ဒီချုပ်တည်ထောင်သူ ခေါင်းဆောင်တွေကြားမှာ ယခင်စစ်အစိုးရတွေနဲ့ ဆက်စပ်ပတ်သက်သူတွေ ရှိခဲ့ပါတယ်။

"၁၉၈၈ ခုနှစ် ပြည်လုံးကျွတ် နိုင်ငံရေးအုံကြွမှုတွေကနေ ဒီချုပ်ပါတီ ပေါ်ထွက်လာပါတယ်။ လူထုလှုပ်ရှားမှု ဒီရေလှိုင်းကို သူတို့စီးနိုင်ခဲ့တယ်။ ပြည်သူတွေများစွာရဲ့ လေးစားချစ်ခင်မှုကို ရယူနိုင်ခဲ့ပါတယ်"

"ဒါပေမဲ့ ဒီချုပ်က ဒီအရေးတော်ပုံကို ဦးဆောင်ခဲ့တယ်လို့ ကျွန်တော်တို့ ပြောလို့မရပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အရှိန်အဝါနဲ့ တခြားထင်ရှားတဲ့ အတိုက်အခံခေါင်းဆောင်တွေ ( သူတို့ထဲကတချို့က မော့က်စ်ဝါဒီတွေပါ) ကြောင့် အရေးတော်ပုံရဲ့ အောင်သီးအောင်ပွင့်ကို သူတို့ဆွတ်ခူးသွားတယ်လို့ ကျွန်တော်တို့ ပြောနိုင်ပါတယ်"

"အဲဒီအချိန်မှာ လူသိထင်ရှား ခေါင်းဆောင်တယောက်လိုနေတဲ့ လူထုက(ဒေါ်အောင်ဆန်း) စုကြည်ကို ထိပ်ကို တွန်းပို့လိုက်တာပါ။ ဘာနိုင်ငံရေး အတွေ့အကြုံမှမရှိတော့ သူက ဗမာပြည်ကို တန်းပြီး တော့ အနောက်တိုင်းပုံစံ နိုင်ငံရေးနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်"

"အထွဋ်အထိပ်ကို ရောက်သွားပြီးတော့ နောက်နှစ်နှစ်လောက်ရှိတဲ့အခါ ဒေါ်စုက အဖွဲ့အစည်းထဲကနေ လက်ဝဲယိမ်းတယ်လို့ ယူဆရသူအားလုံးကို ထုတ်ပစ်လိုက်ပါတယ်။ လူအတော်များများကတော့ သူအဲသလို လုပ်တာဟာ ဗမာပြည်နိုင်ငံရေးလောကမှာရှိတဲ့ လက်ယာအမာခံတွေ (စစ်တပ်တောင် ပါကောင်း ပါနိုင်ပါတယ်) က အကြံပေးတာကြောင့်လို့ ယူဆကြတယ်။

NLD မှာပါတဲ့ L က အဖွဲ့ချုပ်ကို ညွှန်းတာပါ။ ဖက်ဆစ်ဂျပန်တော်လှန်ရေးမှာ ပါဝင်ခဲ့ကြပြီးတော့ အဲဒီနောက်မှာလည်း ဗမာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြတဲ့ (ဗိုလ်ချုပ်)အောင်ဆန်းနဲ့ သခင်သန်းထွန်းတို့လို ခေါင်းဆောင်တွေ တည်ထောင်ခဲ့တဲ့ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ) AFPFL မှာ ညွှန်းသလိုပါပဲ"

၁၉၄၇ ခုနှစ်မှာ လုပ်ကြံသတ်ဖြတ်ခံရတဲ့ သူ့အဖေနဲ့ ဒေါ်စုကြားက ဆက်စပ်မှုက သူ့ကို အမျိုးသားခေါင်းဆောင်အဖြစ် တာဝန်ကို လွှဲပြောင်းယူခွင့်ပြုခဲ့ပါတယ်။ ဒီလိုလုပ်တာကို တခြားစစ်မှုထမ်းဟောင်းတွေက ဝန်းရံထောက်ခံပြီး ကျားကန်ပေးခဲ့ကြတယ်။

"NLD ဒီနာမည်ရလာတာက ဦးအောင်ကြီးနဲ့ ဦးအောင်ရွှေတို့ ခေါင်းဆောင်တဲ့ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့နဲ့ ဒေါ်စုနဲ့ မောင်နှမဝမ်းကွဲတော်တဲ့ ဦးစိန်ဝင်း ဦးဆောင်တဲ့ အမျိုးသား ဒီမိုကရေစီပါတီတို့ ပေါင်းစပ်ထားလို့ ရလာတာပါ။ ဒါကြောင့် သူတို့အဖွဲ့ရဲ့နာမည်မှာ 'အဖွဲ့ချုပ်' ဆိုတာကို ထည့်လိုက်တာ ဖြစ်ပါတယ်။

ဦးအောင်ကြီးနဲ့ ဦးအောင်ရွှေက (အခုတော့ နှစ်ယောက်လုံး မရှိတော့ပါဘူး) အငြိမ်းစား စစ်ခေါင်းဆောင်တွေ ဖြစ်သလို ရန်/ငါပြတ်တဲ့ ကွန်မြူနစ်ဆန့်ကျင်ရေးသမားတွေလည်း ဖြစ်ပါတယ်။ အဲဒီအုပ်စုတွေထဲမှာ ဘယ်အစုကမှ တိုင်းပြည်မှာရှိတဲ့ အလုပ်သမား၊ လယ်သမား၊ အခြေခံ ဆင်းရဲသား လူတန်းစားတွေကို ကိုယ်စားမပြုပါဘူး"

အန်အယ်လ်ဒီ ခေါင်းဆောင်တဲ့ အရပ်သားအစိုးရတွေက မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူလူထု အများစုကြီးရဲ့ဘဝတွေကို ထိထိရောက်ရောက်နဲ့ ပြတ်ပြတ်သားသား တိုးတက်ကောင်းမွန်အောင် မဆောင်ရွက်နိုင်ခဲ့ဘူး။ ဒ့ါအပြင် (ဒေါ်အောင်ဆန်း)စုကြည်ရဲ့ စစ်တပ်ဂိုဏ်းနဲ့ ပူးပေါင်းမှုနဲ့ မြန်မာနိုင်ငံအတွင်းက တိုင်းရင်းသားလူမျိုးစုတွေနဲ့ ဘာသာခြား လူနည်းစုတွေအပေါ်မှာရှိတဲ့ ရှော်ဗင်နစ် လူမျိုးကြီးဝါဒအမြင် စွဲကပ်မှုတွေကြောင့် ယခင်က ထောက်ခံခဲ့သူတွေကို ဝေးကွာသွားစေခဲ့ပါတယ်။

"၁၉၈၈ ခုနှစ် မငြိမ်မသက်ဖြစ်မှုတွေ နောက်ပိုင်းမှာ ဒီချုပ်ပါတီနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို လူတွေ အတော်လေး ထောက်ခံကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ၂၁ ရာစုကို ရောက်လာချိန်မှာတော့ သူတို့ ရွှေထီးဆောင်းခဲ့တဲ့အချိန်တွေ ကျန်ခဲ့ပါပြီ။ အခုဆိုရင် ဗမာပြည်က ပြည်သူတွေအတော်များများက ဒီချုပ်အပေါ်မှာရော ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာပါ သူတို့ နှစ်တချို့အုပ်စိုးပြီးနောက်မှာ ယုံကြည်မှု ပျောက်ဆုံးလာကြတယ်။

စစ်ဗိုလ်ချုပ်တွေနဲ့ သူတို့ မကြာခဏ ပေါင်းဖက်ပြီး လုပ်ကိုင်ကြတာတွေ တွေ့ပြီးတဲ့နောက်မှာ သူတို့ရဲ့ ပကာတိရုပ်ကို မြင်လိုက်ရပြီလို့ လူတွေက ယူဆကြပါတယ်။ အခုဆိုရင် တချို့က လူသိရှင်ကြား ဝေဖန် ရှုတ်ချလာကြတယ်"

"ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (အာဏာသိမ်းခံရတဲ့ ဒီချုပ်လွှတ်တော်အမတ် တချို့) က အလုပ်အတူတူ လုပ်ကြဖို့ဆိုပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကို ချဉ်းကပ်ဖို့ ကြိုးပမ်းတဲ့အခါ ခေါင်းဆောင်တချို့က စိတ်ပါလက်ပါ မရှိကြဘူး။ "တကယ်လို့များ ဒေါ်စု လွှတ်လာခဲ့ရင် ခင်ဗျားတို့က သူ့ကို ခင်ဗျားတို့ အရေးတော်ပုံရဲ့ခေါင်းဆောင်ဆိုပြီး တင်မြှောက်လိုက်ရင် ဘယ့်နှယ်လုပ်ကြမလဲ" ဆိုပြီး ပြောကြပါတယ်။ တိုင်းရင်းသား လူမျိုးစုတွေအပေါ်မှာရှိတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ပေါ်လစီနဲ့ ပတ်သက်လို့ သူတို့ရဲ့ သံသယတွေကို ပြနေတာပါ"

မည်သို့ဆိုစေ တတိုင်းပြည်လုံးမှာရော နိုင်ငံတကာမှာပါ အဲဒီလို ဩဇာတိက္ကမကြီးမားတဲ့ တခြားသူ တယောက် ပေါ်မလာသေးပါဘူး။ လူထုအရေးတော်ပုံက လူပုဂ္ဂိုလ်အခြေခံတဲ့ အန်အယ်လ်ဒီ ခေါင်းဆောင်မှုနဲ့ မတူတဲ့ တခြားသင့်တော်လက်ခံနိုင်တဲ့ ရွေးချယ်စရာတခုကို မပေးသေးပါဘူး။

"သူက စစ်ဗိုလ်ချုပ်တွေနဲ့ အလိုတူအလိုပါ ရိုဟင်ဂျာတွေကို အသိအမှတ် မပြုခဲ့တာ လူတိုင်းသိပါတယ်။ ဒါပေမဲ့ မျက်မှောက်အရေးတော်ပုံမှာ ရှေ့ထွက်ခေါင်းဆောင်တယောက် လိုနေတယ်။ ဒေါ်အောင်ဆန်းစုကြည် နောက်တကြော့ ပြန်ပေါ်ချင် ပေါ်လာနိုင်ပါတယ်"

"အရေအတွက်အားဖြင့်ရော ဆန္ဒပြမှုပုံစံတွေအနေနဲ့ပါ အရှိန်အဟုန်ရလာနေတဲ့ မျက်မှောက် လူထုအရေးတော်ပုံကနေ သူက ဖီးနစ်ငှက်လို ပြန်ရှင်သန်နိုးထလာမလား၊ ပြာဖြစ်ပြီး နိဂုံးချုပ်သွားမလား ဆိုတာကိုတော့ ကျွန်တော်တို့ စောင့်ကြည့်ရမယ်လို့ ထင်ပါတယ်"

သူက သူ့အဖေရဲ့ကျော်ဇောမှုအပေါ်ကနေ အမြတ်ထုတ်ခဲ့ပေမယ့် ဖခင်ဖြစ်သူရဲ့ လက်ဝဲ ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး သမိုင်းနဲ့ပတ်သက်ပြီး ဆိတ်ဆိတ်နေဆဲ ဖြစ်ပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်က လက်ယာသမားဖြစ်တဲ့ သူ့အမေရဲ့ထိန်းကျောင်းမှု အောက်မှာနဲ့ ကွန်မြူနစ်ဆန့်ကျင်ရေး ကြီးစိုးတဲ့ လူ့အဖွဲ့အစည်းတခုမှာ ကြီးပြင်းခဲ့တာ ဖြစ်ပါတယ်။ သူ့အဖေ လုပ်ကြံခံရတော့ သူကနှစ်နှစ်သမီးအရွယ်ပဲ ရှိပါသေးတယ်။ နောက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ တည်ထောင်ရာမှာ ပါဝင်ခဲ့တဲ့ သူ့အဖေရဲ့အခန်းနဲ့ ပတ်သက်လို့ တခါမှ မပြောဖူးပါဘူး။

သူ့ကို ပခုံးထမ်းတင်ပေးခဲ့တဲ ဒီချုပ်ပါတီရဲ့ ထင်ရှားတဲ့ခေါင်းဆောင်တွေကို 'လက်ဝဲတွေ' ဖြစ်လို့၊ 'ကွန်မြူနစ်တွေ' ဖြစ်လို့ဆိုပြီး ထုတ်ပစ်ခဲ့စဉ်က သူထောက်ခံခဲ့တာကိုလည်း ကျွန်တော်တို့ မေ့ပစ်လို့ မဖြစ်ပါဘူး"



ဩဂုတ် ၁၅၊ ၈၂ မိခင်သို့

------------------------

* ၈၂ နှစ်ရှိပြီ
အသက်ရှည်ရှည်
ခန္ဓာတည်တံ့
ကြံ့ခိုင်ကျစ်လျစ်
အသစ် အသင့်ဖြစ်စေသား…။
* ၈၂ နှစ်ရှိပြီ
ဖိုးသက်ရှည်တော်လှန်ရေးသမား
ပြည်သူကြား၌
ဆင့်ပွားစီးဆင်း
အောင်မြေနင်း၍
ပျော်မွေ့ခြင်းသို့ရောက်ရှိစေ …။
* ၈၂ နှစ်မှသည်
ရောင်နီကြည်မြ
ပျို့မျှစ်ကြွ၍
လှုလှုပပ
ကြံ့ ဆရာ တ ရာ
တိုက်ပွဲရာထောင်
အောင်ပါစေ ….။
ရဲဘော်မြင့်ဌေး

(ပါတီစိတ်ဓာတ်နဲ့ ရဲဘော်တယောက်
ပါတီကို ဂုဏ်ပြုရေးသားပြီး ပေးပို့လာတဲ့
ကဗျာလေး တပုဒ်ပါ)

## ကျွန်မဆက်၍ ရေးချင်သောဖေဖေ့အကြောင်းများ။
## ဆောင်းပါးအမှတ်( ၅၅)။ ဖေဖေ ကို အသက်ကယ်ခဲ့ရစဉ်က။

၁၉၈၀ခုနှစ်များအတွင်းကပန်ဆန်းမှာတွေ့ရတဲ့   ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော



ဖေဖေစစ်တပ်ကအနားယူရတဲ့(၁၉၅၇)ခုနှစ်ကစလို့ (၁၉၇၃)ခုနှစ် မြောင်းမြလမ်းအိမ်ကို ပြောင်းတဲ့ အထိ ၁၆နှစ်ကျော်ကျော် ကျွန်မတို့မိသားစုတွေ စမ်းချောင်းက ဆီဆုံလမ်းအိမ်အမှတ်(၃၆)မှာ နေခဲ့ကြရပါတယ်။

အဲဒီ အိမ်လေးဟာ ပေ(၂၅-၅၀)မြေအပြည့်ဆောက်ထားတဲ့ တလိုင်းအိမ်လေးပါ။ ထပ်ခိုးလေး လည်း ပါပါတယ်။ အိမ်လေးကကျဉ်းလည်းကျဉ်း မှောင်လည်းမှောင်၊ ဒီကြားထဲ ကျွန်မတို့ မောင်နှမတ သိုက်က တန်းစီပြီးတယောက်ပြီး တယောက်ဖျားကြနာကြနဲ့ နှစ်အချို့ အတော့်ကို ကသီလိုက်ပါတယ်။ နေ ရေးထိုင်ရေး စားရေးသောက်ရေး ဘက်စုံကသီတာပါ။ မောင်နှမ(၅) ယောက်စလုံး အနီးအနားက စိန့်ဖီလို မီနာသာသနာပြုကျောင်းမှာနေတော့ ကျောင်းစရိတ်၊ကျောင်းကားခနဲ့ ဖေဖေနဲ့မေမေ ဘယ်လို များကျော် ဖြတ်ခဲ့တယ် ဆိုတာ မတွေးရက်ပါဘူး။

ဖေဖေက သူ့စာအုပ်မှာ ဒီလိုရေးထားတာတွေ့ရပါတယ်။

-----ကျောင်းဖွင့်စရက်များဆိုလျှင် နှစ်စဉ်ကြေး အဝတ်အစားဖိုး စာအုပ်ဖိုး အားကစားဖိုး စသဖြင့် နှင့်နေအောင်ပေးရရာ ကျွန်တော့်ဇနီးက ဒီလတော့ ဆင်နဲ့ဆွဲရမ်းသလိုပဲဟု ညည်းတွားတတ်ပါသည်။----- တဲ့။

အဲဒီအိမ်မှာနေစဉ် ဖေဖေအစာအိမ်အနာ ရောဂါရခဲ့တာပါ။

အစားအသောက် အနေအထိုင်ဆင်းရဲမှုကြောင့်ဖြစ်နိုင်ပါတယ်။ သိပ်အပြင်းအထန်တော့ မဟုတ်ပါ ဘူး။တခါတလေနာလာလိုက် ပျောက်သွားလိုက်နဲ့။ အမှတ်တမဲ့ပါပဲ။ ဆေးတခါစစ်မိတော့မှ အစာအိမ်မှာ အနာရှိကြောင်း သိလိုက်ရတာပါ။ ဖေဖေကလည်း သိပ်အရေးတယူ ပြောမနေပါဘူး။

၁၉၇၆ခုနှစ် ကျွန်မတို့ပါတီဆီပြန်ရောက်ပြီး အခြေခံဒေသတွင်း ဝင်ခါနီးမှာ ဆေးတခါစစ်တော့ ဖေ ဖေမှာ အစာအိမ်အနာဖြစ်ဖူးကြောင်း၊ အခုတော့ အနာကျက်နေပီဖြစ်ကြောင်း ဆေးစစ်စာက ရေးထားပါ တယ်။

၁၉၈၂ ခုနှစ်ဆန်း (ဆောင်းတွင်းကာလ ပန်ဆန်းမှာ အလေ့ရှိတဲ့အတိုင်း) နမ်ခချောင်းက မျောပါ လာတဲ့ ထင်းချောက်တွေ ကမ်းအကွေ့တွေမှာတင်ကျန်တာတွေကို ကျွန်မနဲ့ဖေဖေဆင်းကောက်ကြပါတယ်။ အဲဒါ ဖေဖေ ချွေးအေးမိပြီး ဖျားပါတော့တယ်။ ကျွန်မကလည်း စခန်းရှိတဲ့ဆေးများ အေပီစီ အမှုန့်ကြိတ်ပြီး ဘာမီတွန်တလုံး တိုက်လိုက်ပါတယ်။ နောက်နေ့မနက် ဖေဖေဝမ်းသွားတော့ ဝမ်းအမည်းတွေသွားပြီး မူးလဲ ပြီး သတိလစ်သွားပါတော့တယ်။

အစာအိမ်အနာဟောင်းက ပြန်ပေါ်လာပြီး သွေးကြောပေါက်သွားတာပါ။ သွေးဖိအားကလည်း ၂၀ လောက်ပဲရှိပါတော့တယ်။ သွေးဖိအားတိုင်းတဲ့ လက်တဖက်ပဲ အလွတ်ထားပြီး ကျန်လက်တဖက်နဲ့ ခြေ(၂)

ချောင်းစလုံးမှာ ရှိသမျှဆေးရည်အမျိုးမျိုး ဂလူကို့စ်၊ ဓာတ်ဆားရည်၊ သွေးရည်ကြည်အစားထိုး)ကို အမြန်နှုန်းနဲ့သွင်းပေးပြီး သွေးတိတ်ဆေးတွေလည်းထိုး၊ သွေးဖိအားမြင့်တဲ့ဆေးတွေလည်း ထိုးနဲ့၊ အမြန် အသက်ကယ်ရပါတော့တယ်။ သွေးကတိတ်ဟန်မတူဘဲ ဝမ်းတခါသွားပြီးတိုင်း သွေးဖိအားက ဝေါခနဲပြန်ကျသွားပါတယ်။ တခါတလေ(၀)ထိ ကျသွားတာပါ။ စစ်ဒေသဆေးရုံကြီးက ဆရာဝန်တွေရော၊ ပန်ဆန်းရောက်နေတဲ့ ညီနောင်ပါတီတချို့ကဆရာဝန်တွေရော အကုန်ဝိုင်းဝန်း ကူညီကုသပေးကြပါတယ်။

ဗဟိုရုံးမှာလည်း အဲဒီနေ့က အစည်းအဝေးရှိလို့ ခေါင်းဆောင် အတော်များများလည်း စုံနေပါတယ်။ဒီတော့ ဖေဖေကို တဖက်နိုင်ငံ ဆေးရုံကိုပို့ဖို့ဆုံးဖြတ်ပြီး ရဲဘော်ထွန်းက တဖက်ကမ်းပြေးပြီး စီစဉ်ပါတော့တယ်။ ဆေးရုံကား(လူနာတင်ကား)လွှတ်လိုက်မယ်ဆိုပြီး စောင့်ခိုင်းပါတယ်။ ဖေဖေအခြေအနေ ဆိုးလာလို့ လူနာတင်ကားမစောင့်တော့ဘဲ တဖက်ကမ်း ကင်းစခန်းကရှိတဲ့ကား (ပီကင်းဂျစ်)နဲ့ ပို့ဖို့ပဲ စီစဉ်ရပါတော့တယ်။

ဥက္ကဋ္ဌသခင်ဗသိန်းတင်က ဖေဖေနဲ့ထည့်လိုက်ဖို့ ဆေးကျောင်းသားထဲက ဗမာလိုရော၊ တရုတ်လိုရော တတ်တဲ့ ကျောင်းသားတယောက်ရှာဖို့ ကျွန်မကိုခိုင်းပါတယ်။ ဗဟိုရုံးကိုအစည်းအဝေးတက်ဖို့ ရောက်နေပြီး ဖေဖေကိုလူနာလာမေးနေတဲ့ ရဲဘော်တင်ရီ(ပဲခူးနေဝင်း အရှေ့မြောက်စစ်ဒေသ နိုင်ငံရေးမှူး၊ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်)က--- တခြားလူဘာရှာစရာလိုလဲ။ သူ့သမီးပဲထည့်လိုက်ပေါ့။ သူလည်း စကားပေါက်နေတာပဲ။-- လို့ ဝင်ပြောလိုက်လို့ ကျွန်မ လိုက်ခွင့်ရလိုက်ပါတယ်။

ဒီတော့ ဖေဖေကို ကားနောက်ခန်းမှာတင်၊ ဆောင်းတွင်းလည်းဖြစ်တော့ ဂွမ်းကပ်စောင်တွေနဲ့ မလှုပ်နိုင်အောင်ပတ်ထားပြီး၊ သွေးကြောသွင်းထားတဲ့ဆေးပုလင်းကို တုတ်တချောင်းထိပ်ချိတ်၊ တုတ်ကို ကား ပြတင်းပေါက်အပြင်ဘက် ထုတ်ထားရပြီး ကျွန်မက ခြေနင်းခုံမှာ ဒူးထောက်ထိုင်ပြီး ကိုင်ထားရပါတယ်။

ဆရာမကြီးဒေါ်ငွေက ကားရှေ့ခန်း ကားမောင်းသူဘေးမှာထိုင်ပါလာပါတယ်။

ဒီလိုနဲ့ ကားက ဖြည်းဖြည်းမှန်မှန် မောင်းလာတာ ကျွန်မတို့(၂)နာရီလောက်အကြာမှာ နယ်စပ် က (လန်ချန်း)ခရိုင်ဆေးရုံလေးကို ရောက်လာပါတော့တယ်။

နယ်စပ်ဆေးရုံလေးဖြစ်လေတော့ အစစအရာရာ ချို့တဲ့ဟန်ရှိပါတယ်။ ဒါပေမဲ့ အဲဒီက ဆေးဝန်ထမ်းတွေဟာ မရှိရှိတာလေးနဲ့ တတ်နိုင်သမျှ အသက်ကယ်ကြပါတယ်။ အရေးပေါ် ကယ်တင်ခန်းလည်း မရှိပါဘူး။ ကျွန်မက ဖေဖေဘေးမှာပဲ တချိန်လုံးထိုင်နေပြီး နည်းနည်းလေးမသင်္ကာတာနဲ့(ဥပမာ ဖေဖေ အသက်ရှူမြန်လာတာ၊ မျက်နှာတွေဖြူဖျော့သွားတာ-စတဲ့ ကိုယ်တွင်းသွေးထွက်တဲ့ လက္ခဏာများ) နလုံးခုန်နှုန်းတိုင်း၊ သွေးဖိအားတိုင်း၊ နလုံးခုန်နှုန်းမြန်လာရင်၊ သွေးဖိအားကျလာရင်၊ သွေးသွင်းပေးဖို့တောင်းဆို စသဖြင့် ဘေးက တချက်မလပ် လုပ်နေရပါတယ်။

သွေးသွင်းတယ်ဆိုလို့ ပြောရဦးမယ်။ အဲဒီတုန်းက သွေးလှူဘဏ်ဆိုတာ ဆေးရုံတွေမှာ မရှိဘူး။ သွေးကို လိုအပ်မှ သက်ဆိုင်ရာဌာနတို့ ရပ်ကွက်တို့၊ လူနာရဲ့ဆွေမျိုးမိတ်ဆွေတွေ စသဖြင့် ရရာလူတွေ လှုံ့ဆော်ပြီး သွေးလှူခိုင်းရတာ။ ဒီတော့ ဖေဖေအတွက် သွေးလိုတော့ သူတို့ဆေးရုံမှာ သွေးရောင်းဖို့ စာရင်းပေးထားသူတွေကို ခေါ်ရတာပေါ့။ (အဲဒီခေတ်က အရေးပေါ် ငွေအသုံးလိုသူများဟာ ဆေးရုံတွေမှာ သွေး ရောင်းလို့ရတယ်။) အဲဒီ သွေးရောင်းတဲ့လူကိုကြည့်လိုက်ပြန်တော့ ဖြူဖတ်ဖတ် ဖောသွပ်သွပ်နဲ့၊ကျွန်မ အတော်စိတ်ဆင်းရဲမိတယ်။ဘယ်လောက်မှ သွေးအား ကောင်းမလာနိုင်ဘူး။ ပထမတော့ အဲဒီလူရဲ့ သွေးအား(ဟီမိုဂလိုဘင်)ကို အရင်စစ်ပေးပါလို့ပြောမယ် စိတ်ကူးသေးတယ်။ နောက်မှ ဗဟိုကမှာလိုက်တဲ့ စကားတွေသတိရပြီး စိတ်ကိုထိန်းလိုက်ရတယ်။

ကျွန်မကို ဥက္ကဋ္ဌက ဟိုဖက်ရောက်ရင် ဟိုဖက်ကဆရာဝန်တွေစကား နားထောင်ပါ။ သူတို့ကို ယုံလို့ အပ်ထားပြီ ဖြစ်လို့၊ သူတို့ကုသမှုကိုပေါင်းစပ်ပါ---လို့ မှာလွှတ်ပြီး ရဲဘော်တင်ရီကလည်း --ဟိုဖက်က

လူတွေနဲ့ရန်သွားမဖြစ်နဲ့။---မှာလွှတ်လိုက်တာပါ။(ကျွန်မကလည်း ကျွန်မပါပဲ။ ပါတီထဲရောက်ခါစက မျက်စိထဲ အမြင်မတော်တာတွေ့ရင် ပါးစပ်က အင်မတန်မြန်တာ။ ဒီတော့ ဆေးရုံမှာက စည်းလုံးရေး မကောင်းဘူး။ ဆက်ဆံရေး ညံ့တယ်။ မာနကြီးတယ်။--စတဲ့ နာမည်ပျက်တွေကလည်း ရှိထားပါတယ်။ ဒါတွေ ခေါင်းဆောင်တွေနားထဲ ရောက်နေဟန်တူပါတယ်။)

တကယ်တော့လည်း အဲဒီတဖက်နိုင်ငံဆေးရုံက ဆရာဝန်များက သူတို့တတ်စွမ်းသလောက် ကုသပေးပါတယ်။ဒါပေမဲ့ ဖေဖေအခြေအနေက သိပ်သက်သာလာတာ မရှိဘူး။ တချက်တချက် ပြန်မျောသွားလိုက်၊ သွေးဖိအား(၀)ထိ ကျသွားလိုက်၊ တချက်တချက် ပြန်သတိလည်လာပြီး ဖေဖေဘယ်ရောက်နေလဲ၊ ဖေဖေ ဘာဖြစ်လို့လဲလို့ မေးလိုက် ၊တခါတခါ ကယောင်ကတမ်းတွေ ပြောလိုက်နဲ့။

ကျွန်မတို့ ရောက်ပြီး ၂-၃ ရက်လောက်အကြာမှာ မေမေနဲ့ကိုခိုင်အောင်(ကျော်ဇောဦး)တို့ ရောက်လာပါတယ်။ ဥက္ကဋ္ဌက သူ့စစ်ရေးဆိုင်ရာအတွင်းရေးမှူး ကိုအောင်မြင့်(အခု -၀-ဒေသ ပြောရေးဆိုခွင့်ရှိသူ)နဲ့ အတူလွှတ်လိုက်တာပါ။ ကိုအောင်မြင့်ကတဆင့် ကျွန်မကိုရော၊ ဆေးရုံကတာဝန်ခံတွေကိုရော၊ ဥက္ကဋ္ဌက မှာလိုက်တဲ့စကားလည်း ရှိပါတယ်။ အတတ်နိုင်ဆုံး အချိန်ဆွဲထားပါ။ နည်းနာတွေရှာပြီး ကူမင်းစစ်ဆေးရုံကြီးဆီ ပို့နိုင်ဖို့လုပ်နေတယ်။-ဆိုတာပါပဲ။ မေမေတို့က ၂ရက်ပဲနေပြီး ပြန်သွားပါတယ်။

မေမေတို့ပြန်သွားပြီး နေ့လည် ၃ နာရီလောက်မှာ ဆေးရုံပေါ် လေယာဉ် ဝဲနေသံကြားရပြီး ကျွန်မတို့အခန်းဆီ ဆရာဝန်လေးတယောက် ပြေးလာပြီး ပြောပြတာက--ကူမင်းဆေးရုံကြီးက ဆေးအဖွဲ့ ရဟတ်ယာဉ်နဲ့ရောက်လာပြီ၊ ဖေဖေကို အသက်ကယ်ပြီး တည်ငြိမ်တာနဲ့ အဲဒီကိုခေါ်သွားမှာ----တဲ့။

(နောင်မှသိရတာက ဥက္ကဋ္ဌကိုယ်တိုင် ပီကင်းဗဟိုကို ဖုန်းဆက်ပြီး ဖေဖေဟာ ပါတီရဲ့ အရေးကြီးခေါင်းဆောင်တယောက်ဖြစ်လို့ အတတ်နိုင်ဆုံး အသက်ကယ်ပေးပါလို့ တောင်းဆိုလိုက်တယ် ဆိုတာပါပဲ။ ဒါနဲ့ ဗဟိုက ယူနန် ကူမင်းစစ်ဆေးရုံကို လုပ်ငန်းအကြောင်းကြားတာဝန်ပေးလိုက်တာပါ။)

ဆေးအဖွဲ့မှာ ဆရာဝန်ကြီး(၃)ဦး (အူလမ်းကြောင်း ခွဲစိတ်ဆရာဝန်မကြီးအဖွဲ့မှူးဖြစ်၊ အူလမ်းကြောင်းဆိုင်ရာ အထူးကုဆရာဝန်၊ မေ့ဆေးဆရာဝန်၊)နဲ့အရေးပေါ်ခွဲစိတ်ခန်းတာဝန်ခံသူနာပြုမှူး(၁)ဦး စုစုပေါင်း(၄)ဦးပါလာပါတယ်။

သူတို့လည်း ရောက်မဆိုက် ကျွန်မတို့အခန်းရောက်လာပြီး ဖေဖေ့ အခြေအနေကို လေ့လာ၊ ချက်ချင်း ဆေးရုံအစည်းအဝေးခန်းမမှာ အစည်းအဝေး လုပ်ပြီး ဘယ်လို ကုသမယ် ဆိုတာ ဆွေးနွေးကြပါတယ်။ (မှတ်ချက်။ ဆေးရုံအစည်းအဝေးက အကြောင်းအရာတွေကတော့ ကျွန်မက ဟိုဆရာဝန် နည်းနည်း မေးလိုက်၊ဒီဆရာမ မေးလိုက်၊ဆရာဝန်အုပ်တွေ ဖေဖေဘေးလာပြီး တချို့ကိစ္စတွေ ညှိနှိုင်းလိုက် စတာတွေ ကြည့်ပြီး ဆက်စပ်ယူကြည့်တာပါ။)

ဖေဖေရဲ့လက်ရှိအခြေအနေအရ(သွေးဖိအား မတည်မငြိမ်ဖြစ်နေတာ၊ အသက်အရွယ် ၆၀ ကျော်။ သွေးထွက်မှုကလည်း စိမ့်ထွက်ရုံပဲဖြစ်နေတာ-- စတာတွေကြောင့်)ချက်ချင်း ခွဲစိတ်မှုမလုပ်သေးဘဲ သွေးဖိအား ငြိမ်ရေး၊ သွေးအား ပြန်တက်လာရေး၊ သွေးတိတ်ရေးတွေကို အရင်လုပ်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ဆရာဝန်များအုပ်လိုက် ကျွန်မတို့အခန်းထဲ ပြန်ဝင်လာပြီး ဖေဖေ့ကိုယ် ခန္ဓာတွင်းက ထွက်သွားတဲ့ အရည်တွေ အမြန်ပြန်သွင်းနိုင်ဖို့ (သွေးဖိအားပြန် တက်လာဖို့) ဖေဖေပေါင်သွေးပြန်ကြောကို ဖောက်၊ ပြွန်သွင်းပါတယ်။ ပြီးတော့ သွေးသွင်းဖို့ စီစဉ်ပါတယ်။ဖေဖေကို အရင် သွေးသွင်းပေးနေတဲ့အခြေအနေကို သိသွားတဲ့-ဆရာဝန်မကြီးက အတော်စိတ်ဆိုးသွားပြီး ဆေးရုံအုပ်ကို ဒီမြို့မှာ ဘယ်စစ်တပ်ရှိလဲလို့ မေးပါတယ်။ ကင်းတပ်ရင်း ရှိတယ် လို့ပြန်ဖြေတော့ ---ကဲ-ခေါ်လိုက်-ငါစကားပြောမယ်--တဲ့။

စစ်သားလေးတွေ ၁၀၀ ကျော်လောက် ရောက်လာပါတယ်။ အဲဒီအုပ်ကို ဆေးရုံခန်းမကြီးထဲမှာ စုခိုင်းပြီး ဆရာဝန်မကြီးက တရားဟောပါတယ်။

အဲပြောရဦးမယ်။ ဟယ်လီကော်ပတာက မြို့ပေါ်ဝဲပြီး မြို့ဘောလုံးကွင်းမှာ ဆင်းတာ ဖြစ်လေတော့ တမြို့လုံး အုံးအုံးကြွက်ကြွက်နဲ့၊ အရေးကြီးလူနာကယ်ဖို့ အထူးဆေးအဖွဲ့ ရောက်တာဆိုပြန်တော့ တခြားဆေးရုံတွေက ဆေးဝန်ထမ်းတွေကလည်း တရုံးရုံး ရောက်လာပြန်တယ်။ ဒီတော့ ဆေးရုံခန်းမကြီး တခုလုံး လျှံထွက်နေတာပဲ။ တကယ်တော့ ည၇-၈နာရီလောက် ဖြစ်နေပြီ။

ကျွန်မလည်း မယောင်မလည်နဲ့ ပြတင်းပေါက်အပြင်ဘက်ကသွား နားထောင်တော့ အတော့်ကို အံ့ဩသွားပါတယ်။ အဲဒီဆရာဝန်ကြီးတွေကို သူတို့ဗဟိုက ဘယ်လိုညွှန်ကြား ပြောဆိုလိုက်တယ် မသိပါဘူး။ ဖေဖေရဲ့ရာဇဝင်ကို အတော်အသေးစိတ်ကို ပြောပြနေတာပါ။(ဥက္ကဋ္ဌကလည်း ပီကင်းဗဟိုကို ပြောပြထားဟန်လည်း ရှိပါတယ်။)

--အခုအသက်ကယ်နေရတဲ့လူနာဟာ အခုဗမာပြည်မှာ မင်းလုပ်အုပ်ချုပ်နေတဲ့ ဗိုလ်ချုပ်ကြီးနေဝင်းနဲ့အတူ ဗမာတပ်မတော်ကြီးကို ထူထောင်ခဲ့တဲ့သူဖြစ်ကြောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ မြေအောက်လုပ်ငန်းတွေ လုပ်ရင်းပေါ်သွားလို့ ထွက်ပြေးလာရတာဖြစ်ကြောင်း၊ အခု သူတို့ရဲ့နယ်စပ်အေးချမ်းသွားတာကလည်း ဒီလူနာ -ဗိုလ်ချုပ်ကြီးက နယ်စပ်မှာသောင်းကျန်းနေတဲ့ ကူမင်တန်တွေကို တိုက်ပေးလို့ဖြစ်ကြောင်း စတာတွေပါ။---

အဆုံးသတ်မှာတော့--အခုလို ငါတို့တိုင်းပြည်အတွက် အကျိုးပြုဆောင်ရွက်ပေးခဲ့တဲ့ သူရဲကောင်းကြီးတယောက် အသက်ကယ်ဖို့တာဝန်ကို ငါတို့ထမ်းဆောင်ရတာ အလွန်ဂုဏ်ယူဖို့ကောင်းတယ်၊ ဒါကြောင့် အားလုံးဝိုင်းဝန်းပြီး တက်တက်ကြွကြွသွေးလှူဒါန်းကြပါ။----တဲ့။

သူတို့နိုင်ငံမှာက ကူမင်တန်တပ်ထဲ တရုတ်ကွန်မြူနစ်ပါတီဝင်တွေ အများအပြား မြေအောက် လုပ်ငန်းတွေလုပ်ဆောင်ကြတာ၊ ပေါ်သွားလို့ ချန်ကေရှိတ်ကလိုက်သတ်လို့ တောထဲပြေးရတာ၊ ၁၉၄၉ တော်လှန်ရေးအောင်ပြီးနောက် နယ်စပ်တလျှောက် ကျန်ခဲ့တဲ့ကူမင်တန်စစ်သားများက အနှောင့်အယှက် အမျိုးမျိုးပေးတာ စတာတွေနဲ့ ဇာတ်လမ်းဆင်ရုပ်ရှင်တွေရိုက်ထားတာတွေရှိတယ်။ ဒီတော့ သူတို့တွေအတွက် ဒီလိုအဖြစ်အပျက်မျိုးတွေက ကြားဖူးနားဝတွေရှိပြီးသား။ သူတို့ရင်ထဲ ကျပြီးသားဇာတ်လမ်းတွေ၊ဆရာမကြီး အပြောအဟောကလည်း ကောင်းလေတော့ စစ်သားတွေရော၊ ဆေးဝန်ထမ်းအချို့ရော၊ နည်းတဲ့လူတန်းရှည်ကြီးမဟုတ်ဘူး။ သွေးလှူဖို့ တန်းစီနေတာများ။ ညလုံးပေါက် သွေးစစ်လိုက်ကြ၊ သွေးထုတ်ကြနဲ့။

ည(၁၀)နာရီလောက်မှာ ဖေဖေကို သွေးစသွင်းပါတယ်။

သူတို့အစည်းအဝေးလုပ်စဉ်က သွေးတိတ်အောင် ဘယ်လိုလုပ်ရင်ကောင်းမလဲ ဝိုင်းစဉ်းစားကြစဉ်က ဆရာဝန်တယောက်က သူဖတ်ခဲ့ရတဲ့ ဆေးဆောင်းပါးတစောင်ထဲကအကြောင်းတဲ့။ ရှေးနည်းလမ်းတခုတဲ့။ လူနာကို အအေးခံထားတဲ့နွားနို့ တိုက်တာတဲ့။ ဒီတော့ ကျန်ဆရာဝန်များကလည်းဘာအန္တရာယ်မှ ရှိတဲ့ ကိစ္စမဟုတ်လို့ စမ်းကြည့်ဖို့ဆုံးဖြတ်ကြပါတယ်။

ဖေဖေမှာကလည်း အဆင်သင့် နှာခေါင်းပြွန်တပ်ထားပြီးသား။ ဖေဖေက သတိလည်တချက် မလည်တချက်မို့ အစာအိမ်ထဲက ထွက်တဲ့သွေးတွေ စုပ်ထုတ်ဖို့သွင်းထားတာ။ အတော်ပဲ၊ အဲဒီပြွန်က တဆင့် ရေခဲစိမ်ထားတဲ့ နွားနို့တွေကို ထည့်ပေးပါတယ်။ နွားနို့ထဲလည်း သွေးတိတ်ဆေးတွေ၊ သွေးကြောကျုံ့တဲ့ ဆေးတွေဖောက်ထည့်တာလည်းတွေ့ရပါတယ်။

လုပ်လို့ရသမျှ နည်းလမ်းပေါင်းစုံနဲ့ ကယ်တာပါပဲ။ အထူးကုဆရာဝန်ကြီးများအဖွဲ့လို့ မပြောရဘူး။ လုပ်တာကိုင်တာများ ဇယ်ဆက်သလို ရေပက်မဝင်အောင် ဒေါင့်စေ့အောင်လုပ်သွားတာများ အခုရေးပြနေတာကမှကြာဦးမယ်။

ဖေဖေ့ကိုသွေးစသွင်းပြီဆိုကတည်းက ဖေဖေ အတော်တည်ငြိမ်စပြုလာတာ တွေ့ရတယ်။ မျက်နှာမှာ သွေးရောင်လေး စသန်းလာပါတယ်။ သွေးဖိအားလည်း တဖြည်းဖြည်း တက်လာပါတယ်။ သွေးလှူရှင်တွေက အသက်(၂၀)ကျော်လေးတွေ၊ အရွယ်ကောင်းလေးတွေအများစု၊ ပီးတော့ လတ်လတ်ဆတ်ဆတ်

သွေးတွေ၊ သွေးအားတင်မက သွေးထဲပါတဲ့ အချက်အလက်တွေ(ဥပမာ သွေးခဲစေနိုင်တဲ့ပစ္စည်းများ)ကိုပါ ရလိုက်နိုင်တဲ့အတွက် ဖေဖေအခြေအနေဟာ အကောင်းဘက်ရောက်လာခဲ့ပါပြီ။ ဖေဖေကိုယ်တိုင်ကလည်း အသက်အရွယ်အရသာ စိုးရိမ်စရာအရွယ်ဖြစ်ပေမယ့် ဘာရောဂါကြီးမှ(သွေးတိုး၊ဆီးချို) မရှိတာလည်း အတော်ကံကောင်းသွားပါတယ်။

အကြောင်းအရာအားလုံး သွားစုစည်းမိလို့ သေကံမရောက် သက်မပျောက်ဖြစ်သွားရတာပါ။ ဘာသာရေးအယူအဆအရပြောရရင်တော့ သေနေ့မစေ့သေးလို့ပေါ့လေ။

သွေးတွေ ဆက်တိုက်သွင်းရာမှာ သွေး(၅၀၀၀-ငါးထောင်စီစီ) ၄၈ နာရီအတွင်း သွင်းလိုက်တာပါ။ အဲဒီ (၂) ရက်အပြီးမှာတော့ ဝမ်းသွားရာမှာ ပထမခပ်ညိုညိုနဲ့ နောက်ပိုင်း လုံးဝ ဝါသွားပါတော့တယ်။ အစာအိမ် သွေးတိတ်သွားပြီ ဆိုတဲ့သဘောပါ။ အဓိကပြဿနာကြီး ဖြေရှင်းလိုက်နိုင်ပေမယ့် နောက်ရှုပ်ထွေးမှုတွေက တခုပြီးတခုတက်လာပါတယ်။

အစာအိမ် သွေးတိတ်သွားပြီဖြစ်လို့ အာဟာရလိုက်ဖို့ ပါးစပ်က နွားနို့တို့၊ ကြက်ဥပေါင်းလေးတွေ စကျွေးကြည့်တဲ့နေ့မှာပဲ ချောင်းတွေစဆိုး-အပူချိန်တွေတက်လာပြီး အဆုပ်ရောင်လက္ခဏာတွေ ဝင်လာပါတော့တယ်။ ပဋိဇီဝဆေးနိုင်နိုင်နဲ့ ဖိချလိုက်နိုင်တာကြောင့် အဆုပ်ရောင်သက်သာသွားပေမယ့် နောက်အန္တရာယ်ကြီးတရပ်ဖြစ်လာပြန်ပါတယ်။ ဆီးပြိုတယ်လို့ခေါ်တတ်ကြတဲ့ ဆီးတွေ တအားများလာတာပါ။ နေ့ရောညပါ ဆီးတွေသွားနေတာပါ။ လူလည်း ချောင်ကျသွားပါတယ်။ အဲတော့ အကြောင်းရင်းရှာကြရတော့တာပေါ့။ ထုံးစံအတိုင်း ဆရာဝန်တွေ အစည်းအဝေးခန်းထဲစုပြီး ဆွေးနွေးကြ၊အတွေ့အကြုံတွေဖလှယ်ကြနဲ့၊ (ကျွန်မ ရန်ကုန်ဆေးရုံကြီးမှာ အလုပ်လုပ်နေတုန်းကလည်း ဒီလို ဆွေးနွေးပွဲတွေတက်ဖူးတယ်။ (Clinical Meeting) လို့ခေါ်တယ်။

ကျွန်မတို့ လူနာဆောင်တွေထဲက ရောဂါ ရှာဖွေရခက်တဲ့ လူနာတွေ၊ ရှုပ်ထွေးမှု အမျိုးမျိုး (complications) ရှိနေတဲ့ လူနာတွေကို အစည်းအဝေးခန်းမကြီးထဲ ခေါ်ချသွားပြီး (လူနာပြင်းထန်နေရင်တော့၊လူနာခေါ်မသွားဘဲ၊ အဲဒီလူနာနဲ့ပတ်သက်တဲ့ အချက်အလက်အပြည့်အစုံ သယ်သွားပြီး) ဆရာကြီးတွေရှေ့ လူနာအကြောင်းတင်ပြပြီး ဆရာကြီးတွေရဲ့ အကြံပေးချက်တွေ ရယူတာတွေရှိပါတယ်။ အလွန်ကောင်းပြီး အကျိုးလည်း အလွန်ရှိတဲ့အလေ့အထပါ။)

ဖေဖေက သွေးဖိအား(၀)နဲ့ ရှော့ခ်အကြိမ်အချို့ဖြစ်လိုက်သေးတာကြောင့် ကိုယ်တွင်းအင်္ဂါတွေ ထိခိုက်သွားပုံရပါတယ်။အထူးသဖြင့် ဟော်မုန်းအပြောင်းအလဲတွေဖြစ်သွားနိုင်ပါတယ်။(Sheehan Syndrome) လို့ခေါ်တဲ့ ဦးနှောက်တွင်းကပစ်ကျူထရီ အကြိတ်လုပ်ငန်းကျဆင်းမှုဖြစ်ပြီး ဆီးထိန်းတဲ့ဟော်မုန်းတွေမထွက်နိုင်ဖြစ်သွားတာပါ။ ဒါဖြင့် ဘယ်လိုကုသကြမလဲ ဆိုတာဆက်ဆွေးနွေးတော့ ဆရာဝန်တယောက်ရဲ့ အကြံပေးမှုကတော့ ဆီးရှင်ဆေး ထိုးဖို့တဲ့။ ဒါလည်း သူဖတ်ဖူးတဲ့ ဆေးဆောင်းပါးတစောင်မှာ ရေးထားတာ တွေ့ဖူးတာတဲ့။ ဆီးတွေတအားသွားနေရလို့မောပန်းနေတဲ့ ကျောက်ကပ်ကို ဆီးရှင်ဆေးက ကြာပွတ်နဲ့ရိုက်သလိုဖြစ်သွားလို့ ကျောက်ကပ် အလုပ်ဆက်မလုပ်နိုင်ဘဲ ရပ်သွားနိုင်တယ်။ ပြီးတော့မှ ကျောက်ကပ်လုပ်ငန်း ပြန်လည်ပတ်ရေးအတွက် ဖြည်းဖြည်းအကျင့်လုပ်မယ် တဲ့။

ကျွန်မလည်း ရင်မ နေရပါတယ်။(Frusemide-Lasix) ဆိုတဲ့ ဆီးရှင်ဆေးကို သွေးကြောကနေ ၂နာရီကြားထိုးပေးပါတယ်။၂ ခါ ၃ ခါပဲ ထိုးလိုက်ရတယ်။ ဆီးက တညလုံး ရပ်သွားပါတော့တယ်။ ဆီးစနည်းသွားကတည်းက ဆေးထိုးရပ်လိုက်ပါတယ်။ နောက်နေ့တရက် ဆီးနည်းသွားပြီး နောက်တရက်ကစပြီး ပုံမှန် တဖြည်းဖြည်း ပြန်ရောက်လာပါတယ်။ လူနာရဲ့ကိုယ်တွင်း အရည်အဝင်အထွက်ကို အတော်ဂရုစိုက်လိုက်နိုင်တာလည်း ပါပါတယ်။ ဇယားကွက်များနဲ့စနစ်တကျ ၂၄ နာရီအပြည့် ထိန်းချုပ်ထားတာပါ။

ဒီလိုနဲ့ ဖေဖေ တဖြည်းဖြည်း နာလန်ထူလာပါတယ်။ အထူးကုဆေးအဖွဲ့လည်း စုစုပေါင်း (၂)ပတ် နေပြီး ဖေဖေ အတော်တည်ငြိမ်သွားတော့ ညွှန်ကြားစရာတွေညွှန်ကြားပြီး ပြန်သွားပါတယ်။ အပြန်မှာတော့ လေယာဉ်ကွင်းရှိတဲ့မြို့(ပေါက်စန်း)ကိုသွားရပြီး အဲဒီကမှ ပြန်ရပါတယ်။

ဖေဖေကို နောက်(၂)ပတ်လောက် စနစ်တကျပြုစုလိုက်တော့ အတော် ထူထူထောင်ထောင် ဖြစ် လာပါတယ်။ သွေးအားတွေလည်း အတော်တက်လာနေပြီဖြစ်လို့ ကူမင်းပို့ဖို့စီစဉ်ရပါတယ်။ အစာအိမ် သွေး ထွက်တာ ရပ်သွားပြီဖြစ်ပေမယ့် အရေးပေါ်အခြေအနေကာလတွေမှာ သွေးဖိအား အမြန်တက်ဖို့လိုလို့ သွေး ကြောရှုံ့စေတဲ့ဆေးတွေ သွင်းရတဲ့ခြေထောက်နစ်ဖက်စလုံးက အပေါ်ယံအရေပြားတွေ မည်းကုန်သေကုန် ပြီး ကွာကျလာပါတယ်။ ပိုးမဝင်နိုင်အောင် အထူးဂရု စိုက်နိုင်လို့ အနာတော့မဖြစ်ပေမယ့် အရေပြား ကွာတာ တွေက ကျယ်ပြန့်လာတာ တချို့နေရာတွေမှာဆိုရင် အရိုးတွေ၊ အရွတ်တွေတောင် ပေါ်လာနေပါတယ်။ နေ့စဉ် ပိုးသတ်ဆေးကြော၊ပိတ်စိမ်းပါးအုပ်ပြီးဓါတ်ကင်ပေးရပါတယ်။

ဒီလိုနဲ့ ကျွန်မတို့သားအဖ၊ ဆရာဝန်တယောက်၊ သူနာပြုတယောက်အပါ လူနာတင်ကားနဲ့ ပေါက် စန်းကို ထွက်လာခဲ့ရပါတယ်။ တောင်ဆင်းတောင်တက်လမ်းတွေဖြစ်လေတော့ ဖေဖေခမျာ လူနာတင် ကု တင်ပေါ်မှာ တလူးလူး တလိမ့်လိမ့်ပါ။ ကျွန်မမှာ ဖေဖေကို ဘေးကထိန်းပေးနေရင်းက ပန်ဆန်းကနေ ဖေဖေကိုခေါ်လာခဲ့စဉ်က လူနာတင်ကားမရလို့ ရိုးရိုးပီကင်းဂျစ်ကားရဲ့နောက်ခန်းမှာ ကျပ်ကျပ်သပ်သပ် ထုပ်ပိုးခေါ်လာခဲ့ရတဲ့အဖြစ်ဟာ အဆိုးထဲကအကောင်းပါလားလို့ သဘောပေါက်မိတယ်။ အခုလို လူနာတင် ကားနဲ့သာခေါ်ခဲ့ရရင် သွေးတွေထိန်းမရအောင်ထွက်နိုင်ပြီး ဆေးရုံတောင် ရောက်နိုင်တော့မယ် မထင်ဘူး။

ကူမင်းက ပြည်နယ်စစ်ဆေးရုံကြီးရောက်တော့၊ ဖေဖေကို လာကုသပေးခဲ့တဲ့ဆရာဝန်ကြီးတွေကပဲ ဦးစီးပြီး တကိုယ်လုံး အပြည့်အစုံ ပြန်စစ်ဆေး၊ လိုအပ်သမျှတွေကို နယ်ပယ်အသီးသီးက အထူးကု ဆရာ ဝန်ကြီးများ စုစည်း၊ဆွေးနွေးတိုင်ပင်ကြပါတယ်။ ပြီးမှ ကုသရေးအစီအစဉ်ကို အဆင့်လိုက်ရေးဆွဲကြပါ တယ်။ ကျွန်မတို့သားအဖကိုလည်း လာရှင်းပြပြီး သဘောတူမတူမေးပါတယ်။

ကျွန်မတို့ သဘောတူကြောင်းပြောပြီးနောက် အဲဒီအစီအစဉ်များအတိုင်း ဆက် လုပ်ဆောင်ကြပါ တယ်။

သူတို့ရဲ့အစီအစဉ်ဟာ အတော်အသေးစိတ်ပြီး သိပ္ပံနည်းကျလည်း ဖြစ်ပါတယ်။ တလကျော် နစ်လ နီးပါး ဘက်စုံက ဖေဖေရဲ့ကျန်းမာရေးအခြေအနေ ခိုင်မာတည်ငြိမ်အောင် လုပ်ဆောင်ပြီးမှ ဖေဖေ့အစာ အိမ် ခွဲစိတ်မှုကြီးကို လုပ်ပါတယ်။ အစာအိမ်က အက်စစ်ဓါတ်အထွက်များတဲ့ပြဿနာကို ဖြေရှင်းတဲ့အနေနဲ့ အစာအိမ်ရဲ့ လေးပုံ သုံးပုံကို ဖြတ်ထုတ်လိုက်နိုင်ပေမယ့် အစာအိမ် အနာဟောင်းကတော့ အနာရွတ်ဖြစ် နေပြီး အောက်ဖက်က တခြားအင်္ဂါများနဲ့သွားကပ်နေလို့ မထုတ်ဘဲ ထားခဲ့ရပါတယ်။ ဒါကြောင့် ဒီနောက် အလွန်သတိထားနေခဲ့ရပါတယ်။ သွေးက အချိန်မရွေး အနာဟောင်းက ပြန်ထွက်နိုင်နေတာပါ။

အဲဒီ ခွဲစိတ်မှုကြီးအပြီးမှာ၊ ခြေထောက်ကအနာတွေကို ပေါင်ကအရေပြား ခွာယူကာ ပြန်အုပ်ပြီး ချုပ်ပေးပါတယ်။ဆေးရုံမှာဖေဖေ(၈)လလောက်နေခဲ့ရပါတယ်။

ဒီလို အချိန်မီ အလွန်စနစ်ကျစွာ အသက်ကယ်လိုက်နိုင်မှုကြောင့် ဖေဖေဟာ နောက်ထပ် နှစ်ပေါင်း (၃၀)-(၂၀၁၂အထိ) အသက်ရှည်ခဲ့ပါတယ်။

ဒီအတွက်-ပန်ဆန်းဘက်က ဥက္ကဋ္ဌကစလို့ ဌာနအသီးသီး-အဆင့်အသီးသီးကရဲဘော်တွေရဲ့ ကူညီ မှု၊ တဘက်နိုင်ငံကလည်း ပီကင်းဗဟိုကစလို့၊ ဒေသအသီးသီးက တာဝန်ခံရဲဘော်များရဲ့ လိုလေသေး မရှိ ကူညီမှု စတာတွေကို ကျွန်မတို့မိသားစုအတွက် တသက်တာမမေ့နိုင်အောင် တန်ဖိုးထား ကျေးဇူးတင် လျက် ရှိနေပါတော့တယ်။

လှကျော်ဇော။၁၇-၈-၂၀၂၁။

## တော်လှန်ရေး၏ လင်းယုန်နီနှင့်အတူ
## သိန်းထွန်းနိုင်




၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့ဟာ ကွန်မြူနစ်တော်လှန်ရေးသမား ရိုဇာလူဇင်ဘတ် ကျဆုံးတာ ၁၀၂ နှစ်မြောက်တဲ့နေ့ဖြစ်ပါတယ်။ ဒီနေ့ဟာ သူနဲ့အတူတိုက်ပွဲဝင်ခဲ့တဲ့ ကားလ်လီဘနက် ကျဆုံးတဲ့နေ့လည်း ဖြစ်တယ်။ ကျဆုံးချိန်မှာ နှစ်ယောက်လုံး အသက် ၄၇ နှစ်သာ ရှိပါသေးတယ်။ လီဘနက်ထက် လအနည်းငယ်သာပိုကြီးတဲ့ ရိုဇာလူဇင်ဘတ်က ၁၉၀၁ ခုနှစ်မှာ လီနင်နဲ့စတွေ့ဖူးတယ်။ ၁၉၀၅ ခုနှစ်နဲ့ ၁၉၀၆ ခုနှစ် ရုရှားနဲ့အရှေ့ဥရောပ ပစ္စည်းမဲ့အုံကြွမှုတွေ ပေါ်ပေါက်တဲ့အခါ သူတို့အတော် ရင်းနှီးနေကြပါပြီ။ တယောက်နဲ့တယောက် သဘောတရားပိုင်း ကွဲလွဲမှုတွေ၊ အပြန်အလှန် ဝေဖန်မှုတွေလည်း ရှိခဲ့ကြပါတယ်။ ၁၉၂၂ ခုနှစ်မှာ ဂျာမန်မင်ရှီဗစ်တယောက်က လီနင်နဲ့သဘောထားကွဲလွဲမှုရှိတဲ့ ရိုဇာလူဇင်ဘတ်ရဲ့ ရေးသားချက် တချို့ကို ပြန်ထုတ်ဝေဖို့လုပ်ပါတယ်။ ဒီလိုလုပ်တာဟာ ဓနရှင်လူတန်းစားအကြိုက် ဖြစ်လိမ့်မယ်လို့ လီနင်က မှတ်ချက်ပြုတယ်။ သုံးသပ်ချက်တချို့မှားခဲ့ပေမယ့် ရိုဇာလူဇင်ဘတ်ဟာ တော်လှန်ရေးရဲ့လင်းယုန် ဖြစ်တယ် လို့ ရုရှားပုံပြင်တခုကို ကိုးကားပြီး သူက ချီးကျူးပါတယ်။

“လင်းယုန်တွေက တခါတရံမှာ ကြက်သားအုပ်မတွေလောက် မြင့်မြင့်ပျံချင်မှပျံမယ်၊ ဒါပေမဲ့ ကြက်သားအုပ်မတွေကတော့ လင်းယုန်တွေလောက် ဘယ်တော့မှ အမြင့်မပျံနိုင်ဘူး ..... အမှားတွေ ရှိလင့်ကစား သူမဟာ လင်းယုန်ဖြစ်ခဲ့တယ်။ ကျွန်တော်တို့အတွက် လင်းယုန် ဖြစ်နေဆဲပဲ။ တကမ္ဘာလုံးက ကွန်မြူနစ်တွေက သူ့ကို သတိတရ မြတ်နိုးတန်ဖိုးထားကြမှာဖြစ်သလို သူ့အတ္ထုပ္ပတ္တိနဲ့ သူ့ကျမ်းတွေ အကုန်လုံးဟာလည်း တကမ္ဘာလုံးက ကွန်မြူနစ် မျိုးဆက်ပေါင်းများစွာကို လေ့ကျင့်ပျိုးထောင်ပေးဖို့ အသုံးဝင်တဲ့ လမ်းညွှန်တွေ ဖြစ်နေပါလိမ့်မယ်” လို့ လီနင်က ပြောခဲ့ပါတယ်။

ဥရောပမှာ ပထမကမ္ဘာစစ်မီး တောက်လောင်တော့ အလုပ်သမားလူတန်းစားတွေကို စစ်တိုက်ဖို့ အသုံးချပေမယ့် ဓနရှင်လူတန်းစားနဲ့ လူ့မလိုင်တွေရဲ့ အကျိုးစီးပွားအတွက် စစ်ပွဲကို ဖြေရှင်းကြလိမ့်မယ် ဆိုတာ သူရော သူ့ရဲဘော်ရဲဘက်တွေဖြစ်တဲ့ ရုရှားကွန်မြူနစ်တွေပါ အခိုင်အမာ ယုံကြည်ထားကြတယ်။ ရိုဇာလူဇင်ဘတ်၊ ကားလ်လီဘနက်နဲ့ တခြားရဲဘော်တွေက စစ်ဆန့်ကျင်ရေး၊ ဆိုရှယ်လစ်ရေးနဲ့ ဒီမိုကရေစီရေးအတွက် စပါတာကပ်အဖွဲ့ချုပ်ကို တည်ထောင်ကြတယ်။ သူတို့ဦးဆောင်ခဲ့တဲ့ ဂျာမန်တော်လှန်ရေးဟာ ဂျာမနီပြည်မှာ ဒီမိုကရေစီ အုတ်မြစ်ချခဲ့တယ်လို့ ဆိုကြတယ်။

ဒီတော်လှန်ရေးမှာ အမျိုးသမီးရဲဘော်တွေ တက်တက်ကြွကြွ ပါဝင်ခဲ့ကြပါတယ်။ သမိုင်းဆရာတွေက ရဲဘော်မ ၂၅၆ ယောက်ကို ဖော်ထုတ်နိုင်ခဲ့သလို ဆက်လက် ရှာဖွေဖော်ထုတ်နေဆဲ ဖြစ်ပါတယ်။ ဒီအထဲက ၅ ယောက်ကတော့ ဂါးထရူဖော်လ်ကာ၊ မာသာရီးဒ်၊ ဟီးလ်ဒါးကရားမား၊ လိုလာလန်းဒေါ်နဲ့ ကလဲ

ယွန်းတို့ဖြစ်တယ်။ ဖော်လ်ကာနဲ့ ရီးဒ်က ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်တဲ့ ကီးလ်ဇာတိဖြစ်တယ်။ ဖော်လ်ကာက အလုပ်သမားသမဂ္ဂဝင်ဖြစ်တယ်။ တော်လှန်ရေးရဲ့ ဗဟိုချက်ဖြစ်လာတဲ့ သမဂ္ဂရုံးချုပ်မှာ အလုပ်လုပ်ပါတယ်။ တော်လှန်ရေးကာလမှာ အသက် ၁၅ နှစ်သာရှိသေးတဲ့ ရီးဒ်ကတော့ မြို့ပေါ်က တော်လှန်ရေးသမားတွေ အတွက် ဆက်သားလုပ်ခဲ့တယ်။ စစ်ဆန့်ကျင်ရေး၊ ဘုရင်စနစ် ဖျက်သိမ်းရေး လူထုဆန္ဒပြပွဲတွေမှာ ပါဝင်ခဲ့တဲ့ အသက် ၁၈ နှစ်အရွယ် ဟီးလ်ဒါးကရားမားက မြူးနစ်မှာ တော်လှန်ရေး အောင်ပွဲခံပြီးလို့ ဘာဗေးရီးယန်း ဆိုဗီယက်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ကြောင်း ကြေညာပြီးတဲ့အခါ မြို့တော် စစ်တိုင်းမှူးရုံးမှာ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းပါတယ်။ အစိုးရလက်အောက်ကို မြူးနစ်ပြန်ကျသွားပြီးနောက်မှာ အဖမ်းခံရပါတယ်။ ၁၉၃၇ ခုနှစ်မှာ အင်္ဂလန်ကို ထွက်မပြေးခင် ဘာလင်နဲ့မော်စကိုက ကွန်မြူနစ် အစု အဖွဲ့တွေမှာ အလုပ်လုပ်ခဲ့ပါတယ်။ အင်္ဂလန်ရောက်ပြီး နောက်မှာတော့ လေဘာပါတီအတွက် လုပ်ကိုင်ပေးခဲ့တယ်။

စာရေးဆရာမတွေ ဖြစ်ကြတဲ့ လိုလာလန်းဒေါ်နဲ့ ကလဲယွန်းတို့ကတော့ တော်လှန်ရေးကာလမှာ ဘာလင်မှာပဲ ရှိနေကြတယ်။ လန်းဒေါက စစ်ဆန့်ကျင်ရေး စာရွက်စာတမ်းတွေ ရေးသားဖြန့်ဝေခဲ့သလို ကလဲယွန်းကတော့ ဂျာမန်စစ်တပ်က စစ်ပြေးတွေကို နေစရာ၊ စားစရာ စီစဉ်ပေးခဲ့ပါတယ်။ တန်ပြန် တော်လှန်ရေး အကြမ်းဖက်မှုဖြစ်တော့ လက်နက်တွေ ဝယ်ယူစုဆောင်းပြီး မြို့တော်လမ်းတွေပေါ်မှာ သယ်ဆောင်ပေးတဲ့အလုပ်ကို စွန့်စွန့်စားစား လုပ်ခဲ့သူပါ။ လန်းဒေါက ၁၉၃၆ ခုနှစ်မှာ ပါလက်စတိုင်းကို ရွှေ့ပြောင်းသွားတယ်။ ကလဲယွန်းကတော့ ဂျာမနီမှာပဲ ကျန်နေခဲ့ပြီး နာဇီဆန့်ကျင်ရေး တော်လှန်ရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ကွန်မြူနစ်လင်းယုန် ရိုဇာလူဇင်ဘတ်ရဲ့ တောင်ပံခတ် လမ်းညွှန်မှုအောက်မှာ ရဲရဲတောက် စွန့်ဦးစားတိုက်ပွဲဝင်ခဲ့တဲ့ အမျိုးသမီး ရဲဘော်များထဲက တချို့ရဲ့ ရုပ်ပုံလွှာများ ဖြစ်ပါတယ်။


ရည်ညွှန်း။

Vladimir Ilich Vs. Rosa Luxemburg -- A Study Based On Lenin's Writings

https://www.marxists.org/.../archive/mishra/1988/11/x02.htm

Beyond Rosa Luxemburg: five more women of the German revolution you need to know about


Beyond Rosa Luxemburg: five more women of the German revolution you need to know about (theconversation.com)

Rosa Luxemburg: freedom only for the members of one party isn’t freedom at all

Rosa Luxemburg: freedom only for the members of one party isn't freedom at all (theconversation.com)

## ဘိုကလေး ဦးလှရွှေ
## ( သို့မဟုတ် )
## အလံ (၃)လက် ကြားက လူ --

**ဝင်းတင့်ထွန်း**



( ၁ )

" ဖြိုသူက ဖြို - - ဖျက်သူက ဖျက် - တိုင်းပြည်ပျက်မယ့်ကိန်းကြုံ ..ငရဲကြီး ရှစ်ထပ် - ဖြစ်ရပ်မျိုးစုံ - ကျောက်နီရုပ်မို့ ဒို့မဖြုံ - ဟေ့ ကျောက်နီရုပ်မို့ ဒို့မဖြုံ - ဩော် .. အရဂ်ကျင်းလို့ - လင်းကြက်တို့လဲ တွန်ချိန်တန်... " အသံဝါဝါကြီးနဲ့ သီကြွေးလိုက်တဲ့ အစ်ကိုကြီးကိုလှရွှေ ရဲ့တေးသီသံဟာ ကျွန်တော့်အာရုံထဲဆီ တကျော့ပြန် ဝေ့ဝဲ ဝင်ရောက်လာတယ်။ အစ်ကိုကြီးကိုလှရွှေ ကိုဗစ်နဲ့ကွယ်လွန်ဆုံးပါးသွားရပြီ-ဆိုတဲ့သတင်းကိုကြားလိုက်ရခြင်းနဲ့အတူ၊ တခါက သူ့ရဲ့သီချင်းသံကြီးဟာ ကျွန်တော့်ရင်ထဲ ရစ်ဝဲ ဝင်ရောက်လာတာဖြစ်ပါတယ်။ ( သီချင်းစာသားတွေက တိတိကျကျ ဟုတ်ချင်မှ ဟုတ်မှာဖြစ်ပြီး၊ တချို့နေရာတွေမှာ မူကွဲလေးတွေ(သို့မဟုတ်)စကားလုံး အထားအသို အပြောင်းအလဲလေးတွေ ရှိကောင်းရှိနိုင်ပေမဲ့၊ ကျွန်တော့်ရင်ထဲစူးစူးနင့်နင့်ကြီး ထိုးခွဲ ဝင်ရောက်လာတာကတော့- ဒီအတိုင်းပါပဲ။ အာရုံထဲမှာ ကြားလိုက်ရတာက ဒီအတိုင်းပါပဲ။) သူ့အသံက အသံဝါဝါကြီးနဲ့ဖြစ်ပေမဲ့၊ လွမ်းမောဖွယ် ကြေကွဲဖွယ် စိတ်ထိခိုက်ဖွယ် တုန်ရီလှိုင်းထနေပါတယ်။

ဩော်.. ဒီသီချင်းဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၄၀)နီးပါးက- ၁၉၈၃ ခုနှစ်လောက်က သီချင်း။အစ်ကိုကြီးကိုလှရွှေရဲ့ ကိုယ်တိုင်ရေး ကိုယ်တိုင်ဆို ကိုယ်ပိုင်သီချင်း။ အဲဒီတုန်းက - အစ်ကိုကြီးကိုလှရွှေတို့အခန်းဟာ ကျွန်တော့်အခန်းနဲ့မျက်နှာချင်းဆိုင်တည့်တည့်မှာပါ။ ' ၂-တိုက်' (ခေါ်) 'ကြိုးတိုက်' (ခေါ်) 'ရင်ကွဲတိုက်ကြီး' ထဲ မှာပါ။ ဒီရင်ကွဲတိုက်ကြီးဟာ တခြားတိုက်တွေနဲ့မတူပါ။ အဆောက်အအုံကြီးတခုတည်းမှာ အလယ်မှာ လူသွားလမ်းနေရာထားပြီး၊ ဘယ်ဖက်ခြမ်း-ညာဖက်ခြမ်း တိုက်ခန်းလေးတွေကို ဇစ်-ဇက် ( zig zag ) သဏ္ဍာန် ဆောက်လုပ်ထားရာ၊ မျက်နှာချင်းဆိုင်ကျရာ အခန်းလေး(၂)ခုကတော့- တခန်းနဲ့တခန်း လှမ်းမြင်ရတွေ့ရပါတယ်။

အခန်းတခန်းချင်းဆီရဲ့ရှေ့မှာ သံတိုင်တပ် သံတံခါးကြီးတွေ ကိုယ်စီရှိနေပြီး၊ သံတိုင်ကြား မျက်နှာကပ် ကာတခန်းနဲ့တခန်း လှမ်းစကားပြောကြ၊ မတ်တပ်ရပ်ပြကြ၊ သီချင်းဆိုပြကြနဲ့ အပြန်အလှန်ဆက်သွယ် အမှီသဟဲပြု နေထိုင်ကြရပါတယ်။ ဝရဇိန်စစ်ဆင်ရေး-ဆိုတဲ့ ခေါင်းစည်းအောက်မှာ ကိုလှရွှေတို့ရော ကျွန်တော်ပါ၁၉၈၂ ခုနှစ် နှစ်ဆန်းပိုင်းအတွင်းကတည်းက နိုင်ငံရေးအကျဉ်းသားတွေအဖြစ် ဒီအင်းစိန် အကျဉ်းထောင်ကြီးအတွင်း မရေးမနှောင်းဆီ ဝင်လာခဲ့ကြရတာဖြစ်ပေမဲ့၊ သူတို့တွေကလဲ ဟိုတိုက်ရောက်လိုက်-သည်တိုက်ရောက်လိုက်၊ ကျွန်တော်ကိုယ်တိုင်ကလဲ ဟိုတိုက်ရောက်လိုက်-သည်တိုက်ရောက်လိုက်နဲ့ ခဏခဏ ရွှေ့ပြောင်းခွဲခြားထားခြင်းခံရရာ၊ တခါမှ နီးနီးကပ်ကပ်မဆုံဆည်းခဲ့ရဘဲ၊ ၁၉၈၃ ခုနှစ်ထဲမှာမှ တိုက်တိုက်ဆိုင်ဆိုင် ရင်ကွဲတိုက်ထဲမှာ မျက်နှာချင်းဆိုင်အခန်းချင်းကပ် (တယောက်နဲ့တယောက် မြင်နိုင်တွေ့နိုင်

ရှုနိုင်တဲ့အထိ-အခန်းချင်းကပ်မျိုး) ဖြစ်လာခဲ့ရတာပါ။ တကယ်ကိုမမေ့နိုင်စရာတွေ အပြည့်နဲ့ဖြစ်လာခဲ့ရတာပါ။

ကျွန်တော်တို့ဗမာလူမျိုးတွေရဲ့ဆိုရိုးဆိုစဉ်အရ ဆိုရရင်- အထုံရေစက် ကြီးလွန်းလှလို့ပဲ၊ ဒီလို ငရဲကြီးရှစ်ထပ်ထဲအထိ ကြုံကြုံဖန်ဖန် ဆုံးဆည်းခွင့် ရခဲ့ကြတာပါ။ ကျွန်တော့်ကို ထောင်အာဏာပိုင်များ ဘက်က ( ထောင်ဝန်ထမ်းဝါဒါကို ပြန်ပြီး လက်သီးနဲ့ထိုးဖို့လုပ်တယ်ဆိုတဲ့အမှု နဲ့)ဒီနေရာမှာ တယောက်တည်း ခွဲထားတာဖြစ်တဲ့အတွက် ကျွန်တော့်အခန်းလေးထဲမှာ ကျွန်တော်တဦးတည်းပဲ အထီးကျန်ဆန်ဆန် နေနေရပေမယ့်၊ မျက်နှာချင်းဆိုင်က အစ်ကိုကြီးတို့ရဲ့အခန်းကတော့- အမှုတွဲတူ (၆)ဦးကြီးများတောင် အတူ ပူးတွဲနေထိုင်ခွင့်ချပေးထားတဲ့အတွက် တကယ်ကို မြိုင်မြိုင်ဆိုင်ဆိုင်ကြီး မြင်ရပါတယ်။

အစ်ကိုကြီး ကိုလှရွှေတို့အခန်းလေးထဲမှာက- ဦးလေးဗိုလ်စိုးတင့် ( ဗိုလ်စိုးတင့်- မြောင်းမြရှိင် ဗကပ တပ်မှူး )၊ မြင်းခြံ ဦးဖေ တင် (ကိုကိုကျွန်းပြန်)၊ အစ်ကိုကြီးကိုမြစိန်(ကိုကိုးကျွန်းပြန်)၊ ဦးထွန်းအောင် (ခေါ်) ဦးလှဝင်းနဲ့ ကိုကြင်ငွေ (ကဗျာဆရာ ဖြိုးထိန်)တို့အတူနေကြရပါတယ်။ သူတို့ထဲမှာ အသက်ကလဲ အကြီးဆုံး၊ လေသံကလဲ အအေးဆုံးနဲ့ နိုင်းယှဉ်ချက်အရ-စကားကလဲ အနည်းဆုံးလို့ ဆိုရမှာကတော့-ဦးလေးဗိုလ်စိုးတင့် ဖြစ်ပြီး၊ လေသံကလဲ သွက်၊ နယ်ပယ်ပေါင်းစုံ တီးမိ ခေါက်မိကလဲ ရှိ၊ နိုင်ငံရေးအပါအဝင် ဘာသာရပ်ပေါင်းစုံ ဒေါင့်ပေါင်းစုံကနေ- စကားလဲ အများဆုံးပြောနိုင်သူကတော့ အစ်ကိုကြီးကိုလှရွှေလို့ပဲ ဆိုချင်ပါတယ်။ သူက သံတိုင်ရှေ့ မကြာခဏဆိုသလိုထွက်လာပြီး၊ ကျွန်တော်နဲ့လဲ အလ္လာပသလ္လာပ အများဆုံး ပြောလေ့ဆိုလေ့ ရှိပါတယ်။ သူက နိုင်ငံရေးနဲ့အတွေးအခေါ်ကိစ္စမျိုးတွေသာမက၊ စာပေနဲ့ကဗျာကိစ္စ- အနုပညာကိစ္စတွေအထိ စိတ်ပါဝင်စားသူ၊ ဝါသနာထုံသူ၊ ခံမင်သူ၊ မိုးကုတ်စက်ပိုင်းကျယ်ပြန့်သူမျိုးလဲ ဖြစ်နေတာ သတိမူမိပါတယ်။

သူက ခွပ်ဒေါင်းအလံတော်ကြီးအောက်မှာ (၇)ရက်ဇူလိုင် အရေးတော်ပုံကြီးရဲ့ အရေးကြီးဇာတ်ဆောင်တဦး၊ ကျောင်းသားခေါင်းဆောင်တဦး ဖြစ်ရုံသာမက၊ သမိုင်းဝင်ရန်ကုန်တက္ကသိုလ် အိုးဝေမဂ္ဂဇင်းကြီးရဲ့ နောက်ဆုံးစာတည်း-နောက်ဆုံးအယ်ဒီတာလဲ ဖြစ်ခဲ့ရဖူးသူ မဟုတ်လား။ သူ့ဇာတိချက်ကြွေ ဘိုကလေးတပိုက်အပါ မြစ်ဝကျွန်ပေါ်ဒေသတပိုက်က တော်လှန်တဲ့သေနတ်သံတွေအကြားမှာ လက်နက်ကိုင်တော်လှန်ရေးသမားတဦးအဖြစ်နဲ့လဲ ကာလတချို့ ပါဝင်ဖြတ်သန်း လှုပ်ရှားခဲ့ဖူးသူမဟုတ်လား။

ရင်ကွဲတိုက်ကြီးအတွင်း မျက်နှာချင်းဆိုင် နီးနီးကပ်ကပ်တွေ မြင်နေထိုင်ကြစဉ်အတွင်း၊ ထပ်မံ အသိအမှတ်ပြုလိုက်ရတာကတော့- ကိုလှရွှေဟာ စကားပြောရမှာသာမက၊ သီချင်းဆိုရမှာလဲ တကယ်ကို အဆိုကောင်း၊ အသံကောင်း-ဆိုတာပါပဲ။ အသံက အသံဝါကြီးနဲ့ အောင်အောင်မြင်မြင်ပီပီသသရှိလှပြီး၊ အဆွဲအငင် အရှိုက်အဖို အပိုအလို မရှိ၊ မှင်မောင်းအပြည့်နဲ့ခံစားချက်ပါပါ သီဆိုတတ်ပါတယ်။ အထူးသဖြင့်-ရင်ကွဲတိုက်ထဲကနရသိန်သားများ အလေးထား နားစိုက်ထောင်ခြင်းခံရတဲ့အထိ အစ်ကိုကြီးရဲ့ အပိုင်နိုင်ဆုံးသီချင်းတွေကတော့နာမည်ကျော်မင်းသားကြီးကိုမြတ်လေးရဲ့ 'ပင်လုံထိပ်ထားဦး' နဲ့'ငြိမ်းချမ်းရေးသည် အပေါင်းလက္ခဏာ' ပါပဲ။

'ပင်လုံထိပ်ထားဦး' ကို ဆိုတဲ့နေရာမှာ အစ်ကိုကြီးရဲ့ဆိုပေါက်ဆိုဟန် အသံ သဏ္ဍာန်တွေက တကယ်ကို မင်းသားကြီးကိုမြတ်လေးနဲ့ နင်လားငါလား-လို့တောင် ဆိုရပါလိမ့်မယ်။ နောက်ပိုင်းတော့ - ဒီ ၁၉၈၃ ခုနှစ်ထဲမှာပဲ၊ အစ်ကိုကြီးရဲ့ ကိုယ်တိုင်ရေး ကိုယ်တိုင်ဆို သီချင်းတပုဒ် အောင်မြင်စွာ စတင်ထွက်ပေါ်လာပါတယ်။ တခုသော ရက်၊ တခုသော ညဦးယံရဲ့တိုက်တွင်း ဂီတဆည်းဆာချိန်မှာ ရင်လှိုင်းခုန်သံအပြည့်နဲ့ ထွက်ပေါ်လာခဲ့တာပါ။ သူ့ရဲ့ ပထမဆုံးသောဒီသီချင်းကို ဌာန်နဲ့မာန်နဲ့ ပြည့်ပြည့်ဝဝ ရပ်ရှော အမှုအယာပါ ရှေ့ဆုံးတန်းကနေ ပထမဆုံး ပီပီသသကြီး ရှုစား နားဆင်ခွင့် ရလိုက်သူဟာလဲ ကျွန်တော်-လို့ပဲ ဆိုရပါလိမ့်မယ်။

ဘာလို့လဲဆိုတော့-သူတို့အခန်းနဲ့မျက်နှာချင်းဆိုင် တခုတည်းသောအခန်းက ကျွန်တော့်အခန်း ဖြစ်နေလို့ပါပဲ။ တခြားသောအခန်းတွေ အခန်းတွေကလဲ သူ့ရဲ့အောင်မြင်သောအသံကြီးကိုသာ ပီပီသသ ကြားနာနားဆင်နိုင်ခဲ့ပြီး၊ သူ့ရဲ့ရုပ်သွင်နဲ့လှုပ်ရှားသက်ဝင်နေမှုတွေကိုတော့ ဘယ်လိုမှ တွေ့မြင်နိုင်မှာ မဟုတ်လို့ပါပဲ။ သူ့အခန်းထဲက တခန်းထဲနေ အခန်းဖေါ်တွေတောင် သူ တကယ် စတင်တင်ဆက်သီဆိုချိန်မှာတော့-သူ့မျက်နှာပေါ်ကအရိပ်တွေ ခံစားချက်တွေကို သေသေချာချာ မြင်ရမှာမဟုတ်၊ နောက်ကျောကိုသာ မြင်နေရမှာဖြစ်တဲ့အတွက် အသံရောဟန်ပါ အပီသဆုံးမြင်ရသူဟာ ကျွန်တော်-လို့ဆိုလိုက်ရတာဖြစ်ပါတယ်။

အဲဒီနေ့က သူဟာ သူ့ရဲ့ ကိုယ်တိုင်ရေး ကိုယ်တိုင်ဆို ကိုယ်ပိုင်သီချင်းလေးကို ခံစားချက်အပြည့်နဲ့ သီဆိုပြခဲ့ပါတယ်။ " ဖြိုသူက ဖြို -ဖျက်သူက ဖျက်နဲ့- တိုင်းပြည်ပျက်မယ့်ကိန်း ကြုံ .." ဆိုတာကို ဖြည်းဖြည်းချင်း စတင်လိုက်ချိန်မှာ သူ့မျက်နှာကြီးဟာ သိသိသာသာကြီးကို အုံ့မှိုင်း ဆိုင်းပျသွားခဲ့ပြီး၊ " ငရဲကြီး ရှစ်ထပ်ဖြစ်ရပ်မျိုးစုံ -ကျောက်နီရုပ်မို့ ဒို့မဖြုံ - ဟေ့.. ကျောက်နီရုပ်မို့ ဒို့မဖြုံ.." ဆိုတာကို တင်လိုက်ချိန်မှာတော့- သူ့အသံဟာ ပိုမိုမြင့်မားနေခဲ့သလို၊မာန်တင်းသံ- အံတင်းသံနဲ့ ပိုင်းဖြတ်ချက်ချလိုက်သံတွေပါ ပါဝင်နေရုံမ က၊ ဂုဏ်ပြုလိုက်သံနဲ့ဂုဏ်ယူလိုက်သံတွေပါ ပေါင်းဆက်ပါဝင်နေခဲ့ပါတယ်။ သံတိုင်နစ်ဖက်ကိုလက်နဲ့ ခပ်တင်းတင်း ဆုပ်ထားရင်းက သူ့ရဲ့မျက်မှန်ကြီးတဝင်းဝင်းနဲ့ မျက်နှာပြင်ကြီးတခုလုံပေါ်မှာပါ ခံစားချက်တွေ-ရင်ခုန်သံတွေ တဖျတ်ဖျတ်ရိုက်ခတ်သွားတာ ကျွန်တော် မြင်လိုက်ရပါတယ်။ အသံဝါဝါ သံစဉ်နိမ့်မြင့်တွေပေါ်မှာ ခံစားချက်နဲ့ရင်ခုန်သံတွေ နက်နက်ရှိုင်းရှိုင်း စိမ့်ဝင် ပေါင်းဆက်သွားပြီလေ-။ သူ့ရဲ့ ဒီသီချင်းနာမည်က ကျောက်နီရုပ်သို့ နှုတ်ဆက်ခြင်း-တဲ့လေ။

ကျွန်တော့်ရဲ့နှလုံးသားထဲမှာတော့ 'ဂျူးလိယက်ဖူးချစ်' ရဲ့ 'ကြိုးစင်ပေါ်က မှတ်တမ်း' ထဲက 'ရုပ်တု' လေးတွေကို ဖျတ်ခနဲ ဖျတ်ခနဲ သွားပြီး သတိရနေမိပါတယ်။ ဖူးချစ်ရဲ့' ရုပ်တု' လေးတွေကနေ- သူ့ရဲ့ 'ကျောက်နီရုပ်တု' လေးတွေဆီအထိ တဆင့်တက် စီးဝင် ဖြစ်တည်လာပုံဟာ ဒီလိုနေရာကြီးမှာ တော်တော်ကြီးကို ရှင်သန်နိုးကြွနေခဲ့ပါတယ်။ သီချင်းသံအဆုံးမှာ ဘေးနားအခန်းပေါင်းစုံက ဩဘာသံတွေ သောသောညံအောင်ထွက်ပေါ်လာခဲ့ပါတယ်။ နောက်ပိုင်းမှာ တိုက်ထဲမှာ မကြာခဏ ပွဲတောင်းခြင်းခံရတဲ့ သီချင်းတပုဒ်အဖြစ်-တဆင့်တက် အသိအမှတ်ပြုခြင်း ခံရပါလေတယ်။

၁၉၈၃ ခုနစ်ကုန်-၁၉၈၄ ခုနစ် ဆန်းတွေရဲ့ တခုသောကာလလောက်မှာတော့(ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသား-ရဲဘော်ရဲဘက်အမှုတွဲတွေ အမှုတွဲတွေတချို့လဲ ရုံးတင် အမှုရင်ဆိုင်နေခဲ့ကြရရာမှ ထောင်ကျသူတွေ ထောင်ကျကြ၊ တချို့-နစ်သေး၊ တချို့-နစ်ကြီးတွေ အချခံရနဲ့ တဖြည်းဖြည်း တိုက်ကနေ ထောင်ကျဆောင်တွေဆီ ပြောင်းကြရ ရွှေ့ကြရတော့မယ့်အချိန်- တနေ့မှာတော့-) ထုံးစံအတိုင်း- ဂီတဆည်းဆာချိန် တခုမှာ သူက နောက်ဆုံးနှုတ်ဆက်ခြင်းတခုအဖြစ်နဲ့ ရည်ရွယ်ချက်ရှိရှိ ထပ်မံ သီဆိုပြခဲ့ပြန်ပါတယ်။ အဆောင်တွေဆီ ပြောင်းရွှေ့ရခါနီးချိန်မှာ၊ သူကိုယ်တိုင်လဲ ထောင်ဒဏ်(၃)နှစ် စီရင်ချက်ချမှတ်ခံရပြီးစ အချိန်မှာ ခံစားချက်ရှိရှိနဲ့ ထပ်မံသီဆိုပြခဲ့တာဖြစ်ပါတယ်။ အသီးသီး အသက အသက မုချမသွေ ကွဲသွားရတာ ခွဲသွားရတာမျိုးတွေနဲ့ကြုံတွေ့ရတော့မယ့်အချိန်ကြီးမှာ သူက 'ကျောက်နီရုပ်သို့ နှုတ်ဆက်ခြင်း' နဲ့ပဲ ထပ်မံသီဆို နှုတ်ဆက်ပြလာတာဟာ တော်တော်ကို ရင်လှိုင်းခုန်စရာ ကြေကွဲစရာ လွမ်းမောစရာ ဖြစ်ခဲ့ရပါတယ်။ ဟိုတုန်းကဟိုတုန်းက ပွဲတောင်းတိုင်း သီဆိုဖြေဖျော်ပြနေခဲ့တာတွေထက်လဲ မှတ်မှတ်ထင်ထင် ပိုမိုစိတ်ထိခိုက်စရာ လွမ်းမောစရာဖြစ်ခဲ့ရပါတယ်။

( ၂ )

အစ်ကိုကြီးကိုလှရွှေနဲ့ ကျွန်တော့်ရဲ့ရေစက်ဟာ ရင်ကွဲတိုက် (ကြိုးတိုက်) ထဲမှာသာမက၊ အဆောင်အထိလဲ ဆက်လက် ပါမြဲပါခဲ့ပါတယ်။ ' ၁- ဆောင်' ကြီးက နှစ်ထပ်ဆောင်ရှည်ကြီးဖြစ်ပြီး၊ ခန့်မှန်း ခြေ ပေ

(၄၀၀)ဝန်းကျင်လောက်ရှည်ရာ၊ အပေါ်ထပ် (၄)ခန်း၊ အောက်ထပ် (၄)ခန်း- ခွဲခြမ်း ဖွဲ့စည်း ထားပါတယ်။ သူနဲ့ ကျွန်တော်ဟာ ' ၁-ဆောင်၊ အပေါ်-၄' မှာ တခန်းတည်းနေတွေအဖြစ် ထပ်မံ ဆုံစည်းရပြန်ပါတယ်။ ပေ (၁၀၀)ဝန်းကျင်လောက်ရှိမယ့် အဲဒီ 'အပေါ်-၄' အခန်းကျယ်ကြီးထဲမှာ အဘဦးဘဦး (ထားဝယ်)နဲ့ သူဟာ ခေါင်းရင်းပိုင်းက အိပ်ရပြီး၊ အလယ်ကြောကအတန်းမှာက ကျွန်တော်၊ ကိုဌေးအောင် (ဇင်လင်း-နောင်-မီဒီယာကောင်စီအဖွဲ့ဝင်)၊ ပဲခူး ကိုမောင်မောင်တိတ် (နောင်- ABSDF ဗဟိုကော်မတီ ဝင်နဲ့ ABSDF တရားရေးတာဝန်ခံ)၊ ဆရာစောဒယ်နီယယ် ( KNU ၊ ခရစ်ယာန်သင်းအုပ်ကြီး)၊ ဦးမြစိန် (မအူပင်)၊ ဗိုလ်ဇင်ကော့ (ရေကြည်တင်ဝင်း) ကိုစိုးဝင်း (ငသိုင်းချောင်း)တို့တွေ အိပ်ကြရပြီး၊ တခြားသော ကျွန်တော်တို့(၅-ည) ရဲ ဘော်တချို့နဲ့ ထားဝယ်-သရက်ချောင်း- ဆီတောဖက်က ဦးဗလွန်းရွှေ (ပုဒ်မ ၁၇/၁) ရော၊ တခြားထားဝယ် ရဲဘော် '၁၇/၁- ၂' များက ဘေးဖက်တန်းမှာ အိပ်ကြရပါတယ်။ ဒီအခန်းထဲမှာ စုစုပေါင်း နိုင်ငံရေးအကျဉ်း သားပေါင်း- ဆယ်ဂဏန်းလောက် အတူနေတွေ ဖြစ်ခဲ့ရပါတယ်။

အဲဒီတုန်းက သူနဲ့ကျွန်တော်အကြား အမှတ်ရစရာတွေလဲ ရှိခဲ့ပါတယ်။ သူက သူထောင်က လွတ်ခါနီး နောက်ဆုံးညမှာတော့- 'အိပ်ချိန်' ဆိုတဲ့ အသံကြီး ရောက်မလာသေးခင်အတွင်းမှာ ကျွန်တော့်အနား အချိန်တော်တော်ကြာ လာထိုင်လာနုတ်ဆက်ရင်းက သပ်သပ်ရပ်ရပ်ထုပ်ထားတဲ့ အထုပ်လေးတထုပ် မှတ်မှတ်ရရ ပေးခဲ့ပါတယ်။ ဇင်ပိတ်ပြာနဲ့ချုပ်ထားတဲ့ အလုပ်သမားအင်းကျီ အသစ်စက်စက်လေး တထည်နဲ့ အနက်နဲ့အဖြူကွက် ပုဆိုးအသစ်လေးတထည်ပါ ပါတဲ့၊ အထုပ်လေးပါ။

ထောင်ထဲမှာ အဲဒီတုန်းကပုံစံဝတ်စုံ အပေါ်ဖြူ အောက်ဖြူ-ပိတ်ကြမ်းဝတ်စုံနဲ့ပဲ နေထိုင်ခဲ့ကြရတော့-သူ့အဝတ်လေးတွေဟာ တခါမှတောင် ဝတ်ဆင်ခြင်းမပြုခဲ့ရသေးတဲ့ အသစ်စက်စက်လေးတွေပါ။ "မောင်ရင်က ကိုယ့်ထက် ထောင်ကျနှစ်ကများတော့-နောက် (၂)နှစ်လောက် ကြာဦးမှာ..။ လွတ်တဲ့အခါတော့ ကိုယ်တို့အိမ်ကို လာဖြစ်အောင်လာခဲ့ပါကွာ..အိမ်က သင်္ဃန်းကျွန်း ဆ/ခ ရပ်ကွက်၊ ရွာလယ်လမ်းမှာ-အဲဒါလေးတော့ ခေါင်းထဲထည့် မှတ်ထားပါကွာ" လို့လဲ တခုတ်တရ ပြောဆိုသွားခဲ့ရင်း၊ နောက်နေ့မှာ ထောင်ကနေ သူ လွတ်သွားခဲ့ပါတယ်။ သူ ပေးသွားခဲ့တဲ့အဝတ်ထုပ်လေးနဲ့ သူ့လိုပဲ မရှေးမနှောင်းလွတ်သွားခဲ့သူ-ကိုဌေးအောင် (ဇင်လင်း)ပေးသွားခဲ့တဲ့ အင်းကျီတထည် ပုဆိုးတထည်ပါ အဝတ်ထုပ်လေး- စုစုပေါင်း အဝတ်ထုပ်လေး(၂)ထုပ်ဟာ ကျွန်တော့်အတွက် ခေါင်းခုအိပ်စရာ ခေါင်းအုံးလေး ဖြစ်သွားခဲ့ရပါတယ်။

ကိုလှရွှေ ပေးထားခဲ့တဲ့အဝတ်လေးတွေက ထားဝယ်-သရက်ချောင်း-ဆီတော ဦးဗလွန်းရွှေ လွတ်သွားတဲ့အခါနဲ့၊ ကိုကျော်လွင်(ပလောင်ကျော်လွင်၊ နောင်- PSLF ရဲ့ဗဟိုကော်မတီဝင်ဖြစ်သူ)တို့ ထောင်က လွတ်သွားတဲ့အခါ၊ အပြင်ဆီ သင့်တင့်လျောက်ပတ်တဲ့ အဝတ်အစားလေးတွေနဲ့ ထွက်သွားစေနိုင်ဘို့ ပြန်လည်ခွဲဝေပေးလိုက်ရာမှာ ပါသွားခဲ့ပါတယ်။ ထောင် (၂) နှစ်ကျတွေနဲ့ အစ်ကိုကြီးအပါအဝင် ထောင်(၃)နှစ်ကျ တချို့တဝက်ကျော် အင်းစိန်ထောင်က လွတ်မြောက်သွားကြပြီး၊ သိပ်မကြာလှခင်မှာတော့ ကျန်ခဲ့သူ ကျွန်တော်တို့တွေကို သက်ဆိုင်ရာအာဏာပိုင်များကနေ ထောင်ပေါင်းစုံသို့ အစီအစဉ်ရှိရှိ ဖြန့်ခွဲပို့ဆောင်ပစ်လိုက်လေရာ၊ ကျွန်တော်က သာယာဝတီထောင် ရောက်သွားခဲ့ရပါတယ်။

အချိန်တန်လို့ သာယာဝတီထောင်ကနေ ကျွန်တော် ပြန်လည်လွတ်မြောက်လာတဲ့အခါ၊ 'ခေါင်းထဲထည့်ထားပါကွာ..' ဆိုတဲ့ သူ့စကားကို သတိရရင်း၊ သူ့အိမ်လေးရှိရာ သင်္ဃန်းကျွန်းက ကြက်ခြံလေးဆီ ကျွန်တော်မမေ့မလျော့ သွားဖြစ်အောင် သွားခဲ့ပါတယ်။ အစ်ကိုကြီးကသာမက အစ်မကြီးမခင်မာအေးကပါ ကျွန်တော့်ကို လိုလိုလားလားလှိုက်လှိုက်လှဲလှဲ ကြိုဆိုဧည့်ခံခဲ့ကြပါတယ်။ ခဏခဏလာဖို့လဲ နှစ်ဦးလုံးက ပျူပျူငှါငှါ ထပ်မံ ဖိတ်မန္တက ပြုခဲ့ကြပါတယ်။

ဒါပေမဲ့- ကာလသိပ်မကြာလှချိန်မှာပဲ (၁၉၈၆ နိုဝင်ဘာထဲလောက်မှာပဲ) အစ်ကိုကြီးကိုလှရွှေ၊ ကိုလှတင်အောင်တို့တတွေဟာ ဒေါ်ဒေါ်-ဒေါ်ကြည်ကြည်နဲ့အတူ၊ နောက်တကြိမ်အဖြစ် စစ်ထောက်လှမ်းရေးရဲ့ ဖမ်းဆီးခြင်းကို ခံရလေပြန်ရာ၊ ကျွန်တော်ကတော့ အရှောင်ကောင်းလို့ လက်မတင်လေး လွတ်ခဲ့ရပါ

တယ်။ ဒါပေမဲ့- ထောင်ကလွတ်တာ ဘာမှမကြာလှသေးခင်မှာပဲ ကျွန်တော်လဲ နိုင်ငံရေးဝရမ်းပြေးဘဝ ထပ်မံ ကျရောက်ခဲ့ရပြန်ပါတယ်။ ထောက်လှမ်းရေးကို ‘တစ်’ ပေး-လက်ထောက်ချတဲ့မိန်းမက ကျွန်တော့်ကိုပါ ထည့်သွင်း လက်ထောက်ချခဲ့တာဖြစ်ပါတယ်။ နေရာအနှံ့ လှည့်လည်ဝရမ်းပြေးနေတဲ့ ကျွန်တော်က တောင်ကြီးဘက်ဆီ ရောက်နေရာက ရန်ကုန်စက်မှုတက္ကသိုလ်မှာ ဖုန်းမော်ကျဆုံးသတင်း- ကြားရပြီးပြီးချင်း ၁၉၈၈ မတ်လ (၁၅)ရက်နေ့မှာ ရန်ကုန်ကို ပြန်ကပ်လာခဲ့ပါ တယ်။ အခြေအနေလေးတွေကို စနည်းနာကြည့်ရင်း၊ အစ်မကြီးမခင်မာအေးဆီကိုလဲ ဖျတ်ခနဲ ဖျတ်ခနဲ မရောက်ရောက်အောင်သွားပြီးတွေ့ခဲ့ပါတယ်။ ရှစ်လေးလုံးအကြိုကာလလို့ဆိုရမယ့် ၁၉၈၈ ဇူလိုင်(၂၅)ရက်နေ့မှာတော့- ဒေါ်ဒေါ်ဒေါ်ကြည်ကြည်နဲ့အတူ၊ အစ်ကိုကြီးကိုလှရွှေတို့တတွေကိုလဲ ပုဒ်မ (၁၀-က)နဲ့ပဲ ထိန်းသိမ်းချုပ်နှောင်ထားရာမှ ပြန်လွှတ်ပေးလိုက်တဲ့အတွက် ပြန်လည်လွတ်မြောက်လာခဲ့ကြပါတယ်။ တရိပ်ရိပ်တက်လာနေတဲ့ အရေးတော်ပုံအကြို ဒီရေလှိုင်းခတ်သံတွေကနေ သူနဲ့ကျွန်တော်အကြား ပြန်လည်ဆုံဆည်းနိုင်အောင် ဖန်တီးပေးလိုက်ဘိသကဲ့သို့တောင် ဖြစ်ပေါ်လာခဲ့လေရာ၊ ကျွန်တော်တို့တွေ တကျော့ပြန် ပြန်လည်ဆုံဆည်းနိုင်ခဲ့ကြပြန်ပါတယ်။ သူနဲ့ ကျွန်တော်အကြား- ရေစက်က တော်တော်ကို ကြီးလှပါကလား။

သမိုင်းဝင် ရှစ်လေးလုံးအရေးတော်ပုံကာလကြီးအတွင်း- သူနဲ့ကျွန်တော်ဟာ ရက်ပေါင်းများစွာ တပူးတွဲတွဲလို ဖြစ်နေခဲ့ကြပါတယ်။ သူ့ရဲ့သင်္ကန်းကျွန်းအိမ်လေးဟာလဲ ကျွန်တော့်အတွက် ရက်ပေါင်းတချို့ အိပ်စက်နားနေရာလေး ဖြစ်လာခဲ့ပါတယ်။ နေ့ခင်းပိုင်းတွေမှာ မြို့ထဲအနှံ့ အတူထွက်ခဲ့ကြပြီး၊ ချီတက်ဆန္ဒပြပြချိန်တွေမှာ အတူချီတက်ဆန္ဒပြခဲ့ကြ၊ ဟိုဟိုဒီဒီ အတူသွားလာခဲ့ကြ၊ အတူ ပြန်လာဖြစ်ခဲ့ကြရုံမက၊ ညဥ့်နက်နက်အချိန်တွေမှာ ဓားတလက်စီ ဘေးမှာချထားရင်း၊ သူ့အိမ်လေးထဲမှာ သတိဝိရိယအပြည့်နဲ့ အတူဖြတ်သန်း ကျော်လွှားခဲ့ရတဲ့ ညတချို့တောင် မှတ်မှတ်ထင်ထင်ရှိခဲ့ဖူးပါတယ်။ အဲဒီတုန်းက ရန်ကုန်မြို့ထဲက ရပ်ကွက်တိုင်းလိုလိုမှာ ရပ်ကွက်အလိုက် ကင်းတွေချကြ၊ တံခါးတွေတပ်ကြ၊ လုံခြုံရေးသတိ ဝိရိယအပြည့်နဲ့နေထိုင်နေကြရတဲ့ အရေးအကြီးဆုံးကာလတွေ ဖြစ်ခဲ့ကြတယ်မဟုတ်လား။

အဲဒီကာလတွေထဲတုန်းက အမှတ်ရစရာအကောင်းဆုံးတွေထဲမှာ ‘ဗကသ ပြန်လည်ဖွဲ့စည်းရေး ညီလာခံ’အတွက် သူ မိန့်ခွန်းပြောကြားဖို့ ညကြီးမင်းကြီး ဖယောင်းတိုင်မီးလေးနဲ့ မိန့်ခွန်းရေးနေရချိန်မှာ- ကိုယ်တိုင် မိန့်ခွန်းရေးနေတဲ့သူ့အနားမှာ ကြုံကြုံဖန်ဖန် ကျွန်တော်လဲ ရှိနေ ထိုင်ပေးနေရတဲ့အဖြစ်ပါပဲ။ အဲဒီနေ့ဟာ ၁၉၈၈ ဩဂုတ် (၂၇)ရက်နေ့- ညကြီးပါ။

ရှစ်လေးလုံးအရေးတော်ပုံကြီးရဲ့ အမြင့်ဆုံးကာလတခုဖြစ်တဲ့၊ နောက်တနေ့ ဩဂုတ်လ(၂၈)ရက်နေ့မှာ ရန်ကုန်တက္ကသိုလ်မြက်ခင်းပြင်မှာ ကျောင်းသားညီလာခံကြီးကျင်းပပြီး၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂအဖွဲ့ချုပ် (ဗကသ)နဲ့ တကသတို့ကို တရားဝင်ဖွဲ့စည်းကြမှာဖြစ်ရာ၊ အဲဒီ ကျောင်းသားညီလာခံကြီးမှာပြောကြားမယ့် သူ့ရဲ့မိန့်ခွန်းကို ဩဂုတ်(၂၇)ရက်နေ့ ညကြီးမှာ သူက တကုပ်ကုပ်နဲ့ ချွေးတဒီးဒီးကျအောင် အားစိုက်ရေးသားနေခဲ့ပါတယ်။

အဲဒီနေ့ညက သူ့အိမ်လေးထဲက ကုတင်လေးပေါ်မှာ စားပွဲခုံလေးကိုတင်ပြီး၊ အဲဒီစားပွဲခုံလေးပေါ်မှာပဲ ဖရောင်းတိုင်မီးလေးနဲ့ သူ့မိန့်ခွန်းကို ရေးသားနေစဉ်မှာ ကျွန်တော်လဲ မလွှဲသာမရှောင်သာ အဲဒီစားပွဲခုံလေးဘေးမှာ သူနဲ့အတူ ရှိနေခဲ့ရတာဖြစ်ပါတယ်။ သူက “ကိုယ်ရေးထားတာတွေ ဖတ်ကြည့်ပေးဦးလေကွာ -စာမချောရင်လဲ ကူပေးပြင်ပေးအုံးလေကွာ..” လို့ ပေ့ါပေ့ါပါးပါး ပြောဆိုတာကြောင့် ကျွန်တော်လဲ အဲသလို သူနဲ့အတူ ရှိနေခဲ့ရတာဖြစ်ပါတယ်။ သူက တရွက်ရေးပြီး ကမ်းပေးလိုက်၊ ကျွန်တော်က ဖတ်ကြည့်ပေးလိုက်ရနဲ့ အဲဒီမိန့်ခွန်းစာကြမ်းကြီးဟာ တော်တော်ကို စာမျက်နှာများခဲ့ ရှည်လျားခဲ့ပါတယ်။

အဲဒီထဲမှာ ‘ ၁၉၆၂ ကာလက ကျောင်းသားလှုပ်ရှားမှုကြီးအပေါ် သစ္စာဖောက်ကာ၊ ဗိုလ်နေဝင်းရဲ့ မဆလနဲ့ ပေါင်းဖက်သွားခဲ့တဲ့ ကျောင်းသားခေါင်းဆောင်ကိုခင်မောင်အုံး’ ရဲ့နာမည်ကိုလဲ ပေါ်ပေါ်တင်တင်

ပြောင်ထည့်သွင်းရေးသားထားတာ သတိထားမိခဲ့ပါတယ်။ အဲဒီမိန့်ခွန်းဟာ ညသန်းခေါင်နီးပါးလောက်မှ အဆုံးသတ် ပြီးစီးသွားခဲ့ပါတယ်။

နောက်တနေ့- ဩဂုတ်(၂၈)ရက် မနက်အစောကြီးမှာတော့ သူနဲ့ကျွန်တော်ဟာ ဦးလေးဦးခင်မောင်မြင့် အိမ်ကို အတူသွားခဲ့ကြပါတယ်။ သူက သူ့မိန့်ခွန်းစာကြမ်း အချောရေးထားတာကို ပြသပါတယ်။ ဦးလေးဦးခင်မောင်မြင့်က"ကိုခင်မောင်အုံးအကြောင်းတော့-ဒီအချိန်မှာ နာမည်ထည့် မပြောစေချင်သေးပါဘူး-" လို့ဆိုကာ မှင်နီနဲ့တားပြီး ဖျက်ပေးလိုက်တာကိုလဲ အနီးကပ် မြင်လိုက်ရ သိလိုက်ရပါတယ်။

အဲဒီနေ့ က အစ်ကိုကြီးကိုလှရွှေနဲ့အတူ ကျွန်တော်လဲ ညီလာခံကျင်းပရာ တက္ကသိုလ်သမဂ္ဂမြက်ခင်းပြင်ကို လိုက်ပါသွားဖြစ်ခဲ့ပါတယ်။ ကိုမိုးဝင်းနဲ့ ကိုမိုးမြင့်တို့လဲ အတူလိုက်ပါဖြစ်ခဲ့တာ မှတ်မိနေပါတယ်။ အဲဒီနေ့က အခမ်းအနားကိုတက်ရောက်လာတဲ့ ဧည့်သည်တော်တွေ၊ ဖိတ်ကြားထားသူတွေကို မှတ်တမ်းတင်လက်မှတ်တွေလဲ ရေးထိုး-ရယူထားခဲ့ရာ လယ်ဂျာစာအုပ်ကြီးလို စာအုပ်ထူထူကြီးထဲမှာ ကျွန်တော်တို့တွေလဲ လက်မှတ်ရေးထိုးပေးခဲ့ရတာ မှတ်မိနေပါတယ်။ ကိုလှရွှေက သူ မိန့်ခွန်း ပြောရမယ့် အချိန်မှာ ကျွန်တော်တို့အနားကနေ တလှမ်းချင်း ထွက်သွားပါတယ်။

သူ စင်မြင့်ရှေ့ထိ ရောက်သွားတာကို ကျွန်တော် ငေးကြည့်နေမိပါတယ်။ သောင်းနဲ့ချီတဲ့ ကျောင်းသား ကျောင်းသူ-ပြည်သူပရိသတ်ကြီးရဲ့ရှေ့မှာ- တက္ကသိုလ်မြက်ခင်းပြင်နဲ့ တခါက သမဂ္ဂကြီးရဲ့ အတိတ်ခြေရာတချို့ဆီ ပြန်လည် သတိရလာမှုမျိုးနဲ့ လွမ်းမောစွာ ဝေ့ဝဲကြည့်လိုက်တာ မြင်လိုက်ရရင်း၊ "တက်ရောက်လာကြတဲ့ကျောင်းသား ကျောင်းသူ ပြည်သူပရိသတ်အပေါင်းတို့ခင်ဗျာ.." ဆိုတဲ့ ပဏာမနုတ်ခွန်းဆက် စကားလေးရဲ့ အဆုံးလောက်မှာပဲ၊ ရှိုက်ကြီးတငင် ငိုသံပါပါကြီးနဲ့ တကယ်ကို ငိုချလိုက်လေတော့- ကြားရ မြင်ရသူအပေါင်းဟာ မှင်တက်မိသလို ဖြစ်သွားကြသလို၊ ကျွန်တော်လဲ ဟိုက်ခနဲ လှိုက်ခနဲ ဖြစ်သွားခဲ့ရပါလေတယ်။

ဒါဟာ ရုစ်လေးလုံးအရေးတော်ပုံကြီးအတွင်း သူ့ရဲ့ ပထမဆုံးသောမိန့်ခွန်းသံနဲ့ ခံစားချက် ပေါက်ကွဲပေါ်ထွက်လာသံလို့ပဲ ဆိုရပါလိမ့်မယ်။ သူက မျက်ရည်ကို တချက်သုတ်လိုက်ပြီး၊ ရှိုက်သံဝဲဝဲတွေကိုပါ သတိချုပ် ပြန်လည်သိမ်းယူလိုက်ပြီး၊ သူ့ရဲ့ မိန့်ခွန်းရှည်ကြီးကို ဌာန်နဲ့မာန်နဲ့ အကောင်းဆုံးဖြစ်အောင် ပြော ဆိုသွားခဲ့လေရာ၊ မိန့်ခွန်းအဆုံးမှာတော့- လက်ခုပ်သံတွေ သောသောညံသွားခဲ့ပါတယ်။ ဒါပေမဲ့ - ဒါပေမဲ့- ဒီမိန့်ခွန်းထဲမှာပဲ ဘရိတ်မအုပ်လိုက်နိုင်ဘဲ၊ (ဖြုတ်ရမယ့်ဟာကို မဖြုတ်လိုက်နိုင်တော့ဘဲ-) ခံစားချက်အတိုင်း ပါသွားခဲ့ရလေတာကတော့- ၁၉၆၂ ကျောင်းသားခေါင်းဆောင်ဟောင်း ကိုခင်မောင်အုံးရဲ့နာမည်ကို ပေါ်တင်ကြီး ထည့်သွင်းပြောလိုက်ခြင်းပါပဲ။

အဲဒါကို ကျွန်တော်က သတိထားမိလိုက်ပြီး၊ အပြန်မှာ- "အစ်ကိုကြီး-ခင်ဗျားက-ကိုခင်မောင်အုံး နာမည်ကို ဖြုတ်မထားဘဲ ထည့်ပြောသွားတယ်နော်.." လို့သတိပေးလိုက်မိတော့-" အေးကွာ- ကိုယ်လဲ ဘယ်လိုမှ မထိန်းနိုင်အောင် ငိုချင်လာရင်းက ခံစားချက်တွေအတိုင်း လွတ်သွား ထွက်သွားတာကွ.." လို့ လေးလေးတွဲ့တွဲ့ကြီး ပြန်လည်ဖြေဆိုခဲ့ပါတယ်။ အဲဒီတုန်းက သူ့လေသံနဲ့ သူ့မျက်နှာကြီးပေါ်က ခံစားချက်အရိပ်တွေ တလိပ်လိပ်ပြေးနေဟန်ဟာလဲ ကျွန်တော့်အတွက်တော့ မကြာခဏဆိုသလိုအမှတ်ရစရာတမျိုး ဖြစ်နေခဲ့ပါတယ်။ အဲဒီ ကျောင်းသားညီလာခံမှာ (မင်းကိုနိုင်ကို ဥက္ကဌအဖြစ် တရားဝင်ရွေးချယ်ပေးလိုက်နိုင်မယ့် ညီလာခံမှာ) ပြောကြားခဲ့တဲ့ သူ့ရဲ့မိန့်ခွန်းဟာ တော်တော်အောင်မြင်ခဲ့တဲ့ မိန့်ခွန်းဖြစ်ခဲ့ပါတယ်။ ဗီဒီယိုအခွေနဲ့စာအုပ်ငယ်လေးအဖြစ်ပါ ထပ်ဆင့်ကူးယူ ရိုက်နှိပ်ဖြန့်ချိတာ ခံခဲ့ရပါတယ်။

( ၃ )

အစ်ကိုကြီးကိုလှရွှေ နဲ့ကျွန်တော့်အကြား- ဘဝရေစက်ဟာ (ထိစပ် ပတ်သက် လှုပ်ရှားခဲ့ရမှုတွေဟာ) အဲသလောက်နဲ့လဲ မပြီးစီးခဲ့ပါ။ ရုစ်လေးလုံးအရေးတော်ပုံကြီးအပြီး- နိုင်ငံရေးပါတီတွေ ပေါ်ပေါက်လာ

ကြတော့လဲ ဦးခင်မောင်မြင့်ကို ဗဟိုပြုပြီး 'ပြည်သူ့တိုးတက်ရေးပါတီ' တကျော့ပြန် ပြန်လည်ဖွဲ့စည်းကြတဲ့အခါ၊ အတူလက်တွဲ ပါဝင်လှုပ်ရှားခဲ့ရပြန်ပါတယ်။ပါတီရုံးခန်းလုပ်ထားရတဲ့ ဦးခင်မောင်မြင့်ရဲ့အိမ်-ညှော့ခန်း ကျဉ်းကျဉ်းလေးထဲမှာ သူနဲ့ကျွန်တော်ဟာ နေ့တိုင်းလိုလို ရုံးခန်းတာဝန်ကျတွေ ဖြစ်ခဲ့ပါတယ်။ အစည်းအဝေးမျိုးစုံတက်ရတာတွေ၊ တခြားကိစ္စဝိစ္စတွေရှိမှသာ ရံဖန်ရံခါ သီးခြားစီ ခွဲပြီး သွားရလာရ လုပ်ရကိုင်ရတာတွေရှိပေမဲ့ပါတီဗဟိုရုံးမှာက အများအားဖြင့် သူနဲ့ကျွန်တော်သာ ရုံးတာဝန်ကျတွေ ဖြစ်နေတတ်ပါတယ်။ ဒီတော့ သူနဲ့ကျွန်တော်ဟာ နိစ္စဓူဝ အမြဲလိုလို တွဲဖက်လုပ်ကိုင်ပြောဆိုနေရရင်း၊ ပြောမနာဆိုမနာတွေသဖွယ်လဲ ပိုမိုဖြစ်လာခဲ့ရပါတယ်။ သူ့ရဲ့လေသံ ဟန်ပန် စရိုက်လက္ခဏာတွေသာမက၊ သူ့ရဲ့နိုင်ငံရေး ဖြစ်စဉ်ကောက်ကြောင်းတစိတ်တဒေသတွေကိုပါ တစထက်တစ ပိုမိုသိမြင်လာခဲ့ရပါတယ်။ သူ့ရဲ့အားကောင်းမှု နဲ့ အားနည်းမှုတွေကိုပါ ပိုမို သိမြင်ထိတွေ့နေခဲ့ရပါတယ်။ သူဟာ အာဝဇ္ဇန်းရွှင်သူ ဖြစ်သလို၊ အချက်နဲ့ အလက်နဲ့ တစ်-နှစ်-သုံး-လေး- နံပတ်စဉ်ထိုးကာ ပြောတတ်ဆိုတတ်လေ့ရှိသူတယောက်လဲ ဖြစ်နေတာ သတိထားမိပါတယ်။ ကြည့်လိုက်ရင်လဲ နိုင်ငံရေးသမားတယောက်ရဲ့သွင်ပြင်လက္ခဏာဟာ အတိုင်းသား ပေါ်နေပါတယ်။ ပုဆိုးကို ခပ်တိုတိုဝတ်၊ လွယ်အိတ်တလုံးကို ကြိုးမှာအထုံးထုံးထားရင်း လွယ်၊ ဆံပင်က ခပ်တိုတို၊ မျက်နှာကျက လေးထောင့်ဘက် ခပ်လုလု၊ မျက်မှန်ကြီးက တဝင်းဝင်းနဲ့ သူ့ရဲ့ရုပ်သွင်ဟာ တကယ်ကို နိုင်ငံရေးသမားပုံ ပေါက်နေသူဖြစ်ပါတယ်။

ရှစ်လေးလုံးအရေးတော်ပုံကြီးကာလတွေတုန်းက အတူသွား အတူလာနဲ့မမေ့စရာ အမှတ်ရစရာမျိုးစုံတွေ ရှိခဲ့ရသလို၊ အတိုကောက်အားဖြင့်- ပီသုံးလုံးလို့ခေါ်ဝေါ်ကြတဲ့ 'ပြည်သူ့တိုးတက်ရေးပါတီ' မြေပေါ်နိုင်ငံရေးပါတီ လှုပ်ရှားမှုဘဝမှာလဲ အတူတကွ နေထိုင်ပြောဆို သွားလာလှုပ်ရှားရရင်း အမှတ်ရစရာတွေ သတိရစရာတွေက တပုံတပင်ရှိခဲ့ပါတယ်။

မြေပေါ်နိုင်ငံရေးလှုပ်ရှားမှုတွေအတွင်း ပါတီစည်းရုံးရေးခရီးစဉ်တွေမှာလဲ သူနဲ့အတူတူတွဲပြီး ခရီးသွားလာရမှုတွေ တော်တော်များများရှိခဲ့ဖူးသလို၊ မဟာမိတ်ပါတီအဖွဲ့အစည်းဆိုင်ရာ အစည်းအဝေးတချို့မှာ အတူတူတွဲ တက်ရမှုနဲ့ အရေးကြီးပုဂ္ဂိုလ်တချို့နဲ့တွေ့ဆုံပွဲတွေမှာ အတူတွဲ သွားလာရမှုတွေလဲ ရှိခဲ့ရဖူးပါတယ်။

အဲဒီလို အဲဒီလိုတွေထဲမှာ မကြာခဏဆိုသလို ပြန်ပြန် အမှတ်ရမိနေတတ်ရတဲ့ မှတ်မှတ်ရရ 'တွေ့ဆုံပွဲ'တခုကတော့- ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံရပွဲ-လို့ပဲ ဆိုလိုက်ချင်ပါတယ်။ ပြည်သူ့တိုးတက်ရေးပါတီဘက်က အစ်ကိုကြီးကိုလှရွှေ၊ ကိုမြင့်ဦးသစ်(ကိုကိုးကျွန်းပြန်)နဲ့ကျွန်တော်တို့ဟာ NLD ပါတီက အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်မှာပဲ တွေ့ဆုံဆွေးနွေးဖြစ်ခဲ့ကြတာ ဖြစ်ပါတယ်။ ၁၉၈၉ ခုနှစ် ဇွန်လ (၁၅)ရက်နေ့လို့ပဲ မှတ်မိနေပါတယ်။ အဓိကက NLD နဲ့ မဟာမိတ်ပါတီ (၄၁)ပါတီအကြား-တပ်ပေါင်းစု ဖွဲ့ရေး။ NLD ခေါင်းဆောင်တဲ့ နိုင်ငံရေးပါတီတပ်ပေါင်းစုကြီး အမြန်ဆုံးဖွဲ့စည်းပေါ်ပေါက်လာရေးကိစ္စဖြစ်ပြီး၊ နောက်ထပ်ကိစ္စတခုလို့ဆိုရမှာကတော့- လူဘောင်သစ် ဥက္ကဋ္ဌ-မိုးသီးဇွန်ရဲ့ 'NLD သို့အိတ်ဖွင့်ပေးစာ'ကိစ္စမှာ ပြည်သူ့တိုးတက်ရေးပါတီက(အထူးသဖြင့်-ဦးခင်မောင်မြင့် (သို့မဟုတ်)ကိုလှရွှေ က) နောက်ကွယ်ကနေ မြှောက်ထိုးပင့်ကော် လုပ်ပေးခြင်း ရှိ/ မရှိ-ဆိုတာလဲ တပိုင်းတစ ပါဝင်နေခဲ့ပါတယ်။ အဲဒီနေ့က ကိုလှရွှေအပါ-ကျွန်တော်တို့(၃)ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည် ရဲ့တွေ့ဆုံပွဲဟာ ထင်မှတ်ထားတာထက်ကို အချိန်တွေအများကြီးကြာခဲ့ကြပါတယ်။ အပြန်အလှန်ပြောကြဆိုကြနဲ့ ခန့်မှန်းခြေ (၁)နာရီခွဲလောက်တောင် ကြာလိမ့်မယ်လို့ထင်မိပါတယ်။ အဲဒီတုန်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ကိုယ်ရေးအတွင်းရေးမှူးဖြစ်နေတဲ့ မသီဂီက- " အစည်းအဝေးအတွက် အပြင်မှာ ဥက္ကဋ္ဌကြီးတို့တွေ ရောက်နေပြီ-အချိန်ကရောက်နေပြီ-" " အချိန်က တော်တော်တောင်ကျော်နေပြီ-"နဲ့ အခန်းထဲကို ဝင်ဝင်လာပြီး သတိပေးပြောဆိုတာ (၂)ကြိမ်လောက်တောင် ရှိခဲ့ပေမဲ့၊ ဒေါ်အောင်ဆန်းစုကြည်က- " ဒီမှာကလဲ စကားတွေက ပြောကောင်းနေတယ်။ ထပ်ပြီး ခဏလောက်စောင့်ပေးဖို့ပြောလိုက်ပါဦး-"

နဲ့ပြန်လည် ပြောဆိုကာ၊ စကားတွေ ဆက်လက်ပြောဆိုခဲ့ပါတယ်။ အကျဉ်းရုံးပြောရရင်- ဒေါ်အောင်ဆန်းစုကြည်က " တပ်ပေါင်းစု ဖွဲ့စည်းရေးကို လက်ခံပါတယ်။ဖွဲ့စည်းရေးအတွက်လဲ ပြင်ဆင်နေပါတယ်။ ဒါပေမဲ့- တကယ့်တပ်ပေါင်းစုမျိုး ဖြစ်စေချင်တယ်။ အမတ်ခွဲတမ်းအတွက် တပ်ပေါင်းစုမျိုးတော့ မဖြစ်စေချင်ဘူး-"ဆိုတဲ့သဘောမျိုးနဲ့ ဆွေးနွေးပြောဆိုခဲ့ပါတယ်။ တပ်ပေါင်းစု ဖွဲ့စည်းရေးနဲ့ပတ်သက်ပြီး တော်တော်ကို ရှည်ရှည်ဝေးဝေး အချိန်ကြာကြာ ပြောဆိုဖြစ်ခဲ့ပါတယ်။ ထုံးစံအတိုင်း- စကားတွေကို အရှည်ဆုံးပြောဆိုတာကတော့- အစ်ကိုကြီးကိုလှရွှေ ပါပဲ။ ကိုမြင့်ဦးသစ်ကြီးကလဲ အထိုက်အလျောက် ပြောဆိုဆွေးနွေးခဲ့ပြီး၊ ဒေါ်အောင်ဆန်းစုကြည်ကလဲ တော်တော်လေးကို စိတ်ဝင်စားစွာ ဂရုတစိုက် နားထောင်နေခဲ့ရင်း၊ သူ့ဘက်က သူ့စဉ်းစားထားချက်တွေကို ပြောဆိုခဲ့တာ ရှိပါတယ်။ [ဒါတွေကို အကြောင်းသင့်ရင်-ပြန်လည်ရေးပြဖို့လိုအပ်လာရင်- တချိန်ချိန်မှာ ပြန်လည်ရေးပြကောင်း ရေးပြပါ့မယ်။ အခုတော့- ခဏ ထားလိုက်ပါဦးတော့-]

နောက်ဆုံးတော့- မိုးသီးဇွန်ရဲ့အိတ်ဖွင့်ပေးစာနဲ့ပတ်သက်ပြီး၊ နောက်ကွယ်က 'ပြည်သူ့တိုးတက်ရေးပါတီ' ပါမပါနဲ့ပတ်သက်ပြီး ပြန်လည်ပြောဆိုဖြစ်ခဲ့ရာမှာတော့- အစ်ကိုကြီးကိုလှရွှေရဲ့ ပြောလိုက်သံနဲ့ ပြောလိုက်ဟန်ဟာ တကယ့်ကို မမေ့နိုင်စရာပါပဲ။ အခုချိန်အထိ ရံဖန်ရံခါ ပြန်လည်သတိရမိနေရင်း ပြုံးချင်စရာ ဖြစ်ခဲ့ရပါတယ်။ အတူပါလာခဲ့တဲ့ ကိုမြင့်ဦးသစ်ကြီးလဲ အခုချိန်အထိ မှတ်မိနေဖြစ်လိမ့်မယ်ထင်ပါတယ်။ အဲဒါကတော့-" ဒီမှာ ဒေါ်အောင်ဆန်းစုကြည်- လူငယ်တွေခေါင်းထဲ ပွိုင်ဇင်(poison) ခပ်တဲ့အလုပ်မျိုး- ကျွန်တော်တို့ဘယ်တော့မှမလုပ်ဘူး။ အဲဒီလိုအလုပ်မျိုး ဘယ်တော့မှမလုပ်ဘူး-" တဲ့။ ဒေါ်စုက ပြုံးစစနဲ့ ပြောလက်စစကားတွေ ဆက်လက်ပြောဆိုနေခဲ့ရာ၊ မသိင်္ဂီ ထပ်ဝင်လာပြီး-"အချိန်တွေကတော်တော်ကျော်နေပြီ.. ဥက္ကဋ္ဌကြီးတို့တွေ ထိုင်စောင့်နေကြတာ ကြာနေပြီ.." လို့ထပ်မံပြောဆိုလာလေမှပဲ ကျွန်တော်တို့နဲ့ ဒေါ်စုရဲ့တွေ့ဆုံပွဲက ပြီးစီးလက်စသတ်နိုင်ခဲ့ကြပါတယ်။ အပြင်ဖက်ဆီ လှမ်းကြည့်လိုက်တော့- ဦးကြည်မောင်၊ ဦးလွင်နဲ့ ဦးချစ်ခိုင်တို့ဟာ အိမ်ရှေ့က ထိုင်ခုံလေးတွေမှာငုတ်တုတ်ထိုင်နေကြပြီး၊ ဗိုလ်ချုပ်ကြီးဟောင်းတင်ဦးသာ မိုးတိုးမတ်တပ် မတ်တပ်ရပ်လျက်သားတွေ့လိုက်ရပါတယ်။ ကျွန်တော်တို့သုံးဦးသား ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ဧည့်ခန်းထဲက ပြန်ထွက်လာတော့- ဦးတင်ဦးက" ရဲဘော်ကြီးတို့ တော်တော် စကားပြောကောင်း-ဆွေးနွေးကောင်းနေကြတယ်ထင်တယ်.." လို့တောင် ပြုံးစစနဲ့မှတ်ချက်ပြု နှုတ်ဆက်လိုက်တာ ကြားလိုက်ကြရပါသေးတယ်။

အဲဒီနေ့က ကျွန်တော်တို့သုံးဦးသား အမှတ်(၅၄)ခြံဝင်းကြီးရဲ့အပြင်ဘက်ကို ရောက်လေတော့ ကျွန်တော်က အစ်ကိုကြီးကို " အစ်ကိုကြီးနှယ်-ဒေါ်စုကို ပြောတာ ဗမာလိုပြောလဲ အကုန်ဗမာလို ပြောရောပေါ့၊ အခုတော့- လူငယ်တွေခေါင်းထဲ poison ခပ်တဲ့အလုပ်မျိုး-ဘယ်တော့မှမလုပ်ဘူးလို့ဗျာ.." ဆိုပြီး၊နောက်စစ ပြောလိုက်မိပါတယ်။ သူက ခပ်ပြုံးပြုံးကြီး လုပ်လို့- ။

( ၄ )

မှတ်မှတ်ရရ ပြောရရင်- ဒေါ်အောင်ဆန်းစုကြည်နဲ့အဲဒီ 'တွေ့ဆုံရပွဲ' အပြီး၊ (၁၀)ရက်တိတိအကွာ၊ ဇွန်(၂၅)ရက်နေ့မှာတော့ ကိုလှရွှေရော ဦးခင်မောင်မြင့်ပါ နဝတအစိုးရရဲ့ အစီအစဉ်ရှိရှိ ကြိုတင်ဖမ်းဆီးခြင်းနဲ့ထပ်မံအဖမ်းဆီး ခံလိုက်ရပြီး၊ နိုင်ငံရေးအကျဉ်းသားတွေအဖြစ် ထောင်ထဲ ရောက်ရှိသွားရပြန်ပါတယ်။ ' ၇ ရက် ဇူလိုင် နှစ်ပတ်လည်' နဲ့ 'အာဏာဖီဆန်ရေးလှုပ်ရှားမှု' များအတွက် ကြိုတင်ကာကွယ် နှုတ်ပိတ်တဲ့အနေနဲ့ဖမ်းဆီးလိုက်တာ ဖြစ်ပါတယ်။ ဦးခင်မောင်မြင့်ရော-ကိုလှရွှေဟာ ထင်းရှားတဲ့ ခွပ်ဒေါင်းခေါင်းဆောင်၊ ကျောင်းသားခေါင်းဆောင်ဟောင်းကြီးတွေ မဟုတ်လား။

အဲဒီကတည်းက ကျွန်တော်လဲ ကိုလှရွှေ ရော ဦးခင်မောင်မြင့်နဲ့ပါ၊ ကွဲကွာသွားခဲ့ရရင်း ပြန်လည်ဆုံတွေ့နိုင်ခွင့်မရတော့ရာ၊ နောင် ဘယ်တော့မှလဲ ပြန်လည်ဆုံတွေ့နိုင်ခွင့် မရှိတော့ပါ။ ဦးခင်မောင်မြင့်က (၁၉၉၃ ဖေဖော်ဝါရီ ၁၆ ) ရက်နေ့ကတည်းက အကျဉ်းထောင်ထဲမှာ သူရဲကောင်းပီသစွာ ကျဆုံးသွား ခဲ့လေ

ရာ၊ နှစ်ပေါင်း(၂၈)နှစ်ကျော် ကြာပါပြီ။ အစ်ကိုကြီးကိုလှရွှေနဲ့ကတော့- လူချင်းသာ ပြန်လည် မဆုံတွေ့နိုင်ခဲ့ပေမယ့် ဒီကြားထဲမှာ (၂)ခါတိတိ တယ်လီဖုန်းနဲ့စကားပြောခွင့်ရလိုက်ပါသေးတယ်။ သူက ဆောင်းပါးတွေကိုလဲ အဆက်မပြတ်လိုလို ရေးသားနေပြီဖြစ်ရာ၊ 'အောင်သာ ( PPP )' ဆိုတဲ့ သူ့ကလောင်နဲ့ သူ့ လက်ရာတွေကိုလဲ ဖတ်ရပါတယ်။

(PPP) ဆိုတာက ပြည်သူ့တိုးတက်ရေးပါတီရဲ့ အတိုကောက်ဖြစ်ရာ၊ ပြည်သူ့တိုးတက်ရေးပါတီ အပေါ် သူ့ရဲ့ အလေးအနက်ထားမှုနဲ့သံယောဇဉ်က ဘယ်လောက်ကြီးမားလှသလဲဆိုတာ သူ့ကလောင်နာမည်ကနေ အတိုင်းသားဖေါ်ပြနေပါတယ်။ အောင်သာ(PPP) နာမည်နဲ့ရေးသားခဲ့တဲ့ သူ့ရဲ့ ဆောင်းပါးတွေ စာအုပ်တွေသာမက၊ 'စံအိမ်' 'ဉာဏ်မောင်ချစ်' စတဲ့ ကလောင်ခွဲတွေနဲ့ပါ ရေးသားနေတဲ့ သူ့လက်ရာတွေ တော်တော်များများကိုလဲ အဝေးကနေ ဖတ်နေတွေ့နေခဲ့ရရင်း၊ သူ့ရဲ့ မာန် သူ့ရဲ့ ဟန်တွေကိုပါ အကြောင်း အားလျော်စွာ ကြားနေမြင်နေခဲ့ရပါတယ်။ လူချင်းသာ ပြန်လည်မဆုံတွေ့နိုင်ခဲ့ပေမဲ့၊ စာစောင်စာတန်းတွေထဲမှာ ဓာတ်ပုံနဲ့ဗီဒီယိုရိုက်ချက်ကလစ်လေးထဲမှာ သူ့ရဲ့ သက်ဝင်လှုပ်ရှားနေပုံလေးတွေကို ဟိုမှာ သည်မှာ တွေ့နေခဲ့ရပါသေးတယ်။

သူက ကျွန်တော့်ရဲ့ ထောင်ဝတ္ထုတိုပေါင်းချုပ်စာအုပ်လေးဖြစ်တဲ့ ' ၆-တိုက်မှာ လောက်ကိုက်တာခံဖူးသလား-' ထဲမှာလဲ (၂၀၁၃ တုန်းက ပြည်တွင်းမှာ ဒုတိယအကြိမ်အဖြစ် ပြန်လည်ရိုက်နှိပ် ထုတ်ဝေတဲ့အခါ ) ကျွန်တော်နဲ့ပတ်သက်ပြီး မှတ်မှတ်ထင်ထင် 'အမှာစာ' ရေးသားသွားခဲ့သေးသလို၊ သူ့ရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကြီးဖြစ်တဲ့ ' တော်လှန်ရေးသမားတဦး၏ နိုင်ငံရေးအတ္ထုပ္ပတ္တိ ' စာအုပ်ကြီးထဲမှာလဲ ကျွန်တော်နဲ့ ပတ်သက်ပြီး ကျွန်တော့်နာမည် ကျွန်တော့်အကြောင်း အပိုင်းအစလေးတွေကို မှတ်မှတ်ထင် ထင် ဟိုတစ သည်တစ ထို့ထိဖော်ပြသွားခဲ့တာ ရှိခဲ့ပါသေးတယ်။ ဒီတော့..သူ့ကိုလဲ အစ်ကိုကြီးကိုလှရွှေကိုလဲ ရုပ်ပုံလွှာအဖြစ် ပြန်လည်ဆေးသားတို့ကြည့်ဖို့ ကောက်ကြောင်းဆွဲကြည့်လိုက်မိတဲ့အခါ၊ ကျွန်တော့်ရဲ့ ရင်တွင်းအာရုံထဲမှာတော့- သူ့ကို အလံ (၃)လက်ကြားမှာ ထင်ထင်ရှားရှားတွေ့လိုက်ရပါတယ်။ ပထမဆုံး အလံက သူ အင်မတန်ချစ်မြတ်နိုးလှတဲ့ ကျောင်းသားအလံ- ခွပ်ဒေါင်း ခွပ်ဒေါင်းဆိုတဲ့ ခွပ်ဒေါင်းအလံ။ ဒုတိယအလံက ကမ္ဘာ့ပစ္စည်းမဲ့လူတန်းစားအားလုံးရဲ့ အထိမ်းအမှတ်အလံ- တူတံစဉ်အလံ။ တတိယအလံကတော့- မိုးပြာရောင်နောက်ခံပေါ်က ရွှေဝါရောင်ကြယ်သုံးပွင့်ပါတဲ့အလံ- ပြည်သူ့တိုးတက်ရေးပါတီအလံ-တို့ပဲ ဖြစ်ပါတယ်။ အလံ (၃)လက်ကြားမှာ သူ့ရုပ်ပုံဟာ ဂုဏ်ယူမှုအပြည့်နဲ့ရှိနေတာ ဖျတ်ခနဲ ဖျတ်ခနဲ တွေ့လိုက်ရပါတယ်။ ဒါကြောင့်- ကျွန်တော်ကတော့ သူ့ကို ' ဘိုကလေး ဦးလှရွှေ (သို့မဟုတ် ) အလံ (၃)လက်ကြားကလူ - ' လို့ပဲ ဝိဂြိုလ်ပြုလိုက်ချင်ပါတယ်။

( ၅ )

အခုတော့-တခါက 'ကျောက်နီရုပ်သို့ နှုတ်ဆက်ခြင်းနဲ့ နှုတ်ဆက်ခဲ့ဖူးတဲ့ သူ့ကို- ကျွန်တော်တို့တွေကလဲ ပြန်လည်နှုတ်ဆက်ရမယ့်အချိန်ဟာ ကြေကွဲစရာ ရောက်ရှိလာခဲ့ရပြီ ဖြစ်ပါတယ်။ ထာဝရ ခွဲခွါသွားရရှာပြီ ဖြစ်တဲ့သူ့ကို ပြန်လည်နှုတ်ဆက်လိုက်ရတဲ့ နောက်ဆုံးနှုတ်ဆက်လိုက်ရခြင်းမျိုး ဖြစ်ပါတယ်။ အခု-နှုတ်ဆက်လိုက်ပါပြီ။ ရင်ထဲမှာ ပေါ်လာနေတဲ့ အမှတ်ရစရာ အဖြစ်အပျက်အပိုင်းအစလေးတွေနဲ့အတူ၊ လွမ်းမောစွာ ကြေကွဲစွာ လေးလေးနက်နက် နှုတ်ဆက်လိုက်ပါတယ်။ အစ်ကိုကြီးရေ.. နောက်ဆုံး နှုတ်ဆက်လိုက်ပါတယ်။

ဝင်းတင့်ထွန်း

( ၂၁- ၇- ၂၀၂၁)

# ကိုစိုးမြင့် (ရဲဘော်သိန်းဝင်း) သို့ လွမ်းသူ့ ပန်းခွေ
## ရဲဘော်အေးသန်း



ကိုစိုးမြင့်ဆုံးကြောင်း ရဲဘော်တယောက်က ပို့လိုက်တဲ့သတင်းကို (၂၇ ဇူလိုင် ၂၀၂၁) အင်တာနက်ဖွင့်ဖွင့်ချင်း မထင်မှတ်ဘဲ တွေ့လိုက်ရတော့ ရင်ထဲလစ်ဟာသွားပါတယ်။ ဆုံးရှုံးမှုကြီးလိုက်တာ။ ကိုဇစ်အွန္တရာယ် သတိထားဖို့ ဇန္နဝါရီလလယ်လောက်က ကျွန်တော်သူ့ကို သတိပေးခဲ့သေးတယ်။

" ကိုဇစ်တော့ သတိထားဗျို့။ ထိရင်တော့ ကိုယ့်အသက်အရွယ်နဲ့ မလွယ်ဘူး"

"အင်း ထိရင်တော့မလွယ်ဘူး။ သူကြိုက်တာတွေက ကိုယ့်မှာ အကုန်ရှိနေတာ"

" မရောင်းဘူး ပြောလိုက်ပါ" လို့ ကျွန်တော်ကဆိုတော့ ကိုစိုးမြင့်ကရယ်တယ်။

သူ့မှာက - ကျောက်ကပ်တလုံး အလုပ်မလုပ်လို့ ဆီးဆေးနှစ်မျိုး ပုံမှန်သောက်နေရပြီး ဆိုးမလာအောင် သွေးတိုးဆီးချိုနဲ့ ဝိတ်(ကိုယ်အလေးချိန်) သုံးမျိုး ထိန်းထားရကြောင်း၊ သွေးနဲ့ဆီးချိုက ဆေးနဲ့ အစားဆင်ခြင်လို့ ထိန်းနိုင်တယ်။ ဒူးမကောင်းလို့ လှုပ်ရှားမှုနည်းပြီး ဝိတ်ကထိန်းမရဘူး ဖြစ်နေကြောင်း ပြောဖူးပါတယ်။

မနက်နဲ့ ညနေ တနာရီလောက်တော့ ဖြည်းဖြည်း လမ်းလျှောက်တယ်။ ဒူးကမကောင်းတော့ သိပ်လျှောက်လို့ မရဘူးလို့လည်း ပြောပါတယ်။ ကျောက်ကပ်က ၃၀%ပဲ အလုပ်လုပ်နိုင်တော့တယ်။ ရိုရိုသေသေသုံးရင် ၁၀နှစ်လောက်သုံးလို့ ရနိုင်သေးတယ်လို့ ဆရာဝန်ကပြောကြောင်းလည်း ပြောတယ်။

"ရှိသေရမယ့် အရွယ်တွေပဲ" လို့ ကျွန်တော်က ပြောတော့ ရယ်တယ်။

သူနဲ့ ကျွန်တော် ကမ္ဘာမှုခေတ် နည်းပညာခေတ် ကျေးဇူးကြောင့် on line မှာတွေ့ခွင့်ရတော့ သူပြောတာတွေပါ။

ကိုဇစ်ကပ်ဘေးအောက်မှာ ကိုစိုးမြင့်ဆုံးပါးရပြန်ပြီ။ ရဲဘော်ဟောင်းတွေလည်း တဖြုတ်ဖြုတ် ကြွေကုန်ပြီ။ ရှေ့ခရီးကလည်း ပန်းခင်းလမ်းမဟုတ်ဘူး။ မျိုးဆက်ဟောင်းတွေက မျိုးဆက်သစ်တွေကို တော်လှန်ရေးအမွေပဲ လက်ဆင့်ကမ်းပေးရတော့မှာပါ။

ကိုစိုးမြင့်ဇာတိက မြစ်ဝကျွန်းပေါ် ဟင်္သာတဘက်ကလို့ သိရတယ်။ မိသားစုလိုက် ရန်ကုန်အင်းစိန်မှာ အခြေချပြီး ကြက်မွေးမြူရေးလုပ်တယ်။ ကိုစိုးမြင့်က တိမွေးကုတက္ကသိုလ်ကျောင်းသား။ ၇၄-၇၅-၇၆ လှုပ်ရှားမှုများမှာ တောက်လျှောက်ပါခဲ့တယ်။ သူ့အားကောင်းချက်က ငြိမ်တယ် စွဲမြဲတယ် စိတ်ရှည်တယ်။ ကောက်ရိုးမီးလို ဟုန်းခနဲတောက်ပြီး ငြိမ်းသွားတာမျိုး မဟုတ်ဘူး။ ၇၇-၇၈ ကျောင်းသားလိုင်း စည်းရုံးရေး

လုပ်ငန်းကို ဖောက်ချလုပ်ရင်း (၇၈ ဇူလိုင် ၇ရက်အကြို) အာဒိုင်တီကျောင်းတွင်း တိုက်ပွဲဖော်ထုတ်ရာမှာ အဖြိုအခွဲခံရပြီး အများအပြား ဖမ်းဆီးခံရတယ်။ ဗိုလ်နေဝင်းလက်ထက် တံမြက်စည်းစစ်ဆင်ရေး နဲ့အတူ တပြည်လုံးလိုလိုက လက်ဝဲတက်ကြွလှုပ်ရှားသူများ အများအပြား အဖမ်းခံရချိန်ဖြစ်တယ်။

စဖောက်ခွဲရင်း အဖမ်းခံလိုက်ရတဲ့ ကိုအေးသောင် (ဝါ) ရဲဘော်ထွန်းဝင်း (အာဒိုင်တီ နောက်ဆုံး နှစ်) အပါ ၁၀ ဦး အမှုတွဲမှာ ကိုစိုးမြင့်နဲ့ ကျွန်တော်လည်း အမှုတွဲတတွဲတည်းအဖြစ် ပါဝင်တယ်။ ထောင်ထဲမှာ၂နှစ်လောက် အတူနေလိုက်ရပြီး ၁၉၈၀ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်လွတ်တယ်။ လွတ်ပြီး မကြာလိုက်ပါဘူး။ ဇူလိုင်လထဲမှာ ကိုစိုးမြင့်နဲ့ ကျွန်တော် မိခင်ပါတီရှိရာ ၁၀၈ စစ်ဒေသသို့ တောခိုတယ်။ ကျွန်တော်အပါ အုပ်လိုက်တောခိုလာတဲ့ ရဲဘော် ၆ ယောက်ထဲမှာ ကိုစိုးမြင့်(ရဲဘော်သိန်းဝင်း)ကော သူ့အစ်ကို ကိုလှမြင့်(ရဲဘော်ရန်လင်း)ကော ပါတယ်။ တချို့ရဲဘော်တွေက နောက်မှလိုက်လာကြတယ်။

၁၀၈ စစ်ဒေသ (ရှမ်းပြည်အလယ်ပိုင်း)မှာ ၆ လလောက်အတူနေပြီး ကျွန်တော်နဲ့ကိုလှမြင့်က အရှေ့မြောက် ပန်ဆန်းသို့ ပထမအသုတ်နဲ့ ပါသွားပြီး အရင်ရောက်နှင့်တယ်။ နောက် ၆ လအကြာမှ ဒုတိယအသုတ်နဲ့လိုက်လာတဲ့ ကိုစိုးမြင့်က လမ်းမှာတိုက်ပွဲဖြစ် လူစုကွဲအဖမ်းခံရပြီးနောက် ဒုတိယအကြိမ်ထောင်ပြန်ကျတယ်။ ကိုစိုးမြင့်နဲ့အတူ အဖမ်းခံရတာက ကိုကျော်ဝင်း(ကမ္ဘာပြား)နဲ့မွန္တလေးက ထွန်းအောင်- ထွန်းနောင်(စန်းအောင်-စန်းနောင်) အမြွှာညီအစ်ကိုတို့ ပေါင်းလေးဦးဖြစ်တယ်။ ဒီလိုနဲ့ ကိုစိုးမြင့်နဲ့ ကျွန်တော် လူချင်းကွဲသွားတာ ယနေ့ထက်တိုင် ဖြစ်ပါတယ်။

လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်ပေမယ့် ကျွန်တော်တို့က ထောင်ကျတွေ မဟုတ်ဘူး။ အမှုစစ်ဆေးဆဲ အချုပ်သားတွေပဲဖြစ်တယ်။ ထောင်ဝင်းထဲက သီးသန့်တရားရုံးမှာ ကျွန်တော်တို့အမှုတွေကို ရုံးထုတ်တယ်။ ရန်ကုန်မြို့ထဲကနေ အင်းစိန်ကို ရုံးချိန်းတိုင်း လာတွေ့ရတဲ့ ကျွန်တော့်အမေနဲ့ နမနှစ်ဦးဟာ ကိုစိုးမြင့်မိသားစုနဲ့ ဆွေမျိုးရင်းချာသဖွယ် ရင်းနှီးနေကြပါတယ်။ အင်းစိန်ကို လိုင်းကား ရထားတို့နဲ့လာ၊ ကိုစိုးမြင့်အိမ်မှာ စတည်းချ၊ ကိုစိုးမြင့်အစ်မကြီး ဒေါ်ခင်သန်းနဲ့ တိုးတိုးဖော်။ ကိုစိုးမြင့်အစ်ကိုကြီးတဦး ရှိသေးတယ် (နာမည်တော့ မမှတ်မိတော့ဘူး)။ အပြန်ကျ သူက ကားဂိတ်တို့ ရထားဘူတာရုံတို့အထိ လိုက်ပို့၊ သိပ်မှောင်သွားရင် အိမ်အထိလိုက်ပို့ပါတယ်။

ကိုစိုးမြင့်နဲ့ on line မှာ စဆုံတော့ ကျွန်တော် သတိတရနဲ့ မေးပါတယ်။ အစ်ကိုကြီးက၂၀၁၀ မှာ ဆုံးတယ်။ အစ်မကြီးက ရှိသေးတယ်၊ အတူနေကြောင်း ပြောပါတယ်။ အခုတော့ ကိုစိုးမြင့်လည်း ဆုံးပြီ (အသက် ၆၉နှစ်၊၂၇-၇-၂၀၂၁)။ အစ်မကြီးဒေါ်ခင်သန်းလည်း ကိုစိုးမြင့်နဲ့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးပြီး (အသက် ၈၄နှစ်၊ ၃၀-၇-၂၀၂၁)။ ကျွန်တော့်အမေက ၃၀-၁-၂၀၀၈ အသက်(၈၁ နှစ်)မှာဆုံးတယ်။ အားလုံးကို ပြန်တွေ့ခွင့်မကြုံတော့ပါဘူး။ ကိုစိုးမြင့်ရဲ့ဇနီးလည်း ကျန်းမာရေးမကောင်းဘူးလို့ ကြားရပါတယ်။ ကိုစိုးမြင့်ပြောပြဖူးတဲ့ ခိုင်မြဲတဲ့သစ္စာရှင်အကြောင်း ကျွန်တော် လျှောက်ပြောနေရင် ကိုစိုးမြင့်ကြိုက် မကြိုက်မသိရတဲ့အတွက် မပြောတော့ပါဘူး။ ကျန်ရစ်သူ မိသားစုအားလုံးနဲ့ မြေးတော်မောင် မောင်ပီသထင်တို့ စိတ်ချမ်းသာ ကိုယ်ကျန်းမာ ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့အပ်ပါတယ်။

တလက်စတည်း အမှတ်တရရှိတာက ဆရာဦးတင်ရွှေ(မုံရွာ)ပါ။ သူလည်း အင်းစိန်မှာပဲ နေပါတယ်။ ကျွန်တော်တို့အမှုတွေအားလုံးကို အခကြေးငွေမယူဘဲ လိုက်ပေးခဲ့သူပါ။ ဆရာဦးတင်ရွှေက ကျွန်တော်တို့အမှုတွေ လိုက်ပါဆောင်ရွက်ရင်း ကျွန်တော်တို့ မိသားစုများနဲ့ပါ ရင်းနှီးမှုရှိလာပါတယ်။ ကိုစိုးမြင့်အစ်မကြီးဒေါ်ခင်သန်းဟာ မောင်ဖြစ်သူရဲ့ နိုင်ငံရေးမှုအတွက် လိုက်ပါဆောင်ရွက်ပေးတဲ့ (တကာသခေါင်းဆောင်ဟောင်းနဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဦးဆောင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ အတွင်းရေးမှူးအဖွဲ့ဝင်)ရှေ့နေကြီးဦးတင်ရွှေနဲ့လည်း အတော်အဖွဲ့ကျပါတယ်။ အစ်မကြီးက ဦးတင်ရွှေထံမှ တော်လှန်ရေးဝတ္ထုတွေ ငှားဖတ်ပါတယ်။ ဒါကြောင့်လည်း ထောင်နှစ်ကြီးသမား မောင်ဖြစ်သူကိုစိုးမြင့်အပေါ် အတော်

အနှံ့အတာခံနိုင်တဲ့ ယုံကြည်ချက်ခွန်အား မွေးမြူနိုင်တာဖြစ်ပါလိမ့်မယ်။ ဆရာဦးတင်ရွှေလည်း နဝတ/နအဖ လက်ထက် ထောင်ထဲမှာပဲ ကျဆုံးခဲ့ပါတယ်။

ကိုစိုးမြင့်က ထောင်ထဲမှာ သီချင်းအတော်များများ အသံသွင်းပေးခဲ့တယ်။ သူကိုယ်တိုင်စပ်တာလည်း ရှိတယ်။ သူက notes နဲ့မှတ်ပြီး အပြင်ပို့ထားတဲ့သီချင်းတွေကို သူ့အကို-ကိုလှမြင့်က အသံပြန်သွင်းတယ်။ အတော်များများ ပြည်သူ့အသံက အသံလွှင့်ဖူးပါတယ်။ ဒီအထဲမှာ "ခေါင်းမာသော လူသားများ" ဆိုတဲ့သီချင်းက လူသိများတယ်။ ဒီသီချင်းက ကျဆုံးသွားတဲ့ ရဲဘော်လေးမောင်(ကိုအေးကြိုင်) အသံဝါကြီးနဲ့ သီဆိုသွားတာဖြစ်တယ်။ မူရင်းကဗျာကို တိုက်ထဲက ဝါးဖျာပေါ် သံချွန်နဲ့ ရေးသားစပ်ဆိုခဲ့သူက ကိုတင်ဦးဆိုတဲ့ ရဲဘော်ဖြစ်ပါတယ်။ ကိုစိုးမြင့်က တွေ့ပြီး သီချင်းအဖြစ် အသံသွင်းခဲ့တာပါ။ နောက်လူချင်းတွေ့မှ ဇာတ်ပေါင်းနိုင်ပါတော့တယ်။

ကဗျာဆရာမောင်လူမိုန်ရဲ့ ထောင်ထဲကကဗျာတပုဒ်လည်း ကိုစိုးမြင့်အသံသွင်းပြီး ပြည်သူ့အသံက လွှင့်ခဲ့ဖူးတာရှိတယ်။ (အင်္ကာမဆန် အရိုင်းခေါ်သံ မုန်တိုင်းပြင်းထန်နောက်) ဆိုတာနဲ့အစချီထားတာ မှတ်မိတယ်။ သီချင်းတွေ အတော်များများ သိမ်းထားတာရှိပေမယ့် တချို့လည်း ပျောက်ကုန်ပြီလို့ သိရတယ်။

ကိုစိုးမြင့်က ထောင်ထဲမှာ အားလုံး၂၉ နှစ်ကျော်ကျော် (၃ ခေါက်-၄ မှု) နေခဲ့ရတယ်။ နောက်ဆုံးအခေါက် ၄၈၂၈ အမှုတွဲနဲ့ နေခဲ့ရတာက အကြာဆုံးပဲ။ အတူနေခဲ့ဖူးတဲ့ ဦးဝင်းတင်ကိုယ်တိုင်က တခုတ်တရ လေးစားအသိအမှတ်ပြုခြင်း ခံရသူပါ။ သူ့ကျန်းမာရေးအတွက်လည်း ဦးဝင်းတင်ဆေးခန်းမှာ ပုံမှန်ပြတယ် လို့ သိရပါတယ်။

"တံတားအောက်ကရေတွေလည်း စီးမျောကုန်ပြီ။ ခင်ဗျားက အတော်ခံထားရတာ၊ ရှင်သန်နေတာကိုက အောင်မြင်မှုပါပဲ" လို့ ကျွန်တော်ကပြောတော့ "ကျွန်တော်က ခရီးမသွားနိုင်လို့၊ ဆုံချင်သေးတယ်"

"ကျန်းမာရေး ဂရုစိုက်ပါ၊ အသက်ရှည်အောင်နေပါ၊ ဆုံမှာပါ" လို့ ကျွန်တော် ပြောမိတယ်။

ကျွန်တော်က သူ့ကို စာရေးဖို့ တိုက်တွန်းတယ်။ "ခင်ဗျားတို့က နိမ့်ချလွန်းတယ်၊ တကယ်က ရေးနိုင်တွေးနိုင်အား မြင့်တဲ့လူတွေ" လို့ ကျွန်တော် တိုက်တွန်းတော့ (သမိုင်းကွင်းဆက် ကွက်လပ်တနေရာ ၁၉၇၇-၇၈) မှတ်တမ်းဆောင်းပါးကို သူရေးဖြစ်သွားပါတယ်။ လူသာလင်းဆိုတဲ့ ကလောင်နဲ့ ဘာသာပြန်နဲ့ ဆောင်းပါးတချို့ အခါအားလျော်စွာ ရေးဖြစ်ကြောင်းလည်း ပြောတယ်။ ကိုယ်ရေးမှတ်တမ်း အဖြစ်ရေးဖို့ စိတ်ကူးရှိကြောင်းလည်း ပြောတယ်။ professional အရတော့ မဖြစ်နိုင်ဘူးလို့ နိမ့်နိမ့်ချချဆိုတယ်။

ကိုစိုးမြင့်ဟာ ဗမာပြည်လူထုရဲ့ အခြေအနေကို အနီးကပ်သိမြင် သုံးသပ်နိုင်သူပါ။ ၂၀၂၁ ဇန်နဝါရီလလယ်က သူအမြင်က (လူထုရပ်တည်နေရတဲ့ အခြေအနေက အတော်ဆိုးတယ်။ ဒီနှစ်ထဲမှာ အလိုအလျောက် ပေါက်ကွဲမှုတွေပေါ်ဖို့ သေချာတယ်)(လူထုပေါက်ကွဲမှု ဖြစ်ရင်တော့....ဦးဝင်းတင်လမ်း လိုက်မယ့်သူတွေ ရှေ့တက်လာမယ်ထင်ရတယ်) လို့သုံးသပ်တယ်။

၂၀၂၁ ဧပြီ ၁၁ ကိုစိုးမြင့်မွေးနေ့မှာ မိသားစုနဲ့အတူ ပျော်ရွှင်ချမ်းမြေ့ပါစေ။ ထောင်ထဲမှာ တယောက် မြေပဲ ၃ စေ့နဲ့ ဩဂုတ် ၁၅ ပါတီမွေးနေ့ ကျင်းပခဲ့တာကို သတိရမိကြောင်းနဲ့ ခေတ်တွေလည်း ပြောင်းပြန်ပြီ၊ ကျန်းမာရေးဂရုစိုက်ဖို့ ပြောမိသေးတယ်။

အခုတော့ ရဲဘော်ကြီးကိုစိုးမြင့် ရုတ်တရက် ထွက်ခွာသွားပြီ။ သူဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သားကောင်းတဦး။ ဂုဏ်ရောင်ပြောင်တဲ့ ရာသက်ပန်တော်လှန်ရေးသမား။ မိသားစုနဲ့ရဲဘော်များအပေါ် ထားတဲ့ ချစ်ခြင်းမေတ္တာနဲ့ ရဲဘော်ရဲဘက်သံယောဇဉ်။ အဖိနှိပ်ခံပြည်သူများအတွက် ကိုယ်ကျိုးစွန့် တိုက်ပွဲဝင် စိတ်ဓာတ်။ ထာဝစဉ်ဥဒါန်းတွင်ပါစေ။

အလေးနီဖြင့်

ရဲဘော်အေးသန်း (၃ ဩဂုတ် ၂၀၂၁)

# ထာဝရ တော်လှန်ရေးသမား
# (ဗိုလ်မှူးချစ်ကောင်း နှစ်တစ်ရာပြည့် ဆောင်းပါး)
## ညီစေမင်း

(ရဲဘော်ကျော်ဇံလှ ရဲ့ ပုံနှိပ်ဖော်ပြခြင်းမပြုရသေးတဲ့ ဆောင်းပါးတပုဒ်ပါ။)

(အနှစ်နှစ်ဆယ်မျှ တိုင်းပြည်အတွက်လုပ်လာပြီးနောက် ကျွန်တော်သည် မိမိကိုယ်ကိုယ် ပြန်၍ကြည့်လိုက်သောအခါ ကြိုးတိုက်ထဲကို ရောက်နေသည်ကို တွေ့ရ၏။ ) ဗိုလ်မှူးချစ်ကောင်း

ဒါကတော့ ကိုယ်ကျိုးမဖက် ပြည်သူအတွက် အလုပ်လုပ်လာခဲ့သူ နိုင်ငံရေးသမားတယောက် အနေနဲ့ တနေ့နေ့ တချိန်ချိန် တနေရာရာ အခြေအနေတခုခုအောက်မှာ မလွဲမသွေကြုံတွေ့ရမယ့် အခြေအနေတရပ်ပါ။ ကိုယ်က ကိုယ်ကျိုးမထည့်တွက်၊ ပြည်သူအတွက်ပဲ ရှေးရှုတယ်၊ ပြည်သူ့ဒုက္ခကို ကိုယ့်ဒုက္ခလို့ ယူဆတယ်။ ဒါပေမဲ့ ပြည်သူ့သုခကိုတော့ ကိုယ်လည်းရကောင်းတဲ့သုခလို့ မယူဆ၊ ပြည်သူသာ ပျော်ပါစေပေါ့။ ပြည်သူအတွက် တလျှောက်လုံး ဦးတည်လာခဲ့လေတော့ ပြည်သူတွေ ဒုက္ခရောက်နေချိန်မှာ လက်ပိုက်ကြည့်မနေနိုင်။ ပြည်သူများ ဒုက္ခနွံအတွင်းမှ လွတ်မြောက်ရေးအတွက် အလုပ်လုပ်တယ်။ လှုပ်ရှားတယ်။ တိုက်ပွဲဝင်တယ်။ ပြည်သူအတွက် တိုက်ပွဲဝင်တယ်ဆိုတာ လရောင်အောက်လမ်းလျှောက်ရတာ မဟုတ်။ ဆူးငြောင့်ခလုတ်တွေ ထူပြွမ်းတဲ့ ခယောင်း လမ်းကို လျှောက်ရတယ်။



အဲဒီလမ်းကို လျှောက်လှမ်းတဲ့အခါမှာ အခက်အခဲတွေ တွေ့မယ်။ ဒုက္ခရောက်မယ်။ အသက်စွန့်တန်စွန့်ရမယ်။ ဒါတွေက ပြည်သူ့သူရဲကောင်းတွေ မလွဲမသွေကြုံတွေ့ရမယ့် အခြေအနေတရပ်။ ဒါတွေကိုတွေးပြီး၊ ကြောက်ဒူးတုန်မနေ၊ တွန့်ဆုတ်မနေ လုပ်စရာရှိတာလုပ်တယ်။ စွန့်လွှတ်ရခြင်းဆိုတာက သူ့အတွက် တခုတည်းသော ရလဒ်၊ ဗိုလ်မှူးချစ် ကောင်းဟာ ဒီလိုသူရဲကောင်းမျိုး၊ ဗိုလ်မှူးချစ်ကောင်းရဲ့ဘဝဟာ တိုက်ပွဲတွေနဲ့ ပြည့်လျှမ်းနေတဲ့ဘဝမျိုး။

ဗိုလ်မှူးချစ်ကောင်းကို မြင်းခြံမြောက်ဘက် (၄) မိုင်ခန့်အကွာမှာ ရှိတဲ့ လယ်သစ်ရွာမှာ ၁၉၂၀ အောက်တိုဘာ ၂၀ ရက်နေ့မှာ မွေးဖွားခဲ့ပါတယ်။ လယ်သစ်ဆိုတာ တချိန်က ဆေးရွက်ကြီးစိုက်ပျိုးခဲ့တဲ့ ရွာဖြစ်တယ်။ မြင်းခြံနဲ့လည်း မနီးမဝေးမို့ အဆက် အသွယ်သိပ်မပြတ်ဘူး။ တချိန်က စက်ဘီးနဲ့သွားရင် ကောင်းကောင်းရောက်နိုင်တဲ့ ရွာတရွာပေါ့။ ဗိုလ်မှူးချစ်ကောင်းရဲ့ မိဘများဟာ ဘာလုပ်ကိုင်တယ်ဆိုတာ တိတိကျကျမသိရပေမယ့် မြင်းခြံမြောက်လက်ကျေးရွာသားတို့ ထုံးစံတောင်သူကြီးပဲ ဖြစ်မယ်လို့ ယူဆရ

ပါမယ်။ တောင်သူကြီးဆိုသော်လည်း ခေတ်အမြင်ကျယ်တဲ့ မိဘလို့ဆိုနိုင်ပါတယ်။ အဲဒီခေတ်အခါက ကျေးလက်က ပြည်သူတွေဟာ ပညာရေးကို အားပေးခဲ့ပါတယ်။ ဘုန်းကြီးကျောင်း ဒါမှမဟုတ် ရွာတွင်းမူလတန်းကျောင်းမှာ အခြေခံပညာ သူတို့အဆို သေစာရင်စာလောက် တတ်ရင်တော်ပြီလို့ ယူဆကြပါတယ်။ မိမိသားသမီးကို မြို့မှာ ကျောင်းထားမယ်ဆိုရင် အနည်းဆုံးမြို့မှာ မိမိသားသမီးနေနိုင်အောင် ဆွေမျိုးသားချင်း မိတ်ဆွေ အရင်းအချာရှိရပါမယ်။ ဒါတောင် ကျောင်းစရိတ်အတွက် ပေးနိုင်စွမ်းရှိရပါမယ်။

(ကျွန်တော်အထက်တန်းကျောင်းသားဘဝမှာကို ၁၉၆၀ လွန်နှစ်များက လယ်သစ်က စက်ဘီးနဲ့ ကျောင်းလာတက်သူတွေ ရှိခဲ့ပါတယ်။ ကျွန်တော်နဲ့ တတန်းတည်းတခန်းတည်းမှာကို လယ်သစ်ကလာတက်တဲ့ ကျောင်းသားတယောက်ရှိပါတယ်။ သူက မကြာခဏကျောင်းပျက်တဲ့အတွက် သူ့ကို "လယ်သစ်တယ်လစ်"လို့ အမည်ပြောင် ပေးထားပါတယ်။ ဒါပေမဲ့ တနေ့မှာ သူ့ကို "သူငယ်ချင်း ကျောင်းသိပ်မပျက်ပါနဲ့ကွာ၊ ဗိုလ်မှူးချစ်ကောင်းကို အားနာပါဦး" လို့ ပြောလိုက်တဲ့နေ့ကစပြီး၊ ကျောင်းအပျက်နည်းသွားပါတယ်။ ဒါ ဗိုလ်မှူးချစ်ကောင်းရဲ့ နောက်မျိုးဆက်တွေအပေါ်မှာ သြဇာလွှမ်းမိုးမှုပါ။)

ကိုလိုနီခေတ်ကစ နယ်ချဲ့ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေးတိုက်ပွဲများ၊ ဆင်နွှဲခဲ့ကြတဲ့ ဗိုလ်မှူးချစ်ကောင်း(ဦးစိုးမောင်) နဲ့ တခြားရဲဘော်ကြီးတွေ ချမှတ်ထားခဲ့တဲ့ အစဉ်အလာများဟာ ကနေ့ထက်တိုင် ဆက်လက်ဂုဏ်ရောင်ပြောင်ဆဲပါ။ ကျွန်တော်တို့ကိုယ်တိုင်လည်း သူတို့ကို အားကျတဲ့စိတ်ဓာတ်နဲ့ ခွပ်ဒေါင်းအလံကို ဆက်လက်စွဲကိုင်ပြီး၊ သမဂ္ဂတွေ တရားဝင်ဖွဲ့ခွင့်မရတဲ့ ကာလမှာကို ပြည်သူ့လွတ်မြောက်ရေး ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆက်လက်တောင်းဆိုတိုက်ပွဲ ဝင်ခဲ့ကြတယ်။

ဗိုလ်မှူးချစ်ကောင်းဟာမြင်းခြံအထက်တန်းကျောင်း---မစ်ရှင်စကူးခေါ် သာသနာပြုကျောင်းထွက်ဖြစ်တယ်။ အဲဒီကျောင်းက ယခု အထက (၄) ယခင်မြို့လယ်ကျောင်း တောင်ဘက်က အေဘီအမ် (American Baptist Mission) က တည်ထောင်တဲ့ ကျောင်းဖြစ်တယ်။ ကိုလိုနီခေတ်က အင်္ဂလိပ်စာကို အထူးအသားပေးသင်တဲ့ ကျောင်းဖြစ်တယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းကတော့ ကျောင်းအုပ်ဆရာမကြီးများကို အစွဲပြုပြီး၊ ဒေါ်သိမ်၊ ဒေါ်ခါကျောင်းလို့ အရပ်ခေါ် ခေါ်ခဲ့ကြတယ်။) အဲဒီကျောင်းကပဲ တက္ကသိုလ်ဝင်တန်းကို ဗိုလ်မှူးချစ်ကောင်း အောင်မြင်ခဲ့တယ်လို့ ယူဆရပါတယ်။

ဘာပဲဖြစ်ဖြစ် ဗိုလ်မှူးချစ်ကောင်းဟာ အဲဒီလိုသာသနာပြုကျောင်းမှာပါ ကျောင်းသားသမဂ္ဂ ဖွဲ့စည်းနိုင်ခဲ့တယ်။ ဗိုလ်မှူးချစ်ကောင်းဟာ ကျောင်းသားဘဝကတည်းက စာပေဝါသနာပါ၊ စာပေရေးသားပြုစုခဲ့တယ်လို့ ယူဆရပါတယ်။ ဗိုလ်မှူးချစ်ကောင်းက "မြင်းခြံစိုးမြင့်" ကလောင်အမည်နဲ့ ဒဂုန်မဂ္ဂဇင်းမှာ ရေးသားခဲ့တဲ့ "နွားသိုးလောက" ဆောင်းပါးကြောင့် ဗြိတိသျှအစိုးရက မြန်မာစာပေသမိုင်းမှာ အစဉ်အလာကြီးမားခဲ့တဲ့ ဒဂုန်မဂ္ဂဇင်းကို အာမခံတောင်းခဲ့တယ်။ ဒဂုန်မဂ္ဂဇင်းက အာမခံမတင်ဘဲ ထုတ်ဝေမှုရပ်ဆိုင်းခဲ့ရတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ဗိုလ်မှူးချစ်ကောင်းရဲ့ စာပေလက်နက်ဟာ နယ်ချဲ့အစိုးရကို ဘယ်လောက်အထိ ထိုးချက်ပြင်းခဲ့သလဲဆိုတာ သိနိုင်တယ်။

ဗိုလ်မှူးချစ်ကောင်းဟာ ဂျပန်တော်လှန်ရေးမှသည် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးအထိ တိုက်ပွဲအစဉ်အဆက်မှာ ဦးဆောင်ပါဝင်ခဲ့သူဖြစ်တယ်။ သူ့ဘဝဟာ တိုက်ပွဲများနဲ့ ပြည့်လျှမ်းနေတဲ့ဘဝဖြစ်တယ်။ ဒါပေမဲ့ တဖက်ကလည်း ကြားကမြေဇာပင်သဖွယ် ပြည်တွင်းစစ်ကြားမှာ အပြစ်မဲ့ပြည်သူတွေကို ထောက်ထားစာနာတဲ့အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း လိုလားတယ်။ ပြည်တွင်းစစ်ရပ်စဲရေး နည်းလမ်းအဖုံဖုံ တင်ပြတဲ့အထဲမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဦးဆောင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့က တင်ပြတဲ့ သူမနာကိုယ်မနာ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာသည့်နည်းကလွဲပြီး၊ ကျန်တဲ့လမ်းစဉ်တွေဟာ လက်နက်ချ အညံ့ခံရေး လမ်းစဉ်သာဖြစ်တယ်။

အဲဒီအချိန်က ဖဆပလအစိုးရဟာ မိမိအရေးနိမ့်နေချိန် ရန်ကုန်အစိုးရသာသာဖြစ်နေချိန်မှာ လက်ဝဲအင်အားစုများကို မြူဆွယ်တဲ့အနေနဲ့ လက်ဝဲညီညွတ်ရေးခေါင်းစဉ်နဲ့ လက်ဝဲအင်အားစုတွေနဲ့ ငြိမ်းချမ်းရေးရ

ယူဖို့ ကြိုးပမ်းခဲ့တယ်။ တကယ်တမ်း ရည်ရွယ်ချက်က လောလောဆယ်အကျပ်အတည်းမှ လွတ်ရာနည်းပရိယာယ်တရပ်ပဲဖြစ်တယ်။ ၁၉၆၂ မတ်လ ၂ ရက်နေ့မှာ ဗိုလ်နေဝင်းရဲ့စစ်အုပ်စုမှာ ပြည်သူ့ဆန္ဒနဲ့အညီ ရွေးကောက် တင်မြှောက်ထားတဲ့အစိုးရကို အင်အားသုံးဖြုတ်ချခဲ့တာကို ပြည်သူလူထုက မကျေမနပ်ဖြစ်လာမှာကို ဆင်ဝှေ့ရန်ရှောင်လုပ်တဲ့အနေနဲ့ ပထမ ၃၃ ဦး ပါတီစုံအကြံပေးကော်မတီ ဖွဲ့တယ်။ နောက်ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးဆိုတာကို ကမ်းလှမ်းလာပြန်တယ်။ ဒါကလည်း ပြည်သူလူထုကို လှည့်ဖြားမယ့် နည်းပရိယာယ်တခုဖြစ်တယ်။ အဲဒီမှာ ပြည်သူလူထု အခြေခံတောင်းဆိုချက်ကို မျက်ကွယ်ပြုပြီး၊ ကရင်ကို ကော်သူးလေပြောင်းလဲတဲ့ အပေါ်ယံအချက်ကိုသာ လိုက်လျောပြီး ကရင်တော်လှန်ရေးအဖွဲ့ထဲက တစိတ်တပိုင်းလောက်ကို ဖဲ့ယူနိုင်ခဲ့တယ်။

၁၉၆၃ ငြိမ်းချမ်းရေးဆွေးနွေးပွဲရဲ့ အဓိကရည်ရွယ်ချက်က အပေါ်ယံလိုက်လျောမှုတွေပေးပြီး တော်လှန်ရေးအင်အားစုတွေကို ရနိုင်သမျှဖဲ့ထုတ်ဖို့ ရည်ရွယ်တာပဲဖြစ်တယ်။ (ဒီရည်ရွယ်ချက်ရှိကြောင်း နောက်ပိုင်းဖြစ်ရပ်တွေက သက်သေပြနေတယ်။ ဒါကြောင့်ဆွေးနွေးပွဲကနေ စစ်အစိုးရ အမြတ်ရသင့်သလောက် ရခဲ့တယ်လို့ ဆိုနိုင်ပါတယ်။) ပြည်တွင်းစစ်ဒဏ်ကို ဆယ်နှစ်ဆယ်မိုး ခံစားခဲ့ရတဲ့ပြည်သူတွေကလည်း အစစ်အမှန်ငြိမ်းချမ်းရေးကို လိုလားတောင့်တနေပါပြီ။ ဒါကြောင့်မြန်မာ နိုင်ငံအောက်ပိုင်း ၆ ခရိုင်ဆန္ဒပြပွဲ၊ အထက်မြန်မာပြည် ၇ ခရိုင် ငြိမ်းချမ်းရေးဆန္ဒပြပွဲတွေမှာ ပြည်သူလူထုအင်အား သောင်းကျော်ပါ ဝင်ဆင်နွှဲခဲ့ကြတယ်။ အပြင်ကဝန်းရံနေတဲ့ ပြည်သူလူထုကြီးကလည်း ဆန္ဒပြပြည်သူတွေအတွက် အလှူပယ်ထမင်းထုပ်တွေ ပေးဝေခြင်းအားဖြင့် ငြိမ်းချမ်းရေးဆန္ဒကို ဖော်ပြခဲ့ကြတယ်။ ဒါပေမဲ့ အထက်မြန်မာပြည် ၇ ခရိုင်ဆန္ဒပြပွဲကြီး ချီတက်လာစဉ်အတွင်းမှာပဲ ဆွေးနွေးပွဲပျက်သုဉ်းတဲ့အကြောင်း သတင်းတွေရတယ်။ (ဒါပေမဲ့ ကျွန်တော်တို့ မြင်းခြံခရိုင် ဗကသအပါအဝင် ဆန္ဒပြသူများဟာ မန္တလေးစုရပ် အိမ်တော်ရာဘုရား သံတန်ဆောင်းထဲရောက်သည်အထိ မဆုတ်မနစ် ချီတက်ခဲ့ကြပါတယ်။)

ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပခြင်းနဲ့ပတ်သက်ပြီး၊ အဲဒီအချိန်က ဗိုလ်နေဝင်းအစိုးရမှာ အခြား ရည်ရွယ်ချက်တခုရှိပါသေးတယ်။ အဲဒီရည်ရွယ်ချက်ကတော့ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေဟာ ငြိမ်းချမ်းရေးကို လိုလားသူမဟုတ်၊ သူတို့သာ ငြိမ်းချမ်းရေး လိုလားသူတွေဖြစ်တယ်လို့ ပြည်သူလူထုကို ထင်ယောင်ထင်မှားဖြစ်အောင် နားလှည့်ပါးရိုက်လုပ်ဖို့ပါ။ (ဒါပေမဲ့ ပြည်သူလူထုဟာ သူတို့ထင်သလောက် မအကြပါ။)

ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်သွားတဲ့နောက်မှာတော့ ဆိုရှယ်လစ်မင်းသား ခေါင်းဆောင်းထားတဲ့ စစ်အစိုးရရဲ့ ဘီလူးရုပ် အထင်းသားပေါ်လာတယ်။ ဆန့်ကျင်ဘက်အင်အားစုတွေမှန်သမျှ လက်ဝဲလက်ယာ မခွဲခြားဘဲ အားလုံးကို သိမ်းကျုံးဖမ်းဆီး ထောင်ထဲပို့လိုက်ခြင်းပါပဲ။ (တချိန်က ဝိဓူရသခင်ချစ်မောင်တို့ စကား ကိုးကားရမယ်ဆိုရင်တော့ ဒီအထဲမှာ လက်ဝဲသမားများ အနာဆုံးပါ။) ဒီနောက်ပိုင်းပတ် သုတ်သင်ချေမှုန်းရေးစစ်တွေ ဆင်နွှဲတော့တာပါပဲ။ ဒီလိုအခြေအနေမျိုးမှာ ဗိုလ်မှူးချစ်ကောင်းဟာ ဗမာပြည်ကွန်မြူနစ်ပါတီအပေါ် သစ္စာရှိသူ တယောက်ပီပီ၊ အများတကာတွေ ပြုနိုင်ခဲတဲ့ လက်နက် ကိုင်တော်လှန်ရေးအတွင်း ပြန်လည်ဝင်ရောက်လာခြင်းဖြစ်တယ်။ ဗိုလ်မှူးချစ်ကောင်းဟာ မိခင်ပါတီနဲ့အတူ မပြီးဆုံးသေးတဲ့ လက်နက်ကိုင် တော်လှန်ရေး ဆင်နွှဲရင်း တိုက်ပွဲတွင်းမှာပဲ ဂိုဏ်ရောင်ပြောင်စွာ ကျဆုံးသွားရတာပါ။ တကယ်လို့သာ ပါတီအပေါ်သစ္စာမရှိဘဲ ဖောက်ပြန်ရေးသမားတွေနဲ့သာ ပူးပေါင်းလိုက်မယ်ဆိုရင် ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတွေ ဘယ်လိုဆုလာဘ် ရနိုင်တယ်ဆိုတာ ဆန့်ကျင်ဘက်အရာများက ပြဆိုနေပါတယ်။ ဘာပဲဖြစ်ဖြစ် ဗိုလ်မှူးချစ်ကောင်းဟာ အသက်စွန့်လွှတ်သွားရသော်လည်း ပြည်သူလူထုတွေရဲ့ အသဲနှလုံးမှာ ယနေ့တိုင် ကိန်းအောင်းဆဲပါ။ မီးရှူးတန်ဆောင်ကြီး လို ထာဝစဉ်ထွန်းလင်းလမ်းပြဆဲပါ။

ဗိုလ်မှူးချစ်ကောင်းစိတ်ဓာတ် အဓွန့်ရှည်ပါစေ။

ညီစေမင်း` ၂၀ အောက်တိုဘာ၊ ၂၀၂၀။

ဗမာပြည် ကွန်မြူနစ်ပါတီရဲ့
သားကောင်းရတနာ
ရဲခေါင်ပြောက်ကျား သခင်သန်းဖေ
(တော်လှန်ရေး ရုပ်ပုံလွှာ)
မောင်လှဝင်း(မြင်းခြံ)



ဗမာပြည်ကွန်မြူနစ်ပါတီပါတီရဲ့ "တော်လှန်ရေးဂျာနယ်"(၁၉၅၀ ခုနှစ်ထုတ်)ထဲမှာ ဒို့ခေါင်းဆောင်ကြီး သခင်သန်းဖေဆိုတဲ့ ဆောင်းပါးကို ဖော်ပြခဲ့ဖူးတယ်။ ဆောင်းပါးရဲ့အဆုံးသတ်မှာ (သူ၏အမည်သည် ရာဇဝင်တွင် စာတင်ရပေအံ့)လို့ ဥဒါန်းကျူးရင့်ခဲ့တယ်။

ဂျာနယ်ကျော်ဒေါ်မမလေးဟာ သူ့ရဲ့ "သွေး"နဲ့ "ရင်နင့်အောင်မွေး"ဝတ္ထုတွေ ဂျပန်ဘာသာပြန်ဆိုဖို့နဲ့ ရုပ်ရှင်ရိုက်ဖို့ ကိစ္စတွေနဲ့စပ်လျဉ်းပြီး ဂျပန်ပြည်ကို သွားရောက်ခဲ့တယ်။ ဗမာပြည် စစ်အတွင်းကာလတုန်းက ကင်ပေတိုင်စစ်ဗိုလ်လုပ်ခဲ့ဖူးတဲ့ ဂျပန်တယောက်နဲ့ ဂျပန်ပြည်မှာတွေ့ဆုံမိတော့ "သခင်သန်းဖေရှိသေးလား"လို့ စိတ်ဝင်တစား မေးမြန်းတယ်။ ဂျာနယ်ကျော် ဒေါ်မမလေးက "မရှိတော့ဘူး"လို့ ပြန်ဖြေတော့ အဲဒီကင်ပေတိုင်စစ်ဗိုလ်ဟောင်းက "အဲဒီသခင်သန်းဖေဟာ လူမဟုတ်ဘူး။ နတ်ဘီလူး"ဆိုပြီး အံ့သြ ချီးမွမ်း ပြောဆိုခဲ့ဖူးတယ်။

သူ့ကို ဖြူးသခင်သန်းဖေလို့ လူသိများတယ်။ တချို့ကတော့ သခင်သန်းဖေ(တောင်ငူ)လို့ ရေးသားဖော်ပြတယ်။

တိုင်းပြည်လွတ်လပ်ရေးရပြီးရင် စစ်ရေးတာဝန်ကို မယူတော့ဘဲ နိုင်ငံရေးကိုပဲ နှစ်မြှုပ်လုပ်မယ်လို့ ဗိုလ်ချုပ်အောင်ဆန်း စဉ်းစားခဲ့ဖူးတယ်။အဲဒီအခါ စစ်တပ်အတွက် စိတ်ချရအောင် စစ်တပ်ကို ခေါင်းဆောင်သွားနိုင်မယ့်သူကို ဗမာပြည်ကွန်မြူနစ်ပါတီထံက သူတောင်းတယ်။ ပထမဆုံး နာမည်တပ်ပြီး သူ တောင်းတဲ့သူက သခင်ဗဟိန်းပဲ။ သခင်သန်းထွန်းက သခင်ဗဟိန်းကိုတော့ မပေးနိုင်ဘူးဆိုတော့ ဒုတိယ သူတောင်းတာက ဖြူး-သခင်သန်းဖေ။ ပါတီရဲ့ အားအကိုးရဆုံး အရေးပါတဲ့ ခေါင်းဆောင်တွေချည်း သခင်

အောင်ဆန်းက လိုချင်နေတာမို့ သခင်သန်းထွန်းကလည်း ဘယ်လိုမှ ပေးလို့မဖြစ်ကြောင်း ရှင်းပြရတယ်။ ဒါက တကြိမ်။

နောက်တကြိမ်က လွတ်လပ်ရေးရပြီးလို့ အစိုးရဖွဲ့ရင် ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်၂ ယောက်ကို ဝန်ကြီးအဖြစ် ဗိုလ်ချုပ်အောင်ဆန်းက ထည့်ထားချင်တယ်။ တယောက်က သခင်သန်းထွန်း၊ နောက်တယောက်က ဖြူး-သခင်သန်းဖေ။ ဗိုလ်ချုပ်အောင်ဆန်းဟာ မကျဆုံးမီ ၂ လလောက်အလိုမှာ ဒီကိစ္စအပါ၊ ရှေ့လုပ်ငန်းတွေအတွက် သခင်သန်းဖေနဲ့ အချိန် ၅ နာရီလောက်ကြာအောင် တွေ့ဆုံဆွေးနွေးခဲ့တာလည်း ရှိတယ်။ ဒီအချက်တွေက သခင်သန်းဖေဟာ ဗမာပြည်သူတရပ်လုံးအတွက် တိုင်းပြည်အတွက် အလွန် အရေးပါတဲ့ခေါင်းဆောင်တယောက်ဖြစ်ကြောင်းသခင်အောင်ဆန်းကဲ့သို့သောလုပ်ဖော်ကိုင်ဖက်ခေါင်းဆောင်တွေကလည်း အလွန်အားကိုး ယုံကြည်ကြောင်း ဖော်ပြနေတယ်။

သူ့ရဲ့နိုင်ငံရေးဘဝကို ကြည့်မယ်ဆိုရင် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ၊ ဒို့ဗမာအစည်းအရုံးဝင်သခင်၊ ၁၃၀၀ ပြည့်အရေးတော်ပုံရဲ့ အသေခံဗိုလ်၊ ၁၃၀၀ ပြည့်အရေးတော်ပုံမှာ ပါခဲ့တဲ့အတွက် ကိုလိုနီခေတ် အကျဉ်းသား၊ ဂျပန်ခေတ်ကျတော့ ၊ ဒို့ဗမာ ဆင်းရဲသားအစည်းအရုံးရဲ့ လူငယ်တာဝန်ခံ၊ ဂျပန်ဖက်ဆစ်တွေရဲ့ ကင်ပေတိုင်အကျဉ်းသား။ ကင်ပေတိုင်ရဲ့ အကျဉ်းသားဘဝမှာ နတ်ဘီလူးသခင်သန်းဖေ၊ သံမဏိ သခင်သန်းဖေလို့လဲ နာမည်ကျော်ခဲ့တယ်။ သခင်ဗဟိန်းနဲ့အတူ တွဲဖက်ပြီး ဂျပန်တော်လှန်ရေးအတွက် ရဲခေါင်ပြောက်ကျားများကို စည်းရုံးပြီး ဦးဆောင်တိုက်ပွဲဝင်ခဲ့သူ၊ ၁၉၄၅ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီ ဒုတိယကွန်ဂရက်ရဲ့ဗဟိုကော်မတီဝင်။ ထိုမှုသာမက ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်။ ၁၉၄၇ခုနှစ် ဖြူးကွန်ဂရက်မှာ ဗမာနိုင်ငံတောင်သူလယ်သမားသမဂ္ဂကြီးရဲ့အထွေထွေအတွင်းရေးမှူး၊ ၁၉၄၇ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ကွန်မြူနစ်အမတ်။ ပြည်သူ့ဒီမိုကရေစီလက်နက်ကိုင်တော်လှန်ရေးကို ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်မှာ စတင်တော့လည်း ပျဉ်းမနားတောင်ငူဒေသတဝိုက် သခင်သန်းထွန်း ဦးဆောင်ပြီး လက်နက်ကိုင်အခြေခံစခန်းများ ထူထောင်ကာ တိုက်ပွဲဝင်နိုင်အောင် အစစအရာရာ ပြင်ဆင် စည်းရုံးပေးခဲ့ရသူ။ ဒီအချက်တွေကိုကြည့်ရင် သခင်သန်းဖေဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အားထားရတဲ့ ခေါင်းဆောင်ကောင်းတယောက်နဲ့ သားကောင်းရတနာတဦးဖြစ်တယ်ဆိုတာ ပေါ်လွင်ထင်ရှားလှပါတယ်။

အဲဒီခေတ်က ထုတ်ဝေခဲ့တဲ့ သတင်းစာတွေကို ကြည့်လိုက်မယ်ဆိုရင်လည်း တောင်သူလယ်သမားညီလာခံတွေ၊ လယ်သမားစည်းရုံးရေးနဲ့ ဟောပြောပွဲတွေ၊ သတင်းစာရှင်းလင်းပွဲတွေ၊ ပါတီလုပ်ငန်းဖော်ပြချက်တွေမှာ သခင်သန်းထွန်းနဲ့ သခင်သန်းဖေတို့ တပူးတွဲတွဲ လက်တွဲဆောင်ရွက်နေပုံတွေကို မှတ်တမ်းအဖြစ် တွေ့ရှိရပါတယ်။

ကမ္ဘာပေါ်မှာ ရုရှားပစ္စည်းမဲ့လူတန်းစားတို့ရဲ့အောင်ပွဲအဖြစ် ဆိုဗီယက်ယူနီယံကြီး ပေါ်ထွန်းလာခဲ့တဲ့ ၁၉၁၇ ခုနှစ်မှာပဲ သခင်သန်းဖေကို တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မုံးမြို့ကလေးမှာ ဖွားမြင်ခဲ့တာပါ။ သူ့မိဘတွေကတော့ အရောင်းအဝယ်လုပ်ငန်းလုပ်တဲ့ ဦးဘရင်နဲ့ ဒေါ်စောတို့ ဖြစ်ကြပါတယ်။ (တော်လှန်ရေးဂျာနယ်မှာတော့ သခင်သန်းဖေရဲ့ မိဘများအမည်ကို ဦးဘအိုနဲ့ ဒေါ်စောတင်လို့ ဖော်ပြထားပါတယ်။) သခင်သန်းဖေဟာ ဖြူးမြို့ အမျိုးသားကျောင်းမှာ (၇) တန်းအထိ သင်ကြားခဲ့တယ်။ အဲဒီနောက် ပဲခူးမြို့ အစိုးရအထက်တန်းကျောင်းမှာ ပညာဆက်သင်ခဲ့ပြီး အဲဒီကျောင်းကနေ (၁၀) တန်းအောင်ခဲ့ပါတယ်။ ကျောင်းသားဘဝကတည်းက ထူးချွန်ထက်မြက်သူဖြစ်လို့ ကျောင်းသားသမဂ္ဂရဲ့ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံရတယ်။ ကျောင်းဘောလုံးအသင်းမှာလည်း ကပ္ပတိန်ဖြစ်ခဲ့သူပါ။ မှန်တဲ့အလုပ်ကို လုပ်မယ်ဆိုရင် ဘယ်တော့မှ နောက်မတွန့်တတ်သူအဖြစ် ကျောင်းသားလောကမှာ နာမည်ကြီးခဲ့ပါတယ်။

၁၉၃၈ ခုနှစ်။ ကျောင်းက ထွက်ပြီး ဒို့ဗမာအစည်းအရုံးထဲ ဝင်လိုက်တယ်။ သခင်သန်းဖေ ဖြစ်လာတယ်။ အဲဒီအချိန်က ၁၃၀၀ ပြည့်အရေးတော်ပုံကြီး ဖြစ်တည်ပေါက်ဖွားလာနေတဲ့အချိန်ပါ။ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးအတွင်း ပါဝင်ပြီး ရှုပ်ရှုပ်ချွချွတိုက်ပွဲဝင်ဖို့အသေခံစာရင်းပေးကြရန် ခေါင်းဆောင်တွေ

က တောင်းဆိုလာတယ်။ သခင်သန်းဖေဟာ အသေခံဗိုလ်စာရင်းမှာ ရှေ့ဆုံးတန်းက စာရင်းပေးပြီး တိုက်ပွဲဝင်ခဲ့သူဖြစ်တယ်။ သူဟာ နိုင်ငံရေးအတွင်း အသက်အသေခံ မဆုတ်မနစ်လုပ်ဆောင်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ခြေစုံပစ် ဝင်လာခဲ့သူပါ။

၁၃၀၀ ပြည့်အရေးတော်ပုံကြီးအတွင်း တိုက်ပွဲဝင်ခဲ့ရမှာ သူဟာ အသက်မသေပေမယ့် ထောင်ချခံလိုက်ရပါတယ်။ ထောင်က လွတ်လာတဲ့အခါ လယ်သမားတိုက်ပွဲများကို စည်းရုံးကာ အဆက်မပြတ်ခေါင်းဆောင်လာခဲ့ပါတယ်။ လယ်သမားတွေကို စည်းရုံးတဲ့အခါ လူတန်းစားရန်သူတွေရဲ့ အနှောင့်အယှက်ပေးမှုတွေ ကြုံရပါတယ်။ လယ်သမားတွေအတွင်း လူတန်းစားတိုက်ပွဲတွေ ဆင်နွှဲရင်း လယ်သမားလူတန်းစားကို စည်းရုံးခဲ့ရတာပါ။ တိုက်ပွဲဖော်ခဲ့ရတာပါ။

ဘီအိုင်အေခေတ်မှာကျတော့ သခင်သန်းဖေဟာ မလိုလားအပ်တဲ့ အဓိကရုဏ်းတွေ တားဆီးရေးအတွက် စွန့်စွန့်စားစား ဆောင်ရွက်ရပြန်တယ်။ ကုလားဗမာ အဓိကရုဏ်း ကရင်ဗမာ အဓိကရုဏ်းတွေ ငြိမ်းအေးစေဖို့ အစွမ်းကုန် လုံးပန်းခဲ့ရပါတယ်။ ကုလားလယ်သမားရွာတွေ မီးရှို့၊ ကျွဲနွား ရှစ်ထောင်ကျော်လုယူ၊ လူတွေသတ် စတဲ့ ဖက်ဆစ် ကင်ပေတိုင်တို့ရဲ့ ညှဉ်းပန်းနှိပ်စက်မှုများကို တွန်းလှန်ကာ လူထုကို ကယ်တင်ရပါတယ်။ ကရင်အမျိုးသားတို့ကို သတ်ဖြတ်တဲ့ ကရင်သတ်သမား ညန်လေးစတဲ့ ဓားပြများကို သခင်သန်းဖေက ရဲရင့်ပြတ်သားစွာ တိုက်ခိုက်သုတ်သင်ပေးခဲ့ရပါတယ်။

ဒီလို လုပ်ဆောင်ခဲ့လို့ ဂျပန်ကင်ပေတိုင် အချုပ်ခန်းမှာ ရက်လရှည်ကြာစွာ ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရတာပါ။ ရိုက်နက် နှိပ်စက်တာသာမက လက်သည်းခွာတာ၊ ရှော့တိုက်တာ၊ ရေနွေးပူလောင်းတာ၊ ဗိုက်ပေါ် ကြွက်အရှင်ထည့်ထားတဲ့အိုးကို မှောက်ပြီး ကြွက်ကိုက်ခိုင်းတာ စတဲ့လူမဆန်တဲ့ ဖက်ဆစ်နှိပ်စက်မှုများကို ယုံကြည်ချက်ပြတ်သားခြင်း၊ ပြည်သူတွေနဲ့ရဲဘော်ရဲဘက်တွေအပေါ် သစ္စာရှိခြင်းဆိုတဲ့ စိတ်ဓာတ်နဲ့ အနိုင်ယူကျော်ဖြတ်နိုင်ခဲ့လို့ သံမဏိသခင်သန်းဖေ၊ နတ်ဘီလူးသခင်သန်းဖေလို့ ကျော်ကြားလာခဲ့တာပါ။ "မင်းတို့လက်မှာတော့ အသေမခံဘူးကွ"ဆိုပြီး နံရံကို ခေါင်းနဲ့ပစ်တိုက်လို့ ခေါင်းဟက်တက် ကွဲတဲ့အခါ ဂျပန်ဖက်ဆစ်ကင်ပေတိုင်တွေ တုန်လှုပ်သွားကြရပါတယ်။ "ဂျပန်ကင်ပေတိုင်အဖွဲ့မှ အကျဉ်းသားနှိပ်စက်သူ ပုဂ္ဂိုလ်တချို့ကတောင် ဒီလောက်ခံနိုင်တာ လူမှ ဟုတ်ရဲ့လားလို့ လေးစားကြောက်ရွံ့ခဲ့ရတဲ့ သခင်သန်းဖေ၊ ကွန်မြူနစ်သခင်သန်းဖေပါ။ ဖက်ဆစ်ဂျပန်များရဲ့ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်လိုက်တဲ့ ဒဏ်တွေကြောင့် သခင်သန်းဖေမှာ အတွင်းကျေကျေကာ သူ့ဘဝတလျှောက်လုံး အသက်ရှူမဝတဲ့ရောဂါ ရရှိခံစားလာခဲ့ရပါတယ်။ ဒါပေမဲ့ သူကား မမှု။ သူ့ကို မြန်မာလယ်သမားများကသာမက ဇေယျဝတီ ကုလားလယ်သမားများနဲ့ တောင်ငူဒေသ အရှေ့တောင် ကရင်အမျိုးသားများရဲ့ နှလုံးသားထဲမှာ ထာဝရ ထင်ဟပ်နေကာ ဒို့ခေါင်းဆောင်ကြီးလို့ အားကိုးအားထားပြုကာ အသဲစွဲခဲ့ကြပါတယ်။

သူ့ဦးဆောင်မှုအောက်မှာ တောင်ငူခရိုင်လယ်သမားထုဟာ မြေရှင်စနစ်ကို အောက်ခြေမှုစပြီး ယိမ်းယိုင်သွားအောင် တိုက်ပွဲဝင်နိုင်ခဲ့ကြတယ်။ သူ့ခေါင်းဆောင်မှုအောက်မှာပဲ ရာထောင်မကတဲ့ ဇေယျဝတီကုလားအလုပ်သမားများနဲ့ မြန်မာအလုပ်သမားများ၊ မြောက်မြားလှတဲ့ လယ်သူမများဟာ ယောက်ျားများနဲ့ရင်ဘောင်တန်းပြီး လယ်သမားညီလာခံများ၊ အင်အားပြပွဲများ ဆင်နွှဲခဲ့ကြတယ်။ လယ်သမားထုရဲ့ ညီညွတ်စည်းလုံးမှုကို ထုတ်ဖော်ပြသခဲ့ကြတယ်။

ဒီလို လယ်သမားထုကို ခိုင်ခိုင်မာမာ စည်းရုံးနိုင်ခဲ့လို့လည်း ဖက်ဆစ်တော်လှန်ရေးစစ်ပွဲ စတင်တဲ့အချိန်မှာ တောင်ငူပြောက်ကျားဒေသကို ဖော်ဆောင်နိုင်ခဲ့တာပါ။ ကမ္ဘာ့ဖက်ဆစ်တော်လှန်ရေးနဲ့ ဗမာပြည်က ဖက်ဆစ်တော်လှန်ရေး၊ ဗမာပြည်က ဖက်ဆစ်တော်လှန်ရေးနဲ့ တောင်ငူပြောက်ကျားများရဲ့ အစွမ်းသတ္တိ၊ တောင်ငူပြောက်ကျားများနဲ့ သခင်သန်းဖေ။ ဒီအရာအားလုံးဟာ တခုနဲ့တခု ခွဲခြားမရဘဲ ဆက်စပ်နေခဲ့တာပါ။ ပါတီရဲ့တောင်ငူခရိုင်ပြောက်ကျားတပ်ဖွဲ့မှာ ကရင်၊ မြန်မာ၊ ရှမ်း၊ တရုတ်၊ ကုလားစသဖြင့် လူမျိုးစုံပါဝင်ပြီး တစတစနဲ့ အင်အား ၁၅၀၀ ခန့်ထိ တိုးပွားလာခဲ့ပါတယ်။ သခင်သန်းဖေ စည်းရုံးပြင်ဆင်ထားတဲ့

ဒီတောင်ငူပြောက်ကျားအခြေခံစခန်းကို ၁၉၄၄ ခုနှစ် ဩဂုတ်လမှာ သခင်ဗဟိန်း ရောက်ရှိလာခဲ့ပါတယ်။ ၁၉၄၅ ခု မတ်လ ၁၈ ရက်နေ့မှာတော့ သခင်သန်းထွန်း ကိုယ်တိုင် တောင်ငူခရိုင်ပြောက်ကျားဒေသသကို လာရောက်ဦးစီးပါတယ်။ ပါတီရဲ့ခေါင်းဆောင်မှုအောက်မှာ တောင်ငူပြောက်ကျားဒေသအတွင်း ဖက်ဆစ်ဂျပန်တို့ကို အောက်ပါအတိုင်း ချေမှုန်းသုတ်သင်နိုင်ခဲ့ပါတယ်။

ဂျပန် ၇၁၅၉ ယောက်သေ။

၂၇၀၃ ယောက် ဒဏ်ရာရ။

သုံ့ပန်း ၅၃၈ ယောက် မိခဲ့တယ်။

ဂျပန်လက်နက် ၂၅၀၀ ခန့်။ အင်္ဂလိပ်လက်နက် ၄၀၀ ခန့်နဲ့ တခြားစစ်သုံးပစ္စည်းများကို သိမ်းပိုက်ရရှိခဲ့ပါတယ်။ ဒီလိုအောင်ပွဲခံခဲ့တဲ့ တောင်ငူဒေသပါတီခေါင်းဆောင်မှုအောက်က ရဲခေါင်ပြောက်ကျားတွေ အကြောင်းကို ရဲဘော်အောင်မြင့်(ဖြူး) က သမိုင်းမှတ်တမ်းတင်စာအုပ် တအုပ်ရေးသားခဲ့ပြီး အဲဒီစာအုပ်မှာ သခင်သန်းဖေက တောင်ငူခရိုင်ပြောက်ကျားဒေသ စစ်ကောင်စီဥက္ကဋ္ဌအနေနဲ့ အမှာစာ ရေးပေးခဲ့ပါတယ်။

၁၉၄၅ ခုနှစ် ဇူလိုင်လမှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဒုတိယပါတီကွန်ဂရက်ကို ကျင်းပခဲ့ပါတယ်။ သခင်သန်းဖေကတော့ ဖက်ဆစ်ဂျပန်တွေကို သဲသဲမဲမဲ မောင်းနှင်ထုတ်နေရတဲ့ အချိန်ဖြစ်တာမို့ ဒုတိယကွန်ဂရက်သို့ တက်ရောက်နိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါပေမဲ့ သခင်သန်းဖေဟာ ထူးခြားပြောင်မြောက်တဲ့ နိုင်ငံရေးနဲ့စစ်ရေးဘက်က ရှေ့ဆောင်မှုကို လက်တွေ့တိုက်ပွဲများအတွင်း အခိုင်အမာ ပြသနိုင်ခဲ့သူဖြစ်တာကြောင့် သူမတက်ရောက်နိုင်တဲ့ ပါတီဒုတိယအကြိမ်မြောက်ကွန်ဂရက်က သူ့ကို ပါတီဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်တင်မြှောက်လိုက်ကြပါတယ်။

၁၉၄၇ ခုနှစ် မတ်လအတွင်း ကျင်းပတဲ့ ဖြူးကွန်ဂရက်က ဗမာနိုင်ငံတောင်သူ လယ်သမားသမဂ္ဂကြီးရဲ့ အထွေထွေအတွင်းရေးမှူးအဖြစ် သူ့ကို ရွေးချယ်တင်မြှောက်ပေးလိုက်ပြန်ပါတယ်။ ဖြူးကွန်ဂရက် ပျဉ်းမနာကွန်ဂရက်တို့ ဆိုတာ ဗမာပြည်မှာ အကြီးဆုံးတေသာ တောင်သူလယ်သမားညီလာခံကြီးတွေ ဖြစ်ကြပါတယ်။ ဒီလိုလယ်သမားကွန်ဂရက်တွေ ကျင်းပနိုင်ဖို့ သခင်သန်းဖေပဲ အပြင်းအထန် လုံးပန်းအားစိုက် ဆောင်ရွက်ခဲ့ရတာပါ။ ကျောက်ဆည်မှာ ကျင်းပတဲ့လယ်သမားညီလာခံမှာ သခင်သန်းဖေက သူ့ဟောပြောမှုနဲ့ပတ်သက်ပြီး "ကျုပ်တော့ တအားကြိတ်လိုက်တာပဲ။ နဖူးကချွေးတွေတောင် ပေါင်အထိတောက်လျှောက် စီးကျနေတာ။ အူတွေရော ပြုတ်ကျရောလို့ အောက်မေ့လိုက်တယ်။ ဒါပေမဲ့ ပြုတ်ကျလို့ သေကာမှသေရော ကြိုးစားပြီး ရှင်းရမှာပဲ"လို့ ပြောပြခဲ့ပါတယ်။ အသံတိုးသွားလိုက် ကျယ်လာလိုက် အားတက်သရော စိတ်ရောကိုယ်ပါ ဟောပြောတဲ့ သူ့ဟောပြောချက်တွေကို လယ်သမားထုကြီးက သဘောကျနှစ်ခြိုက်ခဲ့ကြပါတယ်။ "သခင်သန်းဖေလာပြီး ဟောပြောမယ်ဆိုရင်တော့ ကျုပ်တို့ကို လက်မတို့ဘဲ မနေကြပါနဲ့နော်"လို့ တောင်သူလယ်သမားတွေအတွင်း ပြောစမှတ်တွင်ခဲ့တဲ့အထိ စည်းရုံးရေးကောင်းမွန်ခဲ့တဲ့ သခင်သန်းဖေပါ။ ဒါကြောင့်လဲ ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုလွှတ်တော်အတွက် ကိုယ်စားလှယ်လောင်းတွေ ရွေးကောက်ပွဲမှာ သခင်သန်းဖေဟာ လယ်သမားထုရဲ့ တခဲနက်ထောက်ခံမှုနဲ့ ကွန်မြူနစ်လွှတ်တော်အမတ် ဖြစ်လာပြန်ပါတယ်။ လွှတ်တော်တွင်းမှာ နယ်ချဲ့သမားနဲ့ ပတ်သက်တဲ့သဘောထား၊ လွှတ်လပ်ရေးနဲ့ ပတ်သက်တဲ့သဘောထားတွေကို ကွန်မြူနစ်လွှတ်တော်အမတ်တွေအားလုံးရဲ့ ကိုယ်စား သခင်သန်းဖေက ပါတီရပ်ခံချက်အတိုင်း ရှင်းလင်းပြတ်သားစွာ လွှတ်တော်စင်မြင့်မှာ တင်ပြပြောဆိုခဲ့ပါတယ်။

သခင်သန်းဖေရဲ့ လွှတ်တော်တွင်းမိန့်ခွန်းတွေကို ပါတီရဲ့ သဘောထားရပ်တည်ချက်အဖြစ် ယခုတိုင် အကိုးအကား ပြုနေရဆဲ ဖြစ်ပါတယ်။

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပတဲ့ အိန္ဒိယနိုင်ငံ မှာ ကျင်းပပြီး အခြားကွန်မြူနစ်ပါတီများ တက်ရောက်တဲ့ အိန္ဒိယကွန်မြူနစ်ပါတီကွန်ဂရက်သို့ သခင်သန်းထွန်းခေါင်းဆောင်တဲ့ ဗမာပြည်ကွန်မြူနစ်

ပါတီကိုယ်စားလှယ်အဖွဲ့မှာ အဖွဲ့ဝင်တဦးအဖြစ်တက်ရောက်ရန် အရွေးချယ်ခံရပြီး သွားတက်ခဲ့ရပါသေးတယ်။

၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့မှာ သခင်န အမှူးပြုတဲ့ တိုင်းပြည်သစ္စာဖောက် နယ်ချဲ့လက်ဝေခံ ဖဆပလ ရုပ်သေးအစိုးရဟာ ပြည်သူလူထုရဲ့ ရှေ့ဆောင်တပ်ဦးပါတီဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကို ထိုးစစ်ဆင် တိုက်ခိုက်လာပါတယ်။ ပြည်သူ့ဒီမိုကရေစီကို ရိုက်ချိုးပြီး ဒီလို အကြမ်းဖက် ဖိနှိပ် နှိမ်နင်းလာတဲ့ ရန်သူကို အကြမ်းဖက် တုံ့ပြန်တိုက်ခိုက်ရမယ်ဆိုတဲ့ ပါတီလမ်းညွှန်ချက်နဲ့ ၁၉၄၈ ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေးကြီး စတင်ပေါက်ဖွားလာခဲ့ပါတယ်။

တောင်ငူခရိုင်မှာက ပါတီခေါင်းဆောင်တဖွဲ့လုံးလိုလိုဟာ ရန်သူရဲ့ လက်ဦးမှုရှိရှိ ဖမ်းဆီးခြင်းကို ခံလိုက်ရပါတယ်။ ဒါကြောင့် တောင်ငူခရိုင်လူထုရဲ့ အသဲစွဲ သခင်သန်းဖေပဲ တောင်ငူခရိုင်ရဲ့ ပြည်သူ့ဒီမိုကရေစီလက်နက်ကိုင်တော်လှန်ရေးကို သွားရောက်ဦးဆောင်ရပြန်ပါတယ်။ ရန်သူက ခေါင်းဆောင်တဖွဲ့လုံးကို ဖမ်းဆီးသွားလို့ ဖရိုဖရဲဖြစ်နေတဲ့ တောင်ငူခရိုင်တော်လှန်ရေးအင်အားစုများကို သခင်သန်းဖေကပဲ စနစ်တကျ ပြန်လည်စုစည်းကာ လက်နက်ကိုင်တိုက်ပွဲများကို ဖော်ထုတ်ဆင်နွှဲခဲ့ပါတယ်။ သခင်သန်းထွန်း လာရောက်ပြီး ပျဉ်းမနားတောင်ညိုဒေသတဝိုက်နဲ့ တောင်ငူပဲခူးဒေသတဝိုက် ပါတီရဲ့ တော်လှန်ရေးအခြေခံစခန်းများ ဖွင့်လှစ်နိုင်ဖို့အတွက် သခင်သန်းဖေက မဆုတ်မနစ် လုံးပန်းအားထုတ် ပြင်ဆင်ပေးခဲ့ရပါတယ်။ ဒါကြောင့် တောင်ငူခရိုင် လွတ်မြောက်ဒေသဟာလည်း လျင်မြန်စွာ ကျယ်ဝန်းလာပြီး အင်အားကြီးမားစွာဖြင့် ရန်သူက ချေမှုန်းဖို့ ကြိုးစားတာကိုလည်း တုံ့ပြန်ချေမှုန်းနိုင်ခဲ့ပါတယ်။ သခင်သန်းဖေကိုယ်တိုင် ဦးစီးတိုက်ခဲ့တဲ့ အောင်ပွဲရ တိုက်ပွဲကြီးတွေ ရှိခဲ့ပါတယ်။

လက်နက်ကိုင်တော်လှန်ရေး ၂ လတာအတွင်း သူဟာ မနားမနေ အအိပ်ပျက် အစားပျက် အဆင်းရဲအပင်ပန်းခံ လုံးပန်းတိုက်ပွဲဝင်ခဲ့တာပါ။ ဒီကာလအတွင်း သူ့ဇနီးကိုလည်း ရန်သူက ဖမ်းဆီးရမိသွားပြီး နှိပ်စက်ညှဉ်းပန်းခဲ့ပါတယ်။ သခင်သန်းဖေကိုယ်တိုင်လည်း ဂျပန်ကင်ပေတိုင်တို့ နှိပ်စက်ညှဉ်းပန်းခဲ့တဲ့ ဒဏ်ရာဒဏ်ချက်ဟောင်းတွေ ပြန်ပေါ်လာတာရော၊ ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေးအတွက် ဆင်းဆင်းရဲရဲ စွန့်စွန့်စားစား ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ ပင်ပန်းမှုဒဏ်တွေရော စုပေါင်းဖိစီးပြီး အိပ်ရာထက် ဗုန်းဗုန်းလဲတဲ့အခြေ ဆိုက်ရောက်သွားခဲ့ပါတယ်။ အိပ်ရာထက် လဲနေလျက်ကလည်း စာနဲ့ရေးပြီး တော်လှန်ရေးကို ခေါင်းဆောင်နေပါသေးတယ်။ စာရေးလို့တောင် မဖြစ်နိုင်တော့တဲ့အထိ ကျန်းမာရေးပိုမို ဆိုးရွားလာတာတောင် သူ့ပါးစပ်က ပြောတာတွေကို လိုက်ရေးစေပြီး တော်လှန်ရေးကို ဆက်လက်ဦးဆောင်မှုပေးနေပြန်ပါတယ်။

၁၉၄၈ ခု၊ ဇွန်လ ၆ ရက်နေ့ ည ၁၀ နာရီ။ သူမွေးဖွားခဲ့ရှာ မုံးမြို့ကလေးနဲ့ ၈ မိုင်အကွာ တောပုရွာကလေးမှာ ပြည်သူလူထုရဲ့ အသဲစွဲခေါင်းဆောင်လည်းဖြစ်၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သားကောင်းရတနာ တဦးလည်းဖြစ်သူ သခင်သန်းဖေဟာ မပြီးဆုံးသေးတဲ့ တော်လှန်ရေးတာဝန်တွေကို သံယောစဉ် တငင်ငင် ဖြစ်နေရင်းက တော်လှန်ရေးလမ်းခုလတ်မှာ ကျဆုံးသွားခဲ့ရပါတယ်။

ပြည်သူလူထုနဲ့ ပါတီအတွက် အကောင်းဆုံး သားကောင်းရတနာတဦး ဆုံးရှုံးရခြင်းဆိုသည့် ဤဆုံးရှုံးမှုကား ကြီးစွတကား။

(သူ၏အမည်သည် ရာဇဝင်တွင် စာတင်ရပေအံ့။ ။)

## (သခင်ဘဟိန်းကွယ်လွန်ခြင်း ၇၅ နှစ်မြောက် အထိမ်းအမှတ်)
## မော်ကွန်းတိုက်သုတေသီတဦး




(၁)

"တော်လှန်ရေး မဆုံးမီ ကွယ်လွန်ရရှာသည့် - အယ်ဒီတာချုပ်- ရဲဘော်ဘဟိန်း" ဆိုတဲ့ ခေါင်းစီးနဲ့ သခင်ဘဟိန်းကွယ်လွန်မှု ဝမ်းနည်းအထိမ်းအမှတ် စာတမ်းကို "ပြည်သူ့အာဏာ" အတွဲ ၂၊ အမှတ် ၂၀။ (၂၃-၁၁-၄၆) မှာ ဖော်ပြခဲ့တယ်။

ငါတို့ ပြည်သူ့အာဏာ အယ်ဒီတာချုပ်ဖြစ်သော ရဲဘော်ဘဟိန်းသည် ၂၀ -၁၁-၄၆ ရက်နေ့နံနက် ၆ နာရီ အချိန်တွင် မန္တလေးမြို့ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ခဲ့လေပြီ။

ရဲဘော်ဘဟိန်းသည် ငါတို့ဆရာဖြစ်သည်။

ရဲဘော်ဘဟိန်းသည် ငါတို့ခေါင်းဆောင်ဖြစ်သည်။

ထို့ကြောင့်ငါတို့သည် ယူကျုံးမရ တသသဝမ်းနည်းခြင်းဖြစ်ကြရသည်။ ရဲဘော်ဘဟိန်း ကွယ်လွန်ခြင်းသည် ငါတို့အဘို့ ကြီးစွာသော ဆုံးရှုံးခြင်းပင် ဖြစ်သည်။

ငါတို့အဘို့သာလျှင်မဟုတ်သေး ဗမာပြည်အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသားနင်းပြား လူထုကြီးအဘို့ရာတွင်လည်း ဆုံးရှုံးခြင်းဖြစ်ပေသည်။ ရဲဘော်ဘဟိန်း ရှိစဉ်အခါက အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသား၊ နင်းပြားလူထုကြီး၏ အကျိုးကို ကျောင်းသားဘဝကတည်းကပင် ရဲရဲကြီးရှေ့ဆောင်ခဲ့သည်။

၁၃၀၀ ပြည့်အထွေထွေသပိတ်ကြီးပေါ်ခဲ့ရာ ရဲဘော်ဘဟိန်းသည် ရေနံမြေသို့ သွားရောက်ခါ ရေနံမြေ အလုပ်သမားတို့၏ သပိတ်ကြီးကိုခေါင်းဆောင်လုပ်ခဲ့၍ ပထမဦးစွာနယ်ချဲ့သမား၏ အကျဉ်းထောင်အတွင်း၌ ကျရောက်သက်ဆင်းခဲ့ရသည်။ ထောင်တွင်းမှာ ခနရှင်လောကဟူသော စာအုပ်ကိုရေးသားခြင်းဖြင့် ပစ္စည်းမဲ့လူတန်းစားတို့၏ မှန်သောဘဝကို ဖော်ပြလျက် အလင်းရောင်ပေးခဲ့လေသည်။ ကျောင်းမှ ထွက်ပြီးသည့်နောက်တွင်လည်း သခင်ဘဝဖြင့် တိုင်းပြည်ကို ခေါင်းဆောင်ခဲ့ပြန်သည်။ သခင်ဘဝနှင့် အလုပ်သမား၊ လယ်သမားတို့၏ တပ်ဦးအစစ်ဖြစ်သော ကွန်မြူနစ်ပါတီကို ထူထောင်ရန်ကြိုးစားရာတွင် ပါဝင်ခဲ့သူဖြစ်သည်။ ထိုအခါက ရဲဘော်ဘဟိန်းသည် အရေးတော်ပုံစာတမ်း၊ မီးပွားစသော စာစောင်စာတမ်းများကို လျှို့ဝှက်စွာထုတ်ဝေခဲ့သည်။

သခင်ဘဝဖြင့် ဒုတိယအကြိမ်မြောက် နယ်ချဲ့သမားတို့၏ ထောင်သွင်းအကျဉ်းချထားခြင်းကို ခံရပြန်သည်။ အင်္ဂလိပ်အစိုးရထွက်ပြေးမှ လွတ်တော့သည်။ ဂျပန်ခေတ်အတွင်းသို့ ရောက်သည့်အခါတွင်လည်း ရဲဘော်ဘဟိန်းသည် ဂျပန်တော်လှန်ရေးအတွက် မနေမနားကြိုးစားခဲ့သည်။ နောက်ဆုံး၌ တောင်ငူ

နယ်တွင် ပြောက်ကျားတပ်များကို စည်းရုံးကာ ကြီးမားသောအင်အားဖြင့် ကိုယ်တိုင်ပါဝင် တိုက်ခိုက်ခဲ့သည်။ ဂျပန်များအား မောင်းထုတ်ပြီးသည့်နောက် ရဲဘော်ဘဟိန်းသည် ဗမာပြည်လုံးဆိုင်ရာ အလုပ်သမားသမဂ္ဂဥက္ကဋ္ဌအဖြစ်၎င်း၊ ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုလူကြီးအဖြစ်၎င်း၊ ပစ္စည်းမဲ့အရေးကို ရှေ့ဆောင်ခဲ့ပေသည်။

ရဲဘော်ဘဟိန်းသည်ကြီးလေးသော တာဝန်များကို ဆက်တိုက်ထမ်းဆောင်ခဲ့ရာတွင် ခရီးမဆုံးမီ ကွယ်လွန်အနိစ္စရောက်ခဲ့ရပြီတကား။ ရဲဘော်ဘဟိန်းရည်မှန်းသော ခရီးမဆုံးမီ ကွယ်လွန်ခဲ့ရ၍ ငါတို့တွင် ကြီးစွာ ပူပင်သောကဖြစ်ရသော်လည်း ငါတို့သည် ရဲဘော်ဘဟိန်း၏ တော်လှန်ရေးဝိဉာဉ်ကို ဆက်ခံကာ အပြီးသတ်အောင်ပွဲဆင်သည်အထိ ခရီးလမ်းဆုံးအောင် ဆက်လက်ဆင်နွှဲသွားမည်ဟု အဓိဋ္ဌာန်ပြု လိုက်ပါ၏။ နိုဝင်ဘာ ၂၇ ရက်နေ့တွင် (ရဲဘော်ဘဟိန်းချီးကျူးပွဲ) များ ဗမာပြည်လုံးကျင်းပကြလော့။

ရဲဘော်ဘဟိန်းအား အလေးနီပြုပါ၏။

(မူရင်း သတ်ပုံအတိုင်း)

(၂)

သခင်ဗဟိန်းကွယ်လွန်သွားပြီးနောက် ရက်သတ္တတပတ်ပြည့်မြောက်တဲ့ နိုဝင်ဘာ ၂၇ ရက်နံနက် ၈ နာရီအချိန်၊ ရန်ကုန်မြို့နေသူရိန်ရုံကြီးမှာ သခင်ဘဟိန်းချီးကျူးပွဲကျင်းပရာ အဖွဲ့အသီးသီးနဲ့ မြို့သူမြို့သားများ ရုံပြည့်လျှံသွားအောင် တက်ရောက်လာခဲ့ကြတယ်။ အဲဒီနောက်ပန်းခွေချကြတယ်။

သခင်ဘဟိန်းချီးကျူးပွဲကို သခင်ဘသိန်းတင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး သဘာပတိမိန့်ခွန်းပြောရာမှာ "သခင်ဘဟိန်းသည် ကျောင်းသားခေါင်းဆောင်ဘဝနှင့်လည်းကောင်း၊ ပါတီခေါင်း ဆောင်ဘဝနှင့်လည်းကောင်း၊ အမျိုးသားခေါင်းဆောင်ဘဝနှင့်လည်းကောင်း သေဆုံးသည်အထိ သစ္စာ မဖောက် အပြစ်အနာအဆာမရှိ သန့်သန့်ရှင်းရှင်းဆောင်ရွက်သွားခဲ့သူဖြစ်၍ ချီးကျူးဖွယ်ပင်ဖြစ် ကြောင်း" အစချီပြောကြားတယ်။

အဲဒီနောက် "ငယ်ရွယ်သူဖြစ်သော်လည်း နိုင်ငံရေးအယူအဆမှန်ကြောင်း၊ စွန့်စားစိတ်ရှိကြောင်း၊ မိတ်ဆွေအဖြစ်ဖြင့် ဆက်ဆံရာတွင် အားနာသညာတာသလောက် နိုင်ငံရေးအယူအဆတွင် အားမနာမညှာ တာဘဲ ဝေဖန်ပြောဆိုတတ်သူဖြစ်ကြောင်း" ပြောကြားပြီး အောက်ပါအတိုင်း တိုင်တန်းမှာကြားသန္နိဋ္ဌာန်ချလိုက်ပါတယ်။

"ရဲဘော်ဘဟိန်း ငါတို့သည် ပါတီ၏တည်မြဲရေးအတွက် အပြင်းအထန်တိုက်နေရပြီ။ ရဲဘော်မရှိ၍ များစွာဝမ်းနည်းသည်။ သို့ရာတွင် ရဲဘော်ယုံကြည်ခဲ့သော ငါတို့ပါတီတည်တံ့ရေးအတွက် အသက်နှင့် လဲ၍ ဆောင်ရွက်သွားမည်"။

"ရဲဘော်ဘဟိန်း ရဲဘော်၏အလုပ်သမားလူတန်းစားကို ရန်သူဝိုင်း၍နေချိန်တွင် ရဲဘော်၏ ခေါင်းဆောင်မှုဆုံးရှုံး၍ ငါတို့ယူကျုံးမရဖြစ်ရပြီ။ သို့ရာတွင် ငါတို့သည် အလုပ်သမားအရေးကို ပြင်းပြင်းထန်ထန် ဆက်လက်၍ တိုက်သွားပါအံ့"။

"ရဲဘော်ဘဟိန်း ရဲဘော်သာ အသက်ရှင်လျက်ရှိပါမူ နယ်ချဲ့သမားအား အရှုံးမပေး။ ငါတို့နှင့်အတူ ဆက်လက်၍ ပြတ်ပြတ်သတ်သတ် တိုက်သွားမည်ဟု ယုံကြည်သည်။ ငါတို့ကား ဆက်လက်၍ တိုက်သွားမည်။ ယခုဖြစ်ပေါ်နေသော ညီအစ်ကိုအချင်းချင်း တိုက်ပွဲများကို အဆုံးသတ်ရန် ငါတို့ဆောင်ရွက်သွားပါမည်"။

ရဲဘော်ဘဟိန်းအား အဖွဲ့အစည်းအသီးသီးက ဝစီကံအားဖြင့် ချီးကျူးခြင်းထက် ရဲဘော်ဘဟိန်းယုံကြည်သော ဆင်းရဲသားနင်းပြားတို့၏ တိုက်ပွဲကို ကာယကံမြောက် အောင်မြင်ရန် ကူညီဆောင်ရွက်ခြင်းက ပိုမို၍ ရောက်မည်ဖြစ်ကြောင်း နိဂုံးချုပ်ပြောကြားလိုက်တယ်။

ဖဆပလအဖွဲ့ချုပ်မှ သခင်နုက သခင်ဘဟိန်းအားသူရဲ့ လုပ်ငန်းများအား ကာယကံမြောက် ဆက်လက်ဆောင်ရွက်ခြင်းဖြင့် သူ့ကိုချီးကျူးသွားကြဖို့ သဘာပတိရဲ့ပြောဆိုချက်ကို သဘောတူကြောင်း၊ သခင်ဘဟိန်းဟာ ရဲရင့်တဲ့ သတ္တိရှိတဲ့ တော်လှန်ရေးပြောက်ကျား ခေါင်းဆောင်းဖြစ်ပြီး၊ ဂျပန်တော်လှန်ရေးမှာ တောင်ငူဒေသကို ခေါင်းဆောင်အဖြစ်ဖြင့် နေပူမိုးရွာမရှောင်၊ အစားဆင်းရဲအနေဆင်းရဲ၊ ချို့ချို့တဲ့တဲ့နဲ့ လုပ်ငန်းတွေကို ကြိုးပမ်းအားထုတ်လုပ်ဆောင်ခဲ့ရလို့ အသက်တိုခဲ့ရကြောင်း ပြောကြားခဲ့တယ်။ ဆက်လက်ပြီး အဖွဲ့အသီးသီးကလည်း ချီးကျူးစကားများ ပြောကြတယ်။

အဲဒီနောက်သခင်သန်းထွန်းက လွန်ခဲ့တဲ့တနစ်ခန့်ကစပြီး မမာမကျန်းဖြစ်လျက်နဲ့ နိုင်ငံရေးကို ဆောင်ရွက်ခဲ့ပုံ၊ စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ နိုင်ငံရေးအခြေအနေမပြောဘဲ သတင်းစာဖတ်ခွင့်မပေးဘဲ မုန့်ထုပ်လာတဲ့ သတင်းစာစက္ကူအပိုင်းအစမှ သိရှိစိတ်မကောင်းဖြစ်ကာ ကွယ်လွန်သွားရပုံစတဲ့ သခင်ဘဟိန်းရဲ့ ကြေကွဲဖွယ်အဖြစ်အပျက်များကို ပြောကြားခဲ့တယ်။

နောက်ဆုံးသခင်ချစ်က ရဲဘော်သခင်ဘဟိန်းအား ချီးကျူး၍ ရဲဘော်ဘဟိန်းရဲ့ အလိုဆန္ဒအတိုင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန် အဓိဋ္ဌာန်စာတမ်းကို ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်တယ်။

(၃)

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ကြွေးကြော်သံဖြစ်တဲ့ ပြည်သူ့အာဏာဂျာနယ်၊ ၁၃၀၉ ခုနှစ်၊ နတ်တော်လဆန်း (၈) ရက်၊(၂၀-၁၁-၄၇) ကြာသပတေးနေ့ထုတ်၊ အတွဲ (၃) အမှတ် (၂၈) မှာ "ဗမာ့လွတ်လပ်ရေး၏ သူရဲကောင်းတဦးဖြစ်သော ရဲဘော်ဘဟိန်း ကွယ်လွန်အနိစ္စရောက်ခဲ့သည်မှာ ယနေ့ တနစ်မြောက်လေပြီ" ခေါင်းစဉ်တပ်ပြီး တနစ်စေ့အထိမ်းအမှတ် စာစောင်ခေါင်းကြီးမှာ အောက်ပါအတိုင်း ရေးသားထားတယ်။

ရဲဘော်ဘဟိန်း ကွယ်လွန်ခဲ့သည်မှာ တနစ်စေ့ပြီ။ ငါတို့သည် ရဲဘော်ဘဟိန်းအား အလေးနီပြုပါ၏။ ဤနေ့သည် မသာယာသောနေ့၊ ဤနေ့သည်မင်္ဂလာမရှိသောနေ့၊ ဤနေ့သည် စိတ်နှလုံးမရွှင်ပြုံးနိုင်သောနေ့၊ ဤနေ့သည် ငါတို့၏ အချစ်ဆုံးသော ရဲဘော်၊ ငါတို့၏ အမြတ်နိုးဆုံးသောရဲဘော်၊ ငါတို့၏ အလေးစားဆုံးခံရသောခေါင်းဆောင်၊ ငါတို့၏အခင်မင်ဆုံးသောဆရာ၊ ငါတို့၏အရင်းနှီးဆုံးသောမိတ်ဆွေ လူ့ဘောင်လောကမှ စွန့်ခွာ၍ တနစ်စေ့သောနေ့ပင်ဖြစ်သည်။ .... ဟုအစချီကာ ....

စစ်ပွဲတွင် ရန်သူနှင့်အပြင်းအထန်တိုက်ခိုက်နေစဉ် မိမိကိုင်ဆောင်သော လက်နက်သည် ချွတ်ယွင်းပျက်စီး ပျောက်ဆုံးဘိသကဲ့သို့ ရဲဘော်ဘဟိန်း ဆုံးရှုံးလိုက်ရခြင်းသည် ဗမာပြည်လူထုအဖို့ နယ်ချဲ့စနစ်နဲ့ရင်ဆိုင်တိုက်ခိုက်နေရာတွင် အကောင်းဆုံးသော လက်နက်ကြီးတခု ချွတ်ယွင်းပျက်စီး ပျောက်ဆုံးသကဲ့သို့ပင် ရှိချေတော့သည်။

....... ....... ........

၁၃၀၀ ပြည့်နှစ်တွင် ကိုဘဟိန်း၏ နာမည်သည် ဗမာပြည်တပြည်လုံးတွင် ဟိန်းခဲ့လေသည်။ ဗမာပြည် ကျောင်းသားအားလုံး၏ ခေါင်းဆောင်အဖြစ်နှင့် ရေနံမြေအလုပ်သမားတို့၏အရေးတွင် သွားရောက်ခေါင်းဆောင်ခဲ့ရာတွင် "မြင်းခွာတချက်ပေါက်ရင် မီးတချက်တောက်ရမည်" ဟု ကြုံးဝါးသည့်အတိုင်း ဗမာတပြည်လုံး သပိတ်မီး ဟုန်းဟုန်းတောက်ခဲ့လေသည်။

သူ့အားနယ်ချဲ့သမားက ထောင်သွင်းအကျဉ်းထားခဲ့သည့်တိုင်အောင် ထောင်အမိုးပေါ်တက်၍ သပိတ်မှောက်အလုပ်သမားတို့အား တရားဟောခဲ့သေးသည်။

......... ........ ........

ထိုစဉ်က တို့ဗမာအစည်းအရုံးမှာလည်း အုတ်အရော်ရော် ကျောက်အရော်ရော် ဖြစ်နေသည့်အတွက် သခင်ဗဟိန်းသည် အလုပ်သမား လယ်သမားပြည်သူတို့၏အကျိုးကို ရှေးရှုသော တကယ်တမ်း

ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်မည့် လက်ရွေးစင်များပါဝင်ရာ ကွန်မြူနစ်ပါတီကို လျှို့ဝှက်စွာ ကြီးမားလာအောင် ကြိုးစားခဲ့လေသည်။ အရေးတော်ပုံစာတမ်း၊ မီးပွား၊ ဗမာ့တော်လှန်မှုစသော လျှို့ဝှက်သည့်သတင်း စဉ်စာတမ်းများကိုလည်း လျှို့ဝှက်စွာ ဦးစီးရေးသား ရိုက်နှိပ်ဖြန့်ချိခဲ့လေသည်။

....... ....... .......

ဂျပန်ဖက်ဆစ်ခေတ်အတွင်းသို့ ရောက်လာသည့်အခါတွင်လည်း ရဲဘော်ဘဟိန်းသည် ဗမာတမျိုးသား လုံးအား မိုက်ရိုင်းစွာ နှိပ်စက်စော်ကားကြသည့် ဂျပန်တို့အား ဗမာပြည်မှ မောင်းထုတ်ရန်အတွက် မနေမနား အားစိုက်ကြိုးပမ်းလေသည်။ နောက်ဆုံး၌ တောင်ငူနယ်တွင် ပြောက်ကျားတပ်များကို စည်းရုံးလျက် ဂျပန်တို့ကို တိုက်ခိုက်ခဲ့လေရာ ဗမာပြည်တွင် ဂျပန်အကျအဆုံးအများဆုံး ပထမစွဲသောနေရာ ဖြစ်ခဲ့ပေသည်။

ဂျပန်လူယုတ်မာတို့အား အင်တိုက်အားတိုက် မောင်းနှင်တိုက်ခိုက်ပြီးနောက်တွင် အင်္ဂလိပ်နယ်ချဲ့သမားသည် နောက်ပိုင်းမှ အလစ်ဝင်၍ အုပ်ခဲ့ပြန်ရာ ရဲဘော်ဘဟိန်းသည် ပြန်လာသည့် အင်္ဂလိပ်နယ်ချဲ့စနစ် ကို အမြစ်ပါလှန်ရန် ကြိုးစားအားထုတ်ပြန်လေသည်။

ရဲဘော်ဘဟိန်းသည် ဖရိုဖရဲပြိုကွဲနေသော အလုပ်သမားလူတန်းစားကို ပြန်လည်စည်းရုံးခဲ့သည်။ ဗမာပြည်လုံးဆိုင်ရာ အလုပ်သမားသမဂ္ဂ၏ ဥက္ကဋ္ဌအဖြစ်နှင့်လည်းကောင်း၊ ကွန်မြူနစ်ပါတီ၏ ပေါလစ်ဗျူရို လူကြီးအဖြစ်လည်းကောင်း ပစ္စည်းမဲ့အရေးကို ရှေ့ဆောင်ဦးစီးခြင်းပြုခဲ့လေသည်။

အထူးသဖြင့် ပြည်သူလူထုအာဏာရရေးကို ရည်မှန်းကာ တကယ့်မှန်ကန်သော ဝေဖန်ချက်များဖြင့် ပြွန်း တီးလျက် မီးရှူးတန်ဆောင်ကဲ့သို့တိုင်းပြည်ကို အလင်းရောင်ပေးသည့် တခုတည်းသော နိုင်ငံရေးဂျာနယ် "ပြည်သူ့အာဏာ"ကို စတင်ဦးစီးခေါင်းဆောင်ကာ ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့လေသည်။

ရဲဘော်ဘဟိန်းသည် အတုအယောင်မဟုတ်သော လုံးဝလွတ်လပ်ရေးအတွက် နယ်ချဲ့သမားအား အပြုတ်တိုက်ခိုက်ရေးမှာ ဗမာတမျိုးသားလုံး၏ ညီညွတ်ရေးတပ်ပေါင်းစုသာ ဖြစ်ကြောင်း ကောင်းစွာ ယုံကြည်ခဲ့လေသည်။ ဖဆပလကို အုတ်မြစ်ချစဉ်က ရဲဘော်ဘဟိန်းသည် အစွမ်းကုန် အားထုတ်ခဲ့လေသည်။ ထို့ကြောင့် ကျောင်းသားဘဝကပင် ငတ်တတ်ပြတ်ပြတ်ဖြင့် ဆင်းရဲဒုက္ခခံလျက် နိုင်ငံရေးတာဝန်ကို ထမ်းဆောင်၍ ပင်ပန်းနွမ်းနယ်ကာ အားနည်းသောရောဂါ ကပ်ရောက်၍လာရာတွင် ဖဆပလနှင့် ကွန်မြူနစ် ကွဲပြီဆိုသော သတင်းကို ကြားလိုက်သည်နှင့် စိတ်ကိုအထူးထိခိုက်ပြီး ကွယ်လွန်အနိစ္စ ရောက်ရပေတော့သည်။

သို့သော်ရဲဘော်ဘဟိန်းရည်မှန်းသော ပန်းတိုင်သို့ကား မရောက်သေး ခရီးတာမှာ ကွာလှမ်းသေး၏။

မည်သို့ပင်ဖြစ်စေ၊ ငါတို့သည် ရဲဘော်ဘဟိန်း၏ သစ္စာကို စောင့်ထိန်းသောအားဖြင့် ....

...... ........ ......

ရဲဘော်ဘဟိန်းကွယ်လွန်ပြီး၍ တနှစ်မြောက်သည့် ဤနေ့တွင် ငါတို့သည် အဓိဋ္ဌာန်ပြုကာ ရဲ ဘော်ဘဟိန်းအား အလေးနီပြုလိုက်ပါသတည်း။

(၄)

သခင်ဘဟိန်းကွယ်လွန်သွားပြီးနောက် ဖဆဆိုရှယ် လက်ယာဂိုဏ်းက ပါတီကို လက်နက်ဖြင့်နှိပ်ကွပ်လာလို့ ပါတီဟာရရာ လက်နက်ကိုင်စွဲကာ မိမိကိုယ်ကိုယ် ခုခံကာကွယ်ရေး ပြည်သူ့ဒီမိုကရေစီလက်နက်ကိုင်တော်လှန်ရေးကို ၁၉၄၈ မတ်လ ၂၈ ရက်မှာ စတင်ဆင်နွှဲခဲ့ရတယ်။ ပါတီဟာ လက်နက်ကိုင် တော်လှန်ရေးဆင်နွှဲနေတဲ့ ပါတီဖြစ်သွားပြီး ကျေးလက်ဆင်းခဲ့ရတယ်။

သခင်ဘဟိန်းကွယ်လွန်သွားပြီး ၃ နှစ်မြောက်၊ အထိမ်းအမှတ်နေ့ကို  လက်နက်ကိုင်တော်လှန်ရေးဒေသ၊ ဗဟိုစခန်းကကြီးမှူးကျင်းပတဲ့ လူထုတရားပွဲတခုမှာ ဥက္ကဋ္ဌသခင်သန်းထွန်းက သဘာပတိအဖြစ်

ဆောင်ရွက်တယ်။ ဥက္ကဌရဲ့ သဘာပတိမိန့်ခွန်းထဲမှာ "ရဲဘော်ဘဟိန်းမသေဘူး၊ သူဟာ ငါတို့နဲ့ အတူရှိတယ်။ သူဦးဆောင်ချမှတ်ခဲ့တဲ့ ပစ္စည်းမဲ့တော်လှန်ရေး ဆက်လက်ကြီးထွား လာပြီ" လို့ ဆိုတယ်။

ရဲဘော်သခင်ဗသိန်းတင်ကလည်း "ယခုပြည်သူ့လွတ်မြောက်ရေး စစ်ပွဲမှာခေါင်းဆောင်နေကြတဲ့ ရဲဘော်တွေထဲမှာ ကိုဘဟိန်းရဲ့ သွန်သင်မှုကို ခံယူခဲ့ကြရတဲ့ ရဲဘော်တွေ များများပါတယ်" လို့ ဆိုခဲ့ပြန်ပါတယ်။

အခွင့်သာတိုင်း ပါတီဟာ ပါတီကစဦးအုတ်မြစ်ချခဲ့သူဖြစ်ခဲ့တဲ့ ရဲဘော်ဘဟိန်း သတိရ အောက်မေ့တဲ့ သစ္စာစောင့်သိမှုအခမ်းအနား ကျင်းပခဲ့တယ်။

(၅)

၁၉၈၉ နှစ်ဆန်းတရက်မှာ အရှေ့မြောက်စစ်ဒေသဌာနချုပ်နဲ့ ပါတီဗဟိုဌာနချုပ်ရှိရာ ပန်ဆန်းမှာ ဝအမျိုးသားများရဲ့ ခွဲထွက်မှုအရေးအခင်းဖြစ်ပေါ်တယ်။ ပါတီဟာ တဖက်နိုင်ငံသို့ဝင်ရောက် ခိုလှုံခဲ့ရ တယ်။ အဲဒီနောက် ၁၉၉၂- ၉၃ ပထမအကြိမ် အထူးကွန်ဖရင့်ကျင်းပပြီး ပါတီဟာ မြေအောက်ပါတီဖြစ် သွားရတယ်။ အဲဒီကာလမှာ လူငယ်သွေးသစ်ရဲဘော်များရဲ့ တောင်းဆိုချက်အရ သခင်ဘဟိန်းအကြောင်း စာတမ်း ငယ်တစောင်ကို ၁၉၉၄ ဖေဖော်ဝါရီမှာ ဗဟိုဝါဒဖြန့်ချိရေးနဲ့ သုတေသနဌာနက လက်ရေးနဲ့ရေးပြီး ကော်ပီယာကူးကာ သခင်ဘဟိန်းအကြောင်းထုတ်ဝေ ဝါဒဖြန့်ခဲ့တယ်။

ဒ့ါအပြင် မြေအောက်ကာလမှာ ဗမာပြည်ကွန်မြူနစ်ပါတီ စိန်ရတုကာလကို ဖြတ်သန်းကြရလို့ ပါတီဟာ စိန်ရတု အထိမ်းအမှတ် "ပြည်သူ့အာဏာ" အထူးထုတ် ထုတ်တဲ့အခါမှာ ဒီစာတမ်းအစမှာ ဖော်ပြခဲ့တဲ့ သခင်ဘဟိန်းကွယ်လွန်စဉ်ထုတ်ဝေခဲ့တဲ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် သဝဏ်လွှာကို ထပ်မံထည့်သွင်းဖော်ပြကာ သခင်ဘဟိန်းကို အစဉ်အမြဲသတိရနေမှုကို ဖော်ပြခဲ့ပါတယ်။

(၆)

ဒီနှစ် ၂၀၂၁ နိုဝင်ဘာ ၂၀ ရက်ဟာ သခင်ဘဟိန်းကွယ်လွန်ခြင်းရဲ့ ၇၅ နှစ်ပြည့်မြောက်တဲ့အခါ သမယနဲ့ ကြုံရပြန်တယ်။ အထက်တနေရာမှာ ဖော်ပြခဲ့သလို ရဲဘော်သခင်ဘဟိန်း ဖက်ဆစ်ဂျပန်တော်လှန် ရေးမှာ တောင်ငူဒေသကို ဖက်ဆစ်တော်လှန်ရေးမတိုင်မီ ရဲခေါင်ပြောက်ကျားများကို စွမ်းစွမ်းတမံ စည်းရုံးဖွဲ့စည်း ပညာပေးနိုင်ဖို့ ၁၉၄၄ စက်တင်ဘာလမှာ မြေအောက်လျှိုးသွားတယ်။ သခင်သန်းဖေရဲ့ ခေါ်ဆောင်မှုဖြင့် မောင်လမြိုင်က ကုန်သည် ကိုထွန်းလှိုင်နဲ့ မသန်းမြင့် ဇနီးမောင်နှံအသွင်ဖြင့် ဖြူးကို ရောက်ရှိသွားတယ်။ အဲဒီမှာ သခင်သန်းဖေတို့ စည်းရုံးပြင်ဆင်ထားတဲ့ ကေဒါများကို စတင်သင် တန်းပေးတယ်။ သင်တန်းကို တနေရာမှာ ၂၀-၂၅ ရက်လောက် နေထိုင်သင်တန်းပို့ချရတယ်။ နောက်တနေရာ ရောက်သွားရင် မန္တလေးက ဆေးကုလာသူ-သူဌေးသာတဦးစသဖြင့် ဟန်ဆောင်ပြောင်းလဲကာ လျှို့ဝှက် နိုင်ငံရေး စစ်ရေးသင်တန်းများပေးပါတယ်။

ပို့ချပေးတဲ့ ဘာသာရပ်များမှာ (၁) လွတ်လပ်ရေးကြေညာစာတမ်း အမှတ် (၁) (၂)၊ (၂) ဖက်ဆစ်ဂျပန် ကို တော်လှန်ရန်ပြင်ဆင်ကြစို့၊ (၃) ကရင်-ဗမာသွေးစည်းရေး၊ (၄) စစ်နည်းသစ်များ၊ ပြောက်ကျားစစ် တိုက်နည်းနဲ့ ပြည်သူ့စစ်ပွဲ၊ (၅) လျှို့ဝှက်ကျင့်သုံးရေးနည်းတို့ ဖြစ်တယ်။

သင်တန်းကိုမနက် ၇ နာရီမှ ၁၁ နာရီ၊ မွန်းတည့် ၁၂ နာရီမှ ၄ နာရီ၊ ည ၇ နာရီမှ ၁၁ နာရီအထိ ၁ ရက် ၁၂ နာရီ သင်တန်းပို့ချတယ်။ သင်တန်းပို့ချရာမှာ သူ့မှာရှိတဲ့ ကျွန်းသိက္ခာကို မထိပါးစေဘဲ ဟာသရှိစွာ ပို့ချနိုင်သူ ဖြစ်တယ်။ ဒါပေမဲ့ ဓမ္မတာအတိုင်းပဲ ရဲဘော်အချို့ဟာ သင်တန်းပေးချိန်မှာ ငိုက်တတ်တယ်။ တယောက်စနစ်ယောက်စကတော့ အိပ်ပျော်သွားတတ်တယ်။ အဲဒီအခါမှာလည်း "ရဲဘော်သိပ်သဘော ပေါက်နေပြီထင်တယ်" လို့ အပြုံးလေး နဲ့နောက်တတ်လို့ အားလုံးအိပ်ချင်စိတ်ပျောက်ကုန်တတ်တယ်။ ငိုက်

လွန်းမက ငိုက်လာရင်တော့ ပုံတိုပတ်စပြောပြီး စိတ်ရွှင်လာအောင်လုပ်ကာ သင်တန်းကို ဆွဲခေါ်နိုင်တဲ့ ဟာသရှိသူ သင်တန်းဆရာ နိုင်ငံရေးခေါင်းဆောင်ဖြစ်တယ်။

အဲဒီကာလက ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းတိုင်းဟာ လျှို့ဝှက်လုပ်ကိုင်ရတာဖြစ်တယ်။ တနေ့ တနေ့ ၁၂ နာရီလုံးလုံး၊ ကြမ်းပေါ်ထိုင်ရင်း သင်တန်းတက်ရတာဖြစ်လို့ မလွယ်ကူလှဘူး၊ ပင်ပန်းလွန်းလှတယ်။ ကျန်းမာရေးကိုလည်း ထိခိုက်တယ်။ ဒါကြောင့် တနေ့ ၂ ကြိမ် အဆောက်အအုံတွင်းမှာ ကျန်းမာရေး လေ့ကျင့်ခန်း ပြုလုပ်ရတယ်။ သင်တန်းများမှာ ကျန်းမာရေးတာဝန်ခံ၊ သန့်ရှင်းရေးတာဝန်ခံ၊ လုံခြုံရေး တာဝန်ခံ စသဖြင့် ကိုယ်ထူကိုယ်ထ ဉစ္စာရင်လိုဉစ္စာရင်ခဲပြီး သင်တန်းဖွင့်လှစ်ကြရတာဖြစ်တယ်။ လုံခြုံရေးအတွက် ဘီအိုင်အေခေတ်က တော်မီဂန်း ၂ လက်ကို၊ မမျှော်လင့်ဘဲ ရန်သူနဲ့ ရင်ဆိုင်ရရင် အသုံးချနိုင်ဖို့ လျှို့ဝှက် ကိုင်ဆောင်ဖို့ စီစဉ်ထားရတယ်။ သင်တန်းကို တနေရာပြီးတနေ ရာပြောင်းနိုင်ဖို့ သင်တန်းနေရာကိုလည်း ကြိုတင်ပြင်ဆင်၊ လုံခြုံရေးအတွက် သတင်းများလည်း စု ဆောင်း ရပါတယ်။

သခင်ဘဟိန်းက သင်တန်းပို့ချရင်း တဖက်မှာ ဒူးရင်းအားချေပချက်၊ လူးဒွစ် ဖြူးဝါးဘက် ကျမ်းများကို ဘာသာပြန်ပါတယ်။ အဲဒီကျမ်းများကို အခြေခံကာ ပြည်သူ့စစ်သဘောတရားများကို မြန်မာ့ ရေမြေနဲ့ ကိုက်ညီတဲ့ ပြောက်ကျားစစ်နည်းများကို ပြုစုခဲ့ခြင်းဖြစ်တယ်။ သခင်ဘဟိန်း ပို့ချတဲ့ ပြောက်ကျားစစ် နည်းသစ်များမှာ -

(၁) အင်အားကြီးတဲ့ ရန်သူကို ချေမှုန်းရာမှာ ပြည်သူ့ပြောက်ကျားမပါရင် မဖြစ်နိုင်။

(၂) ပြောက်ကျားစစ်ဆိုတာ လူထုစစ်ပွဲဖြစ်တယ်။

(၃) ပြည်သူ့ပြောက်ကျားစစ်ကို ဆင်နွှဲနိုင်ဖို့ ကျေးလက်ကို အခြေခံရမယ်။

(၄) အတိအကျပြောရရင် လယ်သမားထုနဲ့ လူမျိုးစုများကို အခြေခံဖော်ထုတ်ရမယ်။

(၅) ပြောက်ကျားစစ် တွဲဘက်မှုမရှိဘဲ မြန်မာ့တပ်မတော်က အောင်ပွဲမဆင်နိုင်ဘူး။

(၆) ပြည်သူလူထုကို စစ်ရေးအမြင်အရ စည်းရုံးလေ့ကျင့်တိုက်ပွဲ သွင်းရမယ်။

(၇) ပြည်သူကို လက်နက်တပ်ဆင်ရမယ်။ (ရန်သူ့လက်နက် တို့လက်နက်)(တိုက်ရဲသူလက်နက် ကိုင်စေရမယ်။)

(၈) တိုက်ပွဲအတွင်းတပ်ကို စည်းရုံးဖွဲ့စည်း။ (တပ်ခွဲ စည်းရုံးနိုင်ရင် တပ်ခွဲမှူးဖြစ်လာမယ်။)

(၉) ပြည်သူလူထု စွမ်းရည်ချွန်းဖွင့်ပေးရမယ်။

(၁၀) ဂျပန်ချေမှုန်းရေး ပြောက်ကျားစစ်ပွဲကို လူထုပွဲတော်အဖြစ် ဆင်နွှဲရင် မုချအောင်မယ်-ဆိုတာတို့ ဖြစ်တယ်။

သခင်ဘဟိန်းရဲ့ ပြောက်ကျားစစ်နည်းသစ်များဟာ အရင်းရှင်စစ်ရေးနည်းများနဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ကာ ပြည်သူ့စစ်အခြေခံသဘောတရားများ၊ ပြောက်ကျားစစ်ဆင်နည်းများဖြစ်တယ်။ လာရောက်သင်တန်းတက်ကြသူများအတွက် တခါမှ မကြားဖူးသေးတဲ့ စစ်ရေးသဘောတရားသစ်များလို့ ဆိုကြပါတယ်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး တောင်ငူဒေသရဲ့ အောင်ပွဲရလဒ်များမှာ ရဲဘော်သခင်ဘဟိန်းရဲ့ စစ်နည်းသစ်များရဲ့ အကျိုးဆက်လို့ ဆိုကြပါတယ်။ ဂျပန်တော်လှန်ရေးပြီးသွားတဲ့ အခါ ဗမာစစ်မြေပြင်မှာ ဂျပန် ၂ သိန်းကျော် သုတ်သင်ချေမှုန်းခံရပြီး ၎င်းအနက် ၆၀ ရာခိုင်နှုန်းကျော်ဟာ တောင်ငူရဲခေါင်ပြောက်ကျားများရဲ့ လက်ချက်လို့ဆိုကြပါတယ်။

သခင်ဘဟိန်းပြုစု ပို့ချပေးခဲ့တဲ့ ကရင်-ဗမာချစ်ကြည်ရေးစာတမ်းကလည်း သမိုင်းဝင်စာတမ်း တခုဖြစ်တယ်။ ဖက်ဆစ်ဂျပန်ဝင်လာပြီးနောက် ဖြစ်ပေါ်ခဲ့တဲ့ ကရင်ဗမာသွေးချောင်းစီးမှု ရပ်တန့်သွားစေပြီး၊ ပြန်လည်ညီညွတ်ရေးအတွက် အခြေခံအုတ်မြစ်ကို ချပေးခဲ့ပြီး နောင်ပဲခူးရိုးမမှာ ကရင်-ဗမာချစ်ကြည်မှုကို ခိုင်မြဲစေခဲ့တယ်။

သခင်ဘဟိန်း တောင်ငူခရိုင်ကို ရောက်လာပြီး သင်တန်းပို့ချလိုက်တဲ့အတွက် တောင်ငူခရိုင်အတွင်း ရှိ တော်လှန်ရေး အင်အားစုကြီးကို ခွန်အားသစ်များ တိုးပွားလာစေခဲ့တယ်။ ဖက်ဆစ်ဂျပန်ရဲ့ ဖိနှိပ်မှုအောက်မှာ ပြားပြားမှောက်ကျရောက်ကာ မျက်စိကန်း၊ နားကန်းဖြစ်နေကြရတဲ့ လူငယ်ခေါင်းဆောင်များကို အခြေအနေအရ ဆုပ်ကိုင်နားလည်ထားရမယ့် သဘောတရားသစ် သဘောတရားမှန်များနဲ့ စည်းရုံးရေးလုပ်နည်းကိုင်နည်းများကို နားလည်တတ်ကျွမ်းစေတယ်။ ဒါကြောင့် သင်တန်းပြီးသွားတဲ့အခါ တခရိုင်လုံးမှာ လူငယ်ခေါင်းဆောင် ၁၀၀ နဲ့ ပြောက်ကျားအင်အား ၇၀၀ အဆင်သင့်ဖြစ်လာ ခဲ့တယ်။

တော်လှန်ရေးသဘောတရားက လူထုကို ချုပ်ကိုင်မိတာနဲ့ တော်လှန်ရေးအင်အားကြီးတရပ်ဖြစ်ပေါ် လာတော့တယ်။ ဒီယုံကြည်ချက်အရ သခင်ဘဟိန်းဟာ ဖက်ဆစ်ဆန့်ကျင်ရေးသဘောတရားများကို တောင်ငူတခရိုင်းလုံး အနှံ့မရပ်မနား ဟောပြောပို့ချခဲ့တယ်။

တောင်ငူခရိုင်ရောက်လာတဲ့ အချိန်မှစပြီး ၁၉၄၅ မတ်လ ၂၇ ရက် ဖက်ဆစ်ဂျပန် တော်လှန်ရေးစတင်တဲ့အထိ တခရိုင်လုံး လှည်းနဲ့တခါ ခြေကျင်တဖုံ နေရာအနှံ့လှည့်လည်ကာ သခင်ဘဟိန်းဟာ သူ့ခန္ဓာကိုယ်နဲ့မလိုက်အောင် အဆင်းရဲအပင်ပန်းခံလုပ်ဆောင်ခဲ့တယ်။ တော်လှန်ရေးကာလအတွင်း ကျန်းမာရေး အခြေအနေဆိုးဝါးလာတယ်။ အဲဒီလိုဆိုးဝါးလာပေမယ့် ဂျပန်နဲ့ ရင်ဆိုင်ယှဉ်ပြိုင်တိုက်ပွဲဝင်ဖို့ ဖြူး အနောက်ဘက် ၄ မိုင်ကွာ၊ ပဲခူးရိုးမတောင်ခြေရှိတဖက်ကမ်းမှာ ဗဟိုဌာနချုပ်အဖြစ်စခန်းချတယ်။ အင်္ဂလိပ်ပြန်ဝင်လာတဲ့အခါ ရန်ကုန်ပြန်ရောက်လာတယ်။ ရန်ကုန်ပြန်ရောက်တဲလည်း ဖဆပလလုပ်ငန်းများ၊ အလုပ်သမားသမဂ္ဂလုပ်ငန်းများ၊ ကွန်မြူနစ်ပါတီလုပ်ငန်းများကို လုပ်ကိုင်ခဲ့ပြန်တယ်။ ဒီလိုနဲ့ သူ့ကျန်းမာရေး အခြေအနေ တစတစဆိုးလာပြီး နောက်ဆုံးပါတီရဲ့ခွင့်ပြုချက်နဲ့ မန္တလေးပြန် ဆေးကုသ ရင်း ၁၉၄၆ ခု၊ နိုဝင်ဘာ ၂၀ ရက်၊ အသက် ၂၉ နှစ်အရွယ်မှာ သခင်ဘဟိန်းကွယ်လွန်သွားပါတယ်။

အခုအခါ ရဲဘော်သခင်ဘဟိန်း ကွယ်လွန်တာ ၇၅ နှစ်ရှိသွားပါပြီ။ အလုပ်သမား၊ လယ်သမား၊ အဖိနှိပ်ခံ နင်းပြားပြည်သူများကတော့ ပြည်တွင်းဖက်စစ်ဖြစ်တဲ့ မင်းအောင်လှိုင် စစ်အာဏာရှင်အောက်က လွတ်မြောက်ရေးကို တိုက်ပွဲဝင်နေရဆဲဖြစ်ပါတယ်။ "ဖက်ဆစ်စစ်တပ်အမြစ်ဖြတ်" "သွေးကြွေးမှာ ဆွေးနွေးစရာမရှိ" "သေနတ်တချက်ဖောက်ရင် မီးဟုန်းဟုန်းတောက်စေရမယ်" ဆိုတဲ့အတိုင်း တပြည်လုံးတော်လှန်ရေးမီးများ တဟုန်းဟုန်းတောက်လောင်ပြီး မင်းအောင်လှိုင် စစ်အုပ်စုကို လောင်တိုက်သွင်းကာ အလုပ်သမား၊ လယ်သမားနဲ့ အဖိနှိပ်ပြည်သူများရဲ့ လွတ်မြောက်ရေးအောင်ပွဲကို တက်လှမ်းသွားရင်းနဲ့ သခင်ဗဟိန်းကို အထိမ်းအမှတ်ပြုသွားကြပါစို့။

သုတေသီတဦး<br>
ဗဟိုမော်ကွန်းတိုက်။<br>
၁၉ ရက်၊ နိုဝင်ဘာ၊ ၂၀၂၁ ခု။

# အသက်(၁၀၀)ပြည့်သွားပြီးဖြစ်တဲ့ လေထီးဆင်းရဲဘော်ကြီး။
## ရဲဘော်ရှုယဉ်



ဗမာပြည်လွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲဖြစ်စဉ်အတွင်း နိုင်ငံခြားသို့ ထွက်ပြီး အကူအညီရှာဖွေတဲ့ လူငယ်အုပ်စု(၂)ဖွဲ့ရှိခဲ့ပါတယ်။ အမိ ဗမာပြည်ကြီးလွတ်လပ်ရေးရဖို့ဆိုတဲ့တခုတည်းသောရည်မှန်းချက်အောက်မှာ လှုပ်ရှားခဲ့ကြပြီး အရှေ့ထွက်သူများက ဂျပန်ရောက်သွားပြီး ဗိုလ်ချုပ် အောင်ဆန်းဦးဆောင်တဲ့ ရဲဘော် သုံးကျိပ်ဝင်များဖြစ်လာခဲ့ကြပါတယ်။

အနောက်ထွက်သူများကတော့ ဦးသိန်းဖေမြင့်ဦးဆောင်တဲ့ လေးထီးဆင်းရဲဘော်များဖြစ်လာကာ ဗမာပြည်ရဲ့ ခေတ်သစ်သမိုင်းမှာ သူရဲကောင်းများအဖြစ်ထင်ရှားခဲ့ကြပါတယ်။

အခု၂၀၂၁ မှာတော့ ရဲဘော်သုံးကျိပ်ဝင်အားလုံး မရှိကြတော့ပါဘူး။ကွယ်လွန်ကုန်ကြပါပြီ။

လေထီးဆင်းတွေထဲမှာလည်း မကျန်သလောက်ပါ။ ဒီထဲကမှ ရှားရှားပါးပါး တရုတ်ပြည်မှာ ရောက်ရှိနေတဲ့ လေထီးဆင်းရဲဘော် (ဦး)ကိုကိုကြီးကိုတော့ အသက်(၁၀၀)ပြည့်မွေးနေ့ပွဲကို ကူမင်းမှာ ဗမာပြည်ပေါက် တရုတ်လူမျိုးများ(တာချောင်အဖွဲ့)က၂၀၂၁ အောက်တိုဘာလ ၁၄ ရက်နေ့(တရုတ်ရိုးရာ သက်ကြီးရွယ်အိုများနေ့)က ခမ်းနားစွာ ကျင်းပပေးခဲ့ပါတယ်။

ဗမာပြည်မှာ ရဲဘော်သုံးကျိပ်အကြောင်းကတော့ တစုံတရာ လူသိများပုံ ရပေမယ့် လေထီးဆင်းရဲဘော်များအကြောင်းကတော့ နည်းနည်းတိမ်မြုပ်နေပါတယ်။အားလုံးလောက်နီးနီးကလည်း ကွန်မြူနစ်တွေဖြစ်နေတာကိုး။

အဲဒီထဲကမှ ပုံဝတ္ထုတွေထဲကထက် ထူးခြားဆန်းကျယ်တဲ့ တကယ့်အဖြစ်အပျက်တွေကလည်း ရှိနေပါတယ်။ ဖဆပလခေတ်မှာ သမ္မတမန်းဝင်းမောင်က သူနဲ့လေထီးဆင်းဖက် (သေဒဏ် အမိန့်ချမှတ်ခံထားရတဲ့ ဗကပဗဟိုကော်မတီဝင်) ဗိုလ်မှူးချစ်ကောင်းကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်တဲ့ အဖြစ်အပျက်မျိုးပေါ့။ ဒ့ါအပြင် လေထီးဆင်း ဗိုလ်အုန်းမောင်ရဲ့ ကိုယ်တွေ့အဖြစ်အပျက် ဆောင်းပါးဆက်တွေ၊ စတဲ့ သူ

ရဲကောင်းပုံပြင်တွေလည်းတပိုင်းတစထွက်လာတာတွေလည်းတွေ့ရပါတယ်။အဲဒီလေထီးရဲဘော်တွေကရေးသားခဲ့တဲ့ ဂန္ထဝင်စာအုပ်များ (ဗိုလ်မှူးချစ်ကောင်းရဲ့အနှစ်နှစ်ဆယ်၊ အောင်ထွန်း(ဗိုလ်မှူးချစ်ကောင်း) ရဲ့ သိန်းဖေစခန်းမှ သန်းထွန်းစခန်းသို့၊ ဗိုလ်အုန်းမောင်ရဲ့အနှစ်(၅၀)ကြာပြီးသောအခါ၊စတဲ့)၊ ရဲဘော်ဖေသောင်းရဲ့ (လျှောက်ခဲ့တဲ့ နိုင်ငံရေးခရီး- ပြန်ပြောင်းသတိရချက်) စာအုပ်တွေဟာလည်း ဗမာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအတွက် အဖိုးတန်စာအုပ်များအဖြစ် ဗမာပြည်သူလူထု (အထူးသဖြင့် လက်ဝဲယိမ်းသူများ) က သတ်မှတ်ခဲ့ကြပါတယ်။ ကျန်နယ်ပယ်အသီးသီးကို ရောက်ရှိသွားကြတဲ့ လေထီးဆင်းရဲဘော်များလည်း ရှိပါသေးတယ်။သူတို့တတွေရဲ့သမိုင်းကြောင်းများလည်း ဟိုတစသည်တစတွေ့ရပါတယ်။

အဲသလိုဗမာပြည်တွင်းတကွဲတပြားစီဖြစ်သွားကြတဲ့ သူများအနက်မှ ထူးထူးခြားခြား တရုတ်ပြည်ကို လေထီးဆင်းတယောက် ရောက်ရှိလာ ခဲ့ပါတယ်။

အဲဒီရဲဘော်က ကိုကိုကြီးတဲ့။

သူကဂျပန်တော်လှန်ရေးအပြီး (၁၉၄၅နောက်ပိုင်း) တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီတို့ အဆက်အသွယ်ရရှိရေးအတွက် တရုတ်ပြည် ယူနန်ပြည်နယ်ကို ရောက်လာခဲ့တာပါ။ တရုတ်ပြည်မှာကလည်း အဲဒီကာလက ပြည်တွင်းစစ် အပြင်းအထန်ဖြစ်နေပြီး အခြေအနေက ရှုပ်ထွေးနေပါတယ်။ ဒီမှာတင် အဆက်အသွယ်တွေပြတ်တောက်ပြီး ကူမင်းက နိုင်ငံ ရပ်ခြားတရုတ်လူမျိုးများအသင်း (ဟွာချောင်အသင်း)မှာသောင်တင်ပါတော့တယ်။ ဘယ်နိုင်ငံကမဆို ပြန်လာတဲ့တရုတ်လူမျိုးများကဒီအသင်းမှာ-ကိုယ်ရေးရာဇဝင်အပြည့်အစုံနဲ့ မှတ်ပုံတင်ရပါတယ်။ အသင်းကစာသင်ချင်တဲ့သူ စာသင်ပေး၊အလုပ်လုပ်နိုင်သူ အလုပ်ရှာပေး၊ ဆွေမျိုးတွေကို တဆင့်ရှာချင်သူရှာပေး၊ စတဲ့ ဝန်ဆောင်မှုတွေလုပ်ပေးပါတယ်။



ဒီလိုနဲ့ ယဉ်ကျေးမှုတော်လှန်ရေးကြီး ၁၉၆၆ မှာစပေါ်လာတော့ ရဲဘော်ကိုကိုကြီး တယောက် ဒုက္ခရောက်ပါတော့တယ်။ အိန္ဒိယသွားပြီး အင်္ဂလိပ်တပ်ကိုဆက်သွယ်ရတာ၊ အဲဒီမှာပဲ လေထီးသင်တန်း တက်ရတာ၊ ဗမာပြည်ကို လေထီးဆင်းပြန်လာရတာ၊--စတဲ့စတဲ့သမိုင်းကြောင်းတွေကြောင့် အင်္ဂလိပ်သူလျှိုဖြစ်နိုင်တယ်ဆိုတဲ့ပြစ်ချက်နဲ့ဖမ်းဆီးပြီး ထောင်ချထားပါတယ်။

ဒီသတင်းကို ဥက္ကဋ္ဌသခင်ဗသိန်းတင်ကြားတော့--မဟုတ်ပါဘူး။ ဂျပန်တော်လှန်ရေးအတွက် အင်္ဂလိပ်ဆီက လက်နက်ရဖို့သွားတာ၊ ကျွန်တော်တို့ပါတီကလွှတ်တာပါ-လို့အဲဒီအချိန်က တရုတ်ဝန်ကြီးချုပ်ချူအင်လိုင်းကို ပြောပြီး အာမခံပေးမှ လွတ်လာရုံမက၊ ကူမင်းကနိုင်ငံခြားရေးရုံးမှာပဲ အလုပ်ပြန်ရပါတယ်။ အငြိမ်းစားယူချိန်ရောက်တော့လည်း ဂျပန်တော်လှန်ရေးမှာပါခဲ့တဲ့ တပ်နီတော်ရဲဘော်ဟောင်းကြီးများကို ပေးတဲ့ အထူးပင်စင်ရရှိလိုက်ပါတော့တယ်။

သူ့အပေါ် ပါတီက ဒီလိုရပ်ခံခဲ့သလို ဦးကိုကိုကြီးကလည်း ဥက္ကဋ္ဌကိုရော၊ ဗမာပြည်ကွန်မြူနစ်ပါတီက ရဲဘော်များကိုရော သံယောဇဉ်လည်းကြီးရှာပါတယ်။

၁၉၉၀ ကျွန်မတို့တတွေ ကူမင်းရောက်လာတော့ သူပင်စင်ယူထားပါပြီ။ ရောက်တယ်ကြားတာနဲ့ ကျွန်မတို့ဆီရောက်လာပြီး အားပေးစကား ပြော၊ သူကူညီနိုင်တာကူညီနဲ့ သိပ်အဆက်မပြတ်လှပါဘူး။ ဒါ့အပြင် ကျွန်မတို့ဆီမှာကလည်း လေထီးဆင်းတယောက် ရှိတယ်လေ။ ၈၁၅ စစ်ဒေသ(အခုအထူးဒေသ (၄)) က နိုင်ငံရေးမှူး-ရဲဘော်ဖေသောင်း(ဗမာပြည်ကွန်မြူနစ်ပါတီ- ပါတီဗဟိုကော်မတီဝင်နဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်)ပါ။သူတို့နှစ်ယောက်ဆုံမိရင်ရှေးဟောင်းနှောင်းဖြစ်တွေပြောကြနဲ့စကားဝိုင်းတွေကစည်ကားလှတယ်။

ကျွန်မက သခင်တင်မြရဲ့ဘုံဘဝမှာဖြင့်-ထဲက ဖတ်မိထားတာတခုရှိ တယ်။ လေထီးဆင်းတွေအကြောင်း ဖော်ပြထားတာမှာ--မောင်သန်း(သခင်ဗိုလ်ရဲ့တူ၊ ယခုတရုတ်ပြည်ရောက်) ဆိုတာ တွေ့ထားပါတယ်။ ဒီတော့ အဲဒီမောင်သန်းဆိုတာ ဦးကိုကိုကြီးလားလို့ ဦးကိုကိုကြီးကို ကျွန်မကမေးကြည့်တော့ ဟုတ်တယ်-တဲ့၊ သခင်ဗိုလ်နဲ့လည်း တူဝရီး တဲ့။ ဒါ့အပြင် သူ ဆက်ပြောတာရှိသေးတယ်။

သခင်ဗိုလ် လေယဉ်ပျက်ကျတာ အင်္ဂလိပ်လက်ချက်လို့ သူတို့တတွေ အဲဒီတုန်းက သံသယရှိခဲ့တယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ သခင်ဗိုလ်က ဗမာပြည်ကွန်မြူနစ်ပါတီဖွဲ့စည်းစဉ် (၁၉၃၉သြဂုတ်(၁၅)) ကတည်းက ပါတီတည်ထောင်သူ အဖွဲ့ဝင်တဦးအဖြစ် ပါခဲ့သူဖြစ်လို့- တဲ့။

ဦးကိုကိုကြီးက ကျန်းမာရေး အတော်ကောင်းပုံရပါတယ်။ ကျွန်မတို့ဆီက ရဲဘော်ကြီးတွေ နာရေးသတင်းကြားရင် သူ့စက်တပ်စက်ဘီးလေးနဲ့ ပေါက်ချလာတတ်ပါတယ်။ သူ့ဇနီးဆုံးပြီး သူကိုယ်တိုင်လည်း (၈၀)ကျော် (၉၀)နား နီးလာချိန်မှာတော့ သူ့သားတရားသူကြီးရဲ့အိမ်ကို ပြောင်းသွားပါတော့တယ်။ ကျွန်မတို့နဲ့ အဆက်အသွယ် ပြတ်သွားပါတော့တယ်။ အဲဒီတရားရေးဌာန ဝန်ထမ်းများနေရာက လျှို့ဝှက်နေရာဖြစ်ရုံမက အပြင်လူ လုံးဝဝင်ခွင့်မရှိပါ။ ထောင်တွေက ပြန်လွတ်လာတဲ့သူများက လက်စားချေ တိုက်ခိုက်တတ်လို့။

ဒီလိုနဲ့ အရင်တပတ်ထဲမှာ ဂုါချောင်အသင်းက အသက်(၁၀၀) ပြည့်သွားတဲ့ ဦးကိုကိုကြီးကို ဂါရဝပြု မွေးနေ့ပွဲလုပ်ပေးကြောင်း သတင်းတွေ တက်လာပါတယ်။ ဦးကိုကိုကြီးကလည်း ဝမ်းသာအားရ ဆုပေးနေတဲ့ပုံတွေ၊ ဗမာပြည်ပေါက် တရုတ်လူမျိုးတချို့က ဗမာအကတွေနဲ့ ကပြနေတဲ့ပုံတွေလည်း တွေ့လိုက်ရပါတယ်။

သြော်-ဦးကိုကိုကြီးအတွက်တော့ ဝမ်းသာမိ၊မုဒိတာပွားမိပေမယ့် ဗမာပြည်တွင်းက လေထီးဆင်းရဲဘော် အများအပြားကတော့ ပြည်တွင်းစစ်ကြီး အတွင်း သက်တမ်းစေ့မနေရရှာဘဲ၊ ကြွေလွင့်ကုန်ကြရရှာတာတွေ သတိရနေမိပါတယ်။

လှကျော်ဇော။
၂၁-၁၀-၂၀၂၁။

# အမှီအခိုကင်းတဲ့ ဗမာပြည် ပြည်သူ့လွတ်မြောက်ရေးလမ်း

ညီဌေးကျော်



ယခုအခါ ဗမာပြည်ဟာ ကိုယ့်ပြည်တွင်းရေး ပြဿနာနဲ့ကိုယ် ရှုပ်နေတဲ့အပြင် မကြုံစဖူး နိုင်ငံကြီးများရဲ့ အာရုံစိုက်မှုကို ခံနေရတယ်။ နိုင်ငံကြီးများက ပြောင်းလဲလာတဲ့ ၂၁ ရာစု ကမ္ဘာမှ အခင်းအကျင်းအရ ဗမာပြည်ရဲ့ ပထဝီနိုင်ငံ ရေးကို မျက်စိကျတာပါ။ ၂၀၀၈-၂၀၁၀ အရင်းရှင်စီးပွားရေးကပ် ရှည်ကြာလာ၊ စတုတ္ထ စက်မှုတော်လှန်ရေး၊ နည်းပညာပြိုင်ဆိုင်မှု၊ စည်းစနစ်ဟောင်းတွေ အလုပ်မဖြစ်၊ ကိုဗစ်ကမ္ဘာနာ ကပ်ရောဂါ၊ အမေရိကန်အကျ တရုတ်အထ၊ မတည်ငြိမ်ရှုပ်ထွေး၊ အပြောင်းအလဲများမြန်တဲ့ ခေတ်ကာလတရပ်ကို ကျော်ဖြတ်နေရပါတယ်။

အာဖဂန်နဲ့ အီရတ်မှ အမေရိကန်တပ်တွေ ရုပ်သိမ်း၊ ဖြစ်ချင်ရာဖြစ် ပစ်ထားခဲ့ပြီး၊ အမေရိကန် နိုင်ငံခြားရေးပေါ်လစီအရွေ့ဟာ အင်ဒိုပစိဖိတ် ဒေသသို့ ရွေ့လာပါတယ်။ အိုဘားမားလက်ထက်ကတည်းက ချထားတဲ့ အာရှမဏ္ဍိုင်ပြု စမတ်ပါဝါ Asia Pivot smart power ဆိုတဲ့ တရုတ်ထိန်းချုပ်ရေး နိုင်ငံခြားရေးပေါ်လစီကို ဂျိုးဘိုင်ဒင်က ပြန်ကိုင်လာတာပါ။အာဖဂန်မှ အမေရိကန် ရှုံးနိမ့်မှုနဲ့ပတ်သက်လို့ အမေရိကန် နိုင်ငံရေးဂုရုကြီး ကစ်ဆင်းဂျား Henry Kissinger က ယခုလို သုံးသပ်ပါတယ်။ "အရေးကြီးပြီး အခြေခံကျတဲ့အချက်ကတော့ မဟာမိတ်တွေနဲ့ အ နှစ်၂၀ စွန့်လွှတ် အနစ်နာခံခဲ့ကြတဲ့ ပြည်သူတွေကို သတိပေး တိုင်ပင်ခြင်းမပြုဘဲ ဆုတ်ခွာဖို့ ဆုံးဖြတ်ချက် ဘယ်လိုချခဲ့သလဲ။...ဘာကြောင့် အာဖဂန်ရဲ့ အခြေခံစိန်ခေါ်မှုများကို စဉ်းစားသုံးသပ်ပြီး အာဖဂန်ကို အပြည့်အဝထိန်းချုပ်မှုနဲ့ အပြီးအပြတ်ရုပ်သိမ်းမှုအကြား တခုခုကို ရွေးချယ်ဖို့ ပြည်သူကိုတင်ပြရသလဲ။ ... အမေရိကန် ကသောကမျော ဆုတ်ခွာမှုက မဟာမိတ်တွေအတွင်း စိတ်ပျက်လက်ပျက်ဖြစ်စေတယ်။ ဆန့်ကျင်ဘက်တွေအတွက် အားဖြစ်စေတယ်။ အကဲခတ်တွေအကြား ရှုပ်ထွေးစေတယ်" (The future of American power. Why America failed in Afghanistan)

နိုင်ငံ့ဆရာကြီး ဖူကူရားမား Francis Fukuyama အမြင်က "ရီပတ်ဘလစ်ကင်ကော ဒီမိုကရက်ကပါ တရုတ်ဟာ ဒီမိုကရက်တစ်တန်ဖိုးများကို ချိုးဖောက်နေတယ်လို့ တညီတညွတ်တည်း မြင်ကြတယ်။...အမေရိကန် နိုင်ငံခြားရေးပေါ်လစီအတွက် ပိုအရေးကြီးတဲ့ စမ်းသပ်မှုကတော့ ထိုင်ဝမ်ပဲဖြစ်တယ်။... ပိုအရေးကြီးတဲ့ စိန်ခေါ်မှုဖြစ်တဲ့ ရုရှားနဲ့တရုတ်ကို ရင်ဆိုင်ဖို့အတွက် ဆုတ်ခွာဖို့လိုအပ်တယ်လို့ မစ္စတာဘိုင်ဒင်က တိုက်တွန်းတယ်။...အိုဘားမားက အရှေ့အလယ်ပိုင်းကို အာရုံစိုက်နေလို့ အာရှမဏ္ဍိုင်ပြုပေါ်လစီကို အောင်မြင်အောင် မလုပ်နိုင်ခဲ့ဘူး"။ (The end of American hegemony)

ဗြိတိသျှသမိုင်းဆရာ နေးလ်ဖာဂူဆန် Niall Fergusan အမြင်က "ပထမကမ္ဘာစစ်အပြီး ဗြိတိန်ရဲ့ ကြွေးမြီဟာ ၁၉၁၈မှာ GDP ရဲ့ ၁၀၉%မှ ၁၉၃၈မှာ ၂၀၀% နီးပါး ဖြစ်လာတယ်။ အမေရိကန် ဖက်ဒရယ်ကြွေးမြီက (ပမာဏအရ နိုင်းယှဉ်ကြည့်ရင်) ယခုနှစ်(၂၀၂၁)မှာ GDP ရဲ့ ၁၁၀% နီးပါးဖြစ်ပြီး၊ ကွန်ဂရက်ဘတ်ဂျက်ဌာနက ၂၀၅၁ မှာ ၂၀၀% ကျော်မယ်လို့ ခန့်မှန်းတယ်။...အမေရိကန် ကာကွယ်ရေးအသုံးစရိတ်ဟာလဲ ၂၀၂၀ မှာ GDP ရဲ့ ၃.၄% မှ ၂၀၃၁ မှာ GDP ရဲ့ ၂.၅% သို့ (လျှော့ချ)လျာထားတယ်။ ... ယခုနှစ်(၂၀၂၁) ခေါ်လာတန်ဖိုးအရ တရုတ် GDP ဟာ အမေရိကန် GDP ရဲ့ ၇၅% လောက်သာရှိရာမှ ၂၀၂၆ ကျရင် ၈၉% လောက်ဖြစ်လာမယ်။ တရုတ်ရဲ့ စိန်ခေါ်မှုဟာ ဆိုဗီယက်ယူနီယံထက် ကြီးတယ်ဆိုတာ လျှို့ဝှက်ချက်မဟုတ်ဘူး။ စစ်အေးခေတ်ကာလ ဆိုဗီယက်စီးပွားရေးပမာဏက အမေရိကန်ရဲ့ ၄၄% ထက်မပိုဘူး။ ဉာဏ်ရည်တုမှအစ ကွန်တမ်ကွန်ပျူတာအထိ အမျိုးသားလုံခြုံရေး လုပ်ဆောင်ချက်များတွင် တ

ရုတ်ဟာ အမေရိကန်ရဲ့နည်းပညာကြီးစိုးမှုကို အမီလိုက်နေပြီဆိုတာ ထိန်းသိမ်းထားတဲ့သတင်း မဟုတ်တော့ဘူး"။

သူဆက်ပြောတာက- "သမ္မတ ဂျိုးဘိုင်ဒင်ရဲ့ အာဖဂန်မှဆုတ်ခွာဖို့ဆိုတဲ့ နာမကျန်းဖြစ်နေတဲ့ ဆုံးဖြတ်ချက်ဟာ ပင်လယ်ရပ်ခြား အမေရိကန်စစ်ရေးဆောင်ရွက်ချက်များ လျှော့ချဖို့ဆိုတဲ့ အမေရိကန်သမ္မတရဲ့ အဆုံးသတ်သဘောထားပဲဖြစ်တယ်။...၂၀၀၃ အီရတ်ကို ကျူးကျော်စဉ်အတည်းက The Rise and Fall of American Impire (Panguin, 2004) မှာ ကျနော်ထောက်ပြခဲ့သလိုပဲ၊ အမေရိကန်မှာ အားနည်းချက် လေးရပ်ရှိတယ်။ လူအင်အားချို့တဲ့မှု (ပြည်ပမှာအကြာကြီးထွက် စစ်တိုက်လိုတဲ့ အမေရိကန် ရှားသွားပြီ)၊ ဘတ်ဂျက်ချို့တဲ့မှု (အထက်မှာပြောခဲ့ပြီး)၊ စိတ်ဝင်စားမှုချို့တဲ့မှု (ကြီးမားတဲ့(စစ်ရေး) စွက်ဖက်မှုတွေကို မဲဆန္ဒရှင်များက စိတ်မဝင်စားတော့ဘူး)၊ သမိုင်းရေးချို့တဲ့မှု (ပေါ်လစီချမှတ်သူတွေဟာ ရှေ့လူတွေထံမှ သင်ခန်းစာယူမှုနဲ့ ပတ်သက်ရင် တခြားနိုင်ငံတွေနဲ့ယှဉ်ရင်အားနည်းတယ်) "။(Why the end of Americas empire won't be peaceful)

အမေရိကန် နိုင်ငံခြားရေးပေါ်လစီအရွေ့ဟာ အရှေ့အလယ်ပိုင်းမှ အင်ဒိုပစိဖိတ်သို့ ရွှေ့လာတယ်။ တရုတ်ကိုထိန်းချုပ်ဖို့ ထိုင်ဝမ်၊ စင်ကျန်း-ဝေဂါ၊ ဟောင်ကောင် တို့နဲ့အတူ ဗမာပြည်ဟာလည်း မျက်စိ ကျစရာ ဖြစ်လာပါတယ်။ တရုတ်ရဲ့ ခါးပတ်လမ်း BRI စီမံကိန်းအရလည်း ဗမာပြည်ဟာ ပထဝီစီးပွားရေး အရ အချက်အချာကျနေတယ်။

ဒီလိုအခြေအနေမှာ စစ်တပ်ကအာဏာသိမ်းတာကို မခံမရပ်နိုင်လို့ လမ်းပေါ်ထွက် ဆန္ဒပြပြည်သူတွေကို သွေးချောင်းစီး သတ်ဖြတ်နှိမ်နင်းလာတဲ့အတွက် တိုင်းပြည်အနှံ့ လက်နက်ကိုင်ခုခံမှုတွေ ပေါ်ပေါက်လာတယ်။ တိုင်းပြည်ဟာ အကျပ်အတည်းဆိုက်ပြီး တကယ့်လမ်းဆုံလမ်းခွမှာ ရောက်နေတယ်။ စစ်အုပ်စုက ထင်တိုင်းကြဲနေတယ်။ လူထုကကျားကုတ်ကျားခဲ ခုခံနေရတယ်။ ပြည်ပနိုင်ငံကြီးများက ဆရာကြီးများကလဲ ဖော်နည်းကားမျိုးစုံနဲ့ ဆေးခါးတွေ တမျိုးပြီးတမျိုး တိုက်နေတယ်။ ဆရာများသားသေ ဖြစ်လိမ့်မယ်။ ဒုတိ ယကမ္ဘာစစ်တုန်းကလို ဝင်ရိုးတန်းဖက်ဆစ်ဆန့်ကျင်ရေး နိုင်ငံတကာတပ်ပေါင်းစုနဲ့ အမျိုးသားလွတ် မြောက်ရေး နိုင်ငံတကာစိတ်ဓာတ် မရှိတော့ဘဲ၊ ခေါင်းပါးနေတဲ့ ကာလဖြစ်တယ်။

ဒီအချိန်ဟာ ဗမာပြည်လွတ်လပ်ရေးနောက်ပိုင်း လူထုနိုင်ငံရေး အနိမ့်ကြားဆုံးပဲ။ နိုင်ငံကြီးများရဲ့ မျက်စိကျခြင်းလည်း အခံရဆုံးအချိန်ပဲ။ လွဲမှားတဲ့အကြံဉာဏ် ဘယ်သူလာပေးပေး လက်ခံလို့မရ။ ဒေါ်စုကို အိုဘားမား-ဟီလာရီ လာပေးတဲ့ ရင်ကြားစေ့လမ်း ဘယ်လောက် ဒုက္ခရောက်ရပြီလဲ။ ကိုဗစ်ပဲ အကြောင်းပြပြ လူသားချင်းစာနာမှုပဲအကြောင်းပြပြ ဇာတ်မြစ်လက်သည်တရားခံက အာဏာသိမ်းစစ်ကောင်စီပဲ။ သူ့နောက်က အားပေးအားမြှောက်ပြုနေတဲ့ ဗိုလ်ပြုတ်တွေပဲ။

စစ်ကောင်စီက တချို့ EAO တွေအပေါ် အပစ်အခတ်ရပ်ထားပေမယ့် မြို့ကောတောပါ၊ တောင်ပေါ်မြေပြန့်၊ စစ်အင်အားအလွန်အကျွံသုံးကာ ပစ်ခတ်သတ်ဖြတ် လုယက်ရမ်းကားနေတုန်းပဲ။ သူ့လူတွေကျထောင်ကပြန်လွှတ်၊ ပျူစောထီးဆိုပြီး လက်နက်တပ်ဆင်ပေး၊ အတိုက်အခံတွေ တက်ကြွလှုပ်ရှားသူတွေ သာမန်အရပ်သားတွေကျ ထင်သလိုဖမ်း ညှဉ်းပန်းသတ်ဖြတ် အလောင်းတောင်ပြန်မရ ငွေညှစ် ထင်တိုင်းကြဲနေတုန်းပဲ။

ဒီလိုအခြေအနေမှာ စစ်ရေးကို အဓိကထားပြီး ကျားကုတ်ကျားခဲ မလုံးပန်းဘဲ တခြားကိစ္စတွေအပေါ် တဝဲလည်လည်လုပ်နေရင် မှားမယ်။ ဘယ်နိုင်ငံကြီးတွေကိုမှ အားကိုးမျှော်လင့်နေလို့မရ။ ကိုယ့်ခြေအစုံပေါ် မားမားရပ်ကာ အဖိနှိပ်ခံလူမျိုးပေါင်းစုံ ပြည်သူများ တစည်းတလုံးတည်း ခုခံ တော်လှန်ရုံမှအပ လွတ်မြောက် ရေးအတွက် တခြားလမ်းမရှိ။

ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်မှ နိုင်ငံတကာက မှန်မှန်ကန်ကန် အလေးထားခံရမှာ ဖြစ်ပါတယ်။

ညီဌေးကျော် (၁၂ စက်တင်ဘာ ၂၀၂၁)



## အဓိကနဲ့ လက်အောက်ခံ ပြဿနာ

### ဝင်းအောင်

တော်လှန်ရေး အင်အားစုများအနေနဲ့ ရန်သူ့အစိတ်အပိုင်းများ မိမိတို့ အဝန်းအဝိုင်းအတွင်းသို့ မရောက်ရှိအောင် သတိထား ကာကွယ်ခြင်း၊ ရောက်ရှိနေလျှင် သတိရှိရှိ စနစ်ရှိရှိ အရေးယူဖယ်ရှားခြင်းလုပ်ငန်းကို သာမန်ကာလ လတ်တလောတောင်းဆိုချက်များအတွက် ဆင်နွှဲတဲ့ တိုက်ပွဲများအတွင်းမှာဖြစ်စေ၊ အရေးတော်ပုံကာလ (စစ်အာဏာရှင်စနစ် အမြစ်ဖြတ် ဖျက်သိမ်းရေးကဲ့သို့သော) နိုင်ငံရေးကြွေးကြော်သံများ အတွက် ဆင်နွှဲတဲ့ လူလုတိုက်ပွဲကြီးတွင်းမှာဖြစ်စေ လုပ်ကြရပါတယ်။ ဘယ်အခြေအနေမှာ ဖြစ်ပါစေ၊ ဒီအလုပ်ဟာ မိမိတို့တိုက်ပွဲကို မှန်ကန်တဲ့ ဦးတည်ချက်လမ်းကြောင်းပေါ် ရောက်ရှိအောင် ထိန်းသိမ်းထားနိုင်အောင် ကြိုးပမ်းမှု၊ လူထုလက္ခဏာဆောင်နေအောင် ကြိုးပမ်းမှုရဲ့ လက်အောက်ခံ အလုပ်ဖြစ်ပါတယ်။

သာမန်ကာလ အလုပ်သမားသပိတ်များမှာ အလုပ်ရှင်ရဲ့ (ဖြစ်နိုင်ဖွယ်ရာ) "ဒလန်" ကို သတိထားရှောင်ကြဉ်လုပ်ကိုင်ရပါတယ်။ "သတိထား"တဲ့အထဲမှာ အလုပ်သမားချင်း သွေးမကွဲစေဖို့၊ မှားယွင်းစွာ အကဲဖြတ်တာမဖြစ်စေဖို့ ပါဝင်ပါတယ်။ "ဒလန်" ကို သတိထား လုပ်ကိုင်တာ ဖြစ်စေ၊ ခေတ္တယာယီ ထိန်းသိမ်းတာဖြစ်စေ မှန်ကန်စွာဆောင်ရွက်နိုင်ဖို့က တိုက်ပွဲခေါင်းဆောင်မှုအရည်အသွေး၊ တိုက်ပွဲဝင်သူများ၊ ဝန်းရံသူများရဲ့သွေးစည်းမှု အတိုင်းအတာပေါ် မူတည်ပါတယ်။ အလားတူ ထုရဲ့ထောက်ခံအားပေးမှုနဲ့ ဝန်းရံမှု ရယူရေးဟာလည်း အရေးကြီးပါတယ်။ အရေးတော်ပုံကာလ ပြင်းထန်သည်းသန် ရှုပ်ထွေးတဲ့ အခြေအနေမှာ

တော့ "သတိထား" ရမယ့်အချက်များနဲ့ ရှေးဦးလိုအပ်ချက်များက ပိုမိုရှုပ်ထွေး များပြား တင်းကျပ်နေပါလိမ့်မယ်။ ဒါကတော့ ယေဘုယျမျှ သတိပေးတာပဲတတ်နိုင်ပါတယ်။ အခိုင်အမာ တိုက်ပွဲဝင်နေသူများ စဉ်းစားကြနိုင်စေဖို့မျှသာ တတ်နိုင်ပါတယ်။

တရုတ်ပြည်တော်လှန်ရေးကာလ ကွန်မြူနစ် မြေအောက်လုပ်ငန်းများအတွင်း ဒလန်သုတ်သင်ရေးအတွက် အကန့်အသတ်ကြီးကြီးနဲ့ စုဖွဲ့ထားတဲ့ လက်နက်ကိုင်မြေအောက်အစု အနည်းအကျဉ်း ရှိခဲ့တယ်လို့တော့ ကြားဖူးတယ်။ ဘယ်လိုစုဖွဲ့ လုပ်ကိုင်တယ်၊ ဘယ်လောက် ထိရောက်တယ်တော့ မသိပါ။ ဗမာပြည်မှာတော့ ကွန်မြူနစ် လက်နက်ကိုင်မြေအောက်အစု မရှိခဲ့ဘူးလို့ နားလည်ထားပါတယ်။ လက်နက်ကိုင်တိုက်ပွဲ အတွင်းက သူလျှိုကွပ်မျက်မှုကိစ္စတွေကိုတော့ ကွန်မြူနစ်ပါတီဥက္ကဋ္ဌထံ တိုက်ရိုက်အစီအရင်ခံဖို့ သတ်မှတ်ချက်ရှိခဲ့ပါတယ်။ ပါတီတွင်းရောက်နေတဲ့ လူတန်းစားရန်သူများကို အရင်ဖယ်ရှားမှ တော်လှန်ရေးတက်လာမယ်ဆိုပြီးလုပ်တဲ့ "ပါတီတွင်းတော်လှန်ရေး" အတွေးအခေါ်အမှား လုပ်ရပ်အမှားဟာ တော်လှန်ရေးကိုရော ပါတီကိုပါ အကြီးအကျယ် ထိခိုက်နစ်နာစေခဲ့တာကို သင်ခန်းစာအဖြစ် မျှဝေ ခံယူကြစေလိုပါတယ်။ ပါတီအတွက်ကတော့ (တခြားသင်ခန်းစာများ ဖော်ထုတ်ဖို့ လိုအပ်သည့်တိုင်) ဒီသင်ခန်းစာဟာ အဖိုးတန်လှပါတယ်။ ဒါကြောင့် သစ္စာဖောက်အဖြစ် သတ်မှတ်တာပဲဖြစ်ဖြစ်၊ ကိုင်တွယ်ဖြေရှင်းတာပဲ ဖြစ်ဖြစ် ဒါဟာ လက်အောက်ခံပြဿနာ၊ အလွန့်အလွန် သတိထား ဆောင်ရွက်ရမယ့် ပြဿနာ ဖြစ်ပါတယ်။

ဒါတွေဟာ သတိထားစရာတွေအဖြစ်သာ ရေးသားတင်ပြနေတာ ဖြစ်ပါတယ်။ ၂၀၂၁ အရေးတော်ပုံသို့မဟုတ် လက်နက်ကိုင်တော်လှန်ရေးမှာ စစ်အာဏာရှင်စနစ် အမြစ်ပြတ် ချေမှုန်းရေး ဦးတည်ချက်အောက်မှာ အဲဒီဦးတည်ချက်ကို နည်းနည်းမှ အမေးမိုန်မခံဘဲ ကျန်ပြဿနာများကို လက်အောက်ခံပြဿနာများ ဖြေ ရှင်းရေး တင်ပြနေတာ ဖြစ်ပါတယ်။

သူလျှိုဒလန်ဖြေရှင်းရေးမှာ လက္ခဏာမတူသလို ခွဲခြားကျင့်သုံးရမှာပါ။ မိမိအဖွဲ့အစည်းအတွင်း ဝင်ရောက်နေတဲ့ သူလျှိုဒလန်ကိုင်တွယ်ရေး၊ သစ္စာဖောက်များ ကိုင်တွယ်ရေး၊ လက်နက်ချအပေါ် သဘောထား စတာတွေနဲ့ လူထုအတွင်းရှိဒလျှိုဒလန်များ ဖြေရှင်းရေးတို့ဟာ တထပ်တည်း မတူညီနိုင်ပါ။ အတွေးအခေါ်မှားယွင်းတိမ်းစောင်းသူများအပေါ် ထားတဲ့ သဘောထားနဲ့ သူလျှိုဒလန်အပေါ် ကိုင်တွယ်ပုံတို့လည်း မတူညီကြပါ။ ဒလျှိုဒလန်များကို ရှင်းလင်းရေးဟာ သာမန်အချိန်အတွင်း ကိုင်တွယ်ဖြေရှင်းရေး၊ အရေးတော်ပုံကာလအတွင်း ဖြေရှင်းရေးနဲ့ လက်နက်ကိုင်တောလှန်ရေးအတွင်း ဖြေရှင်းရေး စသည်တို့ဟာလည်း အချိန်ကာလအလိုက် ဖြေရှင်းပုံနည်းနာပိုင်းမှာ ကွဲလွဲမှုများ ရှိနေပါတယ်။

လူထုအရေးတောပုံအတွင်း ဒလျှိုဒလန်ဖြေရှင်းရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ပါတီက ရှစ်လေးလုံး အတွေ့အကြုံသင်ခန်းစာသုံးသပ်ချက်ထဲမှာ အလွန်ရှင်းလင်းစွာ ဖော်ထုတ်ထားပါတယ်။ (သူလျှိုဒလန်တွေ၊ သပိတ်ဖျက်ဆီးရေးသမားတွေကို မုချနှိပ်ကွပ်ရမှာပါ။ ဒါဟာ "လူထုအာဏာ" ကို ကျင့်သုံးနေတာ ဖြစ်ပါတယ်။

စစ်အစိုးရရဲ့ စစ်အာဏာရှင်စနစ် ပြိုပျက်သွားတဲ့နေရာမှာ "လူထုအာဏာ"နဲ့ အစားထိုးမပေးနိုင်ရင်သာ မင်းမဲ့ဝါဒ ဝင်လာမှာ ဖြစ်ပါတယ်။ စစ်အစိုးရနဲ့ သူလျှိုဒလန်တွေက လူထုတွင်း လူထုအာဏာ ကျင့်

သုံးမှုကို "မင်းမဲ့စရိုက် ဝင်လာတယ်"လို့ စွပ်စွဲတတ်ကြပါတယ်။ ဒါပေမဲ့ လူထုအာဏာမှာ အလွန်အကျွံ ဖြေရှင်းမှုတွေမဖြစ်အောင် ပြည်သူလူထုနဲ့ ရပ်မိရပ်ဖတွေက ထိန်းပေးလေ့ရှိတတ်တာကိုလည်း သတိပြုရပါမယ်။ ဒလို့ျဒလန်ဖြေရှင်းရေးမှာ လူထုဆုံးဖြတ်ချက်အရ ဖြေရှင်းတာ၊ လူထုအကျိုးစီးပွား ကာကွယ်ရပ်တည်တာ၊ လူထုဆုံးဖြတ်ချက်ရယူတာမျိုးရှိရင် အမှားနည်းပါလိမ့်မယ်။ လူထုထောက်ခံမှုရရှိဖို့ အဓိက လိုအပ်ပါတယ်။

ရန်သူက သူ့လက်နက်ကိုင်တပ်တွေအဖြစ် စစ်တပ်နဲ့ရဲတပ်တို့အပြင် ကြံ့ဖွံ့ပါတီအင်အားများ၊ မဘသ၊ စွမ်းအားရှင်၊ ပျူစောထီးသာမက သူလို့ျဒလန်များကိုလည်း စနစ်တကျ မွေးမြူထားတာ ဖြစ်ကြောင်းကိုလည်း သတိပြုပြီး သူတို့အားလုံးက ပြည်သူလူထုတရပ်လုံးအပေါ် အချိန်မရွေး ရက်စက်ယုတ်မာနိုင်ကြောင်းလည်း မေ့ထားလို့မရပါဘူး။

ပြည်တွင်းပြည်ပ အုပ်စိုးသူများက လုပ်တဲ့ "အနီ နှိမ်နင်းရေး" (ဆိုဗီယက်အနွယ်၊ကွန်မြူနစ်အနွယ်များကို နှိမ်နင်းမှုများ)၊ "အကြမ်းဖက်သမားနှိမ်နင်းရေး" (အစ္စလမ် အနွယ်များကို ကန့်သတ်နှိမ်နင်းမှုများ)၊ "အမျိုးသားကာကွယ်ရေး" (လောလောဆယ် အမေရိကန်မှာတာစူနေတဲ့ တရုတ် ရုရှား အနွယ်များအပေါ် ကန့်သတ်မှုများ) ကတော့ တကယ်တမ်းမှာ ဘက်စုံအခြေအနေအပေါ် မကျမနပ် ဖြစ်လာနေတဲ့ ပြည်သူလူထုရဲ့ လွတ်လပ်စွာ နေထိုင်သွားလာခွင့်၊ ကိုယ်ရေးကိုတာ အချက်အလက် ထိန်းသိမ်းခွင့်စတဲ့ ဒီမိုကရေစီ အခွင့်အရေးများ အပေါ် ထိုးနက်မှုများ၊ စစ်ရေး ကျူးကျော်မှု အတွက် ပြင်ဆင်မှုများသာ ဖြစ်ပါတယ်။

အဓိကပြဿနာအကြောင်း ပြန်ကောက်ရရင် မိမိတို့တိုက်ပွဲကို မှန်ကန်တဲ့ ဦးတည်ချက်လမ်းကြောင်း ပေါ် ရောက်ရှိအောင် ထိန်းသိမ်ထားနိုင်အောင် ကြိုးပမ်းမှုဆိုတာဟာ ကာယဉာဏ အလုပ်သမား အဖိနှိပ်ခံပြည်သူများ ဆင်နွဲတဲ့ စစ်အုပ်စုဖျက်သိမ်းရေး တိုက်ပွဲမှာ လူထုလက္ခဏာဆောင်နေအောင် ကြိုးပမ်းရေးနဲ့ ဆက်စပ်လုပ်ကိုင်ကြရမှာ ဖြစ်ပါတယ်။ အဖိနှိပ်ခံပြည်သူတရပ်လုံးကို စစ်အာဏာရှင်စနစ် လုံးဝဖျက်သိမ်းရေး တိုက်ပွဲအတွင်းသို့ သိမ်းသွင်းနိုင်အောင် ကြိုးပမ်းမှုကို ဆိုလိုပါတယ်။ ဒီအချက်တွေ အောက်မှာ တိုက်ပွဲသဏ္ဍာန်မှန်ကန်ရေးအပါအဝင် တခြားပြဿနာများကို ဖြေရှင်းကြဖို့ ဖြစ်ပါတယ်။ ဒီလိုဖြေရှင်းရင် တော်လှန်ရေးတိုက်ပွဲဟာ တိုးတက်မှု အောင်မြင်မှု မုချရရှိမှာ ဖြစ်ပါတယ်။

ဝင်းအောင် ၂၀၂၁ မေ ၃၀

-----

# နှစ် ၁၅၀ မြောက် ပဲရစ်ကွန်မြူနီ တော်လှန်ရေးပုံစံပြာ
## မြစမ်းအေး



ကွန်မြူနီ(ဘုံအဖွဲ့)အဓွန့်ရှည်ပါစေ ဆိုတဲ့ မိုးခြိမ်းသံနဲ့အတူ မတ်လ ၁၈ (၁၈၇၁) မှာ ပဲရစ်ဟာ နိုးထလာတယ်။ သာမန်အလုပ်သမားများဟာ အုပ်စိုးသူအခွင့်ထူးခံလူတန်းစားရဲ့ သဘာဝအရ စိုးမိုးမှုဆိုတာကို ပထမဆုံးအကြိမ် ချိုးဖျက်အန်တုလိုက်တဲ့အခါ…မြို့တော်ခန်းမထက်မှာ လွင့်ပျံနေတဲ့ အလုပ်သမားသမ္မတနိုင်ငံတော်ရဲ့ သင်္ကေတ အနီရောင်အလံတော်အောက်မှာ ကမ္ဘာဟောင်းဟာ ကြောက်လန့်ချောက်ချား အလူးလူးအလဲလဲ ဖြစ်သွားတယ်။

(ကားလ်မာ့က်စ်၊ ပြင်သစ်ပြည်တွင်းစစ်)

" ပြင်သစ်-ပရပ်ရှား(ယခုဂျာမနီ)စစ်ပွဲ ပြီးဆုံးတဲ့ကာလပိုင်း ၁၈၇၁ မတ်လ ၁၈ ရက်နေ့ ပဲရစ်မှာ ဖြစ်ပွားတဲ့ အုံကြွမှုဟာ ၁၉ရာစု ဥရောပအရင်းရှင် လူ့အဖွဲ့အစည်းရဲ့ အဆောက်အအုံကို ဖောက်ခွဲလိုက်ပါတယ်။" ၇၂ ရက်ကြာ လူမှုအုံကြွမှုကြီးဟာ အလုပ်သမားများရဲ့ တော်လှန်ရေးအတွက် စံနမူနာ ပုံစံပြာ ဖြစ်ခဲ့ပါတယ်။

"နောင် ၄၆ နှစ်အကြာမှာ ပေါ်ပေါက်လာပြီး ၂၀ရာစု လူတန်းစားတော်လှန်ရေး သမိုင်းကို လွှမ်းမိုး ခဲ့တဲ့ ၁၉၁၇ ရုရှားတော်လှန်ရေးအတွက် အခြေခံတွေ ကို ပဲရစ်ကွန်မြူန်းသင်ခန်းစာများက ချမှတ်ပေးခဲ့ပါတယ်။

၁၇၈၉ ပြင်သစ်တော်လှန်ရေးအတွင်း ပြင်သစ်ပဒေသရာဇ်များအား ကွပ်မျက်တာ ပြည်နှင်တာတွေ ဖြစ်ပွားပြီးနောက်၊ အရင်းရှင်လူတန်းစားအတွက် နိုင်ငံရေးအာဏာ လမ်းပွင့်လာခဲ့ကာ၊ ပြင်သစ်ဟာ ဥရောပအတွင်း လူမှုပဋိပက္ခ၊ လူမှုအပြောင်းအလဲများအတွက် လမ်းခင်းပေးခဲ့တယ်။ ၁၈၃၀ နဲ့ ၁၈၄၈ များမှာ (ဥရောပ)အုံကြွမှုများ ပေါ်ပေါက်ခဲ့ပြီး အလုပ်သမားလူတန်းစားနဲ့ မြို့ပြဆင်းရဲသားများရဲ့ တောင်းဆိုချက်များကို ရှေ့တန်းတင်လာတယ်။ အုပ်စိုးသူအရင်းရှင်များက စစ်တပ်နဲ့ရဲကိုသုံးပြီး အုံကြွမှုများကို ဖြိုခွင်းခဲ့တယ်။

သွေးစုပ်မှုကိုဖယ်ရှားပြီး တန်းတူညီမျှ လူ့အဖွဲ့အစည်းကို ဖန်တီးလိုတဲ့ မာ့က်စ်ဝါဒီများ၊ အစိုးရမဲ့ဝါဒီများ၊ စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒီများအဖို့ အောက်ပါမေးခွန်းကို အဖြေပေးဖို့လိုတယ်။ အဖိနှိပ်ခံ သွေးစုပ်ခံ လူတန်းစားက အာဏာသိမ်းပြီး လူ့အဖွဲ့အစည်းကို အုပ်ချုပ်နိုင်ပါ့မလား။

ပဲရစ်ကွန်မြူန်းဟာ ဥရောပသမိုင်းအတွင်း ဒီမေးခွန်းကို ဖြေကြားပေးလိုက်တဲ့ ဥရောပမှာ ပေါ်ပေါက်ခဲ့သော ပထမဦးဆုံးဖြစ်ရပ် ပါပဲ။

၁၈၇၀ နွေရာသီမှာ လူဝစ်နပိုလီယံ Louis Napoleon (ပထမမြောက် နပိုလီယံရဲ့ တူတော်စပ်ပြီး ပြင်သစ်အရင်းရှင်နိုင်ငံရဲ့ ဧကရာဇ် ၁၈၅၂-၇၀ ဖြစ်လာသူ)က ပရပ်ရှားကို စတင်ဆန့်ကျင်တိုက်တဲ့ ဘေးဒုက္ခများ သက်ရောက်သော စစ်ပွဲကနေ ကွန်မြူန်းပေါ်ပေါက်ခဲ့ပါတယ်။ စက်တင်ဘာလရောက်တော့ ပရပ်ရှားစစ်တပ်က ပြင်သစ်ဧကရာဇ်ကိုယ်တိုင်နဲ့ ပြင်သစ်စစ်သည်များ၊ အရာရှိများအပါအဝင် သုံ့ပန်း ၂၀၀,၀၀၀ လက်ရဖမ်းမိတယ်။

ပြင်သစ်နေရှင်တွေကို ကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီများက ဧကရာဇ်ကို နန်းချပြီး ပြင်သစ်သမ္မတနိုင်ငံကို ထူထောင်တယ်။ သူတို့အုပ်စိုးမှု ခိုင်မြဲစေဖို့အတွက် ပရပ်ရှားထံ လက်နက်ချဖို့ ဖြစ်လာတယ်။

ပဲရစ်အလုပ်သမားနဲ့ ဆင်းရဲသားများဟာ ပြည်သူ့စစ်နဲ့ပိုတူတဲ့ အမျိုးသားအစောင့်တပ် National Guard ကို ဖွဲ့စည်းပြီး ပဲရစ်ကို ပရပ်ရှားစစ်တပ်ထံ အပ်နှံဖို့ ငြင်းဆန်တယ်။ အမျိုးသားအစောင့်တပ် NG ဟာ အရင်းရှင်တွေကို ဆန့်ကျင်ပြီး ပရပ်ရှားအလုပ်သမားအကျိုးအတွက်လည်း အကာအကွယ်ပေးတယ်။ ၁၈၇၁ မတ်လရောက်တော့ အရင်းရှင်လိုလားတဲ့ အမျိုးသားလွှတ်တော်ကတဖက် အမျိုးသားအစောင့်တပ် NG မှာ စုစည်းမိတဲ့ ပဲရစ်မြို့က တော်လှန်ရေး အလုပ်သမားအဖွဲ့အစည်းများကတဖက်ဖြစ်တဲ့ ပဋိပက္ခဟာ ရေဆူမှတ်သို့ ရောက်လာတယ်။

## ဆူဝေလာသော ရေနွေးအိုး

မတ်လ ၁၈ ရက်နေ့မှာ ဘူဇွာ(အရင်းရှင်)လွှတ်တော်က သူတို့ရဲ့ အမြဲတမ်းတပ် လက်ကျန်စစ်သည် ၄၀,၀၀၀ ကို ပဲရစ်မြို့ Montmartre တောင်ကုန်းပေါ်ရှိ အမျိုးသားအစောင့်တပ် NG ထိန်းချုပ်ထားတဲ့ လက်ကျန်အမြောက် အလက် ၃၀၀ ကို သိမ်းယူဖို့ စေလွှတ်တယ်။ ရည်ရွယ်ချက်က အလုပ်သမားတွေကို စစ်ဆင်တိုက်ခိုက်ပြီး ခေါင်းဆောင်တွေကို သိမ်းကျုံးဖမ်းဖို့ပါပဲ။တော်လှန်တဲ့မင်းမဲ့ဝါဒီ Louise Michel က ယခုလို ရေးသားဖော်ပြခဲ့တယ်။

နံနက် ၈ နာရီမှာ Montmartre ရှိ၊ အထူးသဖြင့် အမျိုးသမီးတွေအများစုဖြစ်တဲ့ လူထုနဲ့၊ အမြဲတမ်းတပ် စစ်သည်များ ခင်မင်ရင်းနှီးမှုရလာတယ်။ အစပိုင်းမှာ နှစ်ဖက်စလုံးက စိုးရိမ်ကြောက်လန့်မှုရှိတယ်။ နောက်တော့ အသိအမှတ်ပြုလာတယ်။ မကြာခင်မှာပဲ ညီညွတ်သွားကြတယ်။

သူ ဆက်ရေးတာက "Montmartre တောင်ကုန်းမြင်ကွင်းဟာ နေ့ရဲ့ရောင်နီပေါ်ထွန်းစမှာ ရေလွှာပါးပါး ခြားထားတဲ့ ဝိုးတဝါးမြင်ကွင်းလိုပါပဲ။ တစတစ လူအုပ်များလာတယ်။ ပဲရစ်မြို့ တခြားအပိုင်းများမှလည်း သတင်း ကြားတာနဲ့ လာရောက်ပူးပေါင်းကြတယ်"။

"ပဲရစ်မြို့သူများက အမြောက်များကို သူတို့ကိုယ်နဲ့အုပ်ပြီး ကာကွယ်ထားတယ်။ အရာရှိများက ပစ်မိန့်ပေးသော်လည်း စစ်သားများက ငြင်းဆန်ကြတယ်"။ (Nick Maclellan, "Rebel Lives - Louise Michel")

စစ်သားတွေက သူတို့တပ်မှူးတွေကို ဖမ်းလိုက်တယ်။ ဒီတပ်မှူးတွေဟာ ၁၈၄၈ တုန်းက အလုပ်သမားများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့တဲ့ ဗိုလ်ချုပ်ကြီးတချို့ကို အဲဒီညနေစောင်းမှာ ကွပ်မျက်လိုက်ပါတယ်။

သန်းကောင်မတိုင်မီမှာပဲ အုံကြွမှုက အမျိုးသားအစောင့်တပ် NG ဌာနချုပ်၊ ဗဟိုရဲဌာနချုပ်နဲ့ မြို့တော်ခန်းမတို့ကို သိမ်းပိုက်လိုက်တယ်။ သူပုန်တွေ ပဲရစ်တမြို့လုံးလောက်ကို သိမ်းလိုက်ပါပြီ။

## စစ်တပ်ပုန်ကန်မှုဟာ အလုပ်သမားအာဏာကို မွေးဖွားပေးလိုက်တယ်

အမျိုးသားအစောင့်တပ်NG ဗဟိုကော်မတီဟာ စစ်အာဏာသိမ်းမှုတရပ် ဖြစ်ပေါ်ပြီး မိမိတို့အပေါ် တိုက်ခိုက်လာမှာကို ကြိုကာကွယ်တဲ့ သဘောမျှ ရည်ရွယ်ကာ ထိုနေ့အရုဏ်ဦးမှာ စတင် လှုပ်ရှားလုပ်ဆောင်ခဲ့တာပါ။ ဒါပေမဲ့ ညသန်းကောင်ယံရောက်တော့ သူတို့(ပုန်ကန်သူတို့)ဟာ လက်တွေ့အရ အာဏာသိမ်းလိုက်ကြပါပြီ။

ဒါဟာ အလုပ်သမားလူတန်းစား ဦးဆောင်တဲ့ ဆင်းရဲသားများရဲ့ ဒီမိုကရေစီနည်းကျ အုပ်ချုပ်တဲ့ ပဲရစ်ကွန်မြူနီ ၇၂ ရက်အနက် ပထမရက်ပဲဖြစ်တယ်။

ဒီပဲရစ်အလုပ်သမား အုံကြွမှုဟာ ၂၀ရာစု ဥရောပတော်လှန်ရေးများရဲ့ အတွင်းသဘောနဲ့ နီဒါန်းပါပဲ။ ဒါဟာ ဥရောပအရင်းရှင် လူ့အဖွဲ့အစည်းအတွင်း လုပ်အားရောင်းချပြီး ဘဝရပ်တည်ရတဲ့ အလုပ်သမား လူတန်းစား သို့မဟုတ် ခေတ်မီပစ္စည်းမဲ့ အခစားအလုပ်သမားများ ကိုယ်တိုင်ထူထောင်တဲ့ အစိုးရနဲ့နိုင်ငံတော် ဖြစ်ပါတယ်။

ကွန်မြူနီး(ဘုံအဖွဲ့)ဟာ ပြင်သစ် အရင်းရှင် ဗဟိုချုပ်ကိုင်မှု နိုင်ငံတော်အတွင်းမှာ အကြီးဆုံးမြို့လည်းဖြစ်၊ အလုပ်သမားလူတန်းစားရဲ့ အကြီးဆုံးအချက်အချာနေရာလည်း ဖြစ်တဲ့ ပဲရစ်မြို့တော်အတွင်းမှာသာ အာဏာသက်ရောက်တာ ဖြစ်တယ်။ ဒါပေမဲ့ ၁၇၈၉ မတိုင်ခင်က ပြင်သစ်ဘုရင် နန်းစိုက်ရာ ဗာဆေးမြို့ Versailles ဟာ ပဲရစ်နဲ့ ၁၀ မိုင်ပဲဝေးတယ်။ ကွန်မြူနီရဲ့ အုပ်စိုးမှုဟာ လိုင်ယွန် Lyon မာဆေး Marseille စတဲ့ တခြားမြို့တွေမှာ သက်ရောက်သော်လည်း ပဲရစ်မြို့ပြင်ပမှာတော့ မခိုင်မာဘူး။ (ပဲရစ်ကိုသိမ်းပြီးနောက် ဗာဆေးအထိ လိုက်မတိုက်တာများကြောင်း မာ့က်စ်က ထောက်ပြခဲ့တယ် - ဘာသာပြန်သူ)

ဆန့်ကျင်ဘက်အားဖြင့် (ပဲရစ် ပြင်ပဒေသ) ပြည်နယ်များမှ ထောက်ခံမှုမရှိခဲ့လို့ ပဲရစ်ကွန်မြူနီးဟာ ပြင်သစ်ရဲ့ကံကြမ္မာကို မထိန်းချုပ်နိုင်ခဲ့ဘူး။ သို့သော်လည်း ပထမဆုံးသော အလုပ်သမားတော်လှန်ရေးက ပေးလိုက်တဲ့ သင်ခန်းစာများက နောက်ရာစုအတွင်း တခြားနေရာတွေမှာ တော်လှန်ရေးလုပ်မယ်ဆိုရင် ဘယ်လိုပြင်ဆင်ရမလဲ ဆိုတာကို သင်ကြားပြသလိုက်ပါတယ်။ ဖရက်ဒရစ်အိန်ဂယ်နဲ့အတူ ကွန်မြူနစ်ကြေညာစာတမ်းကို ၁၈၄၇ မှာ ပူးတွဲရေးသားခဲ့သူ နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်ကြီးရဲ့ သဘောတရားခေါင်းဆောင် ဖြစ်တဲ့ ကားလ်မာ့က်စ်က - အလုပ်သမားလူတန်းစားဟာ အရင်းရှင်အုပ်စိုးသူလူတန်းစားကို ဖြုတ်ချပြီးနောက် အဖိနှိပ်ခံလူတန်းစားများရဲ့ အကျိုးအတွက် လူ့အဖွဲ့အစည်းကို ဘယ်လိုစတင် စီမံထိန်းကျောင်းရမယ်ဆိုတဲ့ ပဲရစ်ကွန်မြူနီး သမိုင်းသင်ခန်းစာကို ရှင်းပြခဲ့ပါတယ်။

အလုပ်သမားလူတန်းစားနဲ့ အဖိနှိပ်ခံများအဖို့ လွတ်တော်မှာ အသာစီးရယူကာ ဒီကမှတဆင့် လူ့အဖွဲ့အစည်းစနစ်သစ်ကို စတင်တည်ဆောက်ဖို့ဆိုတဲ့ ရိုးစင်းတဲ့နည်းလမ်းဟာ မဖြစ်နိုင်ကြောင်း ကွန်မြူနီးရဲ့ လက်တွေ့ အတွေ့အကြုံက ထုတ်ဖော်ပြသလိုက်ပါတယ်။ အစိုးရဟောင်း၊ ဗျူရိုကရေစီယန္တရားနဲ့၊ စစ်တပ်တို့ကို အုပ်စိုးသူလူတန်းစားဟောင်းနဲ့ မရေမတွက်နိုင်တဲ့နှောင်ကြိုးများဖြင့် ချည်နှောင်ထားတာဖြစ်တယ်။ အဲဒီ နိုင်ငံတော်ဟောင်းကို ဖြိုဖျက်ပြီး အလုပ်သမားလူတန်းစား နိုင်ငံတော်သစ်ကို တည်ဆောက်တဲ့ နည်းလမ်းနဲ့သာ လူ့အဖွဲ့အစည်းကို ပြောင်းလဲနိုင်မှာဖြစ်ပါတယ်။

၁၈၇၁ မတ်လ ၁၈ ရက်နေ့ ကုန်ဆုံးချိန်မှာ ပဲရစ်ရောက် ပြင်သစ်အမြဲတမ်းတပ် အောက်ခြေစစ်သည် ၅၀,၀၀၀ ခန့်မှ အများစုဟာ အမျိုးသားအစောင့်တပ် NG ကို ပြောင်းလဲသစ္စာခံလာတာ ဒါမှမဟုတ် မြို့ကို

စွန့်ခွာပြီး တပ်ကနေ ထွက်ပြေးကုန်ကြပါတယ်။ ပဲရစ်မြို့အပြင်မှာရှိတဲ့ ပြင်သစ်စစ်သည်အများစုဟာလည်း ပရပ်ရှားစစ်တပ်ရဲ့သုံ့ပန်းတွေ ဖြစ်ကုန်ပါတယ်။

ပဲရစ်မြို့တွင်းမှာ အမျိုးသားအစောင့်တပ်NGဟာ ပဲရစ်ကွန်မြူနီရဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့လည်းဖြစ် မြို့ကိုထိန်းသိမ်းတဲ့ လက်နက်ကိုင်တပ်ဖွဲ့လည်း ဖြစ်ပါတယ်။ အမျိုးသားအစောင့်တပ်က နိုင်ငံတော်အာဏာသစ်ကို ကိုယ်စားပြုတယ်။ အလုပ်လက်မဲ့တွေ အလုပ်သမားတွေ အသေးစားထုတ်လုပ်သူတွေ ဈေးဆိုင်ပိုင်ရှင်ကလေးတွေကို အကာအကွယ်ပေးပြီး သူတို့ကလည်း ကွန်မြူနီကို သူတို့အစိုးရလို့ပဲ မြင်ကြပါတယ်။ ဒါဟာ အများပြည်သူရဲ့ လွှတ်တော်ဖွဲ့စည်းမှု ပုံစံတခု ဖြစ်ပြီး ရုရှားမှာတော့ ကောင်စီ ဖွဲ့စည်းမှုတခု သို့မဟုတ် ဆိုဗီယက်လို့ခေါ်ပါတယ်။

## မာ့က်စ် လီနင် တို့ရဲ့ ကွန်မြူနီအပေါ် သင်ခန်းစာထုတ်ယူမှု

မာ့က်စ်က " ပြင်သစ်ပြည်တွင်းစစ် " The Civil War in France စာတမ်းကို ၁၈၇၁ မှာ ရေးသားထုတ်ဝေခဲ့တယ်။ မာ့က်စ်ရဲ့စာတမ်းဟာ၊ တော်လှန်ရေးကွန်မြူနစ်ခေါင်းဆောင် လီနင် V.I.Lenin ၁၉၁၇ နွေနှောင်း ရုရှားတော်လှန်ရေး အကြိုကာလမှာ ရေးသားခဲ့တဲ့ "နိုင်ငံတော်(အစိုးရ)နှင့် တော်လှန်ရေး State and Revolution ဆိုတဲ့စာတမ်းရဲ့ သော့ချက်ကျတဲ့အခန်းများအတွက် အခြေခံတွေဖြစ်လာပြီး၊ (ရုရှားတော်လှန်ရေးဟာ) ၂၀ရာစု သမိုင်းဆိုင်ရာ ဖြစ်ရပ်ကြီးတရပ်ဖြစ်လာတယ်။

အရင်းရှင်အုပ်စိုးမှုကို အားဖြည့်ပေးတဲ့ နိုင်ငံတော်(အစိုးရ)ဟောင်းကို ဖြိုချပြီး အလုပ်သမားလူတန်းစားအုပ်စိုးမှုကို အခြေခံတဲ့ နိုင်ငံတော်သစ်နဲ့အစားထိုးဖို့ ဘာကြောင့် လိုအပ်တယ်ဆိုတာကို လီနင်ရဲ့စာတမ်းက ရှင်းလင်းစွာဖွင့်ဆို ဖော်ပြထားပါတယ်။ ဒီလိုနည်းနဲ့သာ လူ့အဖွဲ့အစည်းကို ပြောင်းလဲနိုင်ပါလိမ့်မယ်။

တော်လှန်ရေးကို အလေးအနက်ထားသူ မှန်သမျှ အဖိနှိပ်ခံ အောက်ခြေလူတန်းစား လွတ်မြောက်ရေးလိုလားသူမှန်သမျှ အဆိုပါအချက်နှစ်ချက် (အဟောင်းဖြို အသစ်တည်)ကို ရှောင်လွှဲလို့မရပါဘူး။ ဒါဟာ ပဲရစ်ကွန် မြူနီရဲ့ အသက်ဝင်နေတဲ့ အတွေ့အကြုံများပဲဖြစ်တယ်။

ကွန်မြူနီဟာ ၇၂ ရက်သာခံပေမယ့် ဒီနေ့ရက်များဟာ အလုပ်သမား ဆင်းရဲသားနဲ့ အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းပြီး ပြည်သူ့ဒီမိုကရေစီကို ထူထောင်နိုင်ခဲ့တဲ့ ကြီးမြတ်တဲ့နေ့များပဲဖြစ်တယ်။

ပြင်သစ်အုပ်စိုးသူလူတန်းစားဟာ ပြင်သစ်မျိုးချစ်တိုင်းအတွက် နိုင်ငံတော်သစ္စာဖောက်မှုလို့ ယူဆရမယ့်အပေးအယူကို ပရပ်ရှားဗိုလ်ချုပ်ကြီးများနဲ့ လုပ်ခဲ့တယ်။ ပရပ်ရှားကို အလျှော့ပေးပြီး Alsace-Lorraine နယ်ကိုပေးအပ်ခဲ့တယ်။ အ အတုံ့အပြန်အားဖြင့် ပရပ်ရှားက ပြင်သစ်စစ်သုံ့ပန်းများကို ပြန်လွှတ်ပေးခဲ့ပြီး ဘူဇွာအစိုးရကအဲဒီစစ်သားများနဲ့ ကွန်မြူနီကို သွေးချောင်းစီး နှိမ်နင်းခဲ့ပါတယ်။

ဒီတပ်ဖွဲ့တွေဟာ ပဲရစ်နဲ့ဝေးတဲ့အရပ်၊ တော်လှန်တဲ့ ပရပ်ရှားအလုပ်သမားများနဲ့ ဝေးတဲ့အရပ်မှာ၊ သုံ့ပန်းအဖြစ် ရောက်ရှိနေခဲ့တာပါ။ သူတို့အများစုဟာ ကျေးလက်ကဖြစ်ပြီး ၁၈၆၂ မှာ အစိုးရအဖွဲ့ကို ပဲရစ်မှ ဗာဆေးသို့ ပြောင်းရွှေ့သွားတဲ့ အုပ်စိုးသူတွေရဲ့အလိမ်အညာမှိုင်းမိပြီး ဦးနှောက်ဆေးခံထားရသူများ ဖြစ်ပါတယ်။ (၁၈၇၁) မေလမှာ သူတို့ဟာ သူတို့အရာရှိများကို နာခံပါတယ်။ သူတို့ဟာ ပဲရစ်မြို့ကို ခုခံကာကွယ်နေတဲ့ ကွန်မြူနီဝင်များကို သတ်ဖြတ်သုတ်သင်ပါတယ်။ ဒီအထဲမှာ ကွန်မြူနီကို ကြံ့ကြံ့ခိုင်ရပ်တည် ကာကွယ်နေတဲ့ အမျိုးသမီးသမဂ္ဂဝင် အမျိုးသမီး တိုက်ခိုက်ရေးသမားတွေ အများအပြားပါဝင်တယ်။

နှစ်ပေါင်း ၃၆ နှစ်အကြာမှာ ပဲရစ်ကွန်မြူနီ(ဘုံအဖွဲ့) အတွေ့အကြုံ ပုံစံပြာကို အသုံးပြုပြီး ရုရှားအလုပ်သမားများဟာ နိုင်ငံတော်အာဏာကို သိမ်းပိုက်လိုက်ပါတယ်။

(John Catalinotto : The Paris Comune's 150th anniversary - A Blue Print for Revolution)

## ဗမာပြည်၏လက်ရှိအခြေအနေအပေါ်

## ဗမာပြည်ကွန်မြူနစ်ပါတီပြောရေးဆိုခွင့်ရှိသူ၏ပြောကြားချက်

## မောနင်းစတားသတင်းစာဝက်ဘ်ဆိုက် (https://morningstaronline.co.uk/)

ဗြိတိသျှကွန်မြူနစ်ပါတီမှ ရဲဘော်ကင်နီကွိုင်းလ် (Kenny Koyle)က ဗမာပြည်ကွန်မြူနစ်ပါတီပြောရေး ဆိုခွင့်ရှိသူနှင့်ဆက်သွယ်ပြီး မောနင်းစတားသတင်းစာတွင်ဖော်ပြရန်အတွက် လက်ရှိဗမာနိုင်ငံ၏အခြေအနေနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာ အောက်ပါအတိုင်းပြန်ဖြေခဲ့သည်။

**(၁) မေး- လူ့အဖွဲ့အစည်း-** ဗမာပြည်ရဲ့လက်ရှိလူမှုရေးစီးပွားရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေ ကိုခင်ဗျားသုံးသပ်ပေးနိုင်မလား။ ဗမာပြည်စီးပွားရေးမှာ လယ်ယာနဲ့စက်မှုတို့ရဲ့အခန်းတွေက ဘယ်လိုရှိပါသလဲ။ အလုပ် သမားလူတန်းစားရဲ့အဓိကအစိတ်အပိုင်းတွေက ဘယ်မှာပါလဲ။

ဖြေ- ကျွန်တော်တို့လက်လှမ်းမီသလောက်ဆိုရင် ဗမာပြည်ရဲ့လူမှုရေး၊ စီးပွားရေးဖြစ်ပေါ်တိုးတက်မှုဟာ ဗိုလ်နေဝင်းနဲ့မဆလပါတီတို့ရဲ့ ၁၉၆၂ ခုနှစ်အာဏာသိမ်းပွဲနောက်ပိုင်းမှာ တိုးတက်မှုက နည်းနည်းလေးပဲ ရှိပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနဲ့ တခြားဘက်ပေါင်းစုံမှာ အရည်အချင်းအရရော အရေအတွက်အရပါ ကျဆင်းသွားတာကိုမြင်နိုင်ပါတယ်။ တကယ်လို့များ တယောက်ယောက်က ဗမာပြည်မှာ အရင်ကနဲ့စာရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ၊ ကုမ္ပဏီတွေပိုများလာတယ်လို့ဆိုရင် အဲဒီဟာတွေကနေ ဘယ်သူတွေအမြတ်ရနေသလဲဆိုတာကို ကြည့်ပါလို့ပဲ ထောက်ပြလိုက်ပါ့မယ်။ အုပ်စိုးသူလူတန်းစား (စစ်ဗိုလ်ချုပ်

များအပါ)က သူတို့ အာဏာရနေတဲ့ကာလအတွင်းမှာ သာမာန်ပြည်သူလူထုအတွက် အလုပ် အကိုင်တွေ ဖန်တီးပေးခဲ့တယ် လို့ ပြောကြပါတယ်။ တိတိကျကျပြောရရင် ဒါဟာ လူဦးရေသန်း ၅၀ ကျော် ရှိတဲ့နိုင်ငံမှာ အလုပ်သမား၅သိန်းလောက်အတွက်အလုပ်အကိုင်ရရှိစေခဲ့တာဖြစ်ပါတယ်။

မှန်ပါတယ်။ သာမန်လူထုဟာအလုပ်အကိုင်တွေရကြပါတယ်။ ဒါပေမဲ့ အမြတ်အစွန်းတွေဟာ ဗိုလ်ချုပ်တွေရဲ့မိသားစုဝင်တွေ၊ ခရိုနီတွေရဲ့ ငွေစာရင်း/ငွေတိုက်တွေထဲကို ရောက်သွားကြတာပါ။ စစ်ဗိုလ်ချုပ်တွေက ဗမာပြည်ထဲကို ခေါ်ယူလာတယ်ဆိုတဲ့ "စက်မှုလုပ်ငန်း"တွေဟာ ခေတ်မီနည်းပညာ၊ အကြီးစား စက်မှုလုပ်ငန်းတို့ မပါဝင်တဲ့ အိမ်တွင်းစက်မှုလုပ်ငန်းလေးတွေသာ ဖြစ်ပါတယ်။ အဆောက်အဦအမြင့်ကြီးတွေ၊ အပျံစားဇိမ်ခံကားကြီးတွေကို မြင်ရတယ်ဆိုရင် မြင်ရသူဟာ ဒါတွေကို ဘယ်သူပိုင်ပါလိမ့်လို့ မတွေးဘဲမနေနိုင်ပါဘူး။

တကယ်တော့ဒါတွေဟာ ဒီတိုင်းပြည်မှာ ဝင်ငွေအမြင့်ဆုံးနဲ့ အနိမ့်ဆုံးလူတွေအကြားက ကွဲပြား ခြားနားမှုကို ဖော်ပြနေတာသာ ဖြစ်ပါတယ်။ တလောဆီက လက်ရှိအစိုးရရဲ့အလုပ်သမားဌာနက ထုတ်ပြန်တဲ့ ကိန်းဂဏန်းတချို့ကို ကျွန်တော်သတိထားမိပါတယ်။ "ယခုနှစ်ဖွန်လအထိဆိုလျှင် မြန်မာနိုင်ငံမှပြည်ပရောက်အလုပ်သမားများက ပြန်ပို့သောငွေမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရှိပြီဖြစ်သည်။ တရားဝင် ပြန်ပို့ကြသည့်ငွေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဂျီဒီပီစုစုပေါင်း၏ ၀.၈၇% ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်မှ ဂျီဒီပီစုစုပေါင်း၏ ၁.၀၆% ရှိသည်"ဟုလည်း ဆက်၍ဖော်ပြထားသည်။ ၁၉၉၀ခုနှစ်မှ ၂၀၁၉ ခုနှစ် ဖွန်လအထိကာလအတွင်း မြန်မာနိုင်ငံမှ တရားဝင် ပြည်ပသို့စေလွှတ်ခဲ့သော အလုပ်သမားဦးရေမှာ ၁.၀၆ သန်းခန့်ရှိသည်ဟုလည်း ဆိုသည်။ ဤအတိုင်းသာဆိုပါက ဗမာနိုင်ငံလူဦးရေစုစုပေါင်း၏ ၁၀% မှာ ပြည်ပသို့ သွားရောက်လုပ်ကိုင်သူများဖြစ်နေသည်။ ကိုဗစ် ၁၉ ဖြစ်ပေါ်လာပြီးနောက်နှင့် ပြည်တွင်းအုံကြွမှုများ ပေါ်လာပြီးနောက်တွင် ပြည်ပရောက်ဗမာနိုင်ငံမှ အလုပ်သမားများ (အများစုမှာ တရားမဝင် သွားရောက်သူများဖြစ်သည်) မှာ ဆင်းရဲသော မိမိတို့၏အိမ်သားများအတွက် ငွေပြန်မပို့နိုင်သဖြင့် အိမ်သား များမှာမကျော်လွှားနိုင်သော အခက်အခဲကြီးများနှင့် ရင်ဆိုင်နေရသည်။"

ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုတာကလည်း ဗမာပြည်ရဲ့သဘာဝသယံဇာတတွေ-အထူးသဖြင့် ရေနံနှင့် ကျောက်မျက်ရတနာတို့ကို သွေးစုပ်ရေးသာအဓိကဖြစ်တယ်။ လုပ်အားအများကြီး အသုံးပြုရသော စိုက်ပျိုးရေးနှင့်သတ္တုတွင်းလုပ်ငန်းများမှာ တိုင်းပြည်အနှံ့အပြားတွင်ရှိနေပြီး ကမ္ဘာမှာဈေးအပေါဆုံးလုပ်အားကိုသွေးစုပ်လုပ်ကိုင်နေကြပါတယ်။ စိုက်ခင်းတွေက အလုပ်သမားတွေနဲ့ ဒေသခံပြည်သူတွေဟာ ငှက်ပျော၊ ကြက်ပေါင်၊ ပြောင်းဖူး၊ ဗိန္ဒောဆေး စတာတွေစိုက်တဲ့ စိုက်ခင်းတွေက အကျိုးအမြတ်နည်းနည်းလေးသာ ခံစားကြရပါတယ်။ တချိန်တည်းမှာ ရင်းနှီးမြှုပ်နှံတယ်ဆိုသူတွေကတော့ အထွက်ပစ္စည်းရဲ့ ၉၀% ကျော်ကို သူတို့သတ်မှတ်ထားတဲ့နေရာကို ပြန်သယ်သွားကြပြီး အမြတ်အစွန်းတွေ အကြီးအကျယ်ခံစားကြရပါတယ်။

အလုပ်သမားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်ရဲ့အဆိုအရဆိုရင် ဗမာပြည်က ပြည်ပထွက် အလုပ်လုပ်တယ်ဆိုတဲ့လူတွေဟာ အများအားဖြင့် ထိုင်း၊ တရုတ်၊ မလေးရှားစတဲ့ အိမ်နီးနားချင်း နိုင်ငံတွေဆီကိုသာ သွားကြတာဖြစ်ပြီး အရေအတွက်အားဖြင့် ၅ သန်းလောက် ရှိပါတယ်။ ဒါပေမဲ့ ဗမာအလုပ်သမားတွေကို အလွန်အလှမ်းဝေးတဲ့ ကာတာ၊ ကိုရီးယား၊ ဂျော်ဒန် စတဲ့နိုင်ငံမျိုးတွေမှာတောင် တွေ့နိုင်ပါတယ်။ အဲဒီအထဲက ထိုင်းတနိုင်ငံတည်းမှာပဲလုပ်နေသူဟာ ၃သန်းလောက်ရှိပြီး အများစုဟာ လစာ နည်းနည်းသာရတဲ့လူတွေ ဖြစ်ပါတယ်။ ဗမာပြည်ကနေ အိမ်နီးနားချင်းနိုင်ငံတွေကို တင်ပို့တဲ့ နောက်ကုန်ပစ္စည်းတမျိုးကတော့ စစ်ကြောင့်၊ ဒါမှမဟုတ် လူမျိုးရေးဖိနှိပ်မှုကြောင့် ထွက်ပြေးကြသူတွေဖြစ်ပါ တယ်။ တနေရာ

မှာ သိန်းဂဏန်းစီရှိတဲ့ နယ်စပ်တွေတလျှောက်က စခန်းတွေမှာ သူတို့ဟာ အိမ်မဲ့ရင်တွေရဲ့ နှာခေါင်းရှုံ့တာကို အောင့်အည်းခံနေကြရပါတယ်။

တချိန်က ကမ္ဘာမှာဆန်တင်ပို့မှုအများဆုံးနိုင်ငံဟာ အခုအခါမှာ လုပ်အားအများဆုံးတင် ပို့တဲ့နိုင်ငံ ဖြစ်နေပါပြီ။ ပြည်တွင်းစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဟာ နိုင်ငံပေါင်းစုံဆီက စက်မှုထွက်ကုန်ပစ္စည်းတွေ တင်သွင်းယူဖို့ လိုအပ်ချက် ပိုမိုတိုးများလာမှုနဲ့ မကာမိပါဘူး။ သယံဇာတတွေကိုဖျက်ဆီးမှုဟာ ပတ်ဝန်း ကျင်ကို ဖျက်ဆီးရုံတင်မက ကမ္ဘာမြေရဲ့ ပြန်မရနိုင်တဲ့သဘာဝသယံဇာတနဲ့ မြေသြဇာကြွယ်ဝမှုကိုလည်း ကုန်ခန်းစေပါတယ်။ စိုက်ခင်းတွေကို ဒေသလူထုလက်ပြန်အပ်တဲ့အခါမှာ လူလုပ်မြေသြဇာနဲ့ ပိုးသတ် ဆေး အသုံးပြုမှုကြောင့် ခန်းခြောက်နေတဲ့မြေတွေဖြစ်နေပါတယ်။

နောက်ထပ် ထောက်ပြသင့်တဲ့အချက်တစ်ချက်ကတော့ ပြည်ပရင်းနှီးမြှုပ်နှံသူတွေနဲ့ ပြည်တွင်းက ငွေရှင်ကြေးရှင်တွေရဲ့ မဆင်မခြင်သစ်ခုတ်မှု၊ သတ္တုတူးမှု၊ စိုက်ခင်းတွေဖော်ထုတ်မှုကြောင့် ပေါ်ထွက်လာ တဲ့ ဘေးထွက်ဆိုးကျိုးဖြစ်ပါတယ်။ မြေပြို၊ တောင်ပြိုတာတွေ၊ မြေဆီခန်းခြောက်မှု၊ မြစ်ချောင်းတွေ ခန်း ခြောက်မှု၊ တောရိုင်းတိရစ္ဆာန်တွေလျော့ပါးမှုနဲ့ ရာသီဥတုပြောင်းလဲမှုတွေဟာ တစ်နိုင်ငံလုံးမှာ ကြုံတွေ့နေရ တဲ့ပြဿနာတွေဖြစ်ပါတယ်။

**(၂) မေး- နိုင်ငံရေး-** စစ်တပ်နဲ့ဒီချုပ်တို့အကြားက ပဋိပက္ခတွေဟာ တည်ရှိနေတာကြာပါပြီ။ သူတို့ ဟာ သဘောတရားရေးရာလက္ခဏာ ဘယ်လောက်ဆောင်ပါသလဲ။ သူတို့ဦးရဲ့ ပြည်တွင်းက လူတန်းစား အခြေခံမှုက ဘာပါလဲ။ အခု နောက်ဆုံးတိုက်ခိုက်မှုကိုဖြစ်ပေါ်စေတဲ့ တကယ့်အဖြစ်အပျက်တွေဟာ ဘာ တွေလဲ။

**(ဖြေ)** မှန်ပါတယ်။ စစ်တပ်နဲ့ဒီချုပ်တို့အကြားက ပဋိပက္ခတွေဟာ ကာလတာရှည်ပါပြီ။ ဒီလိုဖြစ် ရတာရဲ့အဓိကအကြောင်းရင်းက စစ်တပ်ဟာ နိုင်ငံရဲ့အာဏာရအင်အားတွေအကြားမှာ အုပ်စုတခုဖြစ် လာ ပြီး သူတို့ဟာ ဘယ်အရပ်သားအစိုးရနဲ့မှ အတူရပ်တည်ဖို့- လက်အောက်မှာလုပ်ဖို့ ဆိုတာဝေးလို့- မရည် ရွယ်တာပါပဲ (ဒါဟာ ဗမာပြည်ရဲ့ခေတ်သစ်နိုင်ငံရေးသမိုင်းမှာ ပထမဆုံးအာဏာသိမ်းတဲ့ ဗိုလ်နေဝင်းဆီက ဆက်ခံထားတာဖြစ်ပါတယ်)။

တကယ်ကျတော့ ဒီအုပ်စုနှစ်ခုစလုံးဟာ ဗမာပြည်က အချမ်းသာဆုံးအလွှာဖြစ်တဲ့ ဖျူရိုကရက်အ ရင်းရှင်တွေကို ကိုယ်စားပြုပါတယ်။ ဒါပေမဲ့ သူတို့ဟာ မတူတဲ့အရင်းရှင်အစုတွေကို ကိုယ်စားပြုတာမို့ ဘယ် သူကမှ သာမန်ပြည်သူတွေ ချမ်းသာအောင်လုပ်ဖို့၊ ဆင်းရဲချမ်းသာ ကွာဟမှုကို ဆွဲချေဖို့ စိတ်မဝင်စားကြ ပါဘူး။ ဒီအစုနှစ်စုအကြားကပဋိပက္ခဟာသူတို့ရဲ့ အကျိုးစီးပွားနဲ့ လုပ်ငန်းများအပေါ်မှာ အခြေခံတာမှန်ပေ မယ့် သူတို့အကြားမှာ စီးပွားရေးအရ ပဋိပက္ခရှိတယ်ဆိုတာကိုလည်း ဘယ်သူမှမငြင်းကွယ်နိုင်ပါဘူး။

ကျွန်တော်တို့နိုင်ငံအတွင်း အခုနောက်ဆုံး(လက်ရှိ)ဖြစ်ပေါ်နေတဲ့ မငြိမ်မသက်မှုတွေကို ဘယ်ကိစ္စ က ဖန်တီးလိုက်တယ်ဆိုတာကို အတိအကျပြောဖို့ ခက်ပါတယ်။ ဒါပေမဲ့ ဦးစွာအားဖြင့် သူတို့ဦးအကြားက နားလည်မှုမရှိတာနဲ့ အာဃာတတွေဟာ ဟိုအစောကြီးကတည်းက ရှိခဲ့တာပါ။ နောက်ပြီး ပြည်သူက ဘယ် လိုပဲ စေ့စပ်စေချင်ပေမယ့် စေ့စပ်လို့မရပါဘူး။ အထက်မှာ ကျွန်တော်ပြောခဲ့တဲ့ ၁၉၆၂ ခုနှစ် အာဏာ သိမ်းပွဲကစလို့ ဒီနိုင်ငံမှာပေါ်ခဲ့တဲ့ ဘယ်အရပ်သားအစိုးရမှာ ဆယ်နှစ်မခံခဲ့ပါဘူး။ သူတို့ဟာ သေနတ်ကိုင် ထားသူတွေရဲ့ရှေ့မှောက်မှာ ဒူးထောက်ရတာချည့်ပါပဲ။ စစ်တပ်ဟာ ဒီချုပ်ကိုလည်း ၁၉၈၈ ခုနှစ် အုံကြွ မှုတွေနောက်ပိုင်းကစလို့ အဲဒီလိုပဲ ဒူးထောက်ခိုင်းနေတာပါ။ တချိန်တည်းမှာလည်း သူတို့ဟာ လိုအပ်ရင်

အချိန်မရွေး အာဏာသိမ်းနိုင်အောင် ပြင်ဆင်နေခဲ့ကြပါတယ်။ ဒီလိုန ် စစ်တပ်အဖို့ "အာဏာသိမ်းတယ်" ဆိုတာဟာ ဒီနိုင်ငံက ပြည်သူလူထုကို စစ်ရေးအရခြိမ်းခြောက်တဲ့ လက်သုံးစကားတခု ဖြစ်လာခဲ့ပါတယ်။ ဒီတခါတော့ သူတို့ဟာ ပြောတဲ့အတိုင်းလုပ်ကြောင်း ပြခဲ့ကြပါပြီ။ သူတို့ဟာ သူတို့အထက်အထက်က ဆရာကြီးတွေရဲ့ သွန်သင်ချက်တွေနဲ့ ဆန္ဒတွေကို ဖြည့်ဆည်းခဲ့ကြပြီလို့တော့ ဆိုကောင်းဆိုကြမှာပေ့ါ။

**(၃) မေး- ဒီချုပ်-** ဒီချုပ်ဟာလူထုအဖွဲ့အစည်းတရပ်ဖြစ်ပါတယ်။ သူတို့အထဲက အဓိကဂိုဏ်း အုပ်စုတွေက ဘာတွေပါလဲ။ သူတို့ဟာဘယ်လောက်အတိုင်းအတာအထိ ဗမာပြည်ပြည်သူအများစုကို ကိုယ်စားပြုပါသလဲ။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီကို တည်ထောင်ရာမှာ သူ့ဖခင်လည်း ပါခဲ့တယ်ဆိုတဲ့အချက်ကို မေးမှိန်အောင်လုပ်ထားပါတယ်။ ဘာကိုရည်ရွယ်တာပါလဲ။

ဖြေ- ဒီချုပ်ဟာ ၁၉၈၈ခုနှစက နိုင်ငံအဝှမ်းမှာဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအုံကြွမှုတွေထဲက ပေါက်ဖွားလာတာပါ။ သူတို့ဟာ ဒီ ပြည်သူ့အုံကြွမှုဒီရေကိုစီးပြီး လူအများအပြားရဲ့ အားပေးထောက်ခံမှုကို ရရှိခဲ့ပါတယ်။ အဲဒီလူပ်ရှားမှုကြီးကို ဒီချုပ်ကဦးဆောင်ခဲ့တယ်လို့ မဆိုနိုင်ပေမယ့် သူတို့ဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အချို့သော ထင်ရှားတဲ့ခေါင်းဆောင်များ (တချို့က လက်ဝဲသမားတွေ)အပေါ် လူထုရဲ့ချစ်ခင်လေးစားမှုရဲ့ အသီးအပွင့်ကို ဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။ အဲဒီကာလတုန်းက လူကြိုက်များတဲ့ရုပ်ပြတခု လိုအပ်နေတဲ့ လူထုတွေက ဒေါ်အောင်ဆန်းစုကြည်ကို ထိပ်သို့တွန်းတင်ခဲ့ပါတယ်။ နိုင်ငံရေးအတွေ့အကြုံမရှိတဲ့သူဟာ အနောက်တိုင်းကနိုင်ငံရေးကို ဗမာပြည်လက်တွေ့နဲ့ အတင်းပေါင်းစပ်ခဲ့ပါတယ်။ သူ ထိပ်ကိုရောက်ပြီး ၂ နှစ်လောက်အလွန်မှာ သူက လက်ဝဲယိမ်းသူလို့ ထင်သူမှန်သမျှကို သူတို့အဖွဲ့အစည်းထဲက ဖယ်ထုတ်ခဲ့ပါတယ်။ လူအများကတော့ သူဒီလိုလုပ်တာဟာ ဗမာပြည်နိုင်ငံရေးနယ်ပယ်က ခေါင်းမာတဲ့ လက်ယာ မားတွေ (စစ်တပ်ကလည်းပါချင်ပါမယ်၊ ဘယ်သူသိမလဲ)ရဲ့ အကြံပေးချက်နဲ့လုပ်တာလို့ဆိုကြပါတယ်။

ဒီချုပ် အဖွဲ့အမည်ထဲက အဖွဲ့ချုပ်ဆိုတာဟာ ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်) ဆိုတဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း စတဲ့ ခေါင်းဆောင်တွေ အကောင်အထည်ဖော်ခဲ့ကြတဲ့၊ ဖက်ဆစ်ဂျပန်ကို တော်လှန်၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြတဲ့ အဖွဲ့ချုပ်ထဲက အဖွဲ့ချုပ်ဆိုတဲ့ဝေါဟာရနဲ့ အတူတူပါပဲ။ ဒီချုပ်က အဲဒီတုန်းက ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ တတ်သိပညာရှင်တွေ၊ ဦးတင်ဦး ခေါင်းဆောင်တဲ့ တပ်ထွက်အရာရှိတွေအုပ်စုနဲ့ ဗိုလ်မှူးချုပ်ဟောင်း ဦးအောင်ကြီးအစုတို့ ပါဝင်လို့ ဒီနာမည်ကို ယူခဲ့ကြတာ ဖြစ်ပါတယ်။ ဦးအောင်ကြီးနဲ့ဦးအောင်ရွှေ (အခု နှစ်ဦးစလုံး မရှိတော့) တို့ဟာ စစ်အရာရှိဟောင်းတွေဖြစ်တဲ့အပြင် ဗိုလ်နေဝင်းရဲ့လက်ထောက်၊ ကွန်မြူနစ်ကို အသေဆန့်ကျင်သူတွေ ဖြစ်ကြပါတယ်။ ဘယ်အစုမှ အလုပ်သမား၊ လယ်သမား၊ ဒါမှမဟုတ် နိုင်ငံရဲ့ ဆင်းရဲတဲ့ အလွှာတွေကို ကိုယ်စားမပြုကြပါဘူး။

ဒီချုပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ဟာ ၁၉၈၈ ခုနှစ် လှုပ်ရှားမှုများနောက်မှာ လူကြိုက် အလွန်များခဲ့တယ်ဆိုတာကို ကျွန်တော်တို့ဝန်ခံပါတယ်။ ဒါပေမဲ့ ၂၁ ရာစုထဲ ဝင်လာတာနဲ့ သူတို့လည်း အရောင်မှိန်လာပါတယ်။ အခုတော့ သူတို့အုပ်ချုပ်လို့ နှစ်အနည်းငယ်ကြာတဲ့အခါမှာ ဗမာပြည်သား အများအပြားဟာ ဒီချုပ်နဲ့ဒေါ်အောင်ဆန်းစုကြည်အပေါ် ယုံကြည်မှုကင်းမဲ့လာကြပါတယ်။ သူတို့တတွေ ဗိုလ်ချုပ်တွေနဲ့ မကြာခဏ ပုလင်းတူဘူးဆို့ လုပ်ကြတာကိုတွေ့ရတော့ သူတို့ရဲ့ တကယ့်သရုပ်သကန်ကို သိမြင်ရပြီလို့ ယူဆကြပြီး မနည်းလှတဲ့လူတွေက ပြောင်ရွှတ်ချကြပါတယ်။ ပါလီမန်ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ စီပီအာအိပ်ချ်(CRPH)က တိုင်းရင်းသား လက်နက်ကိုင် အင်အားစုတွေကို တွဲတိုက်ကြဖို့ ချဉ်းကပ်ကြတဲ့အခါမှာ တချို့သောတိုင်းရင်း သားခေါင်းဆောင်တွေက "ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးပြီး ခင်ဗျားတို့

ရဲ့လှုပ်ရှားမှုမှာ ခေါင်းဆောင်တင်လိုက်ရင် ဘယ်နယ်ဖြစ်ကုန်မလဲ "လို့ပြန်ပြောကြပါတယ်။ သူတို့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တိုင်းရင်းသားတွေအပေါ်ထားရှိတဲ့ သဘောထားကို သံသယရှိနေကြောင်းနဲ့ အကုန်မပုံနိုင်ကြောင်း ဖော်ပြတာပါပဲ။ (တခါက ဒေါ်အောင်ဆန်းစုကြည်ဟာ ဗိုလ်ချုပ်တွေနဲ့ တသားတည်းရပ်တည်ပြီး ရိုဟင်ဂျာတွေကို မနှစ်သက်ကြောင်း သဘောထား ဖော်ပြခဲ့ဖူးတာကို လူတိုင်းသိကြပါတယ်။) ဒါပေမဲ့ လက်ရှိလှုပ်ရှားမှုမှာ ရုပ်ပြစရာခေါင်းဆောင်လိုအပ်နေတာမို့ အဲဒီနေရာကို ဒေါ်အောင်ဆန်းစုကြည် ပြန်ရောက်လာနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လက်ရှိ အရေအတွက်အရရော၊ အမျိုးအမယ်အနေနဲ့ပါ တိုးများ၊ အရှိန်ရလာနေတဲ့ လူထုဆန္ဒပြပွဲတွေမှာ သူဟာ ဒေါင်းအဖြစ် ကထွက်လာမလား၊ ငှင်းတအဖြစ် ထိုးကျသွားမလားဆိုတာစောင့်ကြည့်ကြရမှာပါပဲ။

ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့အမေ(လက်ယာသမား)ရဲ့လက်ပေါ်နဲ့ ကွန်မြူနစ် ဆန့်ကျင်ရေး လွှမ်းမိုးတဲ့လူ့အဖွဲ့အစည်းမှာ ကြီးပြင်းလာသူဖြစ်ပါတယ်။ သူရဲ့ဖခင် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရတဲ့အချိန်မှာ သူဟာ အသက်၂ နှစ်ပဲ ရှိသေးတယ်ဆိုတာနဲ့ သူက သူ့ဖခင်ဟာ ကွန်မြူနစ်ပါတီကို ထူထောင်ရာမှာ ပါဝင်ခဲ့တယ်ဆိုတာကို တခါမှမပြောဖူးဘူးဆိုတာကို ကျွန်တော်တို့ မေ့လို့မဖြစ်ပါဘူး။ နောက်ပြီး သူ့ကိုနန်းတင်ခဲ့ကြတဲ့ ဒီချုပ်အဖွဲ့ထဲက ထင်ရှားတဲ့ခေါင်းဆောင်တချို့ကို "ဝဲ"လို့၊ ဒါမှမဟုတ်"ကွန်မြူနစ်ဖြစ်"လို့ ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ဒီချုပ်အဖွဲ့ထဲက ပ'ထုတ်ရာမှာ သူကအလွယ်တကူပဲ လက်ညှိုးထောင် ထောက်ခံခဲ့တယ်ဆိုတဲ့အချက်ကိုလည်း ကျွန်တော်တို့ မေ့လို့မဖြစ်ပါဘူး။ ကျွန်တော် အထက်မှာ ပြောခဲ့သလိုပဲ စစ်ဗိုလ်ချုပ်တွေရဲ့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နဲ့ မြန်မာ့စီးပွားရေးကုမ္ပဏီတို့ဟာ ဗမာ့စီးပွားရေးနယ်ပယ်မှာ ထင်တိုင်းကြဲနေနိုင်ပြီး ဒီအစုနစ်စုနဲ့ပတ်သက်လာရင် ဗိုလ်ချုပ်တွေဟာ အင်မတန်မှ အကဲဆတ်ပါတယ်။ ပြီးခဲ့တဲ့ရွေးကောက်ပွဲတွေ ပြီးသွားတဲ့အခါမှာ ဗိုလ်ချုပ်တွေဟာ သူတို့ရဲ့ ဒီ အချစ်တော် ကုမ္ပဏီကြီးများအတွက် အန္တရာယ်ကို သတိပြုမိပြီး ဘာမှသတိမပေးဘဲ အလျင်အမြန် လုပ်ချလိုက်တယ်လို့လည်း ဆိုကြပါတယ်။

(၄) **အလုပ်သမားသမဂ္ဂများ-** အလုပ်သမားသမဂ္ဂများအကြောင်းတခုခုများပြောပြနိုင်မလား၊ နောက်ပြီး ကျောင်းသားလှုပ်ရှားမှု၊ အမျိုးသမီးနယ်ပယ်နဲ့ ဘာသာရေးဆိုင်ရာလှုပ် ရှားမှုများအကြောင်းရော-

ဗမာပြည်နိုင်ငံရေးရဲ့ဖော်ပြချက်တွေထဲက ထင်ရှားတဲ့အချက်တချက်ကတော့ ရုရှားနိုင်ငံက ဘော်ရှီဗစ်တော်လှန်ရေးနဲ့ ကမ္ဘာအဝှမ်းက လက်ဝဲလှုပ်ရှားမှုတွေရဲ့ ဩဇာသက်ရောက်မှုဖြစ်ပါတယ်။ ဒီတော့ အနောက်တိုင်းအင်အားကြီးတွေရဲ့ အဇ္ဈေဝါဒီကတပည့်တွေလည်းဖြစ်၊ လက်ယာသမားတွေလည်းဖြစ်တဲ့ အာဏာရလူတန်းစားတွေတောင်မှ လူထုကို လှည့်စားပြီးထောက်ခံမှုရယူဖို့အတွက် လက်ဝဲကြွေးကြော်သံတွေ အော်လေ့ရှိကြပါတယ်။

အဲဒီရဲ့အကျိုးဆက်အနေနဲ့ ၁၉၄၈ ခုနှစ်၊ ဗမာပြည် လွတ်လပ်ရေးရပြီးတဲ့နောက်မှာ တိုင်းပြည်မှာ အင်အားကြီးတဲ့ အလုပ်သမားသမဂ္ဂကြီးနှစ်ခု ပေါ်ထွက်ခဲ့ပါတယ်။ တခုက လက်ဝဲလိုင်းဖြစ်ပြီး နောက်တခုကတော့ အာဏာရ လလက်ယာသမားတွေဘက်က ဖြစ်ပါတယ်။ ကွန်မြူနစ်တွေ တောခိုပြီး လက်နက်ကိုင်တော်လှန်ကြတော့ ဥပဒေဘောင်ထဲက အလုပ်သမားလှုပ်ရှားမှုဟာ သိသိသာသာပဲ အားနည်းသွားခဲ့ပါတယ်။ ဆိုရှယ်လစ်စကားလုံးတွေကိုအော်တာ အကျင့်ပါနေတဲ့ အာဏာရဖဆပလမှာလည်း အလုပ်သမားသမဂ္ဂ ရှိပါတယ်။ ဒါပေမဲ့ ဖဆပလကွဲတော့ အလုပ်သမားသမဂ္ဂတွေလည်း လိုက်ကွဲတော့တာပါပဲ။ အဲဒီတုန်းက လက်ဝဲပါတီတခုရဲ့လက်အောက်ခံ အလုပ်သမားသမဂ္ဂတခု ရှိခဲ့ဖူးပါတယ်။ ဒါပေမဲ့ သူ့ရဲ့အရှိန်ဩဇာဟာ မပြောပလောက်ပါဘူး။ ဗိုလ်နေဝင်းရဲ့မဆလပါတီ အုပ်စိုးတဲ့ခေတ်မှာတော့ လက်ဝဲ စကားတွေ

ကို သာမန်လူထုက နားကြားပြင်းကပ်လာကြပါတယ်။ တဆက်တည်းမှာပဲ အလုပ်သမား လှုပ် ရှားမှုတွေကို ပြည်သူလူထုကရော၊ အစိုးရကပါ ဥပေက္ခာပြုလိုက်ကြပါတယ်။ သူတို့ရဲ့ လှုပ်ရှားမှုတွေဟာ အမျိုးသား ခေ ရှင်တွေကို ဦးတည်တိုက်ခိုက်တာဖြစ်တယ်လို့ ဗိုလ်နေဝင်းနဲ့ မဆလခေါင်းဆောင်တွေက ယူဆကြပါတယ်။ နိုင်ငံရေးအရရော စီးပွားရေးပိုင်ဆိုင်မှုတွေကို သိမ်းယူရေးအတွက်ပါ ဖြစ်တယ်လို့ ယူဆတာပါ။

ရှစ်လေးလုံးအရေးတော်ပုံကြီးရဲ့နောက်ပိုင်းမှာ အလုပ်သမားသမဂ္ဂ ပုံစံအသစ်တွေ ပေါ်ထွက်လာ ပါတယ်။ ဒါပေမဲ့ သူတို့ဟာ သိသိသာသာပဲ အားနည်းပြီး တကွဲတပြားဖြစ်နေကြပါတယ်။ သူတို့ဟာ သေ သေချာချာ စည်းရုံးမှုမရှိပေမယ့် လက်ရှိ နိုင်ငံတဝှမ်းလုံးမှာ ပေါ်ပေါက်နေတဲ့အုံကြွမှုတွေမှာ အလုပ်သမား လူတန်းစားရဲ့ တက်ကြွတဲ့အခန်းကပါဝင်မှုကို ဘယ်သူမှငြင်းမရဘူးလို့တော့ ဆိုချင်ပါတယ်။ လက်ရှိ အုံကြွ မှုကြီးတွေ ပေါ်ပေါက်လာတဲ့အခါမှာ အလုပ်သမားလူတန်းစားဟာ ဆန္ဒပြပွဲတွေမှာပါ ဝင်ကြပြီး လက်နက်ကို ကောက်ကိုင်ကြရာမှာလည်း အလွန်တက်ကြွကြတာတွေ့ရပါတယ်။

ဗမာပြည်ရဲ့ဥပဒေတွင်းနိုင်ငံရေးမှာ ကျောင်းသားတွေဟာ အမြဲပဲ ရှေ့တန်းကပါဝင်လေ့ ရှိပါတယ်။ ကျောင်းသားသမဂ္ဂတွေဟာ ဗမာပြည်ရဲ့ဥပဒေတွင်းနိုင်ငံရေးမှာ အင်မတန်မှသြဇာညောင်းလေ့ရှိပါတယ်။ သူတို့ဟာ အခြေအနေရဲ့တောင်းဆိုမှုအလိုက် ပိုစတာကိုလည်း ကိုင်နိုင်၊ သေနတ်ကိုလည်း ကိုင်နိုင် ကြောင်း ပြသခဲ့ပါပြီ။ ကျွန်တော်သိသလောက်ဆိုရင် စီဒီအမ် (CDM)လှုပ်ရှားမှုက မနည်းလှတဲ့ ကျောင်း သားတွေဟာ တိုင်းရင်းသားလက်နက်ကိုင် အခြေခံဒေသတွေကို သွားကုန်ကြပြီး တချို့ဟာဆိုရင် အစိုးရ တပ်တွေကို တိုက်ခိုက်ရာတွေ မှာပါဝင်နေကြပါတယ်။

မျက်မှောက်အုံကြွမှုတွေမှာ အရင်ရှစ်လေးလုံးအရေးတော်ပုံတုန်းကနဲ့မတူ လူမျိုးပေါင်းစုံ၊ အလွှာ ပေါင်းစုံ၊ ဘာသာပေါင်းစုံ ယောက်ျား-မိန်းမတွေဟာ သဏ္ဍာန်မျိုးစုံနဲ့ပါဝင်နေကြပါတယ်။ ဗုဒ္ဓဘာသာသံဃာ တော်တွေ၊ ခရစ်ယာန်သီလရှင်တွေ၊ အစ္စလမ်တရားဟောဆရာတွေ လမ်းပေါ်မှာ ကြွေးကြော်သံဟစ်နေကြ တာ၊ အသတ်ခံရတာတွေ တွေ့ခဲ့ကြရပါပြီ။ သူတို့ဟာ (CDM)လှုပ်ရှားမှုတွေမှာ ပါဝင်ပြီး အလုပ်တက်ဖို့ ငြင်းဆန်ကြသူတွေအတွက် စားစရာတွေ လုပ်ပေးကြပါတယ်။ မထင်မှတ်ထားတဲ့ပညာတတ် အမြောက်အ မြား- အထူးသဖြင့်- ဆေးဝါးနယ်ပယ်က- လူတွေမျက်မှောက်လှုပ်ရှားမှုတွေရဲ့ ရှေ့တန်းကပါဝင်ပြီး အသက် စွန့်ကြတာကို ကျွန်တော့်အနေနဲ့ဝန်ခံရမှာပါ။ ဒီအုံကြွမှုကြီးမှာ အရွယ်အမျိုးမျိုးသော အမျိုးသမီးအာဇာနည် တွေအမြောက်အမြား ပေါ်ထွက်လာပြီး စစ်မျက်နှာစာပေါင်းစုံမှာ ခေါင်းဆောင်တာဝန် ယူနေကြတာကို တွေ့ နိုင်ပါတယ်။ တန်းတူမှု(ကျား-မ စသည်)ဆိုတာ နိုင်ငံအဝှမ်းအုံကြွမှုကြီးတွေထဲမှာ စမ်းသပ်အတည်ပြုရလေ့ ရှိပါတယ်။

**၅။ တိုင်းရင်းသားများ- ရိုဟင်ဂျာပြဿနာအပေါ်မှာဗမာပြည်ကွန်မြူနစ်ပါတီရဲ့အမြင်က ဘယ်လိုရှိပါ သလဲ။ တခြားဗမာပြည်ကရှုပ်ထွေးလှတဲ့ တိုင်းရင်းသားအရေးတွေရော-**

ကျွန်တော်ထင်တာကတော့ ရိုဟင်ဂျာပြဿနာဟာ သမိုင်းကချန်ရစ်တဲ့ကိစ္စတခုဖြစ်ပါတယ်။ အုပ်စိုး သူလူတန်းစား-စစ်တပ်အပါ-တွေဟာ နယ်စပ်တဖက်ကဖိတ်စင်ကျလာတဲ့ အဲဒီလူတွေကို တားဆီးဖို့ မကြိုး စားခဲ့ပါဘူး။ ဒါ့အပြင်ကိုယ်ကျိုးအတွက်အသုံးချကြပါတယ်။ ဥပမာဆိုရင်ဖဆပလအစိုးရဟာ သူတို့ကို ရွေး ကောက်ပွဲတွေမှာ ဖဆပလမဲပုံးထဲ မဲထည့်စေခဲ့ပါတယ်။ နောက်ပြီးစစ်တပ်ကဆိုရင်လည်း အဲဒီမှာရှိတဲ့ ဗမာ ပြည်ကွန်မြူနစ်ပါတီရဲ့တပ်တွေ လှုပ်ရှားတာကို တားဆီးဖို့အတွက် ရိုဟင်ဂျာတပ်တွေကို လက်ပိုက်ကြည့် နေခဲ့ပါတယ်။ ကျွန်တော်တို့အမြင်ကတော့ ဘယ်လူမျိုးမဆို ကျွန်တော်-ကျွန်မဟာ ဘာလူမျိုးရယ်လို့ ဆုံး

ဖြတ်ခွင့်ရှိပါတယ်။ ဗမာပြည်ကစစ်အစိုးရဟာ တိုင်းပြည်ရဲ့နာမည်ကိုတောင် ဘယ်ပညာရှင်နဲ့မှ တိုင်ပင်ဆွေးနွေးခြင်းမရှိဘဲ ဗမာကနေ မြန်မာလို့ပြောင်းခဲ့ပါတယ်။ ဒါဟာသူတို့ကိုယ်သူတို့ မျိုးချစ်ပုဂ္ဂိုလ်ကြီးများလို့ အထင်ခံရဖို့ အတုအယောင်ဖန်တီးချက်တခုသာ ဖြစ်ပါတယ်။ ဗိုလ်နေဝင်းနဲ့စစ်အုပ်စုဟာ သူတို့ရဲ့ "မျိုးချစ်စိတ်" နဲ့ တိုင်းပြည်မှာလူမျိုးရေး၊ ဘာသာရေးပြဿနာတွေ ဖော်နိုင်အောင် ဂုက်ဖဲအဖြစ် ဖန်တီးထားခဲ့တာ ဖြစ်ပါတယ်။

**(၆) လတ်တလောလုပ်ငန်း- ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လတ်တလောတောင်းဆိုချက်တွေက ဘာတွေပါလဲ။ ဗြိတိန်နိုင်ငံမှာရှိတဲ့ တိုးတက်တဲ့လူတွေအနေနဲ့ ဒီအရေးကိုအားပေး ထောက်ခံဖို့အတွက် ဘာလုပ်နိုင်ပါသလဲ။**

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့လတ်တလောတောင်းဆိုချက်တွေဟာအောက်ပါအတိုင်းဖြစ်ပါတယ်။

၁- ဗမာပြည်မှာ စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်နဲ့ စစ်ဗျူရိုကရက် အရင်းရှင်စနစ်ကို ဖျက်သိမ်းရေး။

၂- ၂၀၀၈ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုဖျက်သိမ်းရေး။

၃။ တိုင်းပြည်မှာ ပြည်သူ့ဒီမိုကရေစီစနစ်ထူထောင်ရေး။

တကမ္ဘာလုံးကပြည်သူတွေအနေနဲ့ အသက်၁၂နှစ်အောက်ကလေးတွေကိုတောင်ပစ် သတ်နေကြတဲ့ စစ်တပ်ရဲ့ရက်စက်တဲ့ဖိနှိပ်မှုကိုဆန့်ကျင်ရှုတ်ချပြီး ဗမာပြည်ပြည်သူတွေရဲ့ ဘက်မှာရပ်တည်ကြစေချင်ပါတယ်။

၁။ ဗမာပြည်လွတ်လပ်ရေးရပြီးနောက်စစ်သုံးစစ်လို့ ကျွန်တော်တို့ရည်ညွှန်းလေ့ရှိတဲ့ စစ်အုပ်စု၊ စစ်အစိုးရနဲ့ စစ်ဗျူရိုကရေစီစနစ်ဟာ ပြည်သူတွေကိုဖိနှိပ်၊ ခေါင်းပုံဖြတ်၊ သတ်ဖြတ်နေတဲ့ မိစ္ဆာသုံးကောင် ဖြစ်ပါတယ်။ သူတို့ဟာ ပြည်သူတွေကို အကြီးအကျယ် ထိခိုက်ဆုံးရှုံးစေတဲ့ ဆယ်စုနှစ် ၈ ခု ကျော်ဖြစ်ပွားနေတဲ့ ကမ္ဘာ့အရှည်ကြာဆုံးပြည်တွင်းစစ်ကြီး (၁၉၄၈ခုနှစ်၊ မတ်လ ၂၈ရက်နေ့မှာစတင်ခဲ့တာပါ) ကို မီးမွှေးပြီး မီးတောက်တွေကို လေပင့်ပေးနေခဲ့တာပါ။ စစ်အုပ်စုထိပ်သီးတွေဟာ ဒီပြည်တွင်းစစ်ကို လက်ညှိုးထိုးပြပြီး သူတို့ရဲ့စစ်ယန္တရားကြီးကို တိုးချဲ့၊ အရပ်သားနိုင်ငံရေးခေါင်းဆောင်တွေအနေနဲ့ သူတို့ရဲ့အရေးပါမှုကို အသိအမှတ်ပြုစေပြီး အာဏာသိမ်းတာနဲ့ ခိမ်းခြောက်နေခဲ့ပါတယ်။ ဒါ့သာမက စစ်ခေါင်းဆောင်တွေဟာ စစ်လက်နက် အရောင်းအဝယ်တွေကနေ စားပေါက်တွေချောင်ကြ၊ စစ်တပ်အုပ်စိုးတဲ့နယ်မြေတွေ- အထူးသဖြင့် မကြာခဏ တိုက်ပွဲဖြစ်ပွားတဲ့ နယ်စပ်ဒေသတွေမှာ- ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြတဲ့ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်တွေဆီက လာဘ်လာဘတွေရရှိကြပါသေးတယ်။

စစ်အုပ်စု၊ စစ်အစိုးရနဲ့ စစ်ဗျူရိုကရေစီစနစ်တို့ဟာ တခုနဲ့တခုအပြန်အလှန်ဆက်စပ်နေပြီး ကျန်နှစ်ခုမရှိဘဲ ဘယ်တခုမှ မတည်ရှိနိုင်ပါဘူး။ စစ်ဗျူရိုကရေစီစနစ်ကြီးမရှိရင် စစ်အုပ်စုဟာ ဘာအစွမ်းမှမရှိပါဘူး။ အဲဒီ စစ်ဗျူရိုကရေစီ အဆောက်အအုံတွေရှိမှသာ သူတို့ရဲ့ရက်စက်ကြမ်းကြုတ်တဲ့အာဏာကို အသုံးပြုနိုင်ပါတယ်။ စစ်အုပ်စုနဲ့စစ်ဗျူရိုကရက်အာဏာရှင်စနစ်တို့ နှစ်ခုလက်တွဲပြီး ဗမာပြည်နဲ့ တိုင်းရင်းသားတွေအပါ ပြည်သူပြည်သားတွေကို နှိပ်စက်နေတဲ့ စစ်အာဏာရှင်စနစ်ကိုထူထောင်၊ ကာကွယ်စောင့်ရှောက်၊ သယ်ဆောင်ကြပါတယ်။

၂။ ၂၀၀၈ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့အသဲစွဲ ဖြစ်ပြီး အလိမ်အညာ ဆန္ဒခံယူပွဲနဲ့ အတည်ပြုထားတဲ့ဟာ ဖြစ်ပါတယ်။ မှတ်သားစရာကောင်းတာကတော့ အဲဒီဆန္ဒခံယူပွဲကို ဗမာပြည်ရဲ့ လူဦးရေထူထပ်တဲ့ဧရာဝတီတိုင်းမှာ သမိုင်းတလျှောက် တခါမှမကြုံဖူးတဲ့ ဆူနာမီမုန်တိုင်းကြီး တိုက်ခတ်တဲ့နေ့မှာ ကျင်းပတာဖြစ်ပြီး စစ်အစိုးရကတော့ ပျက်စီးကုန်တဲ့ မိမိတို့အိမ်တွေက ထွက်ပြေးနေကြတဲ့လူထုဟာ သူတို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံမဲတွေ ထည့်ခဲ့ကြတယ်လို့ဆိုတာပါပဲ။ အစမှာတော့ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ မြေပေါ်က လက်ဝဲအင်အားစုတချို့ကသာ ဒီဖွဲ့စည်းပုံဥပဒေဟာ စစ်အုပ်ချုပ်မှုကို ထိန်းသိမ်းသွားဖို့ဖြစ်ပြီး ဖြစ်နိုင်သမျှနည်းနဲ့ တိုက်ဖျက်ရမယ်လို့ပြောခဲ့ကြပါတယ်။ အခုတော့ ဗိုလ်မင်းအောင်လှိုင်ရဲ့ အာဏာသိမ်းပွဲဖြစ်ပြီးနောက်မှာ တခြားအင်အားစုတွေနဲ့လူတွေကလည်း အဲဒီဖွဲ့စည်းအုပ်ချုပ်ပုံကို ဆန့်ကျင်ပြောဆိုလာကြပါတယ်။

၃။ ဘယ်လူ့အဖွဲ့အစည်းမဆို၊ နောက်ပြီးအဲဒီလူ့အဖွဲ့အစည်းမှာ တည်ရှိနေတဲ့ဒီမိုကရေစီတွေဟာ လူတန်းစားလက္ခဏာရှိတယ်ဆိုတာကို ကျွန်တော်တို့ လုံးဝယုံကြည်ပါတယ်။ အခုအခါမှာ ကျွန်တော်တို့ နိုင်ငံမှာ စစ်ထိပ်သီးတွေနဲ့ သူတို့ရဲ့ခရိုနီတွေသာ ဒီမိုကရေစီကို အပြည့်အဝ ခံစားနေကြရပြီး ပြည်သူတွေကတော့ ဒီမိုကရေစီနဲ့ကင်းဝေးနေတာ နှစ်တွေဆယ်နဲ့ချီ ရှိနေပါပြီ။ ပြီးခဲ့တဲ့ရွေးကောက်ပွဲဆိုတာတွေမှာ မရိုးသားမှုနဲ့ အင်အားသုံးစွဲမှုတွေဟာ ဒင်းကျမ်း-(တင်းကျမ်း) ဖြစ်နေပြီး တခါတလေမှာဆိုရင် စစ်တပ်ကသတ်တာမျိုးတောင် တွေ့ရပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လွှတ်တော်နဲ့ တခြားအစိုးရ အဆောက်အအုံတွေထဲမှာ စစ်တပ်က အဆုံးအဖြတ်ပေးနိုင်အောင် လုပ်ထားတာလို့ ကျွန်တော်တို့က စွဲစွဲမြဲမြဲ ယုံကြည်ပါတယ်။ ဒီချုပ်ဟာ အောင့်ခံ၊ ဒါမှမဟုတ် စစ်ဗိုလ်တွေကိုကပ်ထားနိုင်မှ အသက်နဲ့ခန္ဓာကိုယ်တည်မြဲမှာပါ။ ဒါပေမဲ့ အခုတော့ အခြေအနေတွေဟာ ပြောင်းပြန် ပြောင်းလဲသွားပါပြီ။ ဒီချုပ်ခေါင်းဆောင်အများ အပြားဟာ ထောင်ထဲရောက်နေ၊ ဒါမှမဟုတ် ထွက်ပြေးနေကြရပါတယ်။ ဘယ်လိုပဲဖြစ်ပစေ သာမန်ပြည်သူတွေကတော့ စစ်အစိုးရကိုဆန့်ကျင်ပြီး လက်ထောင်လိုက်တာနဲ့ အသတ်ခံရ၊ အဆွဲခံရတော့တာပါပဲ။ ဒီတော့ ဒီအဖိနှိပ်ခံပြည်သူများနဲ့အတူ ကျွန်တော်တို့ လည်းဒီမိုကရေစီလိုချင်ပါတယ်။ ပြည်သူတွေအတွက် ဒီမိုကရေစီပါ။ ဒါဟာ တော်လှန်ရေးအဆင့်ဆင့်မှာ ကျွန်တော်တို့မပြောမဖြစ်ပြောကြတဲ့ တောင်းဆိုချက်၊ ကြွေးကြော်သံဖြစ်ပါတယ်။

**နိုင်ငံတကာ**

**(၁) တရုတ်/မြန်မာ- အနောက်တိုင်းမီဒီယာတွေမှာ တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ စစ် တပ်ကိုထောက်ခံနေတဲ့ဆိုပြီး တရုတ်ပြည်ရဲ့အခန်းကို သရုပ်ဖျက်ဖို့ ကြိုးပမ်းနေကြတာတွေရှိပါတယ်။ အနောက်တိုင်းမီဒီယာတွေမှာ အချို့သောဆန္ဒပြသူတွေက တရုတ်ပြည်ကိုကန့်ကွက်နေတာနဲ့ အမေရိကန်ကဝင်စွက်ဖို့ တောင်းဆိုနေတာတွေကို တွေ့ရပါတယ်။ ခင်ဗျားရဲ့ အမြင်ဘယ်လိုရှိပါသလဲ။**

**(၂) ဒီနေ့အခါ ဗမာနိုင်ငံမှာအနောက်နယ်ချဲ့နိုင်ငံတွေရဲ့ စီးပွားရေးနဲ့နိုင်ငံရေးအခန်းကဏ္ဍဟာ ဘယ်လိုရှိပါသလဲ။ သူတို့မှာဘာအစီအမံတွေရှိပါသလဲ။**

ကမ္ဘာ့ အင်အားကြီးနိုင်ငံတွေအကြားမှာ ဗမာနိုင်ငံရဲ့အရေးပါမှုဟာ သူ့ရဲ့တည်နေရာ အရေးပါမှုကြောင့်ဖြစ်ပါတယ်။ အိန္ဒိယနဲ့တရုတ်နိုင်ငံတွေအကြားမှာ တည်ရှိတဲ့ဗမာပြည်ဟာ ဒုတိယကမ္ဘာစစ်ကာလမှာ တရုတ်ပြည်ထဲကိုဝင်ဖို့ အရေးပါတဲ့ခြေနင်းခုံအခန်းက ပါဝင်ကပြခဲ့ပါတယ်။ နောက်ပြီး ပင်လယ်လမ်းမှာလည်း မလက္ကာရေလက်ကြားကို သင်္ဘောတွေဖြတ်သန်းတဲ့အခါမှာ ထိန်းချုပ်လို့ရတဲ့ အနေအထားမှာ ရှိပါ

တယ်။ တရုတ်ပြည်ပတ်ပတ်လည်မှာ အနောက်တိုင်းနိုင်ငံတွေရဲ့ မဟာမိတ်တွေ ဝိုင်းရံနေပြီး တရုတ်ပြည်ရဲ့အနောက်ဖက်မှာသာ လပ်နေတာပါ။ အဲဒါက ရုရှားနဲ့ဗမာပါ။ ဒီအကြောင်းကြောင့်ပဲ အနောက်တိုင်း အင်အားကြီးတွေဟာ ဗမာပြည်ရဲ့ခြေလှမ်းတွေကို စိတ်ဝင်းစားကြတာလို့ ကျွန်တော်ထင်ပါတယ်။ အခု အခါလို အမေရိကန်နဲ့တရုတ်တို့အကြားက တင်းမာမှုဟာ ထိပ်ဆုံးရောက်နေပြီး တရုတ်တောင်ပင်လယ်ထဲမှာ အလံအမျိုးမျိုးထူထားတဲ့ ရေတပ်သင်္ဘောတွေ ဥဒဟိုသွားလာနေတဲ့ အချိန်မှာ အနောက်တိုင်းအင်အားတွေအဖို့ တရုတ်ပြည်ရဲ့ စစ်ရေးအရအာရုံစိုက်မှုကို သူ့ရဲ့အနောက်ဖက်နယ်စပ်တွေဆီကနေ ဆွဲထုတ်နိုင်ရင် အများကြီး ကောင်းမှာပါ။ ဒ့ါအပြင် ဗမာပြည်ဟာ တိဗက်လို တရုတ်ရဲ့အကဲဆတ်ပေ့ဆိုတဲ့ နေရာတွေနဲ့လည်း အလွန်နီးကပ်တာပါ။

**(၃) အနောက်ကထောက်ပံ့တဲ့ အင်န်ဂျီအိုတွေရဲ့အခန်းက ဘယ်လိုရှိပါသလဲ။ အနောက်နိုင်ငံတွေက တချို့သော နယ်ချဲ့ဆန့်ကျင်ရေးလက်ဝဲသမားတွေဟာ လက်ရှိဗမာပြည်ကဆန္ဒပြပွဲတွေဟာ အမေရိကန်က ထိုးဆွပေးထားတဲ့ "အရောင်တော်လှန်ရေး"လိုဟာတွေဖြစ်တယ်လို့ စွာထွက်ကြပါတယ်။ ဒါကို ခင်ဗျားတို့ ဘယ်လိုတုံ့ပြန်ပါသလဲ။**

ကျွန်တော့်အမြင်မှာလည်း အင်န်ဂျီအိုတွေကတဆင့် ဝင်ရောက်လာတဲ့ အနောက်တိုင်း နိုင်ငံရေးလုပ်ငန်းတွေဟာ နော်ဝေကလာတာဖြစ်စေ၊ တောင်ကိုရီးယား ဒါမှမဟုတ်တခြား တနိုင်ငံကလာတာဖြစ်စေ အိမ်ဖြူတော်နဲ့ အဆက်အစပ်ရှိတယ်လို့ ထင်ပါတယ်။ သူတို့ဟာ ဗမာပြည်ကစစ်ဗိုလ်ချုပ်တွေကို တရုတ်ရင်ခွင်ထဲက ဆွဲထုတ်ယူချင်တာပဲ ဖြစ်ပါတယ်။ သူတို့ဖြစ်စေချင်တာက သူတို့နဲ့အပြိုင် နိုင်ငံကြီးအပါးမှာ သူတို့အတွက် အစောင့်ခွေးတကောင် ရှိနေစေချင်တာသက်သက်ပါ။

ဗမာပြည်ကွန်မြူနစ်ပါတီ

**(၁) ဗမာပြည်ကွန်မြူနစ်ပါတီဟာ ၁၉၈၈-၈၉ခုနှစ်မှာ ကြီးမားတဲ့အပြောင်းအလဲကြီးတွေနဲ့ ကြုံခဲ့ရပါတယ်။ ဒီအဖြစ်အပျက်များဟာ နက်နက်ရှိုင်းရှိုင်းဖြစ်ခဲ့တဲ့ ဥရောပက ဆိုရှယ်လစ်နိုင်ငံတွေသာမက တရုတ်ပြည်မှာပါ ယာယီကာလတခု ဂယက်ရိုက်ခဲ့ပါတယ်။ ဒီဖြတ်သန်းမှုကနေ ဗမာပြည်ကွန်မြူနစ်ပါတီအနေနဲ့ ဘာအရေးကြီးတဲ့ သင်ခန်းစာတွေ ရလိုက်ပါသလဲ။ ပါတီဝင်မဟုတ်တဲ့၊ တိုးတက်တဲ့လူတွေကို ပါတီက ဘယ်လို ချပြပါသလဲ။**

ကျွန်တော်တို့ဟာ ၁၉၆၀ စုနှစ်များနဲ့ ၇၀ စုနှစ်များတုန်းက ပဲခူးရိုးမမှာကျင့်သုံးခဲ့တဲ့ လက်ဝဲစွန်း ပေါ်လစီတွေကြောင့် သေလုနီးပါး ဒဏ်ရာတွေရရှိခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ဆယ်စုနှစ်နဲ့ချီ ထိန်းသိမ်းထားခဲ့တဲ့ အခြေခံဒေသကိုစွန့်လွှတ်ပြီး လူတန်းစားတိုက်ပွဲတွေကို သိပ်မကြုံဖူး၊ နိုင်ငံရေးလေထုလည်းမမြင့်မားတဲ့ နယ်စပ်ဒေသတွေကို အခြေခံခဲ့ရပါတယ်။ ကျွန်တော့်အတွေ့အကြုံအရဆိုရင် ဒီအခြေခံဒေသတွေ ပေါ်ပေါက်လာပုံကိုက သိပ်သဘာဝမကျပါဘူး။ သူတို့ဟာ ဒေသနေပြည်သူများရဲ့ လူတန်းစားတိုက်ပွဲက ပေါ်ထွက်လာတာမဟုတ်ဘဲ ပြည်ပကတင်သွင်းယူတာ ဖြစ်နေခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ အခြေခံဒေသဟောင်းတွေ ကသောင်းကနင်းဖြစ်နေတဲ့ အဲဒီလိုကာလမျိုးမှာ ကျွန်တော်တို့အဖို့ ရွေးချယ်စရာမရှိပါဘူး။ ကျွန်တော်တို့တွေ နယ်စပ်ကအခြေခံဒေသတွေကို မစွန့်လွှတ်ရခင်လေးအထိ ကျွန်တော်တို့က ဗမာပြည်တော်လှန်ရေးဟာ ရောဝတီမြစ်ဝှမ်းမှာ သေနတ်သံတွေကြားရမှ တဆစ်ချိုး ပြောင်းလဲမယ်လို့ပြောခဲ့ကြပါတယ်။

**(၂) စစ်တပ်ဟာ လူထုလှုပ်ရှားမှုတွေကို အမြဲပဲ အကြမ်းဖက်ဖြေရှင်းတဲ့ဆန္ဒ ရှိပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီမှာ စစ်အာဏာရှင်ကို လက်နက်ကိုင်တိုက်ပွဲဝင်တဲ့ ဆယ်စုနှစ်ပေါင်း များစွာသော အတွေ့အကြုံရှိပါတယ်။**

**ဒီနေ့အနေအထားမှာ လက်နက်ကိုင်တိုက်ပွဲနဲ့ အကြမ်းမဖက်တဲ့နည်းတိုက်ပွဲဝင်မှုတွေအကြားမှာ ဘာထူးခြားတဲ့ သင်ခန်းစာတွေများ ရှိပါသလဲ။**

ကျွန်တော့်အမြင်မှာတော့ လက်နက်ကိုင်တိုက်ပွဲနဲ့ အကြမ်းမဖက်တဲ့တိုက်ပွဲတို့အကြားမှာ ဘာပဋိပက္ခမှ မရှိပါဘူး။ မြို့တွေပေါ်မှာရှိတဲ့ ကျွန်တော်တို့ရဲ့ရဲဘော်တွေရဲ့ မြေပေါ်လှုပ်ရှားမှုတွေကို ကျွန်တော်တို့က အမြဲအားပေး၊ တိုက်တွန်းပါတယ်။ ကျွန်တော်တို့က လက်နက်ကိုင်တိုက်ပွဲတွေမှာ အတော်လေး ထိရောက်တဲ့ အောင်ပွဲတွေရနေတဲ့အခါတွေမှာတောင်မှ ကျွန်တော်တို့ ဒီလိုပဲလုပ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ နည်းပရိယာယ်လမ်းစဉ်မှာ အကြမ်းမဖက်တဲ့တိုက်ပွဲတွေရဲ့ လိုအပ်မှုနဲ့အခန်းကဏ္ဍကို အမြဲ အသိအမှတ်ပြုထားပါတယ်။ ဒီနှစ်မျိုးထဲက တမျိုးကိုဥပက္ခာပြု၊ ဒါမှမဟုတ်ဆန့်ကျင်ပြီး ကျန်တဲ့တမျိုးကိုပဲ အဓိကထားလုပ်ကိုင်တာမျိုးကို ကျွန်တော်တို့ဆန့်ကျင်ပါတယ်။

(၃) အခုလို နိုင်ငံအတွင်းမှာရှိနေတဲ့ပါတီက မြေအောက်လှုပ်ရှားနေတဲ့အချိန်မှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲဘော်တွေ လှုပ်ရှားလုပ်ကိုင်နေတာတွေနဲ့ပတ်သက်လို့ ဘာများပြောနိုင်ပါသလဲ။ အထူးသဖြင့် ပုံနှိပ်အားဖြင့်သော်လည်းကောင်း၊ ဆိုရှယ်မီဒီယာတွေကတဆင့်သော်လည်းကောင်း မိမိတို့ရဲ့ စာစောင်တွေ၊ သဘောထားတွေကို ဖြန့်ချိတာလုပ်ပါသလား။ ပါတီအနေနဲ့ မိမိတို့ရဲ့ အမြင်တွေကိုအများသိအောင် ဘယ်လိုများလုပ်ပါသလဲ။ လုံခြုံရေးကိုမထိခိုက်လို့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ပြည်တွင်းကလုပ်ငန်းတွေကို ပြောပြနိုင်ရင် သိပ်ကောင်းမှာပါ။

ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ပြည်သူလူထုကြီး လွတ်မြောက်ဖို့အတွက် အစိုးရ ဆန့်ကျင်ရေး မြေအောက်လှုပ်ရှားမှုတွေကို လုပ်နိုင်သမျှ အကုန်လုပ်ပါတယ်။

ကျွန်တော်တို့ ပါတီမှာ ဝက်ဘ်ဆိုက်တခုရှိပါတယ်-

https://www.cp-burma.org/-

နောက်ပြီး ထုတ်ဝေတာတွေလည်း ရှိပါတယ်။ ဗမာဘာသာ နဲ့ပေါ့။ ကျွန်တော်တို့ဟာ စစ်တပ်ဆန့်ကျင်တဲ့အင် အားစု မှန်သမျှ(လက်နက်ကိုင်သူရောမကိုင်သူရောပါ)နဲ့ ဆက်သွယ်ဖို့ ကြိုးစားပါတယ်။ သူတို့နဲ့အတူ စစ်အာဏာရှင်တွေကို အတူတိုက်ခိုက်ဖို့ လုံးပန်းပါတယ်။ တခြားနိုင်ငံတွေက ညီနောင်ပါတီတွေနဲ့ စာအဆက်အသွယ်တွေ၊ အမြင်ဖလှယ်တာတွေလည်းရှိပါတယ်။



## အကွေ့နဲ့အရွေ့

## (A.ငြိမ်း)

## (ဖောင်ပိတ်ဆောင်းပါး)

တလောက ညအိပ်ရာဝင်ခါနီးတိုင်း ငှက်ဆိုးထိုးသံတွေကြားပြီး အိပ်မပျော် ဖြစ်ခဲ့ရတယ်။ မြန်မာ့အသံကနေ တက္ကသိုလ်မြတ်သူဦးဆောင်ပြီး 'အကွေ့နဲ့အရွေ့' ဆိုတဲ့ စကစရဲ့ အသုဘတေးသံကို ရက်ဆက်ကြားနေရလို့ ဖြစ်တယ်။ နားထောင်ပြီးသလောက်အပေါ်က မှတ်ချက်တချို့ ကောက်ခြစ်လိုက်ပါတယ်။

ပုဂ္ဂိုလ်ရေးကစပြီး ပြောပါရစေ - မြတ်သူ ဘယ်လိုလူစားလဲ?

အိမ်နံမည် 'အပါကြီး'

ကျောင်းနာမည် 'ကျော်ဇင်ညွန့်'

စာရေးတော့ 'တက္ကသိုလ်မြတ်သူ' ဖြစ်သွားတယ်။

ရပ်တည်ချက်သမိုင်းကတော့ ဗိုလ်နေဝင်းလက်ထက်ကစပြီး တခါမှ ပြည်သူ့ဘက်က မရပ်ဘဲ အုပ်စိုးသူ (NLD မပါ) လုပ်သမျှ အထူးသဖြင့် စစ်အုပ်စုလုပ်သမျှ မှန်တယ်ဆိုတဲ့ 'လိုင်း' ပဲ။

ကျောင်းသားဘဝမှာ သူနဲ့ခေတ်ပြိုင် ကျောင်းနေဘက်တွေက ကျောင်းသားသမဂ္ဂအလုပ် လုပ်သူလုပ်၊ ကျောင်းသားရဲခေါင်ထဲ ပါသူပါ။ တောခိုသူခို ဖြစ်နေချိန် - ဘာမှရာထူးရာခံ တက်လမ်းမရှိတဲ့ ဒီလို အဆင်းရဲအပင်ပန်းခံရတဲ့ အလုပ်တွေ သူမလုပ်၊ စိတ်မဝင်စား၊ အားအားရှိ မယ်ဒိုလင်လေး တဒေါင်ဒေါင်ခေါက်ပြီး 'ဂလေရိုက်' နေတာပဲ သတိထားမိ။

သမိုင်းပြောင်းပြန်ကိစ္စ သို့မဟုတ် ဖြောင်လိမ်သမိုင်း

လွတ်လပ်ရေးခေတ်ကာလမှာ ဆိုရှယ်လစ်တွေ လုပ်ခဲ့တဲ့လုပ်ဟန်ကို မဆလ- က ဆက်ခံတယ်။ နောက် နဝတ (စောမောင်၊ သန်းရွှေ၊ မောင်အေး၊ ခင်ညွန့်) တို့က လက်ပြောင်းယူတယ်။ ဒီလိုနဲ့ ခု မင်းအောင်လှိုင်၊ စိုးဝင်းတို့ခေတ် ရောက်လာပြီ။ (အချုံးမပြောင်း) လုပ်ဟန်မပြောင်း။ သူတို့ လုပ်တာကလည်း 'သမိုင်းကို ပြောင်းပြန်လုပ်ပစ်ခြင်း' ပဲ ဖြစ်တယ်။

ဒီနေရာမှာ အနေအစားချောင်အောင် တောက်လျှောက်နေလာတဲ့ မြတ်သူတို့လို ဖောင်းတော်ညိတ်စိတ်တော်သိ ပုဂ္ဂိုလ်တွေအခန်း ဝင်လာပါတယ်။ သူတို့ကတော့ သခင်တင်မြ၊ မောင်စူးစမ်း၊ ချစ်လှိုင် (အညမည) ဘခက် စသူတို့နဲ့ သူတို့ရဲ့ တပည့်သားမြေးတွေပါ။

ဒီလိုအာဏာခေတ်ပြောင်းတိုင်း ထုတ်အသုံးခံရတိုင်း ပွဲထွက်ရတာတွေ များလွန်းလို့လားမသိ အသက် ၉၀ တန်းရောက်နေတာတောင် 'ဒေါက် ဒေါက် ဒေါက် ဒေါက်' ပြောနိုင်နေတာ သတိထားမိတယ်။ (သီလကောင်းလို့တော့ ဟုတ်ဟန်မတူ/ စာကျေတဲ့သဘောပဲ)

ဒီလိုနဲ့ စစ်အုပ်စုဟာ ဆယ်စုနှစ်တခုပြီးတခု စီးပွားရေး နိုင်ငံရေး စစ်ရေး ဘက်ပေါင်းစုံကနေ စစ်အာဏာရှင်စနစ်ခိုင်မြဲအောင် တည်ဆောက်ခဲ့ကြတယ်။ ခုလို လုပ်နေနိုင်အောင် သူတို့လို မီဒီယာဒေါက်တိုင်တွေရဲ့ အခန်းကလည်း မသေးဘူးဆိုတာ သတိပေါ့လို့ မဖြစ်ဘူး။

ဗိုလ်ခင်ညွှန့်ကို ဦးထင်ပေါ်၊ တီဗွီမင်းသား၊ ပွဲထွက်ရာထူးမှန်သမျှ သိမ်းကြုံးယူပြီး အရှက်နည်းနည်းနဲ့ပြောနေဆိုနေ၊ ဖွင့်ပွဲတိုင်း ခလုတ်တွေလျှောက်နှိပ် လုပ်နေတာတွေအပေါ်မှာလည်း ပြည်သူတွေက မျက်မုန်းကျိုးတာ ကျွန်တော်တို့လည်း ရေးခဲ့ကြပြီ။ သူပြောသမျှတွေက သမိုင်းပြောင်းပြန်တွေပါ။ ဒါတွေကို ဒေါ်နဲ့မောနဲ့ 'အပိုင်ကြီး' ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်အပြည့် 'ဂိုက်' ဖမ်းပြောနေတာကို ၈ လေးလုံးခေတ် မီလိုက်သူတွေ မှတ်မိကြပါလိမ့်မယ်။

ခု မင်းအောင်လှိုင်ကလည်း ခင်ညွှန့်လို အထူးထူးအသွယ်သွယ်သော ရာထူးတွေယူပြီး အဲဒီစတိုင်အတိုင်း ပွဲစိပ်လာနေတယ်။ ဘယ်ကိစ္စမဆို သူ့ဖြတ်သန်းမှုအရ နားလည်တယ်၊ ဦးဆောင်မှုပေးနိုင်တယ် ဆိုပြီး ပြောနေပောနေတယ်။ (ဗျူးတခုမှာ ဒီလိုပဲကြွားထားဖူး) ဒါပေမဲ့ သူ့မျက်လုံးတွေက အရောင်မတောက် မှိန်ဖျော့နေတယ်။ ဟိတ်ဟန်ထုတ် ပြောနေရလို့ အားမပါဘူး။ Body Language ဖတ်တတ်သူ (ပုံပန်း အမူအယာပေါ်က ကောက်ချက်ဆွဲနိုင်သူ) တိုင်းက 'ဒီကောင်ပေါ်'ပဲလို့ ချက်ချင်းတန်ဖိုးဖြတ်လိုက်ကြတယ်။

ဒါတောင် တက္ကသိုလ်မြတ်သူဦးဆောင်တဲ့အဖွဲ့က ဗိုလ်ခင်ညွှန့်ရဲ့ ဖုန်တက်နေတဲ့ ဓာတ်ပြားဟောင်း သမိုင်းလိမ်တွေကို ပြန်ဖွင့်ပြနေပါကလား။

ခေတ်ကပြောင်းနေပြီ။ ပြည်သူတွေကိုယ်တိုင် လက်နက်ကိုင်စွဲ တိုက်ပွဲဝင်နေတဲ့ခေတ်။ အင်တာနက်ခေတ်မှာ ပြည်သူတွေကိုယ်တိုင် ဖုန်းတလုံးကိုင်ပြီး လေ့လာနိုင်တဲ့ခေတ်။ ကိုယ့်ဘဝအတွေ့အကြုံအရ ဘယ်ဟာအမှန် - ဘယ်ဟာ 'ဂျင်း' ဆိုတာ ခွဲခြားနိုင်နေပြီဆိုတာ မြတ်သူတို့ သိပုံမရ။

(၁၆၊ ၁၂၊ ၂၀၂၁)

ဖြည့်စွက်ချက်

သူတို့သမိုင်းလိမ်လမ်းကြောင်းက ပြည်သူ့ရင်ကို မထိမှန်လို့လားမသိ၊ လမ်းကြောင်းအသစ်တခု ထွက်လာပြန်တယ်။

'နာစရာရှိရင် လွမ်းစရာနဲ့ဖြေပါ' တဲ့။ ဒီဇင်ဘာ ၁၈ ရက် ကြေးမုံသတင်းစာထဲ ဖတ်လိုက်ရတယ်။ NDF ခေါင်းဆောင်ရဲ့ ဆောင်းပါးဟောင်းပါ။

ဒီလိုနဲ့ ပြည်သူတွေက ကျေအေးနိုင်မတဲ့လားလို့ပဲ မေးလိုက်ချင်ပါတယ်။



## ပြောင်းဆန်နေတဲ့ ဗမာပြည်

(A. ငြိမ်း)

(ဖောင်ပိတ်ဆောင်းပါး)

### အချီး

ဖောင်ပိတ်အနေနဲ့ ၂၀၂၁ ခုနှစ် ကိုယ့်နိုင်ငံရဲ့အနေအထားကို နိဂုံးချုပ်ပေးရမယ့်တာဝန် ရှိလာပါပြီ။ ဆိုးကောင်းနှစ်ထွေ ရောနေတာမို့ ၂ ကဏ္ဍခွဲပြီး ပထမပိုင်းအဖြစ် အမှောင်ဘက်ခြမ်းကို စတင်ပြပါမယ်။

### (၁) အမှောင်ဘက်ခြမ်း

တနှစ်လုံး နိဂုံးချုပ်ချက် ဖြစ်တာမို့ ချုပ်ပြီးပဲ တင်ပြနိုင်ပါမယ်။ ၂၀၂၁ ခု ပထမလဟာ အာဏာသိမ်းဖို့ ခြေလှမ်းပြင်တဲ့လ ဖြစ်ပါတယ်။ စစ်အုပ်စုရဲ့ ခြေလှမ်းတွေကို စတွေ့နေရပါပြီ။ ဖေဖော်ဝါရီလ ၁ ရက်နေ့ကျမှ အပီအပြင် အာဏာသိမ်းလိုက်တာမို့ တပြည်လုံး အမှောင်ဖုံးသွားပြန်ပြီလို့ မှတ်တမ်းတင်နိုင်ပါတော့တယ်။

အာဏာသိမ်းလိုက်ပြီဆိုတာနဲ့ ဘယ်နိုင်ငံမှာမှ မတွေ့နိုင်တဲ့လုပ်ရပ်တွေ၊ ဥပဒေတွေ၊ အမိန့်တွေ၊ ရှားပါးကိစ္စတွေ တွေ့လာရတယ်။ ပထမဆုံး သူ့ ၂၀၀၈ ဥပဒေနဲ့ကို အံမဝင်တဲ့လုပ်ရပ်အဖြစ် ဒု သမ္မတ ဗိုလ်မြင့်ဆွေကို သမ္မတအလုပ်ခိုင်းလိုက်တယ်။ နောက်တော့ နစက နာမည်နဲ့ သူတို့ဖြစ်ချင်တာ လုပ်ချင်တာတွေ လျှောက်လုပ်ပါတော့တယ်။ ထူးထူးဆန်းဆန်းတွေ တွေ့လာရတယ်။

- ဆိုင်ကယ်စီးဥပဒေ
- Mask နှာခေါင်းစည်းတပ်ရမယ်/ မတပ်ရဘူး ထုတ်ပြန်ချက် (ဒါက တမြို့နယ်တည်းမှာကို တချိန်တည်းထုတ်ပြန်) ။ ဒါပေမဲ့ ကိုဗစ်ကို နိုင်ငံရေးလက်နက်အဖြစ် အသုံးချအမြတ်ထုတ်နေလို့ အောက်စီဂျင်ပြတ်ပြီး သေဆုံးသူအရေအတွက် များပြား။
- တရက်တည်းနဲ့ လူ ၅၁ ယောက် သေဒဏ်နဲ့ တသက်တကျွန်းချခဲ့တယ်။ (ဒါက တောင်ဒဂုံနဲ့ လှိုင်သာယာ ၂ မြို့နယ်ပဲ ရှိသေးတယ်။)
- ခေါင်းကို ခွေးပစ်ရမယ်။ (စိတ်ဓာတ်ချောက်ချားသွားအောင်/ကြောက်သွားအောင်ရည်ရွယ်)
- မြို့ပြကျေးလက်အနှံ့ သူတို့သတ်ထားတဲ့ သွေးစိမ်းရှင်ရှင်အလောင်းကောင်တွေ၊ ရုပ်ပျက်ဆင်းပျက် အသက်ပျောက်နေသူတွေ (ကိုယ့်ဘာသာသတ်ပြီး PDF လက်ချက်ပါလို့ မီဒီယာတွေမှာ ပြောင်တင်ခဲ့ကြ)
- နိုဝင်ဘာ ၂၆ ရက် AAPP ရဲ့ထုတ်ပြန်ချက်မှာတော့ ၁၀ လခန့်အတွင်း စာရင်းကောက်ရသလောက် အပြစ်မဲ့ကျဆုံးပြည်သူ ၁၂၉၄ ယောက်၊ အဖမ်းခံရတာ ၁၀၅၀၂ ယောက်လို့ ဖော်ပြထား။

ဒါပေမဲ့ ပြည်သူတွေရဲ့တိုက်ပွဲဝင်စိတ်ဓာတ်က ရဲရဲနီနေဆဲ။ အုံကြွတိုက်ပွဲဝင်နေဆဲမို့ မင်းအောင်လှိုင်ကိုယ်တိုင်က ဒီလောက်ဖြစ်လာလိမ့်မယ် သူမထင်မိခဲ့ကြောင်း ဖျူးတခုမှာ ဝန်ခံခဲ့ရတယ်။ ဒီလောက် ရက်ရက်စက်စက် သတ်ပြ၊ ထောင်သောင်းချီဖမ်း ထောင်ထဲထည့်လိုက်ရင် ငြိမ်သွားမှာပဲ တွက်ပုံရတယ်။ (ဒါက ဗိုလ်နေဝင်းပေးခဲ့တဲ့ အတွေးအခေါ်ပဲ။ ၇ ရက်ဇူလိုင်၊ မေဖွန်အရေးအခင်း၊ ၈ လေးလုံးအရေးတော်ပုံကာလတွေတုန်းက ကာလတခု ငြိမ်သွားအောင် ထိန်းနိုင်ခဲ့တာကိုး)

ခုတော့ ပဒုအုံတုတ်နဲ့ထိုးမိလိုက်ချေပြီ။ မင်းအောင်လှိုင်နဲ့ သူ့ရဲ့မိုက်ဖော်ဆိုးဖက် စကစ တွေ ဖင်မနိုင်ဘဲ ပဲကြီးဟင်းစားလိုက်ကြပြီ။ တကယ်က သူတို့တတွေ NLD ကို ကလဲ့စားချေရင်း မြက်မြက်ကလေးလည်း စားရအောင် အာဏာသိမ်းလိုက်တာ ခုတော့ အရိုးမျက်နေကြပါပြီ။

ခုလိုဖြစ်သွားအောင် ပုံဖော်ခဲ့ကြတဲ့ လက်တွေ့ 'ခွင်' ကိုကြည့်ကြပါစို့။

စကစ ထိပ်ပိုင်းအရာရှိတွေက အောက်ခြေအဆင့်ဆင့် (ငရဲသား) တွေကို လုပ်ပိုင်ခွင့်အာဏာတွေ ပုံအောပေးခဲ့တယ်။ "တို့ကိုသာ ဘက်မကနန်နဲ့ ကျန်တာကြိုက်သလို လုပ်ပေတော့" အဓိပ္ပာယ်ထွက်နေတယ်။ ဖမ်းနိုင်ဆီးနိုင် နှိပ်စက်နိုင်တယ်။ လုနိုင်ယက်နိုင် သတ်နိုင်တယ်။ မုဒိမ်းမှုလည်း ကျူးလွန်နိုင်တယ်။ တခါ ဒီအမှုရဲ့အကျုံးဝင်မှုက တဦးချင်း၊ တဖွဲ့ချင်းတင်မက စစ်ကြောင်းလိုက် တပ်ရင်းလိုက် စစ်ဆင်ရေးလုပ်နေတဲ့ ဗျူဟာအလိုက်အထိ လုပ်ပိုင်ခွင့်သက်ရောက်နေတာ တွေ့နိုင်တယ်။

## ပြည်ပရေးရာကိစ္စများ

ပြည်တွင်းမှာ ခုလို ဝရုန်းသုန်းကား ဖြစ်နေတာတွေက နိုင်ငံတကာကိုလည်း အကြီးအကျယ် ဂယက် ရိုက်ပါတယ်။

ကုလ၊ အမေရိကန်၊ အီးယူတို့ကတော့ ဖေဖော်ဝရီ (၁) ရက် အာဏာစသိမ်းကတည်းက မကျေမလည်ဖြစ်ပြီး စကစ နဲ့ အစေးမကပ်ဖြစ်သွားခဲ့တယ်။ တရားဝင်အစိုးရထဲက ထိပ်ပိုင်းပုဂ္ဂိုလ်တွေကို ကြက်ကလေးငှက်ကလေး ဖမ်းသလိုဖမ်းလိုက်ပြီး ကြိုက်သလိုအပြစ်ပေးအရေးယူတာတွေ ဆက်တိုက်လုပ်လာတဲ့အခါကျတော့ ပိုကင်းကွာသွားခဲ့ကြပြီ ဖြစ်တယ်။

အာရှနဲ့အိမ်နီးချင်းနိုင်ငံများနဲ့ ဆက်ဆံရေးကကော - မင်းအောင်လှိုင်တို့အာဏာလုအဖွဲ့ဟာ - ပေးနိုင်တာတွေ အကုန်ပေးပြီး တရုတ်မျက်နှာချိုသွေးရ၊ ရုရှားပြေးခေါ်ရ၊ ဂျပန်၊ အိန္ဒိယကို ဖိတ်မန္တကလုပ် ခေါ်သွင်းပြီး မျက်နှာပြောင်တိုက် ပြောင်လိမ်ရတဲ့ အခြေအနေရောက်သွားတယ်။ ပုံအပျက်ဆုံးကိစ္စကတော့ အာဆီယံထိပ်သီးဆွေးနွေးပွဲ တက်ရောက်ခွင့်ရအောင် ခွက်ထိုးခံ အာမခံချက်တွေ ပေးခဲ့ပေမယ့် တဖက်က တောင်းဆိုချက်တွေကို အကြောင်းပြချက် အမျိုးမျိုးပေးပြီး ဖြည့်ဆည်းမပေးခြင်း ဖြစ်တယ်။

ပြဿနာတွေက ပြေလည်မသွား အကျပ်အတည်းက ကြီးသထက်ကြီးလာနေတဲ့အခါ ၁၀ လပိုင်းရောက်တော့ ကြံမိကြံရာ ကုန်းအော်လိုက်တဲ့ အသံတသံ ကြားလိုက်ရတယ်။ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အကြမ်းဖက်မှုများကို မြန်မာနိုင်ငံနှင့်အတူ လက်တွဲတိုက်ဖျက်သွားရန် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့်မျှော်လင့် ဆိုတဲ့ ထုတ်ပြန်ချက်ဖြစ်တယ်။

ဒါက သူအကျပ်အတည်း ဆိုက်နေပြီဆိုတာကို ပြတယ်။ လူထုက ရရာလက်နက်နဲ့ တော်လှန်နေတာကို နိုင်ငံတကာက အံ့ဩတကြီးဖြစ်ကာ CRPH/NUG တို့ကို အလေးထားဆက်ဆံလာကြလို့ အကြမ်းဖက်ဝါဒတို့ အစွန်းရောက်ဝါဒတို့စသည် ဦးထုပ်စွပ် လက်ညှိုးထိုးပြလိုက်ပေမယ့် ကျန်လက် ၄ ချောင်းက ကိုယ့်ကိုယ်ကိုယ် ထိုးပြနေတာ သူတို့သတိမထားမိကြ။

## (၂)အလင်းဘက်ခြမ်း

အမှောင်ဘက်ခြမ်းမှာ မင်းအောင်လှိုင်တို့ လုပ်ရပ်တွေကြောင့် မြန်မာနိုင်ငံသား ဖြစ်ရတာ သိက္ခာကျတယ်၊ မျက်နှာပူတယ်၊ အရှက်ရကြတယ်လို့ ပြည်ချစ်စိတ်ဓာတ်နဲ့ ပြောသူတချို့ရှိတယ်။ ဒါပေမဲ့ ဗမာပြည်သား ဖြစ်ရလို့ ဂုဏ်မငယ်ရတာတွေ အများကြီးရှိနေပါတယ်။ လက်မတောင် ထောင်လို့ရပါတယ်။

ဒီလောက်အသတ်ခံရ၊ အနှိပ်စက်ခံနေရတဲ့ကြားထဲက CCTV တွေ၊ ဒရုန်းတွေ၊ လေယာဉ်တွေ၊ လက်နက်ကြီးတွေ၊ အော်တိုမစ်တစ်စက်သေနတ်တွေ ကိုင်စွဲထားတဲ့ သူတို့ကြွားထားတဲ့ ခေတ်မီစစ်တပ် (standard Army) ကြီးကို တူမီး၊ လောက်လေးခွ၊ ဂျင်ဂလိ၊ ဓားလှံလောက်နဲ့ တော်လှန်ရဲတဲ့၊ နဂါးမင်းနဲ့ စစ်ခင်းရဲတဲ့ သူဖုန်းစားရဲ့သတ္တိနဲ့ အောင်ပွဲခံနေတဲ့ဖြစ်ရပ်ကို ကမ္ဘာက အံ့သြဘနန်း ဖြစ်ကုန်ကြပြီ မဟုတ်လား။

ခုတော့ တဆင့်တက်လာကြပြီ။ လက်လုပ်မိုင်းဗုံးတွေကို တွင်တွင်ကျယ်ကျယ် ထိထိရောက်ရောက် ကျင်ကျင်လည်လည် သုံးတတ်လာကြပြီ။ ဒါတွေက မိုက်ရူးရဲသတ္တိမဟုတ်။ ရန်သူ စကစ အကြီးအကျယ် ချောက်ချောက်ချားချား ဖြစ်နေရတဲ့ လက်နက်တွေ ဖြစ်နေကြရပြီ။

နောက် NUG - CRPH ပေါ်လာတာ မကောင်းတဲ့ကိစ္စမဟုတ်။ ကောင်းတဲ့ကိစ္စဖြစ်တယ်။ အာဏာသိမ်းခံရပြီး ဆုံးရှုံးသွားတဲ့ လက်ဦးမှုကို ပြန်ရဖို့  မိမိရဲ့တရားဝင်မှုကို ရဲရဲထုတ်ဖော်တာ၊ ၂၀ဝ၈ ဖျက်သိမ်းတာ၊ လက်နက်ကိုင်ခုခံစစ်ကို ရဲရဲအားပေးတာတွေကို အသိအမှတ်ပြုရပါမယ်။ သူ့မှာ သူနဲ့ဆိုင်တဲ့ အခန်းကဏ္ဍ ရှိပါတယ်။ ဗမာစစ်ဗျူရိုကရက်တွေကို ချော့မြှူတဲ့ မက်လုံးပေးတဲ့နည်းနဲ့ ဖယ်ရှားလို့ မရဘူးဆိုတာ လက်တွေ့နဲ့ ပြလိုက်ကြလို့ဖြစ်တယ်။ ဘာရမလဲသာဝရာ ဆိုတာလောက်နဲ့မရဘူးဆိုတာ လက်တွေ့နဲ့ ပြလိုက်ကြလို့ ဖြစ်တယ်။ (သာဝလက်ထဲမှာ သေနတ်ကိုင်ထားတာ မေ့လို့မရ)

နောက် လက်နက်ကိုင် EAO တွေနဲ့ မဟာမိတ်ဖွဲ့ပြီး စစ်အုပ်စုကို ရင်ဆိုင်တာလည်း မှန်ကန်တဲ့ လမ်းစဉ်ဖြစ်တယ်။ ဒါကို ကျွန်တော်တို့ အသိအမှတ်ပြုရမယ်။ ဗမာပြည်ရဲ့ အဓိကပဋိပက္ခဟာ စစ်အုပ်စုက တဖက် အဖိနှိပ်ခံ လူမျိုးပေါင်းစုံပြည်သူလူထုကြီးကတဖက် ဖြစ်ပွားနေတဲ့ ပဋိပက္ခဖြစ်ပါတယ်။ ဒါပေမဲ့ အမျိုးသား ပြဿနာနဲ့ ပြည်တွင်းစစ်ပြဿနာဟာ ဗမာပြည်လွတ်လပ်ရေးတိုက်ပွဲမှာ သမိုင်းနဲ့ချီ ရှုပ်ထွေးပါတယ်။ စစ်အုပ်စုကလဲ EAO တွေနဲ့ မဟာမိတ်ဖွဲ့ (အချိုသတ်)ပြီး ဒီမိုကရေစီအင်အားစုတွေကို ရင်ဆိုင်တာပါပဲ။ အမျိုးသားရေးနဲ့ ဘာသာရေးကို လက်နက်တဖွယ် အသုံးချပြီး ကွန်မြူနစ်ဆန့်ကျင်ရေး ပြည်သူဆန့်ကျင်ရေး လုပ်နည်းကို နယ်ချဲ့သမားဆီက အမွေဆက်ခံထားတာပါ။ ကျွန်တော်တို့က 'တရားမဲ့ရင် ကူသူရှားတယ်၊ တရားရှိရင် ကူသူများတယ်' ဆိုတဲ့ ဆောင်ပုဒ်ကို စွဲကိုင်ထားသူတွေပါ။ မင်းအောင်လှိုင်စစ်အုပ်စုဘက်နဲ့ နွေဦးတော်လှန်ရေးဘက်သားတွေအပေါ် မြန်မာပြည်သူတွေနဲ့ကမ္ဘာ့ပြည်သူတွေရဲ့ ထင်ဟပ်ချက်တွေကြည့်ရင် ဒီအချက်မှန်ကြောင်း ထင်ရှားပါတယ်။ လက်တွေ့အရ ......

- ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေ နုတ်ထွက်ကုန်ပြီ။ (အောက်တိုဘာလအထိ ၃၆၆ ဦး စာရင်းထွက်လာ) အဲဒီနေရာတွေ အစားမထိုးနိုင်၊ ရုံးတွေပိတ်ထားရ။

- ပြောက်ကျားအဖွဲ့ ၄၀ဝ ကျော်အနက် မြို့ပြပြောက်ကျားကိုက ၁၇၄ ဖွဲ့ ရှိလာ၊ သူတို့ရဲ့သတင်းဌာနတွေ အလျှိုလျှို ပေါ်လာနေတယ်။ ဒါဟာ သမိုင်းနဲ့ချီ အရေးပါလိမ့်မယ်။ သူတို့အဖွဲ့တွေရဲ့ နံမည်၊ တံဆိပ်တုံးနဲ့ တိုက်ပွဲဖြစ်ရပ်တွေဟာ သမိုင်းတင်ကျန်ရစ်မှာပါ။ (ဂရိသမိုင်းထဲက စပါတန်ဘုရင်လီယိုနီဒပ်စ်နဲ့သူ့အဖွဲ့ သာမိုပိလေးတောင်ကြားထဲမှာ တိုက်ပွဲဆင်ခဲ့ပုံနှင့် နှိုင်းယှဉ်ချင်စရာ)

နောက်ထပ် မဖော်ပြရင်မဖြစ်တဲ့ လူ့အလွှာ ၃ ရပ်ရဲ့ အခန်းကဏ္ဍကို ဖော်ပြချင်တယ်။

၁။ ဥပဒေသမားများ
၂။ မီဒီယာသမားများ
၃။ စာပေနဲ့အနုပညာသမားများ ဖြစ်ကြတယ်။
သူတို့တတွေ ဘာကြောင့်ကပ်သင့်ကုန်ကြရသလဲ။ ဘာ့ကြောင့် သူတို့ကို မင်းအောင်လှိုင်စစ်အုပ်စုက အခဲမကြေ ရန်ငြိုးဖွဲ့နေတာလဲ။

လုပ်ငန်းသဘာဝအရကိုက သူတို့အလုပ်က 'အမှန်တရားဘာလဲ'ဆိုတာ ပြည်သူတွေကို မျက်စိဖွင့်ပေးရတဲ့ တာဝန်ရှိတယ်။ ဖွင့်ပေးခဲ့ကြလို့လည်း အမှန်တရားကြောက်တဲ့ စကစ ရဲ့ ပစ်ကွင်းထဲ ရောက်ကုန်ကာ ကပ်သင့်ကုန်ကြခြင်း ဖြစ်တယ်။

၁။ ဥပဒေသမားများ -

သူတို့က ဥပဒေစကားပြောတယ်။ တိုင်းပြည်ဘာတွေဖြစ်ကုန်ပြီ ပြောတယ်။ ဥပဒေအထက်ရောက်နေတဲ့ စကစ ကို ဆန့်ကျင်တယ်။ ထင်ရှားတဲ့ ဥပဒေသမားတယောက်ရဲ့ အင်တာဗျူးတခုထဲက ကောက်နုတ်ချက်တချို့ မြည်းစမ်းကြည့်ပါ။

- အာဏာသိမ်း စကစ နဲ့ ဒီမိုကရေစီအင်အားစုတွေကြား ပဋိပက္ခဟာ လက်နက်ကိုင်တိုက်ပွဲနဲ့သာ အဆုံးသတ်ဖွယ်ရှိတယ်။

- တိုက်မှရမယ်။ ၂၀၀၈ ကိုဖျက်မယ်။ အာဏာရှင်ကို မတိုက်ရင် မရဘူး။ တိုက်တဲ့နည်းမှ မသုံးရင် မပျက်တော့ဘူး။ တသက်လုံး စစ်ကျွန်ဖြစ်လိမ့်မယ်ဆိုတာ လူငယ်တွေက စထွက်တဲ့အသံဖြစ်တယ်။

- (နိုင်ငံအချို့ဒေသတွေမှာ ငြိမ်သက်နေပြီ၊ အုပ်ချုပ်ရေးစနစ်ပုံမှန် ဖြစ်နေပြီ ပြောနေကြတဲ့အပေါ် ထင်မြင်ချက်တောင်းတော့) စကစ ရဲ့ လိမ်လုံးညာလုံးတွေပါ။ တရားဥပဒေစိုးမိုးတယ်၊ ငြိမ်သက်တယ် ပြောနေပေမယ့် ရန်ကုန်ဆိုရင် နေ့တိုင်းသေကြတယ်။ ငြိမ်းချမ်းမှုက တနေ့တခြား မရှိဘူး၊ အိမ်တွေရဲ့ လုံခြုံရေး လုံးဝမရှိ။ တရားရုံးတွေ အများအားဖြင့် မဖွင့်ကြဘူး။ အရေးကြီးတဲ့အမှုတွေလောက်သာ ကပ္ပာကသီဖွင့်ပြီး ချက်ချင်းပြန်ကုန်ကြတာ၊ တရားမမှုတွေ လုံးဝမကိုင်ဘူး။ နယ်စပ်တွေလည်း ဒီအတိုင်းပဲ။

- ဒေါ်အောင်ဆန်းစုကြည်အမှု၊ ဒေါ်နန်းခင်ထွေးမြင့်တို့အမှုတွေမှာ ထောင်ဒဏ် နှစ် ၆၀ - ၉၀ ချပစ်တာဟာသပဲ။ ဒါကြောင့် 'ငါတို့တိုက်မှ' ဖြစ်ကုန်ကြတာ။

- ကလေးတွေကို စနိုက်ပါနဲ့ ခေါင်းချိန်ပစ်နေတာ တကမ္ဘာလုံး တပြည်လုံးက မြင်နေရတယ်။ ဘယ်သူမှ မခံနိုင်တော့ဘူး။ အရင်က NLD ကို ပျော့လွန်းတယ်ဆိုပြီး အားမရဘူး။ ခု NUG က တိုက်မှရမယ်ပြောတာ ရာခိုင်နှုန်းပြည့် ထောက်ခံတယ်။

- (ကိုယ်တိုင်ကျ မတိုက်ဘဲ ကလေးတွေကိုပဲ မြှောက်ပေးတယ် ပြောနေကြတာကော) ပြောတဲ့သူတွေဟာ ဟိုပေါင်းလိုက် ဒီပေါင်းလိုက် လိုက်လုပ်နေတဲ့သူတွေပဲ၊ ခံရတဲ့သူက မတရားခံနေရလို့ ခွဲနဲ့ပေါက်၊ လောက်လေးနဲ့ပစ်တာကို သူတို့က သတ်ပစ်တယ်။ စစ်အစိုးရအဆက်ဆက် ဆွေးနွေးလိုစိတ် မရှိ။ အသာစီးယူမယ်၊ သူတို့ပဲ လုပ်မယ်၊ (လာမယ့်) ရွေးကောက်ပွဲကို PR စနစ်နဲ့ အနိုင်အထက်လုပ်ဦးမယ်။ ခု လူသတ်၊ ပစ္စည်းသိမ်း၊ ထောင်ချ၊ ဆွေစဉ်မျိုးဆက် ဒုက္ခပေးနေပြီ။

- (နိုင်နိုင်ပါ့မလား) အခု တပြည်လုံး တိုက်နေကြပြီ။ အာဖဂန်၊ အီရတ် မိုင်းစနစ်တွေ ယူသုံးလာကြပြီ။ ထိရောက်တယ်။ ပြောက်ကျားအဆင့် မဟုတ်တော့ဘူး။ ငါတို့မလွဲမသွေ နိုင်မှဖြစ်မယ်စိတ်တွေ ဝင်လာကြပြီ။ ရပ်ကျေးတွေ နုတ်ထွက်တာအနှံ့၊ EAO တွေကလည်း တိုက်နေကြပြီ။ ပြည်မထဲအထိ ဝင်တိုက်မယ် ကြွေးကြော်ထားတယ်။

- (မျိုးဆက်နဲ့ချီ ကြာသွားလိမ့်မယ်) လုံးဝလက်မခံ၊ သေတဲ့သူသေ၊ ကျန်တဲ့သူ ဆက်တိုက်၊ ဒီမျိုးဆက်မှာ ပြတ်ရမယ်၊ ချက်ချင်းလည်း ဖြစ်နိုင်တယ်။

## ၂။ မီဒီယာသမားများ

သတင်းသမားကို မုမမှန်တဲ့သူတွေက ကြောက်ကြတယ်။ အဲဒီထဲမှာ စစ်အာဏာရှင်တွေ ပါတယ်။ ဗိုလ် နေဝင်းကို တတိုင်းပြည်လုံး ကြောက်နေရချိန် သူ့ကိုမကြောက်တဲ့သူ - သူက ပြန်ရှိန်နေရတဲ့ သတင်းသမားတွေ ရှိခဲ့တယ်။ သတင်းသမားတွေကို ဘာကြောင့်ကြောက်ရသလဲ။ သူတို့မှာ စုဆောင်းထားတဲ့ သတင်းအချက်အလက်တွေ ရှိနေလို့ပဲ။ ငယ်ကျိုးငယ်နာကအစသိတဲ့ ဗမာ့ခေတ်/မိုးကြိုးဦးအုန်းခင်လို သတင်းသမားရှိသလို တိုင်းပြည်အတွက် လိုအပ်တဲ့အချိန်မှာ ဖွင့်ချရဲတဲ့ သတင်းသမားတွေလည်း မနည်းလှပါ။ ဒီအထဲမှာ လက်ဝဲသမားတွေက အများစု ဖြစ်ခဲ့တယ်။

ဗိုလ်ခင်ညွန့်ကို ထီးပြိုင်နန်းပြိုင် ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေးနဲ့ ကျန်ခေတ်ပြိုင် ဗိုလ်ချုပ်တွေ လန့်နေရတာဟာ သူစုဆောင်းထားတဲ့ ပြစ်မှုမြောက် သတင်းအချက်အလက်တွေကြောင့်ပဲ။

မင်းအောင်လှိုင်တို့လည်း ထိုနည်းတူပဲ။ ဒေါ်စုတို့၊ သမ္မတဦးဝင်းမြင့်တို့ကို လက်ကလေးပြ နုတ်ဆက်ရုံနဲ့ ပြစ်မှုမြောက်တယ်ဆိုပြီး စွဲချက်တင် ပြစ်ဒဏ်တွေချ လုပ်ထားတော့ "ပစ်ရင် ခေါင်းကိုတည့်တည့်ချိန်ပစ်" (ဒါကလည်း ပစ်ရင်မှန်အောင်ပစ်တယ်။ မိုးပေါ်ထောင်ပစ်တာ မပါဘူး ပြောတဲ့ ဗိုလ်နေဝင်း လမ်းညွှန်အတိုင်း) ခိုင်းခဲ့တဲ့ မင်းအောင်လှိုင်တို့ စကစ တွေအတွက် အပြစ်တွေက တပုံကြီးဖြစ်နေတယ်။ သတင်းသမားတွေက ဒါကို ဖွင့်ချလိုက်လို့ အထိနာခဲ့ပြီ မဟုတ်လား။

ခုမှန်တာကို ပြောရဲပြောနိုင်တဲ့ခေတ်၊ တခဏနဲ့ တကမ္ဘာလုံး ပျံ့နှံ့သွားစေနိုင်တဲ့ခေတ် ဖြစ်တာမို့ အန္တရာယ်ရှိနိုင်တဲ့ သတင်းသမားတွေကို ကြိုဖမ်း၊ သတင်းဌာနတွေပိတ်ပစ် လုပ်ခဲ့တယ်။

ဒီဇင်ဘာ ၂၄ ရက်သတင်းအရ ပိတ်ပစ်လိုက်တဲ့ သတင်းမီဒီယာ ၉ ခု၊ ဖမ်းဆီးခံသတင်းသမား ၅၃ ဦး ရှိသွားခဲ့ပါပြီ။

## ၃။ အနုပညာသည်များ။

အုပ်စိုးသူတွေကို မကြောက်တဲ့အထဲမှာ စာရေးဆရာ၊ ကဗျာဆရာ၊ ရုပ်ရှင်၊ ပြဇာတ်၊ ဂီတသမားတွေ ပါတယ်။ အဆိုတော်တွေ ပါတယ်။

မဆလ ခေတ် အမတ်တွေဟာ 'ညာ' ချကြတယ်လို့ သူကိုယ်တိုင် အမတ်တဦးဖြစ်နေတဲ့ ဗိုလ်နေဝင်းကို ပြောရဲတဲ့ (ဦး) ဇာဂနာ ရှိသလို ဝှံ့ဝှံ့စားစား လုပ်ရဲကိုင်ရဲတဲ့ နာရေး (ဦး) ကျော်သူ ရှိတယ်။ ပစ်နေခတ်နေ ဖမ်းနေသတ်နေတဲ့ကြားက သံပုံးတီး တောထုတ်ရဲတဲ့ အိန္ဒြာကျော်ဇင်တို့လို ရုပ်ရှင်ပညာသည်တွေ ရှိတယ်။ အဆိုတော်တွေ ရှိတယ်။ ခုဆို လက်နက်ကိုင်စွဲ တိုက်နေခိုက်နေတဲ့ အနုပညာသည်တွေ တောထဲရောက်နေကြပြီ။

သူတို့အားလုံးမှာ ပရိသတ်ကိုယ်စီရှိတယ်။ သူတို့ကို စံထားတဲ့ ပြည်သူတွေ သိန်းသန်းချီ ရှိတယ်။ သူတို့ဩဇာက တပြည်လုံးကို လွှမ်းတယ်။ သူတို့က ပြည်သူတွေအတွက် စွန့်လွှတ်အနစ်နာခံပြတဲ့ အလင်းတန်းတွေ ဖြစ်တယ်။ ပြည်သူတွေက ယုံကြည်ကိုးစားတယ်။ သူတို့လမ်းကြောင်း ပြည်သူတွေလိုက်မှာ စကစ က ကြောက်တယ်။

ဒါ့ကြောင့် ဖမ်းတာဆီးတာတွေ လုပ်ကြခြင်း ဖြစ်တယ်။ ကျန်နေတဲ့သူတွေကို မှိုင်းတိုက်တယ်။ အခွင့်အရေးပေး ထိန်းတယ်။

ဘယ်လိုမှရမှာမဟုတ်တဲ့ အနုပညာစစ်ကြောင်းကို သူတို့ ကြိုးစားပမ်းစား တားဆီးနေကြခြင်းပါ။

၂၉ - ၁၂ - ၂၀၂၁



# မာတိကာ


၂၀၂၁ ဗမာပြည်ရဲ့ ရှုခင်း(၂)
သဘောထား ထုတ်ပြန်ချက်-၁/၂၀၂၁(၄)
အာဏာသိမ်းရင်------(၈)
စစ်တပ်က အာဏာသိမ်းမတဲ့လား(၁၀)
တပ်တည်ဆောက်ရေးမှာ(၁၂)
အာဏာသိမ်းမှုနဲ့ ပတ်သက်လို့(၁၅)
ဩဂုတ် ၁၅၊ ၈၂ မိခင်သို့(၂၂)
ဖေဖေ ကို အသက်ကယ်ခဲ့ရစဉ်က။(၂၃)
တော်လှန်ရေး၏ လင်းယုန်နီ--(၂၉)
အလံ (၃)လက် ကြားက လူ --(၃၁)
ကိုစိုးမြင့်သို့ လွမ်းသူ့ ပန်းခွေ(၄၀)
ထာဝရ တော်လှန်ရေးသမား(၄၃)
ရဲခေါင်ပြောက်ကျား သခင်သန်းဖေ(၄၆)
သခင်ဘဟိန်းကွယ်လွန်ခြင်း ၇၅ နှစ်မြောက်(၅၁)
အသက်(၁၀၀)-- လေထီးဆင်းရဲဘော်ကြီး။(၅၈)
ပြည်သူလွတ်မြောက်ရေးလမ်း(၆၁)
အမိကနဲ့ လက်အောက်ခံ ပြဿနာ(၆၃)
နှစ် ၁၅၀ မြောက် ပဲရစ်ကွန်မြူန်း(၆၆)
ဗမာပြည်၏ လက်ရှိအခြေအနေအပေါ်(၇၀)
အကွေ့နဲ့ အရွေ့(၈၀)
ပြောင်းဆန်နေတဲ့ ဗမာပြည်(၈၂)